www.burmeseclassic.com

# ပျူး

ချစ်သူ၏ရင်ခွင်သည်မေတ္တာတရား၏
ဗိမာန်ဖြစ်သည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်[illegible] (မြ-၀၄၅၁၆) (ဗျူးစာပေ)
အမှတ်- ၅၂၈(က) အင်းဝ (၄)လမ်း
(၆) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဇေ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုပေါက် ☎: ၀၉ ၄၂၀၂၇၄၄၂၇

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၀ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| ဗျူး |
| ချစ်သူ၏ရင်ခွင်သည် မေတ္တာတရား၏ ဗိမာန်ဖြစ်သည် |
| ဗျူးစာပေ ၊ ၂၀၁၄။ |
| ၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။ |
| (၁) ချစ်သူ၏ရင်ခွင်သည် မေတ္တာတရား၏ ဗိမာန်ဖြစ်သည် |

ဗျူး

# ချစ်သူ၏ရင်ခွင်သည် မေတ္တာတရား၏ ဗိမာန်ဖြစ်သည်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"သူခိုး သူခိုး"

"လိုက်ဟေ့ လိုက်၊ မလွတ်စေနဲ့"

"မိလိုက်တော့ အသေသာဆော်၊ ဒီကောင်တွေ ဒီလိုမှမှတ်မှာ"

"သူခိုး။ သူခိုး လိုက် လိုက်"

"ဝုန်း"

"ဒုန်း"

"ကျွီ"

"ဟာ သွားပြီ"

နှိုင်းယှဉ် ဘရိတ်ကို သေချာအချိန်မီနင်းလိုက်နိုင်ပေမယ့် လမ်းချိုးထဲက ပြေးထွက်လာသော ကောင်လေးကို တိုက်လိုက်မိသလားမသိပေ။ ဟိုးခပ်လှမ်းလှမ်းက လူအုပ်ကြီးကလည်း တုတ်၊ ဓား၊ သော်နက်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ညာသံပေးကာ လိုက်လာနေ၏။

နိုင်းယှဉ် တွေဝေစဉ်းစားချိန်မရ။ ကိုယ့်ကားရှေ့မှာ ဒူးလေး ထောက်ကာ ရှုံ့မဲ့နေသော အသက်ဆယ်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ် ကောင်လေးကို ကားပေါ်ဆွဲတင်၍ လေးညို့ကလွှတ်လိုက်သည့် မြားတံလို လှစ်ခနဲ မောင်းထွက်လာခဲ့သည်။

ဒုန်းဆိုင်းအပြေးရောက်လာသော လူအုပ်ကြီးက သူ့ကားနံပါတ် ကို မှတ်လိုက်နိုင်မှာမဟုတ်။

"ညီလေး ဘာဖြစ်သွားသေးလဲ၊ ဘယ်ထိသွားလဲ"

"အား ကျွတ် ကျွတ်၊ ဒူးထောက်ထိုင်ချလိုက်လို့ ဒူးက တော် တော်နာတယ်"

"ပြစမ်းပါဦး၊ ဘယ်လောက်ထိသွားလဲ"

လက်နှင့်ဖိအုပ်ထားသော ဒဏ်ရာကို ကောင်လေးက ရှုံ့မဲ့လျက် ဖွင့်လှစ်ပြ၏။ ဒူးနှစ်ဖက်လုံး ပွန်းပဲ့သွားတာက သွေးချင်းချင်းရဲနေသည်။ အန္တရာယ်နှင့်လည်း လွတ်ပြီမို့ ကားကိုလူရှင်းသောလမ်းဘေး သစ်ပင် ကြီးအောက်မှာ ထိုးရပ်လိုက်၏။

"မင်းဒဏ်ရာ တော်တော်များတာပဲကွ၊ ဆေးခန်းသွားမှ ဖြစ် မယ်"

"ရပါတယ် ဒီအနာလောက်ကတော့ သဲသိပ်လိုက်ရင် ဖြစ်ပါ တယ်"

"ဟင်"

"အစ်ကို့ကားနဲ့က ထိရုံလေး ထိတာ၊ ကျွန်တော်က ကြောက် အားကြီးပြီး ပြေးလာတဲ့အရှိန်နဲ့ ဒူးထောက်ကျသွားတာပါ"





"ဘာပဲဖြစ်ဖြစ်ကွာ၊ ဆေးခန်းတော့သွားရမှာပေါ့၊ သဲသိပ်တယ် ဆိုတာ အန္တရာယ်များပါတယ်"

"ဒီလိုဖြစ်ရင် ဒီလိုလုပ်နေကြပါ၊ ဆေးခန်းမှာ ကုန်မယ့်ငွေကို ခဲ့ ကျွန်တော့်ကိုပေးပါ အစ်ကို၊ ကျွန်တော် ဗိုက်အရမ်းဆာနေပြီ၊ အိမ် အတွက် ဆန်လေးဘာလေးလည်း ဝယ်သွားချင်လို့"

"ဩော်"

ရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။ ဒီဘဝ ဒီအဖြစ် အမျက်အခြေအနေမျိုးက ကိုယ်တိုင်ကြုံခဲ့ဖူးသည့် လောကခံပါ။ ကောင် လေးကို ကိုယ်ချင်းစာစိတ်နှင့် သနားစိတ်ဖြစ်ပေါ်မိကာ

"နီးစပ်ရာဆေးခန်းကို အရင်သွားရအောင်ကွာ၊ ပြီးရင် မင်းကို မုန့်ဖိုးလည်းပေးမယ်၊ အိမ်အထိလည်း လိုက်ပို့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ အဲလိုဆိုရင်တော့ ကျေးဇူးပါပဲ အစ်ကို"

အဝတ်အစားက နွမ်းနွမ်းဖတ်ဖတ်၊ ရုပ်ရည်ငယ်လေးက ညစ်တီး ညစ်ပတ်ဆိုပေမယ့် စကားပြောတာတော့ ယဉ်ကျေးမှုရှိသည်ဟု ပြောရ မည်။ ဘဝပေးအခြေအနေအရ ဒီလိုအလုပ်ကို လုပ်နေရပေမယ့် ကိုယ့် တုန်းကလိုပင် အရမ်းကြီး အပေအတေ ဂျလေဘီဆန်နေတာမျိုးမဟုတ် ပေ။

ထိုကောင်လေးကို နီးစပ်ရာ ဆေးခန်းမှာဝင်ပို့ပေးပြီး သေသေ ချာချာ ဆေးကုပေးလိုက်သည်။ ဆရာဝန်က ဒဏ်ရာမပြင်းထန်တာမို့ ဘာမှအမေးအမြန်း မလုပ်လိုက်ပါ။

အပြန်မှာတော့ စားသောက်ဆိုင်ကောင်းကောင်းမှာ ဝယ်ကျွေး ချင်၍ အကောင်းဆုံးဆိုင်ကို ခေါ်လာခဲ့သည်။

www.burmeseclassic.com



"ညီလေး မင်းလမ်းကောင်းကောင်း လျှောက်နိုင်ရဲ့လား။ အစ်ကို ချိပွေ့ပေးရမလား ညီ"

ဆေးဆန်းမှာတုန်းက ချီပွေ့ပြီးခေါ်သွားတာမို့ မေးလိုက်တော့ ကောင်လေး ခေါင်းယမ်းသည်။

"ရပါတယ် အစ်ကို၊ ပတ်တီးက တင်းနေအောင် ချည်ပေးလိုက်တာ မဟုတ်တော့ လျှောက်လို့ရပါတယ်"

ရတယ်ဆိုပေမယ့် ဆိုင်ထဲထိ တွဲခေါ်လာခဲ့သည်။ ဆိုင်ထဲက လူတွေကတော့ စတိုင်ကျကျ လူကုံထံ ပုံစံနှင့်သူ့ကို ဒီလိုအပေအတေ ကောင်လေး ခေါ်လာလို့ အထူးအဆန်းဖြစ်နေကြဟန်တူသည်။ သူကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါ။

သီးသန့်ခန်းလေးထဲမှာ နေရာယူလိုက်ပြီး အကောင်းဆုံး အစားအသောက်တွေ မှာပေးလိုက်သည်။ အစားအသောက်တွေ ရောက်လာသည့်အခါမှာ ပန်းကန်ထဲကို ဟင်းတွေသေချာခပ်ထည့်ပေးရင်း

"စား ညီလေး၊ ညီလေးနာမည်က ဘယ်သူလဲ"

"ဆက်ပိုင်ဖြိုးပါ အစ်ကို"

"မင်းမှာ မိဘတွေရှိတယ်မဟုတ်လား။ ဒီလိုလုပ်တာ မင်းမိဘတွေ မသိဘူးလား"

"မိဘတွေရှိရင်တော့ ဒီအလုပ်ကိုခိုင်းမယ် မထင်ပါဘူး၊ ကျွန်တော်လည်း ကျောင်းနေရမှာ"

"ဟင် မင်းမှာ မိဘတွေမရှိတော့ဘူးလား၊ ဒါဆို မင်းအခု ဘယ်သူနဲ့နေတာလဲ"

"မမနဲ့နေတာ၊ မမက မျက်စိမမြင်ဘူး"





"ဟာ မျက်စိမမြင်ဘူး၊ ဘာဖြစ်လို့လဲ မွေးရာပါလား"

ဒီကောင်လေးဘဝကို စိတ်ဝင်စားကာ ပလုတ်ပလောင်း အငမ်းမရ စားနေတာကို အားမနာနိုင်ဘဲ မေးခွန်းတွေ ထုတ်နေမိသည်။ သက်ပိုင်ဖြိုးက လည်နင်နေတာကို ရေသောက်ကာရှင်းပြီး

"မွေးရာပါ မဟုတ်ပါဘူး၊ ကျွန်တော် ဆယ်နှစ်သားအရွယ်မှာ မိသားစုလိုက် ဘုရားဖူးထွက်ကြတယ်ဗျ၊ အဲဒီမှာ ကားမှောက်တာ အဖေနဲ့အမေက နေရာမှာတင် ပွဲချင်းပြီးဆုံးတယ်၊ မမက မျက်လုံးကွယ်တယ်၊ ကျွန်တော်ကတော့ ကံကောင်းလို့ နည်းနည်းပါးပါးပဲ ဒဏ်ရာရတယ်၊ အဲဒါကြောင့် မမကို ကျွန်တော် လုပ်ကိုင်ကျွေးနိုင်သေးတာပေါ့"

"မင်းတို့လူသေတာ လျော်ကြေးတွေ ဘာတွေ မရဘူးလား၊ အဲဒါနဲ့ မင်းအစ်မကို မျက်လုံးခွဲစိတ်တာတွေ ဘာတွေ ဆေးမကုသဘူးလား"

"ဖြစ်ဖြစ်ချင်းတော့ ဆေးကုပေးပါတယ်၊ နောက်တော့ ကျွန်တော်တို့ဘက်က သေချာလိုက်လုပ်ပေးမယ့်လူကြီးတွေမရှိတော့ ဒီ အတိုင်း ပစ်စလက်ခတ်ပဲ ထားခဲ့ကြတာ"

"ဆိုးလိုက်တဲ့ဟာ၊ လူတွေဖြစ်ပြီး လူမဆန်ကြဘူးကွာ၊ လူမမယ် ကလေးတစ်ယောက် ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ ကိုယ်ချင်းမစာကြဘူး၊ မင်းတို့မောင်နှမ အရမ်းကို ဒုက္ခရောက်ခဲ့ကြမှာနော်"

ကောင်လေးက စားရင်းသောက်ရင်း ခေါင်းညိတ်ပြတော့ ကိုယ့်အဖြစ်နှင့်ကိုယ်ချင်းစာကာ မျက်ရည်များပင် ဝဲလာသည်။

ကောင်လေးကတော့ ဒီလောကဓံကို ခံနိုင်ရည်ရှိနေပုံပေါ်ကာ

"မမ မျက်စိမြင်လို့ မောင်နှမနှစ်ယောက် အတူတူလုပ်ကိုင်

တာနိုင်ရင်တော့ ဒီလောက် ဒုက္ခရောက်မှာမဟုတ်ဘူးဗျ။ မမက ကျွန်တော့်ကို ကျောင်းအရန်းတော်စေချင်တာ၊ ကျွန်တော်ကလည်း မမကို မျက်စိအရမ်းပြင်းပြနေချင်တာ ဒါပေမဲ့ ကျွန်တော်တို့ဘဝက မလွယ်ပါဘူးဗျာ"

"မင်းအစ်မက ခု ဒီလို သူမိုးအလုပ်လုပ်နေတာ သိလား"

"သိရင် မမက ဆူမှာပေါ့ အစ်ကိုရ၊ ကျွန်တော့်ကို ရေခဲချောင်းရောင်းတယ်၊ ဈေးထဲမှာ သူများခိုင်းတာ တောက်တိုလုပ်တယ်၊ ဒီလောက်ပဲသိတယ်၊ မမလည်း အလကားတော့ မနေရှာပါဘူး၊ သူများအိမ်တွေက အဝတ်လျှော်ခိုင်းရင် အဝတ်လျှော်တယ်၊ အိမ်လစာရအောင်လို့လေ"

"မျက်စိမမြင်ဘဲ ဘယ်လိုလုပ် အဝတ်လျှော်လဲ"

"ကျွန်တော်က အဲဒီအိမ်ကို လိုက်ပို့တယ်၊ ရေဆွဲပေးတယ်၊ အဝတ်လှမ်းပေးရတယ်၊ မမကတော့ မျက်စိမြင်တဲ့သူတွေထက်ကို လက်ကို အားစိုက်ပြီး ဖြူအောင်လျှော်နိုင်ပါတယ်၊ ဒါပေမဲ့ ဘယ်နေရာက အမည်းကွက်ဖြစ်နေတယ်၊ ပိုမည်းတယ်ဆိုတာ မမြင်ရတော့ စိတ်တိုင်းမကျဘဲ အပြောအဆို ခံရတယ်လေ၊ အဲဒါကြောင့် ကျွန်တော် ဒီအလုပ်ကို လုပ်ဖြစ်သွားတာ"

"တခြား ရိုးရိုးသားသား ကောင်းရောင်းကောင်းဝယ် အလုပ်တွေ ရှိရဲ့သားနဲ့ကွာ၊ သူများဥစ္စာခိုးတာတော့ မကောင်းပါဘူး"

ကောင်လေးက စားသောက်ခြင်းကို ရပ်ပစ်လိုက်၏။ ပေရေနေသော နှုတ်ခမ်းတွေကို သူ ကမ်းပေးသော တစ်သျှူးနှင့်မသေမသပ် သုတ်၍

"လူတွေက မရှိခိုးနိုးမလှ စုန်းမျိုးလို့ ထင်ကြတာ အစ်ကို၊ ကျွန်တော် အစက တောင်းစားတာပါ"





"ဘာ"

ဒါလည်းတူနေတာမို့ အထိတ်တလန့် ဖြစ်ရ၏။ တောင်းစားရင်းက ခိုးစားရသည့်ဘဝရောက်ရတာ လူတွေကြောင့်ပင်။

ကောင်လေးပြောတာ နားစွင့်မိတော့

"မိဘတွေလက်ထက်ကတည်းက ကျွန်တော်တို့က အိမ်ငှားနေရတာ၊ အဖေနဲ့အမေဆုံးတော့ ဘာအမွေမှမကျန်ခဲ့ဘူးလေ၊ အဲဒီတော့ ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ ဘယ်အရင်းအနှီးရှိပါ့မလဲ"

"အဲဒါနဲ့ တောင်းစားတယ်၊ မလောက်တော့ ခိုးတယ် အဲလိုလား"

"တောင်းစားလို့ မလောက်ဘူးဆိုဘာက ကျွန်တော့်ကို ကျောင်းမနေချင်လို့ အလုပ်မလုပ်ချင်လို့ တောင်းစားနေတယ်လို့ လူတွေကထင်ကြတာလေ၊ ဘာကြောင့် ကျောင်းနေချိန်မှာမနေရဘဲ တောင်းစားနေရလဲဆိုတာ စာနာမပေးကြဘူး၊ မိဘတွေကပဲ လိမ်ညာတောင်းခိုင်းနေသလိုလို၊ ပြီးတော့ ရိုးရိုးသားသား မရှိလို့ အဆင်မပြေလို့ တောင်းစားတာကို နိုင်ငံတော်ကို ပုန်ကန်နေသလိုလိုနဲ့ အဖမ်းခံရတယ်၊ သူတောင်းစားပပျောက်ဖို့ဆိုလား ဘာလားပဲ"

"ဪ"

"အဲဒီတော့ အစ်ကိုစဉ်းစားကြည့်၊ ကျွန်တော်တို့လို အဆင်မပြေတဲ့သူအတွက် တောင်းစားလို့မရရင် ခိုးစားရုံပေါ့"

"ဒါ အမှန်ပေါ့ကွာ"

သူ စိတ်ပါလက်ပါ ထောက်ခံလိုက်မိသည်။ သူ့ကိုယ်နိုင်ကလည်း ဒီလိုပါပဲ။ လူတွေရဲ့အထင်သေး နှိမ့်ချခံရသည်။

www.burmeseclassic.com



[illegible]ခံရသည်။ နောက်ဖေးလမ်းကြားတွေထဲ ဘူးခွံခွက်ခွံကောက်လျှင် ထင်းသူမိုးဟု ခွပ်ခွဲကာ ရိုက်ပုတ်လွှတ်၏။ နောက်တော့ လူတွေ သေအောင်လုပ်ရင်းနှင့် သူနိုးဘဝရောက်လာသည်။

သူမှာတော့ ဒီကောင်လေးလို အစ်မဆိုတာ မရှိပါ။ အဖေက အဆင်မပြေမှုတွေကြောင့် ချမ်းသာချင်စိတ်နှင့် သူများက ရွှေတူးကျောက်တူးသော ဘာတို့ အမြော်မြင်ကြီးစွာ လိုက်သွား၏။ သူ ရှစ်နှစ်သားအရွယ်တောင်တော့ ထွက်သွားလိုက်တာ ဆယ်နှစ်သားအရွယ်လောက်မှ ငွေလေးအနည်းငယ်နှင့် ငှက်ဖျားမိကာ ပြန်ရောက်လာ၏။

နောက် နည်းနည်းနေပြန်ကောင်းလာတော့ တစ်ခေါက်ပြန်ထွက်သွားသည်။

"သိန်းတင် သားကို ဂရုစိုက်ပါ၊ ငါ ဒီတစ်ခေါက် သူဌေးဖြစ်ပြီးပြန်လာမှာပါဟ၊ ငါ့သားလည်း ပညာတတ်ကြီးဖြစ်ရမယ်၊ နင်လည်း သူဌေးမကြီးဖြစ်ရမယ်၊ ငါကတော့ ဝန်ထမ်းတွေအများကြီးခန့်ထားနိုင်တဲ့ လုပ်ငန်းရှင်သူဌေးကြီးပေါ့ဟ၊ တို့အတူတူသွားတဲ့သုံးယောက် လုပ်ကွက်တစ်ခုတွေ့ထားတယ်၊ အောင်မြင်ရင်တော့ အသက်နဲ့ရင်းရရင်တောင် တန်တယ် သိလား၊ တစ်ချီတည်း သူဌေးဖြစ်ချေးဖြစ်ပဲ"

အဖေပြောသွားခဲ့တာ အတိတ်နိမိတ်ပြေးသည်ဟု ပြောရမည်။ အမေ ဘယ်လိုတားတား ထွက်သွားဖြစ်အောင် ထွက်သွားသော အဖေ့ဆီက သိပ်မကြာလှသော ကာလမှာပင် ဆုံးပြီဟူသည့်သတင်းကို ကြားရသည်။

ထိုသတင်းကြားတော့ သိပ်ခံစားမှုမလွယ်သေးသော သူ့အတွက်ဘာမှမဖြစ်ပေမယ့် အမေကတော့ ယောကျ်ားကိုချစ်သောစိတ်နှင့် မအိပ်





နိုင်မစားနိုင် ရှုးကြောင်ကြောင်ဖြစ်သွားခဲ့သည်။

ထိုအချိန်မှာ သူ့ဘဝက ကူကယ်ရာမဲ့။ အရင်လို အမေက သူ့ကိုချေးရောင်းပြီး ကျောင်းထားမပေးနိုင်။ ယောကျ်ားပြန်လာနိုးနိုး စိတ္တဖြစ်နေသော အမေ့အတွက် သူကသာ အမျိုးမျိုးသော အလုပ်တွေ လုပ်၍ ငွေရှာခဲ့ရသည်။

အမေ ထမင်းစားဖို့၊ အမေ့ဆေးဖိုး။

လူမမယ်အရွယ်လေးနှင့်မလိုက် သူ အမျိုးမျိုးဒုက္ခတွေကြုံခဲ့ရသည်။ အသိစိတ်ဝင်သည့်အခါမျိုးမှာ အမေ သူ့ကို ဖက်ပြီးငို၏။ ကျန်သည့်အချိန်အများဆုံးမှာတော့ အဖေ့ကိုလွမ်းတမ်းတသည့် ဝေဒနာဖြင့် စိတ်နှင့်ကိုယ်မကပ်ပေ။

"အစ်ကို"

"ဟင် ဘာ ဘာလဲ ညီလေး"

"အစ်ကို စကားပြောရင်းနဲ့ အရမ်းငြိမ်သွားလို့ အိမ်အကြောင်းတွေးနေတာလား။ ကျွန်တော့်ကို ဒီလို လိုက်ကျွေးရလို့ အိမ်ပြန်နောက်ကျလို့လား"

"မဟုတ်ပါဘူး တခြားတွေးစရာလေး ရှိသွားလို့ပါ၊ စားလေ ညီ ဝပြီလား၊ ဟင်းတွေအများကြီး ရှိသေးတယ်"

"ကျွန်တော် ဗိုက်တင်းသွားပါပြီ၊ ကျန်တာလေး မမဖို့ ယူသွားလို့ရမလား ဟင် အစ်ကို"

"ညီလေး စိတ်ကြိုက်စားပါကွ၊ အစ်ကို အသစ်ဝယ်ပေးပါ့မယ်"

"အစ်ကိုက သူဌေးလားဟင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကားအကောင်းစားကြီးလည်းစီးနိုင်တယ်၊ ကျွန်တော့်ကို ဆေးလည်းကုပေးတယ်၊ ဒီလို အကောင်းစား အစားအသောက်တွေလည်း လိုက်ကျွေးနိုင်တယ်"

ကလေးအတွေးနှင့် မေးနေတာ သူ ခေါင်းညိတ်လိုက်လို့ ဖြစ်ပါရဲ့လား။ ဒါပေမဲ့ ဟိုတစ်ချိန်က ဘာဖြစ်ဖြစ် အခုချိန်မှာတော့ သူက သူဌေးတစ်ယောက်လို့ အများကအထင်ခံနေရသူပါ။ ရတနာတိုက်ပိုင်ရှင် သူဌေးကြီး ဦးမြတ်ဖုန်းမောင်ရဲ့ ယုံကြည်အားကိုးခံရသော မွေးစားသား မဟုတ်ပါလား။ ဒါကြောင့်မို့

"ဆိုပါတော့ကွာ၊ အခု အစ်ကိုက မင်းကို နောက်နေ့တွေ မသက်သာရင် ဆေးထပ်ကုပေးမယ်၊ စားစရာတွေလည်းကျွေးမယ်၊ သုံးဖို့ဆွဲဖို့လည်း ငွေပေးလိုက်မယ် ဟုတ်ပြီလား"

"တကယ်လား၊ အစ်ကို အစ်ကိုလောက် သဘောကောင်းတဲ့ သူ တစ်ခါမှ မတွေ့ဖူးဘူး။ အစ်ကိုကားနဲ့တိုက်မိတယ်ဆိုပြီး ကျွန်တော်က ရဲကိုသွားတိုင်မှာစိုးလို့ လာဘ်ထိုးတာလားဟင်"

"မဟုတ်ပါဘူးကွာ၊ အစ်ကိုကားနဲ့တိုက်မိတယ်ဆိုလည်း မင်းမှာ ဒဏ်ရာမှမပြင်းတာ၊ မုန့်ဖိုးနည်းနည်းပါးပါး ပေးလိုက်ရင် ရပြီပေါ့ကွ၊ ဒီလိုအလုပ်ပျက်ခံနေပါ့မလား။ အခုက အစ်ကိုကမင်းဘဝလေးကို စာနာလို့ပါ၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ကျောင်းမနေရဘဲ အစ်မအပေါ်သိတတ်ပြီး ဒီလိုတွေ ရှာဖွေကျွေးနေရတာလည်း သနားတယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ လူတိုင်းက အစ်ကို့လို လူစိတ်မရှိကြဘူးထင်တယ်၊ စာနာတယ်တို့ သနားတယ်တို့ဆိုတာက ကျွန်တော် အခုမှကြားဖူးတာ၊ လူတော်တော်များများက ကျွန်တော်တို့လို





လူတွေကို နှာခေါင်းရှုံ့ အထင်သေးချင်ကြတာလေ"

"ဒါ သဘာဝပဲ ညီလေးရယ်၊ ဘယ်သူ့ကိုမှ အပြစ်မမြင်ပါနဲ့၊ ကိုယ်ပြုခဲ့တဲ့ကံအကျိုးပေးပဲ မဟုတ်လား"

သူ့ရဲ့နှစ်သိမ့်မှုက ဒီကောင်လေးအတွက် အားဖြစ်စေချင်သည်။ လောကဓံကို အရှုံးပေးလိုက်မှာစိုးလို့ပါ။

ဘဝဆိုတာ နိမ့်တစ်ခါမြင့်တစ်လှည့်။

ဒီကောင်လေးလည်း သူ့လိုကယ်တင်ရှင်ရှိမလာဘူးလို့ ပြောလို့ရနိုင်တာ မဟုတ်လား။ အခုကိုယ့်ဘဝက ဟိုးတုန်းက ဘဝနှင့်တခြားစီပါ။

မိုးနဲ့မြေလို ကွာခြားသွားနိုင်တဲ့ ကံကြမ္မာကို ဘယ်သူမြင်နိုင် သိနိုင်မှာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ညီလေး မင်းအိမ်လိပ်စာ ပြောဦးကွ၊ လမ်းတွေမှားနေဦးမယ်"

"အိမ်အထိလိုက်မပို့ပါနဲ့ အစ်ကို၊ ကျွန်တော်တို့နေတဲ့နေရာက ကားဝင်ရတာ ခက်တယ်၊ ချိုင့်တွေခွက်တွေကြီးပဲ၊ အစ်ကို့ကို အားနာလို့ပါ"

"ကားဝင်မရတဲ့နေရာကျ လမ်းလျှောက်တာပေါ့ကွာ၊ ကိုယ့်ကား နဲ့တိုက်မိပြီး ဒီအတိုင်းပစ်စလက်ခတ်တော့ မလွှတ်လိုက်နိုင်ပါဘူး။ မင်း လည်း လမ်းကောင်းကောင်းလျှောက်နိုင်တာမှ မဟုတ်တာ၊ ပြီးတော့ တာဝန်မဲ့သလို အဖြစ်မခံနိုင်လို့ပါ"

"အစ်ကို တာဝန်မမဲ့ပါဘူးဗျာ၊ အခု မမအတွက် စားစရာတွေ ဝယ်ပေးလိုက်တယ်၊ ငွေလည်းပေးတယ်၊ နောက်နေ့လည်း ဆေးကုဖေ





ဖို့ လာဦးမယ်ဆိုတာ တော်တော်ကျေးဇူးတင်စရာကောင်းနေပါပြီ"

"မင်းက အရမ်းစကားပြောတတ်တယ်၊ ဒါနဲ့ မင်းအစ်မ နာမည်က ဘယ်လိုခေါ်လဲ"

"မမ ထနောင်းရိပ်ပါ အစ်ကို"

"ထနောင်းရိပ်"

နာမည်ကို သံယောင်လိုက် ရေရွတ်မိရင်း ထနောင်းရိပ်ဆိုတာ ဘယ်လိုလုပ် အေးမြနိုင်ပါ့မလဲလို့ အတွေးဝင်၏။ ပညတ်သွားရာ ဓာတ် သက်ပါဆိုသည့်စကားလည်း ရှိသည်မဟုတ်လား။

ကောင်လေး ပြောသည့်နေရာက မြို့ထဲနှင့်အတော် အလှမ်း ဝေးသည့်နေရာမို့ တစ်နာရီကျော်မျှ မောင်းရလေသည်။ နောက်ဆံတင်း ရမည့်အကြောင်းအရင်းတွေ ရှိပေမယ့် ဖုန်းကိုစက်ပိတ်ကာ ကောင်လေး အတွက်ပဲ အာရုံစိုက်ထားလိုက်၏။

"အစ်ကို ရှေ့ကလမ်းဆိုရင် ကားဝင်လို့ခက်သွားပြီ၊ အစ်ကို ကားက အကောင်းစားကြီးဆိုတော့ ချိုင့်တွေခွက်တွေထဲ မောင်းရင် နမြောစရာကြီးဗျ"

"တော်တော်ဝေးသေးလား"

"အင်း အဲဒီလမ်းချိုးအဆုံးပဲ"

"အိမ်လေးတွေက သေးသေးလေးတွေနော်"

"ကျူးကျော်လို့ ခေါ်မလားဘဲ၊ ဂရံအမည်ပေါက်တွေ မရှိဘူး လေ။ ဒါတောင် ငှားစားနေကြတာ၊ တကယ်ဆင်းရဲတဲ့သူတွေက ဒီလို နေရာမျိုးမှာ ဝါးအိမ်လေးဆောက်ဖို့တောင် လွယ်တာမဟုတ်ဘူး၊ အဲဒါကို သူဌေးတွေက မြေနေရာတွေဝယ်ပြီးတဲ့ အိမ်ဆောက်ငှားစားကြတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း တည်မြဲတာမဟုတ်ပါဘူး။ ဒီနေရာမှာ လူ့အနေများလို့ စည်လာပြီဆိုရင် သူဌေးတွေက တိုက်တွေဆောက်ဖို့ စက်ရုံတွေဆောက်ဖို့ စီမံကိန်းတွေနဲ့ ဖွတ်ဖယ်နိုင်းတော့တာပဲ''

''ဪ''

သူနဲ့အမေလည်း ဒီလိုဒုက္ခတွေ ခံခဲ့ရဖူးတာပါပဲ။ ဇရပ်ကြို ဇရပ်ကြား ဘုရားတန်ဆောင်းတွေမှာတောင် အိပ်ခဲ့ဖူးသေးတာ။ ကောင်လေးကို သနားစိတ်ဖြင့် ကားကိုမညှာတာနိုင်ဘဲ ရအောင်မောင်းဝင်လာခဲ့သည်။

''ရပြီ အစ်ကို၊ ဟိုရှေ့က မိုးကာအပြာအစုတ်လေး ကာထားတဲ့အိမ်ပဲ''

ကောင်လေး လက်ညှိုးထိုးပြရာ ကြည့်လိုက်တော့ မိုးမလုံလေမလုံ နေမြင်လမြင်တဲလေးပင်။ သူ့ကားဝင်လာတည်းက ထွက်ကြည့်နေကြသော လူတွေက ကောင်လေးအိမ်ထဲ သူဝင်လိုက်သောအခါ တအံ့တသြ စပ်စုအတင်းပြောနေကြသည်။

''အစ်ကို လာပါ၊ အစ်ကို ထိုင်ရအောင် ခင်းပေးဖို့ ဖျာလည်း မရှိဘူး''

''ရပါတယ် ညီ၊ အစ်ကိုကို အားမနာပါနဲ့''

''မမရေ''

''မောင်လေး ပြန်လာပြီလား၊ ဘယ်သူပါလာတာလဲဟင်''

အသံကိုနားစွင့်ရင်း လှမ်းမေးလိုက်သော ကောင်လေးရဲ့အစ်မက စမ်းတဝါးဝါးဖြင့် သူတို့အနားကို လျှောက်လာ၏။ ကောင်လေးက သူ့အစ်မလက်ကိုသွားတွဲပြီး ကြမ်းခင်းမှာထိုင်နိုင်းကာ





''ဒီအစ်ကိုကားနဲ့ ကျွန်တော် တိုက်မိလာလို့ ဒီအစ်ကိုက ဆေးကုပေးပြီး လိုက်ပို့တာ မမ''

''ဟင် ကားတိုက်မိတယ်၊ ဘယ်ထိသွားလဲ ဘယ်လောက်များလဲဟင်''

ကောင်လေးမျက်နှာကို ဟိုစမ်းဒီစမ်းဖြင့် စိုးရိမ်ကြီးစွာ မေးနေရှာသည်။ ကောင်လေးက သူ့အစ်မ လက်ကလေးကို ဆုပ်ကိုင်ပြီး

''ကျွန်တော် ဘာမှမဖြစ်ပါဘူး မမရဲ့၊ ဒူးခေါင်းလေးနည်းနည်းပဲ ပွန်းသွားတာပါ၊ အဲဒါ ဒီအစ်ကိုက ဆေးခန်းလည်းလိုက်ပို့တယ်၊ အစားအသောက်တွေကျွေးလည်းကျွေးတယ်၊ ဝယ်လည်းပေးလိုက်တယ်၊ ခုန်ပိုးလည်း တစ်သိန်းပေးတယ်''

''ဟင် တစ် တစ်သိန်းပေးတယ်၊ ငွေတစ်သိန်းပေးတယ်''

တအံ့တသြလေး မေးနေပုံက မယုံမရဲလေး။ မျက်နှာလေးကလည်း ဖူးဖူးသန့်သန့်လေးပါ။ မောင်နှမနှစ်ယောက်လုံး ရုပ်ရည်လေးတွေ သန့်ပြန့်ပါလျက်နှင့် ကံတွေဆိုးလိုက်ကြတာ။

''ညီလေး မင်းအစ်မကို ဒါတွေပေးလိုက်ဦးလေ''

''မမ ဒီမှာ အစားကောင်းအသောက်ကောင်းတွေပါလာတယ်ဗျ၊ ကျွန်တော် ပန်းကန်ထဲထည့်ပေးမယ်နော်''

''နေပါဦး မောင်လေးရယ်၊ ဒီကအစ်ကိုကို ကျေးဇူးတင်တယ်လို့ ပြောပါဦးမယ် ဟိုလေ''

''ကိုယ့်နာမည် နိုင်းယှဉ်ပါ၊ ကျေးဇူးတင်စရာမလိုပါဘူး၊ ဒီက ညီလေးက ကိုယ့်ရဲ့ပေါ့ဆမှုကြောင့် ဖြစ်သွားတာပါ၊ အဲဒီအတွက် ကိုယ့်မှာ တာဝန်ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး ဘာလုပ်တယ်ဆိုတာ မသိစေချင်၍ ကိုယ့်အပြစ်ပဲ ပုံချလိုက်သည်၊ ထနောင်းရိပ်က သူ့ရှိသည့်ဘက်ကို မှန်း၍ လက်အုပ်လေး ချီ၍

"ကျေးဇူးတင်ပါတယ်ရှင်၊ အခုခေတ်မှာ ကားတိုက်ပြီးရင်တောင် ကားသမားတွေ တာဝန်မယူဘဲ ထွက်ပြေးတတ်ကြတယ်လို့ ကြားပါတယ်၊ ကျွန်မတို့မောင်နှမ ဒီလိုဘဝရောက်ရတာလည်း တာဝန်မဲ့တဲ့သူတွေ ကြောင့်ပါ"

"ဟုတ်ကဲ့ ညီလေးဆီက ကြားပြီးပါပြီ၊ စိတ်မကောင်းပါဘူး ထနောင်း၊ ညီလေးရှိနေသေးတော့ ထနောင်းအတွက် တော်သေးတာပေါ့"

"ဟုတ်ကဲ့ ကိုနိုင်း၊ အဲလိုခေါ်လို့ အဆင်ပြေရဲ့လားမသိဘူး ထနောင်းထက် အသက်ငယ်လား ကြီးလားမသိဘူးနော်"

"ကိုယ့်အသက် နှစ်ဆယ့်ငါးနှစ်ပါ"

"ဩော် ထနောင်းထက် နှစ်နှစ်လောက်ကြီးတာပဲ၊ ကိုနိုင်းလို့ ခေါ်မယ်နော်"

"အင်း ထနောင်းကြိုက်သလိုခေါ်ပါ၊ ဒါဆို ကျွန်တော့်ကို ပြန် ခွင့်ပြုပါဦး"

"ဩော် ဟုတ် ဟုတ်ကဲ့ပါ၊ မောင်လေး ညွှန်သည်ကို လိုက်ပို့ ဦးလေ၊ ဒီအထိလိုက်လာတာ အားနာပါတယ်"

"ရပါတယ် ထနောင်း၊ ညီလေး လိုက်မပို့နဲ့တော့၊ မမကိုသာ စားစရာတွေ သေချာထည့်ပြီး ကျွေးလိုက်တော့နော်၊ နောက်ရက်ကျ ညီလေးအနာသက်သာလား အစ်ကို ထပ်လာကြည့်မယ်၊ ဒီကြားထဲ ဘာအလုပ်မှ မလုပ်ဘဲ အိမ်မှာနေဦးပေါ့"





"ဟုတ်ကဲ့ ကျေးဇူးပါပဲ အစ်ကို တာ့တာ"

ဆက်ပိုင်ဖြိုးလေးက တာ့တာပြတော့ ထနောင်းရိပ်ကပါ မှန်း၍ လက်လေးပြ၏။ မောင်နှမနှစ်ယောက်ရဲ့ဘဝလေးကိုမြင်တော့ ရင်ထဲ အကယ်မကောင်းပေ။

ငယ်ဘဝကိုပါ ပြန်အမှတ်ရစေလျက် မျက်ရည်ပါဝဲမိသည်။ အကယ်တော့ ဒီဘဝ ဒီအခြေအနေဖြစ်လာတာ သူ ဆယ့်ငါးနှစ်သား အရွယ်လောက်မှာ မွေးစားလိုက်သော ဦးမြတ်ဖုန်းမောင်ရဲ့ကျေးဇူးကြောင့် ပါ။

သူ တောင်းစားလို့ မလွယ်တော့ ခိုးစားသည်။ ခိုးစားလို့မလွယ် တော့ ခါးပိုက်နှိုက်၏။ အမေ့အတွက် စားဖို့သောက်ဖို့ လိုတိုင်း ဒီအလုပ် ကို မလုပ်ချင်ဘဲ လွယ်သလိုလုပ်ခဲ့သည်။

တစ်နေ့မှာ အမေ မိုးထဲလေထဲလျှောက်သွားရင်းနှင့် အအေး ပတ်ကာ အတော်လေး နေမကောင်းဖြစ်ခဲ့သည်။ သူ အမေ့အတွက် ဆေးဖိုးရှာရတော့မှာမို့ ဆူးလေနှင့်မြောက်ဥက္ကလာပြေးသော ဘတ်(စ်) ကားပေါ်မှာ တွေဝေမနေဘဲ ခါးပိုက်နှိုက်ဖြစ်၏။ သတိထားမိသွားသော လူတစ်ယောက်ကြောင့် ဝိုင်းဝန်းထိုးကြိတ် ရိုက်ဖို့ပြင်နေစဉ်မှာ သူ ကားပေါ် က ဆင်းပြေးခဲ့သည်။ ပစ္စည်းပိုင်ရှင်နှင့်ကားပေါ်က လူတချို့ပြေးဆင်း လိုက်လာတော့ အသက်လုကာ ပြေးရသည်။

ထိုအချိန်မှာပဲ ကယ်တင်ရှင် ဦးမြတ်ဖုန်းမောင်နှင့်တွေ့ခဲ့ရခြင်း ပင်။

"ကောင်လေး ဒီကားပေါ်တက် မြန်မြန်တက်"

ထိုကယ်တင်ရှင်ရဲ့အသံကို သူ့တစ်သက် ဘယ်တော့မှမမေ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ထိုအချိန်က အမေ့ရဲ့အသက်ကိုတော့ သူ မမီခဲ့ပေ။ အိမ်အထိလိုက်ပို့သော ဦးမြတ်ဖုန်းမောင်က အကြောင်းစုံသိသွားပြီး သူ့ကို ဒီနေ့ထိ သားအရင်းတစ်ယောက်လို မွေးစားခဲ့တာပါ။ ချက်ချင်းကြီး မိုးနဲ့မြေလို ပြောင်းလဲပစ်လိုက်သော ကံကြမ္မာကို သူ အခုထိ မယုံနိုင်။

ဘယ်အချိန်မှာ ဘယ်လိုပြောင်းလဲသွားနိုင်သေးလဲဆိုတာ ရင်တထိတ်ထိတ်နှင့်ပဲ . . . ။

■ ■ ■

## အခန်း (၃)

"ဒါက ဘယ်အချိန်ရှိနေပြီလဲ"

အိမ်အဝင်ဝက စူးခနဲ ထွက်လာသော အသံကြောင့် နှိုင်းယှဉ်ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားရသည်။

"မြူမှုန်ခြယ်"

အသံတိတ်ရေရွတ်မိကာ သူမကို ကျော်ဖြတ်၍ အိမ်ထဲဝင်လို့ရားဆိုတာ သူ သိနေသည်။ မာန်မာနတွေ အပြည့်ဖြင့် လှပကျော့ရှင်းသည့် ဦးမြတ်ဖုန်းမောင်ရဲ့သမီးပါ။

"ဒီအိမ်က နင်ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန်ထွက်သွားရတဲ့ သာလာယံဇရပ်များ မှတ်နေလား၊ ကုမ္ပဏီကပြန်ချိန်က ညနေခင်းနာရီကတည်းက၊ အခု နင်ပြန်ရောက်လာတာ ညကိုးနာရီကျော်နေပြီ၊ အဖေက ဘာဖြစ်နေလဲဆိုပြီး စိုးရိမ်လို့ ဖုန်းဆက်တော့လည်း နင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပိတ်ထားတယ်၊ နင် ဘာသဘောလဲ နှိုင်းယှဉ်''

''လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်သွားလို့ပါ၊ အဲဒါ ဖြေရှင်းနေတာနဲ့''

''ဘာ အက်ဆီးဒင့်ဖြစ်တယ်၊ လူကိုတိုက်မိတာလား၊ ဘာကိုတိုက်မိတာလဲ၊ ကားဘာဖြစ်သွားသေးလဲ''

လူကိုအကောင်းအတိုင်း မြင်ရလို့ ကားကိုစိုးရိမ်တာလားမသိပေ။ ပျာပျာသလဲ ကားကိုလှည့်ပတ်ကြည့်ပြီးမှ သူ့ဆီကို ပြန်လျှောက်လာကာ

''ဒီကားတန်ဖိုး နင်မသိဘူးလား၊ ကားကိုနမော်နမဲ့ မောင်းရသလားဟဲ့၊ နင့်ကိုယ်နင် ဒီကားလောက်တန်ဖိုးရှိနေပြီလို့ ထင်လို့လား''

ပြောသမျှစကားက ရင့်ရင့်သီးသီး။ ဒီအိမ်ကြီးကို စရောက်ကတည်းက မြူမှုန်ခြယ်ရဲ့ မောက်မောက်မာမာ ဆက်ဆံမှုကို ခံရတာပါ။ ဦးမြတ်ဖုန်းမောင်က သားအရင်းလို အားကိုးယုံကြည်ချစ်ခင်ပေမယ့် မြူမှုန်ခြယ်က အဆင့်အတန်းခွဲကာ မောက်မာရိုင်းစိုင်းချင်သည်။ ဒါပေမဲ့ သူ သည်းမခံလို့မဖြစ်ပါ။

''သမီးက မိတဆိုးလေးကွ၊ ငယ်ငယ်တည်းက အလိုလိုက်ထားလို့ ဆိုးချင်တယ်၊ ဖေဖေကလည်း စီးပွားရေးလုပ်ငန်းတွေဘက်ပဲ အာရုံရောက်နေတော့ သမီးကို ဆုံးမသွန်သင်တာမျိုး ဂရုတစိုက် မလုပ်နိုင်ခဲ့ဘူး၊ အိမ်အကူတွေနဲ့ပဲ မျက်နှာလွှဲထားတော့ စိတ်တိုင်းမကျစရာတွေပဲ များခဲ့တယ်၊ သားက အဲဒါကို ခွင့်လွှတ်နားလည်ပေးပါကွယ်၊ သားရဲ့ နှမအရင်းလေးတစ်ယောက်လို စောင့်ရှောက်ပါ''

ကိုယ့်ကျေးဇူးရှင်ရဲ့စကားမို့ သူ ဘယ်လွန်ဆန်ဝံ့ပါ့မလဲ။ ဘဝ





ပေးအခြေအနေလေးတစ်ခု ပျက်စီးသွားမှာလည်း စိုးရိမ်တာကြောင့်ပါ။

''ဟဲ့ မေးနေတာကို ဘာကြောင်တောင်တောင် လုပ်နေတာလဲ၊ ဘဝမေ့ပြီး အောက်ခြေလွှတ်နေတာလား ပြောစမ်းပါဦး''

''အက်ဆီးဒင့်ဆိုတာ မတော်တဆဖြစ်တာပါ၊ ပေါ့လျော့မှု၊ သတိလွှတ်မှုဆိုတာထက် အမှတ်တမဲ့ မထင်မှတ်ဘဲဖြစ်သွားတတ်တာမျိုးပါ၊ ပျက်စီးရာပျက်စီးကြောင်း ငါကြံရွယ်ခဲ့တာမှ မဟုတ်ဘဲဟာ၊ ကားလည်း ဘာမှမဖြစ်ပါဘူး၊ ကားကို နင်ကြည့်ပြီးပြီမဟုတ်လား''

''ကား ဘာမှမဖြစ်ရင် နင် အိမ်ပြန်နောက်ကျလို့ ဆင်ခြေပေးတာမဟုတ်လား''

''မဟုတ်ပါဘူး၊ ကလေးတစ်ယောက်ကို ငါ အမှတ်တမဲ့တိုက်လိုက်မိတာ အမှန်ပါ၊ အဲဒီကလေးဒဏ်ရာကြီးကြီးမားမား မရပေမယ့် ဆေးခန်းလိုက်ပို့ပေးရတယ်၊ အိမ်ပြန်လိုက်ပို့ပေးရတယ်၊ မုန့်ဖိုးအနေနဲ့ ဒီမှာပါလာတဲ့ ပိုက်ဆံလေးပေးခဲ့ရတယ်၊ နောက်နေ့လည်းဒဏ်ရာမပျောက်မချင်း ငါ့မှာတာဝန်ရှိသေးတယ်''

''အမလေး ဒဏ်ရာမပြင်းဘူးလည်း ပြောသေးတယ်၊ နောက်နေ့တွေလည်း တာဝန်ရှိသေးလား၊ နင် ပိုက်ဆံဘော်တော်ပေါနေလား နှိုင်းယှဉ်၊ ငွေတွေက အလကားရထားတာမို့လား၊ ဒါ ငါ့အဖေ ရှာထားတာတွေ မွေးစားခံထားရတယ်ဆိုပြီး နင် ပိုင်တဲ့ငွေလို သုံးဖြုန်းနေလို့ဖြစ်မလား''

''သမီး''

ကြားရတာ နားမသက်သာလွန်းတော့လို့ ဦးမြတ်ဖုန်းမောင် ည့်ခန်းကနေ ထလာရတာပါ။ သမီးက နှိုင်းယှဉ်အပေါ် ဆက်ဆံတာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုရင့်သီးရိုင်းပျလွန်းသည်။

အစ်ကိုတစ်ယောက်လို သဘောမထားတာ၊ ဟိုအရင်စခေါ်လာကတည်းက။ ဒီအရွယ်ကြီးကျမှ မွေးစားရပါ့မလားလို့ အပြစ်ပြောခဲ့၏။ ဒါပေမဲ့ ကိုယ့်မှာ ဒီကလေးရဲ့ဒုက္ခဆင်းရဲကို မကြည့်ရက်တော့ ဘယ်လိုလုပ်ရမလဲ။

သမီးကို တော်တော်လေး အတိုက်အခံလုပ်၊ ဖျောင်းဖျနားချပြီး နှိုင်းယှဉ်ဘဝလေးကို စောင့်ရှောက်ခဲ့ရတာ။

ဒါပေမဲ့လည်း သမီးကိုပိုပြီး ချစ်တဲ့စိတ်နှင့် နှိုင်းယှဉ်ဘက်က အပြည့်အဝ ကာကွယ်မပေးနိုင်ခဲ့ပေ။

"သူ ရှင်းပြနေသာနဲ့ သမီးရယ်၊ ဖေဖေတောင် ကားမောင်းရင်းနဲ့ ဒီလိုတစ်ခါတစ်ရံ ဖြစ်တတ်သေးတာပဲ"

"ဖေဖေ့ကို အဲဒါကြောင့်ပြောတာ၊ ကိုယ်တိုင်ကားမမောင်းပါနဲ့ ဒရိုင်ဘာခေါ်ပါဆိုတာ၊ ဒါမှမဟုတ် သူ့ကိုမောင်းခိုင်းပါလား"

"ခြော် နှိုင်းယှဉ်က ကုမ္ပဏီမှာ မန်နေဂျာတာဝန်ပေးထားတာ ဒရိုင်ဘာလုပ်ခိုင်းလို့ဖြစ်မလား။ အခုလည်း ဖေဖေ မမောင်းချင်တဲ့အခါ မောင်သောင်းကို မောင်းခိုင်းတာပဲ"

"ဖေဖေကတော့ နှိုင်းယှဉ်ကိုနေရာပေးပြီး ညှာတာနေတော့တာပဲ၊ မွေးစားသားက မွေးစားသားလို သိမ်သိမ်ငယ်ငယ် မနေဘဲ အခွင့်အရေးယူနေတာ ဖေဖေ၊ လူဆိုတာ သူ့နေရာသူမထားရင် ရောင့်တက်တာပဲ"

"သမီးကတော့လေ"

ခြေဆောင့်ပြီး အိမ်ထဲဝင်သွားသော သမီးကိုကြည့်၍ ရင်မော



မိသည်။ သမီးက ရွှေပေါ်မြတင် ပြည့်စုံစွာနေခဲ့ရတာမို့ မာန်မာနလေး နည်းချင်တာ နားလည်ပါသည်။ ဒါပေမဲ့ တစ်ဖက်သားက ချိုတဲ့လွန်းသည်။ နေရာတကာ အထက်စီးက ဆက်ဆံနေတော့ နှိုင်းယှဉ် ခမြာ သိမ်ငယ်ရတာပေါ့။

"သား"

ပန်းလေးဖက်ကာ ညှိုးခန်းထဲခေါ်လာခဲ့ပြီး နှိုင်းယှဉ်ကိုကျောလေးပုတ်ကာ နှစ်သိမ့်ရ၏။

"စိတ်မကောင်းဖြစ်သွားလား သား"

"အကျင့်ပါနေပါပြီ၊ သူ ဒီလိုပဲ ပြောတတ်တာပဲ"

"အင်း သားက နားလည်ပေးတော့ ဖေဖေ စိတ်သက်သာသေးတာပေါ့ကွာ၊ သမီးက သားကိုသံယောဇဉ်တော့ ရှိပါတယ်၊ သားမြန်မလာတော့ တဖျစ်တောက်တောက် ပြောပြီး မျှော်နေတာလေ၊ အကျိုးအကြောင်းသိအောင် ဖုန်းဆက်တော့ သားက ဖုန်းပိတ်ထားတာနဲ့ စိတ်တိုနေတာပါ"

"ဝက်ပိတ်ဟာက ဒါကြောင့်ပါလို့ပြောလိုက်ရင် ဂယနဏ မသိဘဲ ဖေဖေတို့စိတ်ပူနေမှာစိုးလို့ပါ၊ ပြန်လာမှပဲ သေချာပြောပြမယ်ဆိုပြီးတော့"

"အေးပါ သားရယ်၊ ဖေဖေက သားကိုအပြစ်မတင်ပါဘူး၊ ဒီလိုကိစ္စမဟုတ်တောင် လူငယ်ဆိုတာ တခြားအကျိုးအကြောင်းတွေလည်း ရှိတတ်ကြတာပဲ၊ ဒါနဲ့ဟိုဘက်က ဘာတွေတောင်းဆိုသလဲ သားဘယ်လောက်လျော်ကြေးတောင်းလဲ"

"ကြီးကြီးမားမားမဖြစ်လို့ လျော်ကြေးမတောင်းပါဘူး ဖေဖေ၊

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုချို့တဲ့လို့ ကူညီရမယ့်အတိုင်းအတာမျိုးတော့ ရှိတယ်၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေဆိုတော့ ခြေထောက်ကိုထိသွားတာ၊ အလုပ်မလုပ်နိုင်ရင် ထမင်းငတ်ကြမှာပေါ့ ဖေဖေ၊ အဲဒါကြောင့် သားမှာပါတဲ့ ငွေတစ်သိန်းပဲ ပေးခဲ့ရသေးတယ်၊ နောက်ထပ်ဆေးကုပေးဖို့နဲ့ အထောက်အပံ့လေးတော့ လုပ်ပေးရမှာပေါ့''

''ကြော် အေးပေါ့ သားရယ်၊ လုပ်ပေးသင့်တာပေါ့၊ ငွေလိုသလောက်ကို သားဘဏ်စာအုပ်ထဲကသုံးသုံး၊ ဖေဖေ့မီးခံသေတ္တာထဲကသုံးသုံး၊ သားအဆင်ပြေသလိုသာသုံး သား၊ လူတစ်ယောက်ဒုက္ခကို ကယ်တင်တာဖြစ်ဖြစ် ကိုယ့်ကြောင့်တစ်ခုခုဖြစ်သွားလို့ တာဝန်ယူရတာဖြစ်ဖြစ် ကုသိုလ်ရပါတယ် သားရယ်''

''ဟုတ်ကဲ့ အခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် ဖေဖေ''

ဒီလိုပြောတော့ ဦးမြတ်ဖုန်းမောင် မျက်နှာမကောင်းပေ။

''ကျေးဇူးတင်ပါတယ်ဆိုတာက သူစိမ်းဆန်တယ် သားရယ်၊ ဖေဖေ့ကို အံ့ဖေရင်းတစ်ယောက်လို သဘောမထားနိုင်လို့ ဒီလိုပြောတာလား သား''

နှိုင်းယှဉ် မဆိုင်းမတွပင် ခေါင်းယမ်းလိုက်မိသည်။ အဖေရင်းထက်မက ဦးမြတ်ဖုန်းမောင်က မေတ္တာတွေပေးနိုင်လွန်းသူဟု ယုံကြည်ထားတာပါ။ နိမ့်ပါးသောဘဝကို မြင့်မားအောင် ကူညီထားသော ကျေးဇူးတရားတွေကလည်း ဒီတစ်သက် ဆပ်လို့ကုန်မှာမဟုတ်ပေ။

''သူစိမ်းဆန်လို့ ကျေးဇူးတင်တယ်လို့ ပြောတာမဟုတ်ပါဘူး ဖေဖေ၊ ဖေဖေ့ကျေးဇူးတွေက အမိအဘတွေထက်ကို ကြီးမားလွန်းတယ်





လို့ ထင်မိပါတယ်၊ နိမ့်ပါးစုတ်ပြတ်နေတဲ့ဘဝကို စေတနာ မေတ္တာအပြည့်နဲ့ ကယ်ဘင်ထားတာ၊ သားရဲ့မိဘအရင်းတွေထက်တောင် ကျေးဇူးကြီးမားပါတယ်၊ မိဘအရင်းတွေတောင် ဒီလိုဘဝမျိုး ထားနိုင်မှာမဟုတ်ဘူးလေ၊ ဖေဖေ မသေခင်ကတောင် သားဘဝက ပြည့်စုံခဲ့တာမဟုတ်ပါဘူး၊ အဆင်မပြေမှုတွေနဲ့ပဲ ချို့ချို့တဲ့တဲ့ နေခဲ့ရတာပါ၊ ဒါမေမဲ့ အဲဒီကျောက်တွင်းတူးတဲ့နေရာကို နောက်တစ်ခေါက် ထပ်မသွားခဲ့ရင် ဖေဖေ သေမှာမဟုတ်ဘူး၊ ပြီးတော့ ဖေဖေ မသေရင် မေမေလည်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ သေမှာမဟုတ်ဘူး၊ သားလည်း ဖေဖေ ကယ်တင်တဲ့အချိန်ကအဖြစ်မျိုး ဖြစ်မယ်မထင်ဘူး''

''သားရယ်''

ပြောရင်းနှင့် မျက်ရည်ကျလာတော့ ဦးမြတ်ဖုန်းမောင်က သူ့ကိုဖက်ပွေ့ကာ စိတ်မကောင်းသလို နှစ်သိမ့်သည်။ သူ့ဒဏ်ရာတွေက သေရာပါပါ။ လူမမယ်အရွယ်လေးနှင့် ဆင်းရဲဒုက္ခတွေ ခံခဲ့ရတာ နည်းတဲ့ ဒဏ်ကြမ္မာဆိုးလား။

ဦးမြတ်ဖုန်းမောင်နဲ့ ဆုံဆည်းမှုမရှိလို့ ကယ်တင်မခံရလျှင် သူ့ဘဝက ခိုးမှုခါးပိုက်နှိုက်မှု၊ တစ်ခုခုဖြင့် ထောင်ထဲမှာ ရောက်ချင်ရောက်နေမှာ။ ဒါမှမဟုတ် လူတွေ ဝိုင်းရိုက်လို့ သေရင်သေ၊ မသေရင် ကျိုးတာကန်းဟာ တစ်ခုခုတော့ဖြစ်နေလောက်သည်။

''အခု သားဘဝမှာ အဖေလို့ခေါ်စရာရှိတာ ဖေဖေ့ကျေးဇူးကြောင့်ပါ၊ ဒါကြောင့်လည်း မြူမှုန်ခြယ်နဲ့ပတ်သက်ပြီး သည်းညည်းခံနိုင်တာပါ၊ ဖေဖေ ဆုံးမသွန်သင်တာတွေ တောင်းဆိုတာတွေ သားမမေ့ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သားရယ် စိတ်ဓာတ်တွေ မာကျောနေတာက အရွယ်ရောက်နေတဲ့သားကို မွေးစားရပ်ပါ့မလားလို့ မကျေမနပ်ဖြစ်နေခဲ့တာလေ၊ ဘာမှမသိတတ်သေးတဲ့ကလေးအရွယ်လေး မွေးစားရင် မိဘအရင်းပဲ ထင်ပြီး ကျေးဇူးကန်းတာ စော်ကားတာမျိုးမရှိနိုင်ဘူးပေ့ါ၊ အခုက သား ဆယ့်ငါးနှစ်သားအရွယ်လောက်မှ မွေးစားခဲ့တာဆိုတော့ သားတစ်ချိန်ချိန်မှာကျေးဇူးကန်းတာမျိုးလုပ်နိုင်တယ်ပေ့ါလေ"

"သူ့ဘက်ကလည်း ဒီလိုတွေးနိုင်တာပဲ၊ သား နားလည်ပါတယ်၊ သွေးသားအရင်းမဟုတ်တဲ့အတွက် သူ ဘယ်ယုံပါ့မလဲ၊ ဒါပေမဲ့ ဖေဖေကတော့ သားကိုယုံကြည်ပေးပါ၊ သားဘယ်တော့မှ ကျေးဇူးမကန်းပါဘူး ဖေဖေ၊ သားဘဝကို ကယ်တင်ထားတဲ့ဖေဖေက သားရဲ့မိဘအရင်းပါပဲ"

"ကျေးဇူးပါပဲ သား၊ အဲလိုပြောပေးတာ ဖေဖေ ကျေးဇူးတင်ပါတယ်၊ သားရဲ့ကတိစကားကို ဖေဖေ ယုံကြည်တယ်၊ ကဲ သား သားလည်းပင်ပန်းလာတော့ စားသောက်ပြီးရင် ရေမိုးချိုးပြီး နားလိုက်တော့လေ၊ ဖေဖေကတော့ သမီးစိတ်တိုင်းကျ သားကိုမစောင့်ဘဲ စားလိုက်ရတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

နှိုင်းယှဉ် အောက်ထပ်က ကိုယ့်အခန်းထဲကိုယ် ဝင်လာခဲ့သည်။ အတက်ချိုကျေ့စ်ကို အံဆွဲတစ်ခုထဲဖွင့်ကာ သိမ်းလိုက်ပြီး အပေါ်အင်္ကျီချွတ်ကာ ခုတင်ပေါ် ပစ်လှဲလိုက်သည်။

မွေ့ယာကြီးက ဖိမ်ခံလို့ကောင်းအောင် အိခနဲ့ဖြစ်သွား၍ စိတ်တို့ပေ့ါပါးလန်းဆန်းသွားသည်။ ဟိုးအရင်က လမ်းဘေးမြို့တောမှာ တိုး





အိပ်ခဲ့သလို ကျောင်းကန်ဇရပ်၊ ရပ်ကွက်ကင်းတဲ၊ ကားမှတ်တိုင်တွေက သူ့ရဲ့အိပ်ရာနားနေရာ နေရာလေးတွေပါ။

အိမ်လစာမပေးနိုင်သည့်လတွေဆို ထိုနေရာလေးကို မေမေ့ကိုပါခေါ် အိပ်ခဲ့ရသည်။ တောင်းလို့ရ ခိုးလို့ရသည့်အခါမျိုးမှ ထမင်းစားရသည့်ဘဝ။

ဒီဘဝဒီအဖြစ်အပျက်တွေကို သူ ဘယ်မေ့နိုင်မှာလဲ။ ဖေဖေ အလုပ်သွားလုပ်သည်ဆိုတုန်းက အကြွေးယူထားသမျှတွေက ဖေဖေဆုံးပြီဆိုသောအခါ အိမ်ကိုရောင်း၍ အကြွေးဆပ်လိုက်ရတော့ နေစရာမရှိတာ။

အဖြစ်အပျက်တွေက ကျိန်စာတိုက်ခံရသလိုပါ။

"ဒေါက် ဒေါက် အစ်ကိုလေး ထမင်းပွဲပြင်ပြီးပါပြီ"

"ဩော် အေး အေးလာပြီ၊ အေးမွန်"

သူ မစားမှာစိုး၍ ဖေဖေက ထမင်းပွဲပြင်ခိုင်းထားဟန်တူသည်။ သူ ရေအမြန်ချိုးပြီး ထမင်းစားခန်းထဲ သွားဖို့ပြင်ရသည်။

အခုချိန်မှာတော့ အရင်ကလို သူများဆီက တောင်းစားရ ခိုးစားရသည့်ဘဝမျိုး မဟုတ်ဘဲ ထမင်းရူးခပ် ပြင်ဆင်ကျွေးမည့်သူက အဆင်သင့်။

ဒီဘဝကို ဘယ်လိုအကြောင်းအရာမျိုးနှင့်မှ မစွန့်လွှတ်ချင်တော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''အေးမွန်နဲ့မလုံး အဲဒီထမင်းပွဲ ပြန်သိမ်းလိုက်''

''ရှင်''

''ဘာ ဘာလို့လဲ မြူရယ်၊ မောင်နိုင်းစားဖို့ သူဌေးကြီးက ပြင်ခိုင်းထားလို့ပါ''

အမိန့်သံကြောင့် ဒေါ်လုံးတို့တူဝရီး ပျာပျာသလဲ ဖြစ်ကာ ပြန်ဖြေရှင်းကြသည်။ မြူမှုန်ခြယ်က မျက်ထောင့်နီဖြင့်ကြည့်ပြီး ထမင်းစားပွဲကို ဖြုန်းခနဲပုတ်ကာ

''သိမ်းဆို သိမ်းလိုက်၊ လျှာမရှည်နဲ့ ဒေါ်လုံး၊ အချိန်နဲ့အိမ်ပြန်မလာတဲ့သူကို ထမင်းပွဲပြင်ပေးစရာ မလိုဘူး၊ ဒီအိမ်မှာ သူ့မင်းသူ့ချင်း နေလို့မရဘူး။ လူဆိုတာ ကိုယ့်အဆင့်ကိုယ်သိရတယ်''

ဒေါ်လုံးနှင့်အေးမွန် ဘာမှစောဒက မတက်ရဲတော့။ သူဌေးက





နိုင်းယှဉ်အတွက် အဆင်သင့်ပြင်ခိုင်းထားသမျှတွေ ရေခဲသေတ္တာထဲ ကြောင်အိမ်တွေထဲ ထည့်သိမ်းဖို့ ပြင်ရသည်။ မြူမှုန်ခြယ် အပေါ်ထပ်တက်သွားမှ နိုင်းယှဉ်ကို တိတ်တိတ်လေး ကျွေးရတော့မှာပေါ့။

''အဲဒါ ဘာလုပ်နေတာလဲ ဒေါ်လုံး၊ ဟင်းတွေ ရေခဲသေတ္တာထဲ ထည့်သိမ်းစရာမလိုဘူး၊ တစ်ခါတည်း ခွေးစာခွက်ထဲထည့်ပြီး လမ်းဘေးမှာ သွားကျွေးလိုက်''

''မ မလုပ်ပါနဲ့ကွယ်၊ ဟင်းတွေက ပုစွန်ထုပ်တွေရော၊ ကြက်သားဆီပြန်တွေရော အကောင်းကြီးရှိပါသေးတယ်၊ နှမြောစရာ''

''ဘာမှနှမြောမနေနဲ့ နောက်နေ့ကျန်ရင် မြူတို့စားတာ မဟုတ်ဘူး။ အသစ်ကို နှစ်ခါလောက်ပြန်ချက်စားလို့ရတယ်၊ ဒေါ်လုံးတို့လည်း စားပြီးပြီဟာကို အကုန်သွန်ပစ်လိုက်''

''အေး အေးပါ သမီးရယ်''

မြူမှုန်ခြယ်က ရှေ့မှာတင်စောင့်ပြီး ခွေးစာခွက်ထဲ ထည့်ခိုင်းသည်။ အိမ်မှာခွေးမွေးမထားပေမယ့် လမ်းဘေးက ခွေးလေခွေးလွင့်တွေစားလို့ရအောင်တော့ အမြဲတမ်း အိမ်မှာ ထမင်းဟင်းကျန်တွေ ကျွေးနေကျပါ။

ဒီနေ့တော့ နိုင်းယှဉ်အတွက် ချန်မထားတော့တာမို့ ဗိုက်ခွေးနမ်းတယ် ပြောရမလား၊ ခွေးဗိုက်နမ်းတယ်ပြောရတော့မလား မသိ။

''ဒေါ်လုံး ကျွန်တော် ထမင်းစားတော့မယ်''

''ဟင်''

ထမင်းတွေ၊ ဟင်းတွေ အကုန်လုံး ခွေးစာခွက်ထဲ နှမြောဖွယ်သာ ထည့်နေစဉ်မှာပဲ နိုင်းယှဉ်အသံပြုရင်း မြူမှုန်ခြယ်ရှေ့ကနေ ထမင်း

www.burmeseclassic.com



စားခန်းထဲ ဝင်လာသည်။ မြူမှုန်ခြယ်ကတော့ လက်ပိုက်ရပ်နေကာ မထိမဲ့မြင် သရော်သလို နှုတ်ခမ်းကိုမဲ့လို့ပါ။ နှိုင်းယှဉ်က စားပွဲပေါ်ကို ကြည့်ပြီး

"ဟင် ထမင်းပွဲပြင်ပြီးပြီဆို၊ အေးမွန် လာခေါ်တာ"

"ဟုတ်တယ် အဲ ဟိုလေ"

"ထမင်းစားချိန်မို့လို့လား၊ အကုန်လုံး ငါ ခွေးစာခွက်ထဲ ထည့်နိုင်းလိုက်ပြီ"

"ဘာ"

ဗိုက်က အဆာလွန်ပြီမို့ ဆတ်ခနဲတောင် တုန်သွားသည်။ ထမင်းဟင်းတွေ ထည့်ထားသော ခွေးစာခွက်ကိုယူ၍ ဒေါ်လုံးနှင့်အေးမွန် အပြင်ထွက်သွားတော့ သူမ လိမ်ညာပြောတာမဟုတ်ဘူးဆိုတာ သဘော ပေါက်သွားသည်။

"မင်းဘာလို့ အဲလိုလုပ်တာလဲ မြူ။ ငါ ထမင်းမစားရသေးတာ မင်းမသိဘူးလား"

"သိလို့ တမင်သက်သက်လုပ်တာ နှိုင်းယှဉ်၊ နင် ထမင်းစား ချင်ရင် အချိန်အခါနဲ့ပြန်လာ"

"ကားအက်ဆီးဒင့်ဖြစ်လို့ အိမ်ပြန်နောက်ကျတာ ဘာတွေ အပြစ်ကြီးသွားလို့လဲ မြူ။ ဖေဖေ့ကိုလည်း ငါ သေချာရှင်းပြပြီးပြီ"

"အဲဒီ ဖေဖေ ခေါ်နေတာကြီးကိုမကြိုက်တာ၊ ငါ့အဖေက နင့် အဖေမှမဟုတ်တာ၊ သွေးသားအရင်းလည်း မဟုတ်ဘူး၊ မွေးစားထား တယ်ဆိုပေမယ့် ဖအေမဟုတ်တာ နင် သိနေတာပဲ၊ နင် ဘာကိုမျှော်ကိုး ပြီး ဒီအဖေဆိုတာကို ခေါ်နေတာလဲ"





"ဖေဖေက ခေါ်စေချင်လို့ ခေါ်နေတာ၊ နင်သိရဲ့သားနဲ့ မြူ ရယ်၊ နင်က နေရာတကာ အပြစ်ပြောနေတော့တာပဲ"

"ငါ့ရှေ့မှာ မခေါ်နဲ့၊ နားကြားပြင်းကတ်တယ်"

"ရော် ရှက်ပြီ"

အသံတိတ် ညည်းညူရခြင်းပါ။ သူမရှေ့မှာဆို 'ဒေါသဖြစ်လို့ နာကျင့်လို့တောင် မျက်နှာမပျက်ရဲ။

သိမ်ငယ်စွာ နေရတာကို တစ်ခါတလေကျ လွတ်မြောက်ချင် သည့် ဆန္ဒတွေ ဖြစ်ပေါ်တတ်သည်။ ဒါပေမဲ့ ခါးသီးဖွယ်ကောင်းသော အတိတ်ဘဝကို ပြန်မသွားချင်ပါ။

ဒါကြောင့် ဒီအိမ်ကို ရောက်ကတည်းက အဆင့်အတန်းခွဲ အထင်သေးစွာ ဆက်ဆံခဲ့တာ မြူမှုန်ခြယ်ကို သူ သည်းခံပြီး နေပေးခဲ့ရ သည်။

"ဟဲ့ သွားတော့လေ"

"ဘယ်သွားရမှာလဲ"

"ထမင်းစားစရာမှမရှိတော့တာ၊ နင့်အခန်းနင်ပြန်ပေါ့"

"ထမင်းစားစရာမရှိလည်း ဗိုက်ဆာနေတာ ဒေါ်လုံးတို့ကို ခိုက်ဆွဲပြုတ်ဖြစ်ဖြစ် ပြုတ်ခိုင်းရမှာပေါ့"

"ဒီအိမ်မှာ အိမ်ရှင်တွေ ညစာစားပြီးရင် သူတို့အလုပ်ပြီးပြီး ချောကျွေးပြီး အိမ်တံခါးတွေပိတ်ပြီးတာနဲ့ သူတို့ကို အိပ်ခိုင်းထားတယ်"

"မြူ"

သူ့အသံ ခပ်ကျယ်ကျယ်ဖြစ်သွားတော့ သူမ မျက်ခုံးလေးပင့် သွားကာ



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ နင်က မကျေနပ်ဘူးလား၊ လူဆိုတာ ကိုယ့်နေရာကိုယ် သိရတယ် နှိုင်းယှဉ်၊ နင့်ဘဝနင် မမေ့နဲ့ နင် အရင်ကရော ဗိုက်ဆာရင် နင်စားချင်တဲ့အချိန် စားရလို့လား၊ တောင်းစားမှ ခိုးစားမှ ဝမ်းဝတဲ့သူက အခု ဘော်ကြော့နေရတော့ စည်းကမ်းတွေမဲ့လာတယ် ဟုတ်လား၊ မေမေ က ဦးစားပေးလို့ အခွင့်အရေးရသလောက် ယူဖို့စဉ်းစားထားရင် အတွေး ထဲမှာတင် ခေါက်သိမ်းထားလိုက်၊ မြူမှုန်ခြယ် ဒီအိမ်မှာ ဘာဆိုတာ နင်သိတယ်နော်''

ဦးမြတ်ဖုန်းမောင်တောင် သူ့သမီးကို မလွန်ဆန်နိုင်တာ နှိုင်း ယှဉ် မသိဘဲနေပါ့မလား။ သမီးကွယ်ရာမှာဆိုရင်သာ ဖျောင်းဖျတာ ရှေ့မှာဆို တော်ရုံတန်ရုံ အပြစ်ပြောရဲတာမဟုတ်။ အနည်းငယ် ဆုံးမ ပြောဆိုရုံလေးနဲ့တောင် သူမက စိတ်ကောက်ပစ်လိုက်တာမျိုးပါ။

ဒါကြောင့်မို့ မြူမှုန်ခြယ်ကို သူ မုန်းသည်။ အမြဲတမ်း အတိတ် ကို တူးဆွပြီး အထင်သေးရှုတ်ချတတ်သည့် မြူမှုန်ခြယ်ကို သူ နာကြည်း သည်။ ဒါပေမဲ့လည်း သူ့ဘဝက

''နင် မစားစေချင်ရင် ငါ ဘာမှမစားတော့ပါဘူး မြူ၊ နောက် အိမ်ပြန်နောက်ကျတဲ့အချိန်တွေတိုင်း ငါ အပြင်ကနေ တစ်ခုခုစားခဲ့ စား၊ မစားဖြစ်ခဲ့ရင်လည်း အငတ်နေပါ့မယ်၊ ဒါဆို နင်ကျေနပ်ပြီ မဟုတ် လား''

သူမ နှုတ်ခမ်းလေးကွေးညွတ်စွာ ပြုံးသွားကာ

''အဲဒီလောက် နားလည်ရင် မဆိုးပါဘူး၊ နင့်ဘဝနင်သိဖို့ အရေးကြီးတာပါ၊ ဘဝမေ့ရင် ဆီးသီးသည်မဖျိုင်း ဘယ်ဘဝရောက် သွားတယ်ဆိုတာ နင်သိတယ်မဟုတ်လား''





အတိတ်ကို ပြန်မသွားချင်ရုံဆန္ဒတစ်ခုတည်း မဟုတ်ဘဲ အမေ ဦးခေါ်ခွင့်ပေးသော ဖေဖေရဲ့သံယောဇဉ်တွေနှင့် ချည်နှောင်ခံထားရလို့ပါ ဒီ ဆင်ခြင်တွေ ပေးမနေချင်တော့။

မြူမှုန်ခြယ်ရှေ့ကနေ ခေါင်းငုံ့ထွက်လာကာ အခန်းထဲပြန်ဝင် လာခဲ့ပြီး ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်မိ၏။

ဘယ်အတွက်ကြောင့် သိမ်ငယ်မှုဝဲဂယက်ထဲက သူ မလွတ်တာ လဲ။ အခြေအနေ ပြောင်းသွားပေမယ့် အတိတ်ကအရိပ်က အခုချိန်ထိ လွှမ်းမိုးခံနေရဆဲပင်။

ဒါပေမဲ့ သူ နေပျော်ပါသည်။ အရင်အတိတ်နှင့် မိုးနှင့်မြေလို ကွာခြားသော ယခုပစ္စုပ္ပန်ဘဝကို သူ ပိုပြီးမက်မောပါသည်။ မြူမှုန်ခြယ် သာ ဒီလိုတူးဆွပြီး နှိမ့်ချအထင်သေးမနေဘူးဆိုလျှင် သူ့ဘဝက ဦး မြတ်ဖုန်းမောင်ရဲ့သားအဖြစ်နဲ့ အရာရာပြည့်စုံပြီး သာသာယာယာပဲ မဟုတ်လား။

မြူမှုန်ခြယ် မင်းမရှိရင် ကောင်းမယ်ထင်တယ်။ အတိတ်ကို မမေ့အောင် အမြဲတမ်း သတိပေးခံနေရတဲ့အတွက် မင်းကြောင့် ငါ့ရင် တွေ စူးစူးရှရှ နာကျင်နေရတယ်။

ငါက မေ့ထားချင်တာ။ ပြန်တွေးလို့တောင် အဆင်မပြေတဲ့ အတိတ်ဆိုးကို ချန်ထားခဲ့လိုက်ချင်တာ။

မြူမှုန်ခြယ် မင်းကြောင့်. . . မင်းကြောင့်သာမဟုတ်ရင်. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကုမ္ပဏီကိုရောက်မှ သူ့စိတ်တွေပေါ့ပါးလန်းဆန်းရသည်။ အလုပ်တွေက သူ့ရဲ့အရည်အသွေး ပြောင်းလဲမှုတွေကို မြှင့်တင်ပေးရာ ရောက်သည်ဟု သူ ထင်သည်။

ဒါကြောင့် အလုပ်အပေါ်မှာတော့ အမှားအယွင်းမရှိအောင် သူ ကြိုးစား၏။ ဝန်ထမ်းတွေအပေါ် နားလည်မှုနှင့် ဖေးမစာနာစွာ ဆက်ဆံတာကြောင့် အားလုံးက သူ့ကိုချစ်ကြသည်။

ရတနာဆိုင်ခွဲတွေကို စီမံခန့်ခွဲရတာလည်း အားလုံးက လေးစားမှုရှိ၍ အားလုံးအဆင်ပြေသည်။

သူနှင့်သဟဇာတ မဖြစ်တာဆိုလို့ မြူမှုန်ခြယ် တစ်ယောက်ပဲ ရှိတာပါ။

"သား ဘာတွေ တွေးနေလဲကွ၊ ဖေဖေ တံခါးခေါက်တာ





ဘောင် မကြားပါလား။ သားကတော့ အလုပ်ထဲပဲ အာရုံရောက်နေတယ် ထင်တယ်"

"ဟာ ဖေဖေ ဟုတ်ကဲ့၊ ရွှေအဝင်အထွက်စာရင်း တင်ထားတာ အဆင်ပြေ မပြေ ပြန်စစ်နေတာပါ၊ ထိုင်လေ ဖေဖေ"

လက်(ပ်)တော့ ကိုပိတ်ကာ ဆိုဖာခုံမှာ ဖေဖေ့ကို နေရာပေးရင်း သူလည်း ဝင်ထိုင်လိုက်သည်။ ဖေဖေက ရွှေလုပ်ငန်းရှင်အသင်း အစည်းအဝေးက ပြန်လာတာပါ။

ကုမ္ပဏီတစ်ခုတည်းမှာဆိုပေမယ့် ဖေဖေနှင့်သူက ရုံးခန်းထိုင် အတူချင်းမတူ။

လုပ်ငန်းတွေအားလုံး သူပဲဦးစီးလုပ်နေရတာမို့ အားလုံးကို သူ နားလည်နေပြီဟု ပြောလို့ရသည်။

"ဖေဖေ ပင်ပန်းလာရင် သား ကော်ဖီဖျော်လိုက်ရမလား"

"ရပါတယ် သားရယ်၊ အစည်းအဝေးသွားတာ ပင်ပန်းတဲ့ ကိစ္စမဟုတ်ပါဘူး၊ သားရော ဆိုင်ခွဲထပ်ဖွင့်တဲ့ကိစ္စနဲ့ စိတ်ရောလူရော ပင်ပန်းနေပြီလား"

"ပင်ပန်းတယ်တော့ မဟုတ်ပါဘူး ဖေဖေ၊ ဝန်ထမ်းခန့်ထားရေးကို သေချာစိစစ်ဖို့အတွက် မန်နေဂျာကိုတော့ အသေးစိတ် ပြောပြထားတယ်၊ အရင်တစ်ခါဆိုင်ခွဲက ပြဿနာမျိုးဖြစ်မှာစိုးလို့ပါ"

"အေးပေါ့ သားရယ်၊ အဲလို ပြင်ဆင်ထားတာ ကောင်းပါတယ်၊ ဖေဖေတို့အလုပ်က ဝန်ထမ်းကောင်းမှ တည်မြဲမှာ၊ ကိုယ့်မှာပိုင်ဆိုင်သမျှက သူတို့လက်ထဲမှာ၊ သူတို့သစ္စာမဲ့ရင် ဘဝပါပျက်သွားနိုင်တယ်၊ အဲဒါကြောင့် ဆိုင်ခွဲတွေအတွက် သမီးကိုအုပ်ချုပ်မှုအပိုင်း နေရာပေးဖို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သာတယ်"

"ဗျာ"

တာဝန်ကြီးတစ်ခု မြှုမှန်ခြယ် ထမ်းဆောင်နိုင်ပါ့မလားလို့ စိတ်ပူသွားတာပါ။ ဒါပေမဲ့ သူ့မှာကန့်ကွက်နိုင်ရဲသည့် ပါဝါအာဏာ မရှိပေ။

ဦးမြတ်ဖုန်းမောင် ဆိုဖာခုံကို နောက်မှီချလိုက်ပြီး

"သမီးမြှုမှန် လုပ်နိုင်မယ်လို့ သား ထင်လား"

"အတွေ့အကြုံက မစိမ်းပါဘူး ဖေဖေ၊ ဝန်ထမ်းတွေကို မထိန်းချုပ်နိုင်မှာပဲ စိုးတာပါ၊ အာဏာနဲ့အုပ်ချုပ်ရင် ပုန်ကန်မှုတွေလည်း ဖြစ်နိုင်တယ်၊ မြှုက နည်းနည်းလေးမောက်မာတတ်တော့"

"သားပြောတာ မှန်ပါတယ်၊ ဖေဖေလည်း အဲဒါတော့ စိတ်ပူမိတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီးကိုပြောပြထားပေမယ့် သမီးရဲ့စိတ်ကို ဖေဖေလည်း အာမမခံရဲဘူး၊ မလိုရင် မလိုသလို တင်းမာတတ်တော့ သားအပေါ်ဆက်ဆံတာတောင် ဖေဖေက အားနာနေတာ"

"သားကတော့ ကျင့်သားရနေပါပြီ ဖေဖေ"

"မာနကို ထိခိုက်တယ်လို့တော့ သား စိတ်မကောင်းဖြစ်တယ် မဟုတ်လား။ ဖေဖေက သားဘက်က အပြည့်အဝ မရပ်တည်ချင်တာတော့မဟုတ်ပါဘူး သားရယ်၊ အရွယ်ရောက်နေတဲ့သူကို အိမ်ပေါ်တင်ပြီး မွေးစားလိုက်တဲ့အတွက် အမွေတွေ ခွဲဝေယူရမှာကို သူ့မှာလည်း ဖိအားရှိနေမှာပဲ"

"အမွေဆိုတာကို သား မမက်မောပါဘူး ဖေဖေ၊ လိုလည်း မလိုချင်ပါဘူး၊ အရင်ဘဝက လွတ်မြောက်လာတာ တစ်ခုလေးနဲ့တင် သားအတွက် ဒီနေရာ နိဗ္ဗာန်ဘုံပါပဲ၊ ဒီလိုရပ်တည်နိုင်ရုံလေးနဲ့တောင်





ကျေးဇူးက ဆပ်မကုန်တာ၊ ရောင့်ရဲတင်းတိမ်မှုနဲ့ပဲ နေသွားပါမယ်"

သူ ထိုသို့ပြောတော့ ဖေဖေက ကျေနပ်အားရစွာ ခေါင်းတညိတ်ညိတ်လုပ်၍ ပြုံးသည်။

"သားမှာ အဲလိုရောင့်ရဲစိတ်ရှိလို့ ဖေဖေကတော့ နောက်ဆံတင်းတော့ဘူး သား၊ လောဘမရှိတာ ရေရှည်ရပ်တည်လို့ရတယ်ဆိုတာ ဖေဖေ ယုံကြည်သွားပြီ၊ ဘာလို့လဲဆိုတော့ သားမှာသာ လောဘရှိနေခဲ့ရင် ဖေဖေ အစောကြီးတည်းက စွန့်လွှတ်ပစ်လိုက်မိမှာ"

"ဗျာ"

သားအရင်းမဟုတ်လို့ ဒီအတွေးဝင်တာဟု သံသယဝင်၏။ သွေးသားအရင်းဆိုလျှင် ကောင်းကောင်းမကောင်းကောင်း တောင်းဆိုပလုံးဆိုး ပစ်ရိုးထုံးစံမရှိဘူး မဟုတ်ပါလား။ ဖေဖေက သူ့မျက်နှာ အပြောင်းအလဲကို အကဲခတ်မိကာ

"ဖေဖေ အဲလိုပြောတာ စိတ်မကောင်းဖြစ်သွားလား၊ သားမကောင်းရင် ဖေဖေ မကောင်းဘူးလို့ ရည်ရွယ်တာမျိုး မဟုတ်ပါဘူး သားရယ်၊ သူတော်မှ ကိုယ်ကောင်းမယ်ဆိုတဲ့ သူစိမ်းအတွေးနဲ့လည်း မဟုတ်ပါဘူး၊ ဖေဖေက သားကိုအောင်မြင်စေချင်တယ်၊ သားရဲ့ကြိုးစားမှုအပေါ်မှာ ထိုက်ထိုက်တန်တန် ဆုလာဘ်ပေးချင်တယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဟင်"

ဘယ်လိုဖြေရမှန်းမသိဘဲ ဦးမြတ်ဖုန်းမောင် တွေဝေသွားသည်။ ရည်ရွယ်ချက်တစ်စုံတစ်ရာထက် တာဝန်ရှိလို့ပါဆိုတာ ပြောလို့မဖြစ်ပေ။ ဒါကြောင့် မသိချင်ယောင်ဆောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမေးတာလဲ သား"

"ခါးပိုက်နှိုက်မှုနဲ့ အဖမ်းစီးခံ၊ ဒါမှမဟုတ် လူတွေဝိုင်းရိုက်တာ ခံရတော့မယ့်အချိန်မှာ ဖေဖေနဲ့အမှတ်တမဲ့ ဆုံခဲ့ရတယ်၊ ဖေဖေ ကယ်တင်လိုက်တာ လူသားချင်းစာနာလို့ဆိုရင်တောင် ယုံယုံကြည်ကြည်နဲ့ မွေးစားလိုက်တာ၊ တော်ရုံမေတ္တာမျိုးနဲ့တော့ မဟုတ်ဘူး ဖေဖေ"

"ကြောက်လန့်သွေးပျက်နေတဲ့ သားကို သနားမိလို့ပေါ့ သားရယ်၊ ငါ့ရဲ့သားလေးသာဆိုရင် ရင်ကျိုးရချည်ရဲ့လို့ အဲဒီအချိန်က အတွေးဝင်မိတယ်၊ ဒီထက်ပိုတဲ့ ဆုံဆည်းမှုကတော့ ရေစက်ကြောင့်ပေါ့"

"အကြောင်းရေစက်ရှိလို့ ဆုံရတာတော့ သားလည်းတွေးပါတယ်၊ ဒါပေမဲ့ လူကောင်းတစ်ယောက်ကို စာနာသနားတာ မဟုတ်ဘဲ လူဆိုးတစ်ယောက်ကို ကယ်တင်တာ ဘယ်လောက် အန္တရာယ်ကြီးမားတယ်ဆိုတာ"

သူ့စကားမဆုံးခင် ဖေဖေက လက်ကာတားပြီး

"အဲဒီဘဝကို သားရောက်ချင်လို့ရောက်တာလား။ လူဆိုး သူခိုးဘဝကို ဘယ်သူက ရောက်ချင်လို့ ရောက်မှာလဲကွာ၊ မတတ်သာလို့ ဘဝပေးအခြေအနေအရ လုပ်ကြရတယ်ဆိုတာ ဖေဖေ နားလည်ပါတယ်"

"ဒါဆို တခြားသူခိုးဂျပိုး လူမိုက်တွေကိုကျတော့ ဖေဖေ ဘာလို့ မကယ်တာလဲ ဖေဖေ"

"အဲ"

ဖြေရခက်သော မေးခွန်းများကြောင့် ဦးမြတ်ဖုန်းမောင် နေရထိုင်ရခက်ကာ အသက်ရှူကျပ်ချင်သလိုလို ဖြစ်လာသည်။ အရင်က





သား ဒီလောက် စကားများများ မပြောပါ။ ပြောင်းလဲလိုက်သည့် ကံကြမ္မာအပေါ်မှာ ကျေနပ်မှုများဖြင့် ရောင့်ရဲနေခဲ့တာ။ အခုမှ ဘာတွေ တအံ့တသြ ဖြစ်နေတာပါလဲ။

မျက်ခုံးတစ်ချက် ပင့်သွားမိလျက်

"ဖေဖေ ခုနက ပြောတယ်နော်၊ အကြောင်းရေစက်ရှိလို့ဆိုတာ တခြားလူတွေနဲ့ အကြောင်းရေစက်ဆုံဆည်းဖို့ ကံပါမလာလို့ ကယ်တင်ဖို့ မကြုံတာပေါ့ကွာ၊ ရန်ကုန်မှာ သူခိုးဂျပိုးတွေချည်း နေတာမှမဟုတ်တာ၊ သားကိုကယ်တင်မိတာ ဖေဖေ နောင်တမရပါဘူး၊ ငါ့အတွက် အန္တရာယ်ရှိမှာပဲလို့လည်း မတွေးဘူး။ တကယ်လို့ အန္တရာယ်ရှိခဲ့မယ်ဆိုရင်တော့ ဖေဖေ့ကံပေါ့ကွာ"

ဖေဖေ သက်ပြင်းချလိုက်တာတော့ မဟုတ်နိုင်ပါ။ အနည်းငယ် မျက်နှာညှိုးသွားခြင်းက သူ့မေးခွန်းတွေကြောင့် စိတ်ရှုပ်ထွေးသွားဟန်တူသည်။

သူ့အတွက်နှင့်တော့ ဖေဖေ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါ။

"သား လျှောက်မေးနေလို့ ဖေဖေ စိတ်အနှောင့်အယှက်ဖြစ်သွားလား။ သားက သားလိုလူမျိုးကို ဖေဖေ မွေးစားရဲတာ အံ့သြလို့ပါ၊ သားသာ ဖေဖေ့နေရာမှာဆိုရင် အဲလို သူခိုးဂျပိုးမျိုးကို လုံးဝမွေးစားရဲမှာ ယုံကြည်ရဲမှာမဟုတ်ဘူး ဖေဖေ၊ အခု ဖေဖေလို့ခေါ်ခွင့်ရတာလေးအပြင် ကျန်တာတွေ ဘာမှမပေးလည်း သားကျေနပ်ပါတယ်"

"ဖေဖေလည်း အဲလို ဖေဖေလို့ အခေါ်ခံခွင့် တစ်သက်လုံး ရချင်ပါတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖြေဘ် ဖေဖေ၊ ညနေအပြန်ကျရင် သားကားနဲ့ အက်ဆီးဒင့်ဖြစ်သွားတဲ့ ကလေးဆီ ခဏဝင်ရမယ်၊ တစ်ပတ်လောက်တော့ ဆေးခန်းပြပေးရမယ်ထင်တယ်၊ အသုံးစရိတ်လေးလည်း သွားပေးရမှာမို့"

"သားက လူကြီးဖြစ်နေပြီ၊ လုပ်ပိုင်ခွင့်လည်း ဖေဖေ ပေးထားတယ် လုပ်သင့်တာကိုလုပ်ပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဖေဖေ"

ဒီလို နားလည်မှုရှိသော ဖေဖေကြောင့် သူ စိတ်ချမ်းသာရပေမယ့် မြူမှုန်ခြယ်နှင့်တော့ အတိုက်အခံ ဖြစ်ရဦးမှာ သေချာသည်။

ဒါပေမဲ့ ဆက်ပိုင်ဖြိုးလေးဆီတော့ မသွားလို့မဖြစ်ပါ။ သူ့ဒဏ်ရာ မပျောက်မချင်း တာဝန်ယူမည်ဟု ဆုံးဖြတ်ချက်ချထားလို့ပင်။ ဒီမောင်နှမရဲ့ဘဝက အရမ်းကို သနားစရာကောင်း၏။

ဖေဖေလို စိတ်မျိုးနဲ့သာဆို အကြောင်းဖရေစက်ရှိလို့ ဆုံဆည်းလိုက်ရသော ဆက်ပိုင်ဖြိုးတို့ဘဝလေးကို သူ ကယ်တင်ပေးလိုက်ချင်၏ ဒါပေမဲ့ အခု သူ့ဘဝက သူများကိုမှီခိုနေရသေးသည့်အခြေအနေမျိုးပါ။

တစ်နေ့နေ့တော့ . . .။

■ ■ ■

## အခန်း (၆)

"ဟာ ကိုကြီးနိုင်းယှဉ် လာတယ် မမရေ"

ဆက်ပိုင်ဖြိုးလေးက အိမ်ဘက်ကို လှမ်းအော်ရင်း သူ့ဆီကို ခြေထောက်လေး ထော့နင်းလျက် ပြေးလာ၏။ ထိုကလေးကို သူ ပခုံးလေးဖက်လိုက်တော့

"မင်းတော်တော် ထောက်နိုင်ပြီပဲကွ၊ သက်သာလား ညီ"

"ဟုတ်ကဲ့ ညသန်းခေါင်လောက်က နည်းနည်းကိုက်လို့ မမက အိမ်မှာရှိတဲ့ လိမ်းဆေးအရည် လိမ်းပေးမှ အိပ်ပျော်သွားတယ်"

"ဟင် ဒူးအရိုးတွေ ဘာတွေများ အက်သွားလို့လား"

"အဲလိုတော့ မဟုတ်လောက်ပါဘူး အစ်ကိုရ၊ နည်းနည်းနာရုံလေးပါ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် ခံနိုင်ပါတယ်"

ဒဏ်ရာကို ပိုပိုသာသာပြောပြီး အခွင့်အရေးမယူတတ်သည့်





www.burmeseclassic.com

www.burmeseclassic.com



ဒီအကောင်လေးရဲ့ရှိုးသားမှုကို ချီးကျူးမိသည်။ အိမ်ပေါ်ကို လှမ်းတက်လိုက်တော့ ထမင်းဝိုင်းလေးကို မြင်လိုက်ရသည်။ ဟင်းက ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် မဟုတ်ပါ။

ငါးပိရည် တို့စရာနှင့် ဘဲဥပြုတ်တစ်လုံးသာ တွေ့ရ၏။

"ထမင်းစားကြမလို့လား ညီ၊ ညနေစာလား ညစာလား စောသားပဲ"

"ဟုတ်ကဲ့ ထမင်းဝင်စားပါလား အစ်ကို၊ ကျွန်တော်တို့က တစ်နေကုန်မှ ထမင်းနှစ်နပ်ပဲ စားရတော့ ညစာကို ဒီအချိန်ပဲစားလိုက်တာ"

"ဪ"

သူ့တုန်းကလည်း ဒီအဖြစ်မျိုးပါပဲ။ တစ်နေကုန်လို့ ထမင်းနှစ်နပ်စားချင်မှစားရတာ။ စိတ်ကယောက်ကယက်ဖြစ်နေသော မေမေ့ကို ငဲ့ညှာရင်းဖြင့် မစားခဲ့ရသည့်နေ့တွေတောင် ရှိခဲ့သည်။

"ညီ့သည်ကို ထိုင်ခိုင်းဦးလေ မောင်လေး"

"ဟုတ်ကဲ့ ထိုင်ပါဦး အစ်ကို၊ ကျွန်တော် ထမင်းမြန်မြန်စားလိုက်မယ်နော်"

"အေးဆေးစားပါ ညီ၊ အစ်ကို စောင့်ပါမယ်"

"ကိုနိုင်၊ ဒီအတိုင်းထိုင်စောင့်ရမှာဆို အားနာစရာမောင်လေးရယ်၊ လမ်းထိပ်က လက်ဖက်ရည်လေးဖြစ်ဖြစ် ဝယ်လိုက်ပါလား"

"ဟာ နေပါစေ ကိုယ် လက်ဖက်ရည် မသောက်တော့ပါဘူး။ ကျွေးချင်ရင် ထနောင်းတို့စားနေတဲ့ ထမင်းကိုပဲ နည်းနည်းကျွေးပါ"

"ရှင် ကိုနိုင်းတို့စားသလို ထမင်းလည်းမကောင်း၊ ဟင်းလည်း





ကောင်းပါဘူး၊ ဆိုင်မှာသွားဝယ်ပေးလိုက် မောင်လေး"

"ဟင့်အင်း ငါးပိရည်နံ့လေး မွှေးနေလို့ ဒီကဟာပဲ စားချင်လို့ပါ ထမင်းနဲ့ဟင်းမလောက်ရင် ထနောင်းတို့အတွက် ဝယ်ချင်ဝယ်ပါ၊ ကိုယ် ပိုက်ဆံပေးလိုက်မယ်"

အတိတ်ကို သတိရကာ အာသီသပြင်းနေတာမို့ ငါးပိရည်နံ့မွှေးနေသော ထမင်းဝိုင်းမှာ ဖွတ်ပင်ဝင်ထိုင်လိုက်သည်။ မျက်စိမမြင်ရသော်လည်း ထနောင်းရိပ်ပုံစံက အားနာနေဟန်ရှိပြီး

"ဒါဆို မောင်လေး လက်ဆေးခွက်ချပေးလိုက်၊ ပြီးရင် လမ်းထိပ်မှာ ထမင်းနှစ်ထုပ်လောက် သွားဝယ်နော်၊ ဆိုင်က ထမင်းက နည်းနည်းကောင်းတယ်"

"အာ နေပါစေ၊ ဒီဆန်ကို ကိုယ် စားတတ်ပါတယ်၊ ရှိတာလေးတို့ မျှစားကြမယ်လေ၊ ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ထနောင်းက အားနာလို့ပါ"

"ဒါနဲ့ ဒီထမင်းဟင်းတွေ ညီလေး ချက်တာလား"

"ဟင့်အင်း မမ ထနောင်းချက်တာ အစ်ကိုရဲ၊ အသားငါးစားနိုင်ပေမယ့် မမနောင်းချက်သမျှ အရမ်းအရသာရှိတာ"

"ထနောင်းက မျက်စိမမြင်ဘဲ ချက်တယ်"

"ဒီလိုပဲ အလေ့အကျင့်ရတော့ လုပ်နိုင်နေပါပြီ ကိုနိုင်းရယ်၊ ကျောင်းနေတဲ့မောင်လေးအတွက် ဒီလောက်တော့ ထနောင်းက ကူဖော်ပေးနိုင်ဘက်လေး လုပ်ပေးဦးမှပေါ့၊ မောင်လေးခမြာ သူများတွေလို ကျောင်းနေသင့်တဲ့အရွယ်မှာ ကျောင်းမနေရဘဲ ထနောင်းအတွက် ဒုက္ခခံနေရတာပါ"

www.burmeseclassic.com



"အဲလို ဘာလို့ပြောရတာလဲ မမရယ်၊ မမကိုရှာကျွေးရတာ ဒုက္ခလို့ ကျွန်တော် မမြင်ပါဘူး၊ မျက်စိမမြင်ရတဲ့ မမမှာသာ ဒုက္ခတွေ များနေတာပါ၊ တကယ်ဆို မမမျက်လုံး ပြန်မြင်အောင် ကျွန်တော် ကု ပေးချင်တာဗျ"

မောင်နှမနှစ်ယောက်ရဲ့သံယောဇဉ်ကို မြင်ရကြားရတော့ သူ အရမ်းကို သနားနေမိသည်၊ တတ်နိုင်သလောက် ကူညီပံ့ပိုးသွားဖို့လည်း ဆုံးဖြတ်မိ၏။

"အစ်ကို စားလေ၊ ဒီဟင်းတွေနဲ့ မစားနိုင်လို့လားဟင်၊ ကျွန် တော် ဟင်းသွားဝယ်ပေးရမလား"

"ဟာ နေပါစေ အစ်ကိုစားနိုင်ပါတယ်၊ ထနောင်းလက်ရာ ကောင်းလို့ အစ်ကို ခွေမျိုးမေ့သွားတာ"

"ဟင်း ဟင်း ကိုနိုင်းကပြောတော့မယ်၊ ထနောင်းတို့က ဆင်းရဲ ပါတယ်၊ အခုလို ကိုယ်ပိုင်ကားစီးနိုင်တဲ့ သူဌေးတစ်ယောက်က ထနောင်း တို့နဲ့ လက်ရေတပြင်တည်း ထမင်းဝင်စားတာကို ထနောင်း ဘယ်လို ပျော်မိမှန်း ပီတိဖြစ်မိမှန်းမသိပါဘူး၊ ကိုနိုင်း ဟန်ဆောင်ပန်ဆောင်စား နေတာလား၊ တကယ်နှစ်သက်ပြီး အားရပါးရ စားနေတာလားဆိုတာ တော့ မျက်စိမမြင်ရတော့ မသိနိုင်ဘူးလေ"

"မမ"

"ဟင်"

"ကျွန်တော် မြင်နေရတာတော့ အစ်ကိုက အားရပါးရ စားနေ တာဗျ၊ ငါးပိရည်နဲ့အတို့နဲ့ ရှယ်ကိုစားနေတာ"

"ဟုတ်လား ဘဲဥလေးကို ကိုနိုင်းပန်းကန်ထဲ ထည့်ပေးလိုက်





ဆေ"

"ဟာ ကိုယ့်ထဲ အကုန်မထည့်နဲ့၊ သုံးယောက်ခွဲစားမယ်လေ နော်"

သူ့ထဲကို ဖွတ်ထည့်ပေးမှာစိုး၍ ဘဲဥတစ်လုံးကို သုံးခုခွဲ၍ မျှ ဝေလိုက်သည်။ တကယ်ပင် ဒီထမင်းဝိုင်းလေးကို မေ့မှာမဟုတ်ပေ။ တကယ်တော့ ဦးမြတ်ဖုန်းမောင် အိမ်မှာ မြူမှုန်ခြယ်ရဲ့အငြိုငြင်ခံပြီး စားရသည့်ထမင်းထက် အရသာပိုရှိသည်ဟု ထင်မိသည်။

မြူမှုန်ခြယ်ရဲ့မာန်မာနတွေ ခွဲခြားဆက်ဆံမှုတွေရဲ့အောက်မှာ အထိတ်ကိုမေ့ပြီး သူ ကြာကြာနေနိုင်ပါ့မလား။ တစ်ခါတစ်ရံ နာကျင်မှု တွေကြောင့် မြူမှုန်ခြယ်ကို မုန်းတီးမိရင်း အရင်ဘဝလေးကမှ လွတ်လပ် ပါသာလိမ့်ဦးမည်ဟု တွေးမိသည့်အခါမျိုးတောင် ရှိဖူးသည်။

ဒါပေမဲ့ အရာရာပြည့်စုံ အဆင့်အတန်းမြင့်သော ဒီအခြေအနေ အနေ လွတ်မြောက်ဖို့ မကြိုးစားဖြစ်ခဲ့ပေ။

"အစ်ကို ဗိုက်ရောပြည့်ရဲ့လားဗျ၊ ထမင်းရော ဟင်းရော မ လောက်မင မျှစားရတော့"

"ဟင် အင်း ဝပါတယ်ကွ၊ ဗိုက်ပြည့်ဖို့မလိုဘူး၊ ကိုယ်စားချင် တဲ့ဟာ စားပြီး တင်းတိမ်ဖို့ပဲ အရေးကြီးတယ်"

"ဒါဆို နောက်လည်း လာစားနော် အစ်ကို"

"အင်းပါကွာ၊ အစ်ကို ခဏခဏ လာစားမယ်"

"မောင်လေးရယ်၊ မမတို့ ဆင်းရဲသားအစားအစာကို တစ်ခါ တစ်ရံပဲ အာသီသရှိမှာပေါ့ကွယ်၊ မစားဘူးလို့ စားကြည့်ချင်တာမျိုးပဲ နေမှာပါ ဟုတ်တယ် မဟုတ်လား ကိုနိုင်း"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြောတော့ သူ ခေါင်းညိတ်ရမလား၊ ခေါင်းခါ[illegible] [illegible] ဆက်ပိုင်ဖြိုးရဲ့ခေါင်းလေးကိုပဲ ပုတ်လိုက်ပြီး

"တဲ့ အစ်ကိုတို့ဆေးခန်းသွားရအောင်၊ အရမ်းအိမ်ပြန်နောက်ကျနေမှာစိုးလို့ကွ"

"ဟုတ်ကဲ့ အစ်ကို၊ မမ ကျွန်တော် ပြန်လာမှ ပန်းကန်ဆေးမယ်နော်"

"ရပါတယ် မောင်လေးရယ်၊ မောင်လေး ရေအပြည့်ခပ်ထည့်ထားတယ် မဟုတ်လား၊ ကျန်တာလေးတော့ မမ လုပ်နိုင်ပါတယ်"

"မမ ပင်ပန်းမှာစိုးလို့ပါ"

မောင်နှမနှစ်ယောက်ရဲ့ တစ်ယောက်အပေါ်တစ်ယောက် [illegible]ကြင်နာမှုကြောင့် သူ့ရင်မှာကြည်နူးရသည်။ ဒီမောင်နှမရဲ့ဘဝလေးကို သူ ဘယ်လိုပုံစံမျိုးနှင့် ဖြည့်ဆည်းပေးရမလဲ။

တတ်နိုင်သရွေ့တော့ . . ။

■ ■ ■

အခန်း (၇)

"ပွမ် ပွမ်"

ကားဟွန်းတီးလိုက်သော်လည်း ခြံတံခါးက ပွင့်မလာ။ အရင်က [illegible]မှာ မီးရောင်လက်ခနဲ မြင်လိုက်သည်နှင့် ခြံစောင့် ကိုသောင်း[illegible]ပြေးလေး တံခါးဖွင့်ပေးနေကြပါ။

အခုတော့ လူဝင်ပေါက်တံခါးလေးသာ ပွင့်လာပြီး ခြံဝင်းထဲက [illegible] ကိုသောင်း ထွက်လာသည်။

"ဘာလုပ်နေတာလဲ၊ ခြံတံခါးဖွင့်လေ ကိုသောင်း"

"ခြံ ခြံသော့မရှိလို့"

"ဘာ ခြံသော့မရှိဘူး၊ ဘာဖြစ်လို့လဲ"

"သ သခင်မလေး မြူမှုန်ခြယ် ယူသွားလို့ပါ"

"ဟင် ဘယ်ယူသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီးနဲ့ညည့်ခံပွဲလိုက်သွားပါတယ်၊ တော်တော် ညဉ့်နက်မှပြန်ရောက်မယ်ထင်တယ်၊ အချိန်နောက်ကျမှ ထွက်သွားတာမို့ပါ"

"ကျွတ် အစီပွာယ်မရှိတာ၊ သွားစရာရှိတာ သွားပေ့ါ၊ ဘာလို့ ခြံသော့ကို ယူသွားတာလဲ"

"အဲဒါတော့"

"ဖေဖေ မသိဘူးလား၊ ဒီခြံသော့ယူသွားတာကို"

"သူဌေးကြီး မသိပါဘူး၊ နိုင်းယှဉ် ပြန်လာရင် ငါတို့ပြန်မရောက်မချင်း အိမ်ထဲအဝင်မခံနဲ့၊ အချိန်နဲ့အိမ်ပြန်မလာတဲ့သူကို အပြစ်ပေးရမယ်တဲ့"

"ကျွတ်"

အမျိုးမျိုး နှိပ်စက်ညှဉ်းပမ်းမှုလုပ်တတ်သော မြူမှုန်ခြယ်ကို သူ အရမ်းကိုစိတ်ပျက်သွားမိသည်။ သူမ လုပ်သမျှ တော်ရုံတန်ရုံ အသိမပေးဖြစ်တာ ဖေဖေ စိတ်မဆင်းရဲစေချင်လို့ပါ။

"ကိုသောင်း"

"ဗျာ ကိုနိုင်း"

"သူတို့ ဘယ်အချိန်ပြန်လာမှာလဲ"

"မသိပါဘူး၊ နောက်ကျမယ်ပဲပြောသွားတာ၊ ကိုနိုင်း ဘယ်လိုလုပ်မှာလဲ၊ ကားကိုအပြင်မှာထားပြီး အိမ်ထဲမှာ နားနေပါလား"

"ရပါတယ်၊ ဒီမှာပဲ နေလိုက်မယ်"

"ကားကို ကျွန်တော် စောင့်နေလိုက်ပါမယ်၊ ထမင်းဖြစ်ဖြစ်ဝင်စားပါ ကိုနိုင်းရယ်"

"ကျွန်တော် စားခဲ့ပြီးပါပြီ၊ သူက ဒီလိုဒုက္ခခံစေချင်တာ ခံလိုက်ပါမယ်"





ကိုသောင်း စိတ်မကောင်းဖြစ်ကာ မျက်နှာလေးငယ်နေသည်။ ဘာလုပ်ပေးရမှန်းမသိသလို နိုင်းယှဉ် အနားမှာပဲ ရပ်နေ၏။ နာရီလက်တံကိုကြည့်ရင်း ရင်ထဲက တဆစ်ဆစ်နာကျင်ကိုက်ခဲလာသလိုပါ။

သူ့အပေါ် မြူမှုန်ခြယ် တစ်သက်လုံး ဒီလိုပဲအနိုင်ယူနေတော့မှာလား။ ဒီအိမ်ရောက်လာကတည်းက သူ့ကိုဘယ်တော့မှ မျက်နှာသာမပေး။ သူ့ရဲ့အတိတ်ကိုတူးဆွပြီး အမြဲနှိမ့်ချဆက်ဆံခဲ့တာ သူ မကျေနပ်ပါ။

"ကိုသောင်း ခင်ဗျားမှာ အရက်ရှိလား"

"ဟင် ဟိုလေ"

"ခင်ဗျား အရက်ပုန်းသောက်နေတာ ကျွန်တော်သိတယ်၊ ကျွန်တော်သောက်ချင်လို့ဗျာ၊ ရှိတာ ထုတ်ခဲ့စမ်းပါ"

"ဟုတ် ဟုတ်ကဲ့"

ကိုသောင်း အိမ်ထဲပြန်ဝင်သွားပြီး ခွက်မပါ အမြည်းမပါဖြင့် အရက်ပုလင်းယူလာ၏။ သူလည်း စိတ်ညစ်ညစ်နှင့် ဒီအတိုင်းမော့သောက်လိုက်၏။

ပြင်းရှခါးသီးသောအရည်တွေ၊ လည်ချောင်းထဲ ပူဆင်းစွာဝင်သွား၏။ ကိုသောင်း တအံ့တဩဖြစ်ကာ

"ကိုနိုင်း ရေသောက်မလား၊ ရေသွားယူပေးမယ်"

"နေပစေတော့၊ ရေနဲ့ရောသောက်လည်း ဒီအရက်ပဲ"

"ကိုနိုင်း အရမ်းစိတ်ဆင်းရဲနေလား"

"စိတ်ချမ်းသာစရာရော ကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကျွန်တော်လည်း ဒီမြို့ကြီးရဲ့ယယ်မွေးခြံပေါက်ပါ၊ အရင်က မြူမှုန်ခြယ်ရဲ့စိတ်တွေ ဒီလောက်မကြမ်းတမ်းဘူးထင်တာ၊ ကိုနိုင်း ရောက်လာမှ အိုဗာဖြစ်လွန်းနေတာ နားမလည်နိုင်အောင်ပဲ၊ ဒေါ်လုံးနဲ့အေးမွန်လည်း နေစရာမရှိဘူး၊ ကျွန်တော့်ကိုတောင် မထင်ရင် မထင်သလို စွတ်ကောနေတာ"

"ကိုသောင်း ခင်ဗျား ကျွန်တော့်ကို တရိုတသေ မပြောအဲ ရင်းရင်းနှီးနှီး ဆက်ဆံပါလား၊ ကျွန်တော်တွေ ဘာတွေ မပြောပါနဲ့၊ ကျွန်တော် ဘာကောင်ဆိုတာ ကိုသောင်း သိနေတာပဲ"

"အဲလို မပြောပါနဲ့ သူဌေးကြီးက မွေးစားထားတာ သူဌေးကြီးရဲ့သားပဲပေါ့၊ ကိုယ့်အလုပ်ရှင်ရဲ့"

"တရားဝင် အမွေစားအမွေခံ မွေးစားခံထားရတာမဟုတ်ပါဘူးဗျာ၊ ချို့တဲ့တဲ့ဘဝကို ကယ်တင်ခံရရုံပါ၊ အခုလို ကယ်တင်ထားတာပဲ ကျွန်တော်က ကျေနပ်နေတဲ့ကောင်ပါ"

"စာချုပ်စာတမ်းနဲ့ တရားဝင်မမွေးစားနိုင်းတာ မြူမှုန်ခြယ်က အမွေတွေ ခွဲပေးရမှာစိုးလို့နေမှာပေါ့၊ အဲလိုကိစ္စကိုစိတ်မကောင်းဘူးလို့ သူဌေးကြီးက ကျွန်တော် အဲ ငါ့ကိုပြောဖူးတယ်ကွ"

ကိုသောင်းလည်း အရက်ကိုပုလင်းလိုက်မော့ပြီး စကားပြောတာရဲရဲတင်းတင်း ဖြစ်လာ၏။

သူ့ကိုလက်ကမ်းတော့ သူလည်း ထပ်မော့လိုက်သည်။ အရက်ဆိုတာ သူတစ်ခါမှ မသောက်ဘူးပါ။ အခု မြူမှုန်ခြယ်အပေါ် အမုန်းတရားတွေ ပြေပျောက်လို ပြေပျောက်ငြား သောက်နေတာ။

"ကိုသောင်း ခင်ဗျား ဒီမာလီခြံစောင့်ဘဝက လွတ်မြောက်ဖို့





ဆုတောင်းဖူးလား"

"ကံတရားဆိုတာ ဆုတောင်းတိုင်း ဖြစ်တာမဟုတ်ဘူးကွ၊ ငါ့အဖေက ဒီအိမ်မှာ မာလီခြံစောင့်လုပ်ပြီး ဒီအိမ်က အိမ်ဖော်နဲ့ပဲ အိမ်ထောင်ကျတယ်၊ နောက် ငါ့ကိုမွေးပြီး ဒီအိမ်မှာပဲ အမေသေသွားတယ်၊ ငါ့ကို ဒီအိမ်ကြီးရှင်တွေက ကျောင်းထားပေးတယ်ပေါ့ကွာ၊ ဒါပေမဲ့ အခု သူဌေးကြီး ဦးမြတ်ဖုန်းမောင်တော့ မဟုတ်ဘူး"

"ဘာ"

သူ နားမရှင်း။ ကိုသောင်း နည်းနည်းသောက်ပြီး များများမူးနေပြီလား။ သူက ကားဘန်ပါကိုမှီရပ်ကာ

"ငါ့ကိုကျောင်းထားပေးတယ်ဆိုတာ ဒီအိမ်ကြီးကို အရင် ပိုင်ဆိုင်တဲ့ သူဌေးကြီးတွေကိုပြောတာ၊ အဲလိုနဲ့ ငါ ရှစ်တန်းအောင်တဲ့နှစ်မှာ အဖေဆုံးတယ်၊ သိပ်မကြာပါဘူး အဲဒီသူဌေးတွေက နိုင်ငံခြားပြောင်းတော့မယ်ဆိုတော့ ငါ နိုးကိုးရာမဲ့ပြီးကျောင်းထွက်လိုက်ရတယ်၊ အဲဒီအချိန်မှာ ဒီအိမ်ကြီးကိုဝယ်လိုက်တဲ့ ဦးမြတ်ဖုန်းမောင်က အရင်သူဌေးတွေပြောပေးလို့ ခြံစောင့်မာလီ အဲလုပ်ခန့်လိုက်တာပဲ"

"ဒါဆို ဦးမြတ်ဖုန်းမောင်က ခင်ဗျားရဲ့ဒုတိယသူဌေးပေါ့၊ ဒီအိမ်ကြီးကိုဝယ်နိုင်တယ်ဆိုတာ ဦးမြတ်ဖုန်းမောင် အရမ်းချမ်းသာလို့ပေါ့နော်"

"အင်း သိန်းတစ်သောင်းကျော်တန် အိမ်ကြီးကိုဝယ်နိုင်တယ်၊ ဆာနာဆိုင်ကြီးလည်း ဖွင့်နိုင်တယ်ဆိုတာ တအားချမ်းသာလို့ပေါ့ကွ၊ အဲဒီအချိန်မှာ မြူမှုန်ခြယ်က ဆယ်နှစ်သမီးအရွယ်လောက်ပဲ ရှိဦးမယ်"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



သူ အရမ်းပင်ပန်းဆင်းရဲချိတဲ့နေချိန်မှာ မြူမှုန်ခြယ်က ဒီလို အိမ်ကြီးမျိုးကို ဝယ်နိုင်သည့် သူဌေးကြီးရဲ့သမီးအဖြစ်နဲ့ပေါ့။ ဘဝတွေက ကွာခြားလိုက်တာ။

သူလည်း ဖေဖေပြောသွားသလို ကျောက်သာအောင်ခဲ့လျှင် ဒီလိုအိမ်ကြီးမျိုးမှာ မိသားစုပြည့်ပြည့်စုံစုံ ပျော်ပျော်ရွှင်ရွှင် နေနိုင်ပေလိမ့်မည်။ အခုတော့

"ကျွန်တော် အိမ်ထဲဝင်တော့မယ် ကိုသောင်း၊ မဟန်နိုင်တော့ဘူး"

"အေး မင်းက အရက်ကို သိပ်မှမသောက်တတ်တာ၊ မြူမှုန်ခြယ်လာမှ တံခါးဖွင့်ပြီး ငါ့ဘာသာ အိမ်ထဲကားသွင်းထားလိုက်မယ် မင်း နားလိုက်တော့လေ"

သူ ယိုင်နဲ့စွာနှင့် လူဝင်ပေါက်ကနေ အိမ်ထဲဝင်လာခဲ့သည်။ အရှိန်အဝါကြီးမားလွန်းသော အိမ်ကြီးက သူ့ကိုဖမ်းစားထား၏။ ဒီလို အိမ်ကြီးမျိုးကိုသာ သူ ပိုင်ဆိုင်ခဲ့လျှင် မြူမှုန်ခြယ်လိုပင် သူလည်း ထည်ကြွားထည်ဝါစွာ နေဖြစ်ခဲ့လိမ့်မည်ထင်၏။

အခုတော့ သိမ်ငယ်မှုများစွာနှင့်သာ . . .။

■ ■ ■



## အခန်း (၈)

"သမီး အဲလိုလုပ်တာတော့ မကောင်းဘူး၊ မြေးသော့ကို ဘာလို့ယူလာတာလဲ၊ အိမ်မှာတစ်ခုခု အရေးအကြောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ သမီး"

"အဲဒါတော့ မတတ်နိုင်ဘူး ဖေဖေ၊ အခုတလော အိမ်ပြန်နောက်ကျနေတဲ့သူ့ကို ပညာပေးချင်လို့လုပ်တာ၊ ဒီအိမ်မှာ သူပြန်ချင်တဲ့အချိန်ပြန်၊ သူနေချင်သလိုနေလို့မရဘူး၊ သူခိုးသူတောင်းစားဘဝကို တယ်တင်ထားတဲ့ကျေးဇူးကို မေ့မှာစိုးလို့ ဒီလို နှိမ့်ချမထားလို့ မဖြစ်ဘူး ဖေဖေ၊ သူ ရောင့်တက်သွားမယ်၊ ကျေးဇူးကန်းသွားမယ်"

"သမီးရယ်"

ဦးမြတ်ဖုန်းမောင် သမီးကို ဘယ်လိုဆုံးမသွန်သင်ရမှန်းမသိတော့။ ညနေခံပွဲကအပြန် ခြံရှေ့မှာ နှိုင်းယှဉ်ရဲ့ကား ရပ်လျက်သားတွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ အံ့ဩရသည်။

ဘာလို့အိမ်ထဲမသွင်းတာလဲလို့ မောင်သောင်းကိုမေးတော့ ခြံဝင်းတံခါးသော့မရှိလို့တဲ့။ နှိုင်းယှဉ်ကို အိမ်ပြန်နောက်ကျလို့ ပညာပေးချင်တာဆိုသည်က တကယ်ကို သမီး မတရားတာပါ။

ဖခင်တစ်ယောက်အနေနှင့် သမီးကိုဆုံးမသွန်သင်သင့်မှန်းသိပေမယ့် ကျေးဇူးကန်းရောင့်တက်မှာစိုးလို့ ဆိုတာကို လက်ခံရမည်လား။

''ဟင့်အင်း''

အတွေးဖြင့်ပင် ခေါင်းကိုယမ်းမိသည်။ မှိုနိုသူဆိုပေမယ့် နှိုင်းယှဉ် တာဝန်ကျေကျေလုပ်နေသားနှင့် အမြဲတမ်း နှိမ့်ချခံနေရတာမျိုးတော့ မဖြစ်နိုင်။

ဆိုဖာခုံမှာထိုင်ချရင်း သမီးမျက်နှာကို အကဲခတ်တော့ တင်းမာခက်ထန်မှုတွေအပြည့်။

''အေးမွှန်''

''ရှင် မမလေး''

''နှိုင်းယှဉ်ကို သွားခေါ်ခဲ့စမ်း''

''အ အစ်ကိုလေး အိပ်နေပါတယ်''

''ထမင်းစားပြီးပြီလား''

''အိမ်ပြန်နောက်ကျရင် မမလေးက ထမင်းမစားရဘူးပြောထားလို့ ထင်တယ်၊ အေးမွှန်တို့ကို ဘာမှမလုပ်ခိုင်းဘဲ အခန်းထဲဝင်သွားတာပါ''

''ဟင်''

ဦးမြတ်ဖုန်းမောင် အံ့ဩရပြန်သည်။ နှိုင်းယှဉ်ကို အိမ်ပြန်





နောက်ကျရင် ထမင်းမကျွေးဘူးလို့ပါ တင်းကြပ်ထားတာတဲ့လား။

ဒါ အခုမှ သိတာ။ သမီးဟော်တော်ဆိုးနေပါလား။

''အေးမွှန် ညည်းသွားတော့''

''ဟုတ်ကဲ့''

''အေးမွှန်ကို ဘာလို့သွားခိုင်းတာလဲ ဖေဖေ၊ နှိုင်းယှဉ်ကို နှိုးနိုင်းပြီး ပြောဆိုသတိပေးရဦးမယ်၊ ခဏခဏ အိမ်ပြန်နောက်ကျတာ ဆန့်လေးစားလုပ်တာပဲ''

''အဲဒီကိစ္စ ဖေဖေ ပြောစရာရှိတယ်၊ ထိုင်ဦး သမီး''

မကျေနပ်ချက်များဖြင့် သမီး ဝင်ထိုင်လိုက်တာကို ဘဝင်မကျ။

''နှိုင်းယှဉ်ကို ဘာလို့အငြိုးထားနေတာလဲ သမီး၊ သူ့ဘက်က ချိုးနှိမ့်မှုမရှိလို့လား၊ သူ့ဘဝပြောင်းလဲလာတယ်ဆိုပြီး ဘဝင်မြင့်နေလို့လား၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ် အောက်ခြေလွတ်တာမျိုးရော ရှိလို့လား''

''အဲဒါက သူ့အတိတ်ကို အမြဲတမ်းသတိပေးပြီး နှိမ့်ချထားလို့ပါ ဖေဖေ၊ ဖေဖေလို ဦးစားပေး မြှောက်ပင့်နေရင် နှိုင်းယှဉ် အမြင့်မှန်ရောဲ လွတ်နေမှာသေချာတယ်''

''အထင်နဲ့မစွပ်စွဲရဘူး သမီး၊ ဒီလိုလုပ်မှာပဲလို့ နှိမ့်ချထားရင် သူ့မာနက ကြာရှည်သည်းခံနေမှာတဲ့လား''

''မာနရှိရင် သူ နိုကပ်နေပါ့မလား၊ သူ့ဘဝ အရမ်းနိမ့်ကျခဲ့လို့ ဒီအခြေအနေကို သူ ကျေနပ်နေတာ''

''ဒါပေမဲ့ သမီးရယ်''

''ဖေဖေက သူ့ဘက်က ဘာလို့ကာကွယ်ချင်တာလဲ၊ နှိုင်းယှဉ်က ဖေဖေ့သားအရင်းဖြစ်နေလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"အငယ်အနှောင်းကမွေးတာမျိုး၊ အမြှောင်မယားတွေက တိတ်တိတ်ပုန်းမွေးတဲ့ သွေးသားအရင်းဖြစ်နေလို့လား၊ အရွယ်ရောက်မှ သား မှန်းသိပြီး ဒီအိမ်ကိုခေါ်လာခဲ့တာ မဟုတ်လား ဖေဖေ"

"ကျွတ်"

သမီး ထင်ရာတွေပြောနေတာ သည်းမခံနိုင်။ ဒီအတွေးနှင့် သမီးမှာနာကြည်းချက်တွေ ရှိနေခဲ့တာလား။

"ဘာဖြစ်သွားတာလဲ၊ မြို့ ပြောတာ မှန်နေလို့လား။ တကယ်ဆို ဆယ့်ငါးနှစ်သားအရွယ် နှင်းယှဉ်ကို ဖေဖေ ဒီအိမ်ခေါ်လာကတည်းက သံသယဖြစ်ခဲ့တာ၊ ဒီလိုဇုက္ခတွေ ရင်ဆိုင်နေရတဲ့ကလေးကို ကယ်တင်ချင်လို့ပါဆိုတဲ့ စကားကို မြို့ မယုံဘူး၊ ဖေဖေက အလုပ်ကိုကြိုးစားပြီး မြို့ကိုတောင် သေချာဂရုစိုက်နိုင်ခဲ့တာမဟုတ်ဘူး မဟုတ်လား၊ မေမေ ဆေးရုံတက်နေရတဲ့အချိန်ကလည်း ရတနာဆိုင်ကြီးတူထောင်ဖို့ နိုင်ငံခြားကို သွားချည်ပြန်ချည် ဖေဖေ အလုပ်ရှုပ်ပြနေခဲ့တာ"

ဒါတော့ ဝန်ခံရမလိုပင်။ ထိုအချိန်က လက်ထဲမှာရှိသော ပစ္စည်းတွေ ထုခွဲအရည်ဖျော်ဖို့ နိုင်ငံခြားက စီးပွားရေးလုပ်ငန်းရှင်တွေနှင့် အဆက်အသွယ်ယူခဲ့ရသည်။ ဘဝနှင့်ရင်း၊ အသက်နှင့်ရင်းနေရသည့်အချိန်မို့ သမီးတို့အမေကို ဂရုမစိုက်နိုင်ခဲ့တာ။

ဒီဘဝဒီအခြေအနေရောက်ဖို့ အရေးကြီးနေသည့်အချိန်မဟုတ်လား။ သမီးတို့အမေအတွက် ဒီနေ့အထိ စိတ်မကောင်းတာက ယခုပိုင်ဆိုင်နေသော စည်းစိမ်ဥစ္စာတွေကို စံစားခွင့်မရသွားရှာတာကိုပင်။ လူဆိုတာ စံစားထိုက်မှ စံစား၊ ခံစားထိုက်မှ ခံစားရသည်ဆိုတာ အမှန်ပဲ





ဖြစ်မည်ထင်၏။

"သမီးရယ် အဲဒီအချိန်က ဒီအခြေအနေဖြစ်ဖို့အတွက် အရေးကြီးနေတဲ့ အပြောင်းအလဲကာလလေ၊ ဖေဖေလည်း သမီးအမေအတွက် ဒီနေ့ထိ စိတ်မကောင်းပါဘူး။ ဖေဖေတို့ဒီလိုဘဝမျိုးရောက်တဲ့အချိန်မှာ သမီးအမေက မရှိတော့ဘူး"

"သေခါနီး ဖေဖေ့ရဲ့ဂရုစိုက်မခံရဘဲ ဖေဖေ့လက်ပေါ် သေခွင့်ရလိုက်တာ ပိုပြီးရင်နာမိပါတယ် ဖေဖေ၊ တကယ်လို့ ဒီလိုချမ်းသာမှု မျိုးနဲ့မဟုတ်ဘဲ ဖေဖေ့ရဲ့ဂရုစိုက်မှုခံရရင် ပိုပြီးအသေဖြောင့်မယ်လို့ ထင်မိတယ်"

အမေကိုယ်စား စိတ်နာနေတာ နှင်းယှဉ်ကြောင့်ပဲဖြစ်လိမ့်မည်။ နှင်းယှဉ်ကိုစွတုန်းက အရေးတယူ အတိုက်အခံတွေလုပ်ပြီး ခေါ်မွေးစားခဲ့တာ သမီး မကျေနပ်စရာပဲပေါ့။

"သမီးအမေနဲ့ပတ်သက်ပြီး အဲဒါတစ်ခု ဖေဖေ လစ်ဟင်းခဲ့တာ ခံပါတယ်၊ ဖေဖေ့ဘက်က ဘာကြောင့်အားနည်းခဲ့တယ်ဆိုတာလည်း သမီးကို ရှင်းပြပြီးပါပြီ၊ နာကျင်ရလောက်အောင် ဖေဖေ ဒဏ်ရာမပေးခဲ့ဘူးထင်ပါတယ် သမီးရယ်"

"နားလည်သင့်သလောက် နားလည်တယ် ဖေဖေ၊ ဒါပေမဲ့ နှင်းယှဉ်နဲ့ပတ်သက်ရင် ဖေဖေ အရမ်းကြီး မကာကွယ်ပါနဲ့၊ မြို့ ရင်ထဲမှာ သံသယတွေနဲ့ဆိုတာ ဖေဖေ သိသင့်တယ်"

"မသိချင်ယောင်ဆောင်ခဲ့တာတွေ အများကြီးပါ သမီးရယ် ဒါပေမဲ့ အပြစ်ပေးသလို ချိုးနှိမ်နေတာမျိုးတော့ မလုပ်ပါနဲ့"

"ဖေဖေ မခံမရပ်နိုင်ဖြစ်၊ မြို့ ထင်သလို"



www.burmeseclassic.com

www.burmeseclassic.com



"သမီး စကားနောက် တရားပါ သံသယတွေနဲ့ ဖေဖေ့ကိုယ်ကျင့် တရားတွေကို မစော်ကားပါနဲ့ သမီး။ နှိုင်းယှဉ်ကို ဖေဖေ စောင့်ရှောက် သင့်တယ်ထင်လို့ စောင့်ရှောက်တယ်လို့ သမီး သဘောထားပါ"

"အဲဒါကိုပဲ မြူ အယုံအကြည်မဲ့နေတာ ဖေဖေ၊ ဘာလို့လဲ နှိုင်းယှဉ်ကိုစောင့်ရှောက်ဖို့ ဖေဖေ့မှာ ဘာလို့တာဝန်ရှိနေတာလဲ၊ ဘာကြောင့်"

"ဖေဖေ အခုဘာမှမပြောနိုင်သေးဘူး။ တစ်နေ့နေ့တော့ သမီး ကို ဖေဖေ အားလုံးဝန်ခံဖြစ်မှာပါ၊ အဲလိုပဲ သိထားပါ သမီးရယ်"

ထိုအဖြေကို မြူမှုန်ခြယ် မကြိုက်။ ဖေဖေ ဘာကိုဖုံးကွယ်ထား တာလဲ။ နှိုင်းယှဉ်က တကယ်ပဲ မေမေ့အရင်က တိတ်တိတ်ပုန်းရှိခဲ့ဖူး သည့် မိန်းမရဲ့သား၊ ဒါမှမဟုတ် မှားယွင်းပြီးငြိစွန်းမိသည့်အမြွှာင် မယားရဲ့သား။ အပျော်ရှာရာက ပေါ်လာခဲ့သည့် သား။ တစ်ခုခုကြောင့် နှိုင်းယှဉ်ကိုစောင့်ရှောက်ဖို့ တာဝန်ရှိနေတာမျိုးလား။

တအံ့ရွှေးရွှေး ထိုအတွေးတွေ နှိပ်စက်ခံနေရတာ ဆယ်နှစ်တာ မျှကျော်ခဲ့ပြီ။ ဒါကြောင့် နှိုင်းယှဉ်ကို မကျေမနပ် တိုက်ခိုက်ဖို့ပဲ စဉ်းစား နေခဲ့တာ။

ပိုင်ဆိုင်မှုအမွေတွေ ခွဲပေးရမှာစိုးလို့ ဖေဖေ့ကို အကျပ်ကိုင် ပြီး နှိုင်းယှဉ် စိတ်လျှော့ထွက်ပြေးသွားအောင် နှိမ့်ချအနိုင်ယူနေခဲ့တာ ဒါတောင် ဒင်းက အစွန်ဆုံးထိသည်းခံခိုကပ်နေဆဲ။

တစ်နေ့နေ့တော့ သူ ရသင့်ရထိုက် ပိုင်ဆိုင်သင့်တာတွေ ရမှာပဲ ဟု အပိုင်တွက်ထားလို့ ဒီလိုမျိုးအောင့်အည်းသည်းခံနေတာရော မဖြစ် နိုင်ဘူးလား။





ရင်ထဲမှာ အစိုင်အခဲတွေနှင့်ပါ။
ငါတို့ဘဝထဲမှာ နင်မရှိမှဖြစ်မှာ နှိုင်းယှဉ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''နှိုင်းယှဉ် နှိုင်းယှဉ်''

''ဒေါက် ဒေါက်''

အသံပြုရင်း တံခါးခေါက်လိုက်သော်လည်း အခန်းထဲက ဘာအသံမှမကြားရ။ စိတ်မရှည်စွာ တံခါးကိုတွန်းဖွင့်ကြည့်လိုက်တော့ ဂျက်ချဖို့မေ့ထားဟန်တူပြီး တံခါးပွင့်သွား၍ အခန်းထဲဝင်လာခဲ့သည်။

''ဟင် အမလေး''

မျက်လုံးကိုတောင် ယောင်ယမ်းကာ ပိတ်လိုက်မိ၏။ နှိုင်းယှဉ် အပေါ်ပိုင်းဗလာကျင်းလျက် ခုတင်ပေါ်မှာဆန့်ဆန့်ကြီး အိပ်ပျော်နေသည်။

ရင်ဘတ်တစ်ခုလုံးမှာ အမွေးနုများနှင့် ပါးမြိုင်းမွေးစိမ်းမြမြ နှုတ်ခမ်းမွေးရေးရေး။ ယောကျ်ားပီသသော နှုတ်ခမ်းများက တင်းတင်းစေ့လျက်။





အသက်ရှူလိုက်တိုင်း ရင်အုပ်ကျယ်ကျယ်က နိမ့်ချည်မြင့်ချည်။

''ဟဲ့ နှိုင်းယှဉ်၊ ထစမ်း ကသောကမြောနဲ့ အပူအပင်ကင်းကင်း အိပ်နေလိုက်တာ''

အရုက်ပြေ အော်ဟစ်မာန်မဲလိုက်ချိန်မှာ သူမရဲ့အသံစူးစူးကြောင့် နှိုင်းယှဉ် အိပ်မှုန်စုန်မွှားဖြင့် မျက်လုံးကိုပွတ်သပ်ကာ လူးလဲထထိုင်သည်။ သူမကိုမြင်တော့ နီးရာသဘက်စောင်ကို ဆွဲယူရင်း ကိုယ်မှာ ပတ်၏။

''ဘာလို့ အခန်းထဲဝင်လာတာလဲ မြူ''

''ဝင်ချင်လို့ဝင်လာတာ မဟုတ်ဘူး၊ နင့်ကိုပြောစရာရှိလို့''

''ငါ ထွက်လာမှာပေါ့၊ အပြင်ကနေ ခေါ်တာမဟုတ်ဘူး''

''ဟဲ့ အပြင်ကနေ တံခါးခေါက်ပြီးခေါ်နေတာပဲ၊ နင်က အသေသို့အိပ်နေပြီး ခေါ်နေတာမှ မကြားတာ''

''ဘာကိစ္စရှိလို့လဲ''

''ငါကနင့်ကို ခြံတံခါးပိတ်ထားလို့ ကားနဲ့အပြင်မှာပဲ ဒုက္ခခံနေချင်တာ၊ နင်က ဘာလို့ ကားကိုအပြင်မှာထားခဲ့ပြီး ခုတင်ပေါ်မှာ ဆိန်နဲ့လာအိပ်နေတာလဲ''

''ကိုသောင်း စောင့်နေတာပဲ၊ ငါ ပင်ပန်းလို့ ဝင်အိပ်တာ၊ ဘာတွေအပြစ်ကြီးသွားလို့လဲ''

''အဲဒီလိုပြန်မေးတာကိုက အပြစ်ကြီးတယ် နှိုင်းယှဉ်၊ ဒီအိမ်မှာ နေတာ ဘာလဲ၊ အိမ်ရှင်အရိပ်အကဲ နင်မကြည့်တတ်ဘူးလား၊ အိမ်ပြန်နောက်ကျတဲ့ဆင်ခြေက တစ်ထပ်တည်းဆို ကန့်သတ်ချက်ရှိတယ်နော်''

''ဖေဖေမသိအောင် ငါ ဘာမှမလုပ်ဘူး မြူ၊ ဟိုနေ့က ကား



www.burmeseclassic.com

www.burmeseclassic.com



အက်ဆီးဒင့်ကိစ္စ မပြီးပြတ်သေးလို့ တာဝန်ယူနေတာ''

မြူမှုန်ခြယ် မျက်စောင်းဝင့်ပြီး နှာခေါင်းရှုံ့သွားကာ

''နင်တောင် သူများဆီမှာ မှီခိုကပ်ရပ်နေတာ၊ ဘယ်သူ့ကို တာဝန်သွားယူနေတာလဲ၊ နင့်ကိုယ်နင် ဘာကောင်ထင်ပြီး ပါဝါပြနေတာလဲ နှိုင်းယှဉ်''

''အဲဒီလောက်ကြီး ပစ်စလက်ခတ်တော့ မပြောပါနဲ့လား မြူ ဒီအိမ်မှာ အားလုံးကျေနပ်အောင် တာဝန်ကျေအောင် နေနေပါတယ်''

''ထမင်းကို အလကား စားနေတာမဟုတ်ဘူးလို့ ပြောချင်တာ လား''

''အဲဒီစကားက သံယောဇဉ်မဲ့ပါတယ်ဟာ၊ ရန်သူလိုမဆက်ဆံ ပါနဲ့လို့ မတောင်းဆိုပါဘူး၊ နေရာတကာတော့ ငါ့ကိုပြဿနာမရှာပါနဲ့ လား''

''ဘာ''

ထိုသို့ပြောလိုက်တာကို မြူမှုန်ခြယ် ဆတ်ခနဲ ခါသွားသည်။

''ဖေဖေက မျက်နှာသာပေးလို့ ရောင့်တက်တဲ့စကား ပြောရဲတာ ပေါ့လေ၊ ငါ ဒီလိုပြဿနာရှာတာကို သည်းမခံနိုင်ရင် ထွက်သွားပါလား။ ဒီအိမ်ရဲ့အဝေးဆုံးကို ထွက်သွားလေ၊ နင့်ကိုဘယ်သူမှ ဆွဲမထားဘူး''

''ငါ့ကိုဘာလို့ ဒီလောက်တောင် မုန်းနေတာလဲ မြူ''

ရင်ထဲမခံစားနိုင်တော့လို့ နာနာကျင်ကျင် မေးလိုက်တာမို့ မြူမှုန်ခြယ်က သူ့မျက်နှာကို ခဏတာ တွေခနဲကြည့်ပြီးမှ မျက်နှာလွှဲ လိုက်ကာ





''မုန်းဖို့အကြောင်းတရားတွေရှိလို့ပေါ့ နှိုင်းယှဉ်၊ နင့်လို သူခိုး ဆိုက်နိုက် သူတောင်းစား အဆင့်အတန်းမရှိတဲ့သူကို အိမ်ပေါ်ခေါ်တင် ဘာလို့ မုန်းတာ၊ ဘယ်လိုပတ်သက်မှုတွေကြောင့် အိမ်ပေါ်ရောက်လာ မှန်းမသိပေမယ့် နင့်ကိုငါ အယုံအကြည်မရှိဘူး။ ဖေဖေက နင့်ကို တစ် ဆင့်ချင်း ပညာတွေသင်ပေးရင်း နေရာပေးတာကို မကျေနပ်တာ၊ ဦးစား ပေးခံရလို့ လူရာဝင်လာတာကို အမြင်ကတ်တာ''

ပုဒ်မတွေများလိုက်တာလို့ မညည်းညူရဲ။ သိမ်ငယ်မှုများစွာနှင့် ဘက်သီးဆုပ်ကိုဖြည်ချပြီး ခေါင်းငိုက်စိုက်နေလိုက်သည်။ မြူမှုန်ခြယ် ပြောချင်တာ ပြောပါစေ၊ ပေါက်ကွဲချင်သလောက် ပေါက်ကွဲပါစေ။ ခွန်း တုံ့ပြန် လက်တုံ့ပြန်နိုင်သည့်အင်အားမှမရှိဘဲ။

အခန်းထဲမှာ မြူမှုန်ခြယ် ရှိနေဆဲမှာပဲ လသာဆောင်ဘက်ကို သူ ထွက်လာခဲ့သည်။

ပြီးတော့ ပါကေးခင်းပေါ်ထိုင်ချကာ ကျောတစ်ပြင်လုံး သိမ့်သိမ့် ခုန်အောင်ရှိုက်ငိုပစ်လိုက်၏။ ကိုယ့်ဘဝကိုယ့်အတိတ်ကြောင့် ဒီလိုမျိုး မိန်းမတစ်ယောက်ရဲ့နှိမ့်ချစော်ကားခံခဲ့ရတာ မဟုတ်ပါလား။

ဖေဖေသာ မသေဆုံးခဲ့လျှင် သူ ဒီလိုဘဝမျိုးရောက်မှာမဟုတ်။

ဒီလိုဘဝမရောက်လျှင် ဒီလိုမျိုး မြူမှုန်ခြယ်ရဲ့တိုက်ရိုက်နှိမ့်ချ စော်ကားတိုက်ခိုက်ခံရမှာ မဟုတ်။

မြူမှုန်ခြယ် ကြည့်နေသည်ဆိုတာ မသိဘဲ သူ ဝမ်းနည်းပက် လက် အားရပါးရ ငိုမိဆဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"သား အိပ်ရာကမနိုးသေးဘူးလား ဒေါ်လုံး၊ ဘရိတ်ဖတ်စား သွားခေါ်ချေ"

"ဟုတ်ကဲ့ နောက်ကျနေလို့ သွားခေါ်ထားပါတယ်၊ အရင်ရေ တွေဆို သူ အစောဆုံးရောက်နေတာ"

"သားညက အိပ်ရာဝင် နောက်ကျလို့ထင်တယ်၊ အခုတလော ဒီဖိုင်းဆန်းတွေ ဈေးကွက်ဖြန့်ဖို့အတွက် ပန်းထိမ်သမားတွေနဲ့အလု ရှုပ်နေတော့ ပင်ပန်းမှာပေါ့၊ ကားအက်ဆီးဒင့်ကိစ္စကလည်း တာဝန်မကင် ဖြစ်နေသေးတာ၊ အမှုကိစ္စမရှင်းရ၊ ထောင်တွေတန်းတွေ မကျတာ တော်ပါသေးတယ်"

သူမကို သိစေချင်သလိုလို ဖေဖေရဲ့ကာကွယ်ပေးမှုတွေကို ကြားချင်ပေ။ မုန့်တစ်ခုကို စိတ်မပါသလို စားရင်း ကော်ဖီကိုတစ် ငုံကာ ဖန်ခွက်ကို စားပွဲပေါ်ပြန်ချလိုက်သည်။



ခုချိန်ထိ နှိုင်းယှဉ် ရောက်မလာ၊ ဖေဖေက ဘာမှမစားမသောက် သေးဘဲ သူ့ကိုစောင့်နေမည်ဆိုတာ နှိုင်းယှဉ် မသိဘူးလား။

အဲဒီလို ပမာမခန့် မထီမဲ့မြင်တွေကို မကြိုက်တာ။

"ဖေဖေ စားစရာရှိတာစား၊ သောက်စရာရှိတာသောက်လေ၊ ဘာလို့ မစားမသောက်ဘဲ နှိုင်းယှဉ်ကို စောင့်နေတာလဲ၊ သူ အပျင်းကြီး ပြီး နောက်ကျနေတာကို အရေးတယူလုပ်လို့"

"အဲလိုမဟုတ်ပါဘူး သမီးရယ်၊ အရင်နေ့တွေက သားက ဖေဖေတို့ ဝင်မလာမချင်း ဘာမှမစားဘဲ ထိုင်စောင့်နေကျ မဟုတ်လား၊ ဒီနေ့ပဲ သူနောက်ကျတာပါ၊ သိပ်များနေမကောင်းလို့လားမသိဘူး၊ ဒေါ် လုံး တံခါးခေါက်ပြီး သွားကြည့်စမ်း"

"ဟုတ်ကဲ့"

ဖေဖေ အဲလိုတွေ အကဲပိုနေလို့ နှိုင်းယှဉ် ရောင့်တက်နေတာ။ သူမ အဲလို အိပ်ရာထနောက်ကျသည့်နေ့တွေမှာရော ဖေဖေ အဲလို ဂရုစိုက်မှုမျိုးရှိရဲ့လားမသိ။

"ဟော သား လာ၊ သားနောက်ကျနေလို့ ဖေဖေက နေမ ကောင်းဘူးထင်နေတာကွ၊ အေးမွှန် သားဖို့ကော်ဖီထည့်"

သမီးရဲ့လုပ်ရပ်တွေကို အားနာနေ၍ နှိုင်းယှဉ်အပေါ် ပျာပျာ သလဲ ဆက်ဆံမိတာ သမီးမကျေနပ်စရာ အထင်လွဲစရာ ဖြစ်နေမည် ဆိုတာ ဦးမြတ်ဖုန်းမောင် မသိပေ။

ထိုင်ခုံမှာ နှိုင်းယှဉ် ဝင်ထိုင်လိုက်တော့

"ဟင် သားမျက်လုံးတွေက ဖူးရောင်ပြီး နီရဲနေပါလား၊ ငို ထားတဲ့ပုံစံမျိုးဖြစ်နေသလိုပဲ၊ ဘာ ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဖေ ဖေဖေနဲ့ မေမေကို သတိရလို့ပါ၊ ဟို သားကော်ဖီ မသောက်တော့ဘူး ဖေဖေ"

"ဟင် မုန့်လေးဖြစ်ဖြစ် စားပါလား သား၊ ဗိုက်ထဲမှာ အစာ မရှိဘဲ အလုပ်လုပ်လို့ ဘယ်ဖြစ်မလဲ"

"သား ရင်ခံနေလို့ပါ၊ ဆာရင်နောက်ကျမှ စားလိုက်ပါမယ် ဖေဖေ"

"အေး အေး နေမကောင်းရင် ဆေးခန်းဝင်ပြ သား၊ အလုပ် ကိစ္စရော ကားအက်ဆီးဒင့်ကိစ္စရော သိပ်ပြီး စိတ်ပိစီးမှုမခံပါနဲ့ သားရယ် ဘာပဲဖြစ်ဖြစ် စိတ်ကိုသက်သက်သာသာပဲ ထားပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

နှင်းယုဇ် ထွက်သွားတော့ ဦးမြတ်ဖုန်းမောင် သက်ပြင်းချ သည်။ ညက ကိုယ်နှင့်အတူတူ သမီးအပေါ်ထပ် တက်လိုက်မလာသေး ဘဲ အောက်ထပ်မှာကျန်ခဲ့ပြီး နှင်းယုဇ်ကို အိပ်ရာကနိုးကာ ပြဿနာ ရှာလိုက်လို့ ဝမ်းနည်းနေခြင်းလား။

တစ်ခါမှ အမိအဘကို သတိရအောက်မေ့လို့ နှင်းယုဇ် ငိုသည် ဆိုတာ မကြုံဘူး မကြားဘူးပါ။ ဒီလိုတဝမှာ နေရလို့ တမ်းတချင်တမ်းတ သည့်အခါမျိုးတော့ ရှိချင်ရှိပေလိမ့်မည်။

ဒါပေမဲ့ ဒီလိုမျိုး မျက်နှာတစ်ခုလုံး နီမြန်းဖူးရောင်လောက် အောင် ဝမ်းနည်းကြေကွဲမှာတော့မဟုတ်။

"သမီး"

"ရှင်"

"ညက နှင်းယုဇ်ကို ဘာတွေပြဿနာရှာလိုက်သေးလဲ"





"အဲဒီမေးခွန်းကိုက သူ့ဘက်က ဖြစ်နေတာ ဖေဖေ၊ မြူ သူ့ကို ဘာပြောပြောဘာလုပ်လုပ် သူ့ကိုအကြောင်းမဲ့သက်သက် ပြဿနာ ရှာနေတယ်လို့ ဖေဖေ ထင်နေတာလား"

"အဲလိုလည်းမဟုတ်ဘူးလေ သမီးရဲ့၊ နှင်းယုဇ် အရမ်းကိုဝမ်း နည်းနေတဲ့ပုံပေါက်နေတယ်၊ အရမ်းကြီး ခံစားရအောင်မလုပ်ပါနဲ့လို့ ဖေဖေ ပြောချင်တယ်"

"သူက ဖေဖေ့ရဲ့"

သားမို့ ဒီလောက်နာနေတာလားဟု မေးလိုက်ချင်ပေမယ့် ခေါင်းလုံးတို့ရှိနေတာမို့ မြူမှုန်ခြယ် ဘရိတ်အုပ်လိုက်ရသည်။ ပါးစပ်ဖျား မှာပေါက်ကွဲလုလုပါ။

သူမ ဘာမှမစားတော့ဘဲ ထရပ်တော့ ဖေဖေက မျက်ခုံးပင့် တာ

"ဘယ်လဲ သမီး၊ ဘာမှလည်းသိပ်မစားရသေးဘဲနဲ့"

"စားချင်စိတ် မရှိတော့ဘူး ဖေဖေ၊ နှင်းယုဇ်နဲ့ပတ်သက်တိုင်း မြူနဲ့ဖေဖေ ဒီလို ပဋိပက္ခတွေဖြစ်နေရတာ မြူ အရမ်းစိတ်ရှုပ်ရတယ်၊ စိတ်ညစ်ရတယ်၊ မြူဘက်ကလည်း စာနာကြည့်ဦး"

သမီးက အတွေးနှင့်အထင်လွဲနေတာ ဦးမြတ်ဖုန်းမောင် ဘယ် လိုရှင်းပြရမလဲ။ မတွေးနိုင်မအံနိုင်နှင့် ဒီအဖေရဲ့ရင်ထဲမှာလည်း ပြည့် ကျပ်နေတာပါ။

နှင်းယုဇ်အပေါ် ဘာပိုင်ဆိုင်မှုမှမပေးရဘဲ တာဝန်မကျေသလို ဖြစ်နေရတာလည်း စိတ်မကောင်းပေ။ သမီး ဒီလိုတွေ အငြိုးထားလို့ နှင်းယုဇ် ခံစားရတာလည်း ရင်နာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

အခုတော့ သမီး စိတ်ပြေအောင်ချော့ဖို့ သမီးလက်ကလေးကို လှမ်းဆွဲထားပြီး

"ထိုင်ပါဦး သမီးရယ်၊ သမီးရဲ့စိတ်ကိုလျှော့ပါနော်၊ ဖေဖေ့ဘဝမှာသမီးကသာ အရေးကြီးဆုံးပါ"

"ဒါဆို နိုင်းယှဉ်ကို ဘာလို့အရေးပေးနေတာလဲ ဖေဖေ၊ သူ့လို သူခိုးခါးပိုက်နှိုက် သူတောင်းစားတစ်ယောက်ကို ဖေဖေ ဘယ်လိုယုံကြည်မှုတွေနဲ့ အိမ်ခေါ်လာတာလဲ၊ အခုလည်း လုပ်ငန်းတွေမှန်သမျှ သူ့ကို အကုန်လွှဲထားသလိုဖြစ်နေတယ်"

"အကုန်တော့မဟုတ်ပါဘူး သမီးရယ်၊ ဒီဗိုင်းကိစ္စ၊ ဆိုင်ခွဲတွေပစ္စည်းပို့တဲ့ကိစ္စ၊ ရုံးမိုင်းကိစ္စနည်းနည်းပါးပါးပဲ လွှဲထားတာပါ"

"အဲဒါက အဓိကအလုပ်တွေ မဟုတ်လား ဖေဖေ၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှုနဲ့၊ ဈေးကွက်ကိစ္စပဲ ဖေဖေ တာဝန်ယူတော့တာ၊ ကျန်တာ သူ့ကိုအကုန် တာဝန်ပေးထားတာ မဟုတ်လား"

"အခု သမီး ဘာဖြစ်ချင်တာလဲ"

"သူ့ကိုဆိုင်ခွဲတစ်ခုမှာ အရောင်းတာဝန်ခံနေရာပဲပေးလိုက် ဖေဖေ၊ ကျန်တဲ့ကိစ္စ မြူလုပ်မယ်"

"သမီး ဘယ်လောက်တာဝန်ကြီးတယ်ဆိုတာ သမီးသိတယ် မဟုတ်လား၊ ဒီဗိုင်းကိစ္စ ပန်းထိမ်သမားတွေနဲ့ ညှိနိုင်းရတာလည်း မိန်းကလေးဖြစ်တဲ့အတွက် အဆင်ပြေမှာမဟုတ်ဘူး၊ စိန်ကျောက်အရည်အသွေး"

"သူ့လို သူခိုးဂျပိုးတစ်ယောက်တောင် သင်ရင် တတ်သေးတာ





ပဲ ဖေဖေ"

ဦးမြတ်မုန်းမောင် ဘာပြောရမှန်းပင်မသိတော့။ ဒီပညာတွေအားလုံး နိုင်းယှဉ်ကို ဆယ်နှစ်နီးပါးအနီးကပ် ပညာကုန်အချိန်ယူသင်ပေးထားခဲ့တာ။

အခုကျောင်းပြီးမှ လတ်တလော သမီး ထလုပ်မယ်ဆိုတော့ အဆင်ပြေပါ့မလား။ ဆိုင်ခွဲတွေမှာ စီမံခန့်ခွဲတာဝန်ယူရုံလောက်ဆို သမီး ကျေနပ်ပုံမပေါ်။

ဒါလည်း နိုင်းယှဉ်နေရာရသွားမှာစိုးလို့ ဖြစ်မည်။ ဦးမြတ်မုန်းမောင် သက်ပြင်းချမိလျက်

"အဲဒီ သူခိုးဂျပိုးဆိုတာကြီးကို သူ့ရဲ့အတိတ်မှာပဲ ထားခဲ့လိုက်လို့ မဖြစ်ဘူးလား သမီးရယ်၊ ဒါကလည်း သူ အကျင့်စာရိတ္တပျက်ပြီး ဖြစ်ချင်လို့ဖြစ်ရတာမှ မဟုတ်ဘဲ၊ သူ့အဖေသေလို့ ကံတရားပျက်သွားရတာ၊ လူပျက်တာမဟုတ်ဘူး သမီး၊ ကံပျက်တာ"

"အဲဒါ သူ့ကံတရားဆို ဖေဖေနဲ့ဘာဆိုင်လဲ"

"သမီး"

"မြူနဲ့ရော ဘာဆိုင်လဲ ဖေဖေ၊ သူစိမ်းတစ်ယောက်ကို ကယ်တင်ပြီး သမီးရင်းနဲ့ပဋိပက္ခဖြစ်နေရတာ အဓိပ္ပာယ်ရှိလို့လား၊ သွေးသားရင်း မိသားစုထက် ဘာကအရေးကြီးနေလဲ၊ မြူ ထင်သလို"

"တော်တော့ သမီး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သမီးနဲ့အခြေအတင်ဖြစ်နေရတာ မကောင်းဘူး၊ အခု သမီး ဘာဖြစ်ချင်တာလဲ၊ လုပ်ချင်တာလုပ်တော့ ဖေဖေ ဘာမှမပြောတော့ဘူး"

စိတ်မရှည်စွာပြောလျက် ဖေဖေ ထထွက်သွားသည်။ မြူမှန်



www.burmeseclassic.com

ခြယ် လက်သီးဆုပ်လေးတင်းတင်းဆုပ်ကာ အံကြိတ်မိသည်။ ဒင်းကြောင့် ဖေဖေရဲ့ဆူပူမှုကို ခံရတာ။ အရိုပ်ကြည့်ကာ ချစ်ခင်မြတ်နိုးခံခဲ့ရတာမို့ ဒီလိုတွေဖြစ်ရတာ ရင်နာသည်။ နှိုင်းယှဉ်ကြောင့်သာမဟုတ်လျှင် ဖေဖေ နှင့်ဒီလိုပဋိပက္ခတွေ ဖြစ်လာစရာအကြောင်းမရှိ။

နှိုင်းယှဉ် နင်က ငါတို့အတွက် ကောင်းကျိုးမပေးတဲ့ဂြိုဟ်တာစ် ကောင်ပါ။

နင့်ကို ဒီထက်မက မုန်းပစ်လိုက်ချင်တယ်။

■ ■ ■

## အခန်း (၁၁)

၅

ကြိမ်းဝါးမှုများဖြင့် နှိုင်းယှဉ်ရှိသောနေရာကို ရောက်လာခဲ့သည်။ နှိုင်းယှဉ်က နိုင်ငံခြားက ဒီဇိုင်းပညာရှင်များနှင့် ပန်းထိမ်ပညာရှင်များ စုဝေးကာ အစည်းအဝေးလုပ်နေဟန်တူသည်။

ပစ္စည်းအသစ် ဒီဇိုင်းထုတ်မည့်အချိန်တိုင်း ဒီလိုအရေးကြီးကိစ္စများ ရှိတတ်၏။

''ဈေးကွက်ထိုးဖောက်ဖို့က ပစ္စည်းဒီဇိုင်းဆန်းမှုဖြစ်မယ်၊ ကျွန်တော်တို့ရတနာဆိုင်က ရွှေရည်မီ ပစ္စည်းတွေလို ဒီဇိုင်းဆန်းနဲ့ ဈေးကွက်ခဲ့ထွင်နိုင်လို့ နာမည်ရနေတာ၊ ဒါကြောင့် ပညာရှင်တွေကို အားကိုးပါတယ်ဗျာ၊ ဒီထက်တိုးတက်အောင်မြင်အောင် အတူတူ ကြိုးစားကြတာပေါ့''

''ကျွန်တော်တို့ကလည်း ပညာရှင်တွေကို မနှိမ့်ချဘဲ ထိုက်တန်တဲ့လစာနဲ့ အကျိုးသက်ရောက်မှုတွေ ကြည့်ပေးလို့ ပညာကုန်ထုတ်သုံး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဈေးကွက်မှာ သူများထက်သာအောင် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားပေးမှာပါ''

''ဟုတ်တယ် ပညာရှင်နဲ့ငွေရှင်နဲ့ စိတ်ဓာတ်တူ လက်တွဲရင် သူများထက်ကို အောင်မြင်ရမှာပေါ့၊ သိုင်းကျူး ကိုနှိုင်းယှဉ်၊ ဦးမြတ်ဖုန်းမောင် အားကိုးမယ်ဆိုလည်း အားကိုးလောက်ပါတယ်၊ ခင်ဗျားက ကိုယ်တိုင်လည်း အရည်အချင်းရှိတယ်၊ ပညာရှင်တွေကိုလည်း သိမ်းသွင်းနိုင်တယ်၊ ကိုယ့်ပန်းထိမ်ဆရာဝန်ထမ်းတွေကိုလည်း စည်းရုံးနိုင်တယ်၊ ခင်ဗျား ဒီထက်ပိုအောင်မြင်ဦးမှာပါ''

နှိုင်းယှဉ်ကို ချီးကျူးစကားပြောနေသံတွေက နားကြားပြင်းကတ်စရာကောင်းလှသည်။ ဒါတွေကြောင့် ဒီကမခွာနိုင်ဘဲ တွယ်ကပ်နေတာပေါ့။ အရင်က ခိုးမှု ခါးပိုက်နှိုက်မှု တောင်းစားမှု အသက်ရှင်ခွင့်ရသောဘဝကနေ အခု မော်မော်ကြွားကြွား လူတကာ ချီးကျူးခံနေရတော့ ဒီဘဝ ဒီအခြေအနေကို ဘယ်စွန့်လွှတ်နိုင်ပါ့မလဲ။

''နှိုင်းယှဉ်''

''ဟင် မြူ''

လေသံမာမာနှင့် အသံပြုရင်း အစည်းဝေးခန်းထဲ မြူမှုန်ခြယ်ဝင်လာတာကြောင့် နှိုင်းယှဉ် အံ့အားသင့်သွားရသည်။ အားလုံးက ဦးမြတ်ဖုန်းမောင်ရဲ့သမီးဆိုတာ သိနေတာကြောင့် အပြုံးနှင့်ခေါင်းညိတ်ကာ အသိအမှတ်ပြုကြ၏။

ဒါပေမဲ့ မြူမှုန်ခြယ် မျက်နှာကတင်းလွန်းလှသည်။ ကိုယ့်မျက်နှာကို နိမ့်ချအထင်သေးစွာ ခပ်စူးစူးကြည့်ရင်း

''ဆိုင်ခွဲတွေကိစ္စ တာဝန်ယူဖို့ နင် ဒီအခန်းထဲက ထွက်သွားလို့





ရပြီ နှိုင်းယှဉ်''

''ဟင် ဘာ ဘာဖြစ်လို့လဲ''

''ဒီနေရာကကိစ္စတွေ ငါ လုပ်မယ်၊ ရုံးပိုင်းဆိုင်ရာရောပေါ့၊ နင်က ဆိုင်တစ်ဆိုင်မှာ အရောင်းတာဝန်ခံလောက်ပဲလုပ်''

''ဟို ဖေဖေက''

''ငါ့အဖေကို ငါပြောပြီးသား။ နင်လုပ်ရမှာကိုပဲ တာဝန်ကျေအောင်ကြိုးစားပါ''

သူ နားမလည်နိုင်။ မြူမှုန်ခြယ် ဘာတွေတတ်မြောက်ကျွမ်းကျင်လို့ ဒီနေရာမှာလုပ်မှာလဲ။

သူတောင် ဖေဖေ့အနားမှာ အချိန်ကြာကြာ သင်ယူမှ ဒီပညာတွေ၊ လူမှုဆက်ဆံရေးတွေကို သိရုံသိသေးတာ။ သူမက အခုမှ ကျောင်းပြီးလို့ ဒါတွေကို လေ့လာသင်ယူနေဆဲရှိသေး၏။ ဘယ်လိုသဘောနှင့်များ။

''နင် ဒီကိစ္စတွေလုပ်မယ်ဆိုရင် အချိန်ယူရဦးမှာ မြူ၊ တကယ်လို့ တတ်ပြီ ကျွမ်းကျင်ပြီဆိုရင် ငါ နေရာဖယ်ပေးမှာပါ၊ အခုက''

''ဘာဖြစ်ဖြစ် နင် ပူပန်ရမယ့်ကိစ္စမဟုတ်ဘူး၊ အခု ငါပြောတာကို သဘောပေါက်ရင် နင် ထွက်သွားလိုက်တော့''

''မြူ''

ကိုယ့်ကို တလေးတစား ဆက်ဆံနေသည့် လူတွေရှေ့မှာ ရုပ်မျက်ဆင်းပျက် ဖြစ်မှာစိုး၍ ကြိတ်အော်လိုက်သော်လည်း မြူမှုန်ခြယ်က သူ့ကို သိက္ခာချချင်နေသူဖြစ်၍ မျက်နှာကိုပမာမခန့်ပင် ပင့်မော့ထားသော

''ကိုယ်ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်သိရင် ငါ့ကိုဆင်ခြေမပေးနဲ့ နှိုင်းယှဉ်၊ ဖေဖေ့အားကိုးနဲ့ နင် အင်ပါယာချဲ့ချင်လို့လည်း မရဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

အားလုံးက အခြေအနေ အကဲခတ်နေကြတာမို့ နှိုင်းယှဉ် ဖောချွေးတွေပြန်ကာ ရှက်စိတ်တွေဝင်လာသည်။ ပြောင်ပြောင်တင်းတင်း နေရာဝင်လုနေသည်ဟု မစွပ်စွဲချင်။

အစတည်းက ကိုယ်မပိုင်သည့်နေရာပဲ။ ကိုယ်က လုယူနေတာ မဟုတ်ပါဘဲ တိုက်ခိုက်ခံနေရတာကိုနာကျင်တာ။

လက်သီးကိုတင်းတင်းဆုပ်မိချိန်မှာ သူမက မတ်တပ်ရပ်အနေ အထားနှင့် သူ့အနားကိုလျှောက်လာကာ သူ့ကိုဘေးဘက် တစ်ချက် တွန်း၍ သူထိုင်သည့်နေရာမှာ ဝင်ထိုင်လိုက်၏။

သူမလုပ်ရပ် ရိုင်းတာကြောင့်လား။ သူ့ကိုသနားကရုဏာဖြစ် သွားကြတာလားမသိဘဲ အားလုံး အံ့အားသင့်မင်တက်သွားကြသည်။

သူ့အသားတွေ တဆတ်ဆတ်တုန်ကာ မျက်နှာတစ်ခုလုံး ပူထူ နီမြန်းသွား၏။ မာနကို အချိုးခံရတာ လူတွေရှေ့မှာ သိက္ခာချခံရတာ။ သူမ ဘာဆိုတာထက် သူ့ကိုဘာဆိုတာ လူတွေရှေ့မှာသိပြီး သိမ်ငယ်စေ ချင်အာ။

သူမကို ရှုးစိမ်းကာကြည့်၍ လက်သီးကိုဆုပ် အံကိုကြိတ်လိုက် သည်။ ချာခနဲ လှည့်ထွက်လာခဲ့သည့်အချိန်မှာ တိုနေရာတွင် မျက်ရည် စက်တွေ ကြွေကျခဲ့သည်ထင်၏။

မြူမှုန်ခြယ် နင့်ကိုငါ မုန်းတယ်။ နာကြည်းတယ်။

မုန်းတယ် မြူမှုန်ခြယ်။ မုန်းတယ်။

နာကြည်းစက်ဆုပ်မှုများဖြင့် အထပ်ထပ်ရေရွတ်မိသည်။

အဲဒီအမုန်းတရားတွေနဲ့ . . . ။

■ ■ ■



## အခန်း (၁၂)

အမုန်းတရား အငွေ့အသက်တွေကိုယ်ခန္ဓာမှာ ကပ်ငြိပါလာတာ မို့ သူ အိမ်မပြန်ချင်သေး။ မခံမရပ်နိုင် ဒေါသများဖြင့် မြူမှုန်ခြယ်ကို အဖေ့ရှေ့မှာဖေါက်ကွဲမိမှာစိုးသည်။

ကိုယ့်ဘက်က အလွန်တွေဖြစ်လျှင် ဘယ်သူက ကိုယ့်ဘက်က နေ ကာကွယ်ရပ်တည်ပေးမှာလဲ။ ငဲ့ညှာသနားမှာလဲ။

သူ့ကိုကာယ်တင်ထားသော ဖေဖေလည်း သမီးကိုလွန်ဆန်နိုင် တာမှမဟုတ်တာ။ နေရာတစ်ခုပျောက်သွားတာထက် ကိုယ့်ကို တလေး တစားရှိနေသည့်လူတွေရှေ့မှာ အရှက်ခွဲခံရတာ အသည်းဆတ်ဆတ်ခါ အောင် နာသည်။

ဒါပေမဲ့ သူ့မှာ ဘာမှတုံ့ပြန်နိုင်သည့်အင်အားမရှိ။

"ဟာ အစ်ကိုလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ကားရပ်သံကြားတော့ ရေဆွဲနေရာမှ ဆက်ပိုင်ဖြိုး လေး သူ့ဆီပြေးလာ၏။ အိမ်နားဝန်းကျင် တချို့အပြင်ထွက်ကြည့်ကြ တော့ ဒီမောင်နှမဆီလာရတာ ကိုယ့်စိတ်မှာမလုံချင်။

"မမရော ရှိလားညီ"

"ဟုတ်ကဲ့ ထမင်းဟင်းချက်နေတာ ကျက်လောက်ပါပြီ၊ ကျွန် တော်က မမရေချိုးဖို့ ရေဆွဲပေးနေတာ"

"မင်းခြေထောက်က သက်သာလား"

"သက်သာတယ် အစ်ကို၊ ရေဆွဲနိုင်ပြီ၊ အလုပ်လည်း လုပ်နိုင် ပါပြီ"

"အရင်အလုပ်ပြန်လုပ်နေပြီလား"

ဆက်ပိုင်ဖြိုးလေး ငြိမ်သက်သွား၏။ နှုတ်က ဝန်မခံသော်လည်း သူ စိုးရိမ်သွားသည်။ ဒီအလုပ်လုပ်ရင်း တစ်နေ့နေ့ အဖမ်းအစီးခံရပြီး ထောင်တန်းကျသွားလျှင် အစ်မဖြစ်သူ ထနောင်းရိပ်ဘဝ ဘယ်လိုဖြစ် သွားမလဲ။

"မောင်လေး ကိုနိုင်းလား"

"ဟုတ်ကဲ့ မမ၊ အစ်ကို အလည်လာတာ"

"အိမ်ပေါ်တက်လေ ကိုနိုင်း"

"ဟင်"

ဆက်ပိုင်ဖြိုးလေး ပခုံးကိုဖက်၍ အိမ်ပေါ်လှမ်းတက်လိုက်ချိန် မှာ သဘက်စောင်လေး မလုံတလုံပက်၍ ထဘီရင်လျားထားသော ထနောင်းရိပ်ကို မြင်လိုက်ရ၍ ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်ရင်း မျက်နှာလွှဲ လိုက်ရသည်။





ဒါကို ဆက်ပိုင်ဖြိုးလေးက သဘောပေါက်ဟန်တူပြီး သူ့အစ်မ ဆက်ကို ဆွဲ၍

"မမ ရေအမြန်ချိုးလိုက်လေ၊ ကျွန်တော် သနပ်ခါးသွေးထား မယ်နော်"

"အေး အေး မောင်လေး ကိုနိုင်း ခဏနော်"

"ဟုတ်ပါပြီ"

ကြမ်းခင်းလေးမှာပင်ထိုင်ရင်းဖြင့် သူ ဒီလိုမျိုး မိန်းကလေး အပျိုလေးရှိသည့်အိမ်ကိုလာနေတာ သင့်တော်ပါ့မလားဟု အတွေးဝင်၏။ ဒီနားပတ်ဝန်းကျင်ကရော ထနောင်းရိပ်ကို ဘယ်လိုထင်နေကြမလဲ။

ဆက်ပိုင်ဖြိုးက ထနောင်းရိပ်ကို ရေစည်ပိုင်းနားလိုက်ပို့ပြီး ကျောက်ပျဉ်သေးသေးလေးမှာသနပ်ခါးသွေးရင်းနှင့်

"အစ်ကို အလည်သက်သက်ပဲလား"

"အင်း ဆိုပါတော့၊ မင်းသက်သာပြီလား၊ ဆေးခန်းပို့ရဦးမလား လာကြည့်တာကွ"

"ကျွန်တော် သက်သာလာပါပြီ အစ်ကို၊ နောက်ကို အစ်ကို လာရင်ရပါပြီ"

"ဟင် ဘာဖြစ်လို့လဲ၊ အစ်ကိုလာတာ မကြိုက်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့က အစ်ကို့ကို လာစေချင်တာပေါ့၊ ဆွေမျိုးသားချင်း မရှိတော့ အားလည်းကိုးမိတယ်၊ ဒါပေမဲ့ ဒီပတ်ဝန်းကျင် က လူတွေကတစ်မျိုးပဲ အစ်ကို"

"ဟင် ဘယ်လိုတစ်မျိုးလဲ"

"မမထနောင်းရိပ်က သူဌေးဆီက ချူစားနေတာတဲ့ အငယ်



www.burmeseclassic.com

www.burmeseclassic.com



အနောင်းဖြစ်ရုံပဲရှိမယ်၊ ဟိုကအတည်ယူပုံမလား။ ဘာညာနဲ့ အတင်းပြော
နေကြတာ ကျွန်တော် ကြားတယ်''

''ဩော်''

အဲဒါကြောင့် အရင်အခေါက်တွေလောက် ဆက်ပိုင်ဖြိုး ဟက်
ဟက်ပက်ပက် ဖော်ဖော်ရွေရွေ မရှိတာပါလားဟု အတွေးဝင်သွား
သူ စိတ်မကောင်းဖြစ်သွားကာ

''ဒီအကြောင်းပြောတာ ထနောင်းရောသိလား''

''အဲဒီလူတွေပြောတာတော့ ကျွန်တော်ပဲ ကြားတာပါ၊ ဒါပေမဲ့
ဒီရပ်ကွက်လေးမှာ လူကြီးလုပ်နေတဲ့သူကတော့ မမထနောင်းကို ကိုယ်
တိုင်လာပြောတယ်''

''ဘာပြောလဲ ညီ''

''ဒီလိုမျိုး လုပ်စားနေတာ ရပ်ကွက်နာမည်ပျက်တယ်တဲ့
နာမည်ပျက်ရင် ဒီကျူးကျော်ရပ်ကွက်မှာနေတဲ့လူတွေအားလုံး တခြား
နေရာကိုရွှေ့ရပြောင်းရလိမ့်မယ်လို့ ပြောတယ်''

''ဘာ''

ဒါဟာ ဘာသဘောနှင့်ပြောတာလဲ။ ထနောင်းရိပ်တို့မောင်နှမ
ကို အထင်မြင်သေး နှိမ့်ချစော်ကားတာပဲဖြစ်မည်။

သူ ပေးကမ်းထောက်ပံ့တာကို မနာလိုမရှုစိမ့်ပြီး အတင်းပြော
အကျယ်ချဲ့ကြတာပါလား။

''မောင်လေး''

''ဩော် မမ ပြီးပြီလား''

ဆက်ပိုင်ဖြိုးက ထနောင်းရိပ်ကိုတွေ့ပြီး အကျိုလဲဖို့ အခန်းထဲ





ခေါ်သွားသည်။ ပြီးမှ သနပ်ခါးလိမ်းဖို့ ကျောက်ပျဉ်လေးယူကာ အခန်းထဲ
ထဲက ခဏာနေတော့ မောင်နှမနှစ်ယောက်လုံး ပြန်ထွက်လာကြသည်။
သူထိုင်နေရတာတောင် ဆက်ပိုင်ဖြိုးတို့မောင်နှမကို အားနာ၍ စိတ်ထဲမှာ
လုံချင်။

''ထနောင်း ကိုယ်ပြန်တော့မယ်''

''ဟင် ပြန်တော့မလို့လား။ အခုမှ ရောက်တယ် နေပါဦးလား''

''အစ်ကိုကို ဟိုအကြောင်းတွေပြောလိုက်လို့ အားနာပြီး ပြန်
အထင်တယ် မမ''

''ဩော် ပတ်ဝန်းကျင်ဆိုတာ ဒီလိုပါပဲ၊ ကိုယ်မဟုတ်ရင် ပြီး
ရောလေ၊ ဒီပတ်ဝန်းကျင်က အိမ်သေးသေးလေးတွေနဲ့နေလို့ ပိုပြီး အမြင်
ကျဉ်းတယ် ပြောရမလား။ အလုပ်မရှိလို့ သူများကို ပိုပြီးဝေဖန်ဖို့အချိန်
ရတယ် ပြောရမလား၊ မြေနိမ့်ရာလှံစိုက်ချင်တာ ထနောင်းတို့ကံတရားပဲ
သား မသိဘူး''

''ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့်တော့ ထနောင်းတို့ဂုဏ်သိက္ခာ
ကို မထိခိုက်စေချင်ပါဘူး။ ပြီးတော့ ဒီလိုနေရာမှာ ထနောင်းတို့တဝလေး
ရှိတဲ့နွမ်းပါးလို့ သူများတွေနှိမ့်ချအထင်သေးခံနေရတာကိုလည်း စိတ်
မကောင်းဘူး''

''လူတွေက သူများကိုပဲ လက်ညှိုးထိုးချင်လို့ပါ၊ သူများကို
လက်ညှိုးထိုးတော့မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရတယ်ဆိုတာ
မေ့နေကြတယ်၊ ထနောင်းလည်း ဒီပတ်ဝန်းကျင်မှာ မနေချင်ပါဘူး
ဒါပေမဲ့ ထနောင်းတို့က ဒီနေရာနဲ့ပဲ တန်တယ်လေ''

''ထနောင်းရယ်''



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီအတိုင်း ထနောင်းတို့ဘဝလေးကိုလျစ်လျူရှုမထားချင်။ သူ ဘာလုပ်ပေးနိုင်မလဲ စဉ်းစားရင်းဖြင့် ဖေဖေ့ကို အကူအညီတောင်း ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

''ကိုယ်တစ်ခုစဉ်းစားထားတာ ရှိတယ် ထနောင်း။ ဖေဖေ့ကို အကူအညီတောင်းကြည့်မယ်၊ ထနောင်း မျက်လုံးပြန်မြင်နိုင်မယ်ဆိုရင် ကုပေးချင်လို့ပါ၊ ပြီးတော့ ဒီနေရာကနေ ပြောင်းဖို့ရွှေ့ဖို့''

''ရှင် ကို ကိုနိုင်း တကယ်ပြောတာလား''

''အခုခေတ်မှာ လူတိုင်း ကိုယ့်အသိစိတ်ကိုယ့်သဒ္ဓါစိတ်နဲ့ ပရဟိတ လုပ်နေကြပါပြီ၊ ထနောင်းတို့မောင်နှမကို ကိုယ်တတ်နိုင်သလောက် ကူညီခွင့်ရချင်တယ်''

''အစ်ကို တ တကယ်ပြောတာလားဟင်၊ မမကို မျက်စိကုပေး မှာလား''

ဆက်ပိုင်ဖြိုးတို့ မောင်နှမနှစ်ယောက်လုံး စိတ်ဖောသန်က အားတက်သရော မေးကြသည်။ မျှော်လင့်ချက်လေးအတွက် သေချာပါ့ မလားလို့ စိုးရိမ်ကာ တိတိကျကျ သိချင်ကြတာဖြစ်မည်။

''အစ်ကို ကြိုးစားမှာပါ ညီ၊ အခုသေချာ ကတိမပေးနိုင်သေး တာက ဖေဖေ့ဆီက အကူအညီတောင်းရမှာမို့ပါ''

''ဟင် အစ်ကိုက သူဌေးမဟုတ်ဘူးလား''

''မဟုတ်ပါဘူး''

''ဒါဆို သူဌေးသားပေါ့''

''အင်း ဘယ်လိုပြောရမလဲ၊ သူဌေးသားလို့လည်းပြောလို့မရ ဘူး။ အစ်ကို့ကို သူဌေးကြီး ဦးဖြတ်ဖုန်းမောင်က မွေးစားထားတာ၊ အ





လည်း ပိုင်ဆိုင်မှုတွေ ခွဲဝေရမယ့် အမွေစားအမွေခံသား မဟုတ်ပါဘူး၊ အစ်ကို့ကို ညီတို့လို ဘဝမျိုးကနေ ကယ်တင်ထားတဲ့ကျေးဇူးရှင်ပေါ့''

''ဗျာ''

''ဟင် ကိုနိုင်း''

မောင်နှမနှစ်ယောက် အံ့ဩသွားကြဟန်တူသည်။ သူတို့လို ဘဝတူချင်းဆိုတာကို မယုံနိုင်ဘူးနေမှာပေါ့။ သူက နှာခေါင်းဝမှာ တိုးဝင် လာသော ထနောင်းရိပ်ဆီက သနပ်ခါးရနံ့လေးကို ရှိုးသားစွာ ရှူရှိုက် မိရင်းနှင့်

''တကယ်ပါ အစ်ကိုလည်း မင်းလိုဘဝမျိုးပဲ ညီ''

ဆက်ပိုင်ဖြိုး မျက်စိမျက်နှာပျက်သွား၏။ သူနိုးခါးပိုက်နှိုက်ဆို တာ အစ်မမသိအောင် ဖုံးကွယ်ထားတာ ဖြစ်၍ သိစေချင်ပုံမပေါ်။ သိ သွားလျှင်လည်း မောင်လေးအတွက် ထနောင်းရိပ် ရင်ကျိုးရမှာပါ။

ဒီလို သူနိုးခါးပိုက်နှိုက် မဟုတ်ဘဲ သူမကို ရိုးရိုးသားသား ရှာဖွေကျွေးနေတယ်ပဲ ထင်နေရှာတာ။ သူက ဒါကိုနားလည်ကာ

''ကိုယ်လည်း ငယ်ငယ်က အရမ်းကိုဆင်းရဲချို့တဲ့ခဲ့တာ၊ ဖေဖေ နှိုနေစဉ်အချိန်ကတော့ ထမင်းနပ်မှန်အောင် စားပြီး ပညာလည်းသင်နိုင် ခဲ့တယ် ပြောရမှာပဲ၊ မေမေက ဖေဖေ ပြန်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျန်းမာရေးကောင်းနေတော့ ကိုယ့်ကိုစောင့်ရှောက်နိုင်တယ်လေ၊ နောက် ပိုင်း ဖေဖေ ပြန်မလာနိုင်တော့ဘူး ဆုံးပြီဆိုမှ စိတ်တွေကိုလျှော့ချလိုက် တော့ စိတ်ထိခိုက်ပြီး ကျန်းမာရေးချို့တဲ့သွားတာ''

''ဪ''

''အဲဒီအချိန်တည်းက ဘာမှနားမလည်သေးတဲ့အရွယ်မှာ အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မျိုးစုံလုပ်ပြီး အမေ ကျန်းမာရေးအတွက် စားဝတ်နေရေးအတွက် ငွေရှာခဲ့ရတယ်၊ ပညာလည်း အဲဒီကတည်းက မသင်ရတော့ကာပဲ''

''ဒါဆို ကိုနိုင်းကို ကယ်တင်လိုက်တဲ့ ဦးမြွတ်ဖုန်းမောင်က တကယ်ကျေးဇူးရှင်ပဲ၊ သူ့မှာမိသားစုမရှိဘူးလား''

''မိန်းမကတော့ ဆုံးသွားပြီ၊ သမီးလေးတစ်ယောက်ရှိတယ် မြူမွန်ခြယ် တဲ့''

''သူကရော ကြည်ဖြူရဲ့လား။ မိသားစုလိုရော သတ်မှတ်ရဲ့ လား''

ထိုမေးခွန်းကို ထနောင်းရိပ်တို့ စိတ်မကောင်းဖြစ်မှာစိုး၍ မဖြေ ချင်။ ဒါကြောင့် စကားလမ်းလွှဲကာ

''ကဲ ဒါဆို ကိုယ်ပြန်လိုက်တော့မယ်၊ ထနောင်းတို့အိမ်ရှေ့မှာ ကိုယ့်ကားရပ်ထားတာမြင်ပြီး သူများတွေ အကုသိုလ်များနေမှာစိုးလို့''

''မသေချာသေးတောင်မှ ကျေးဇူးတင်စကားလေးတော့ ပြော ပါရစေဦး ကိုနိုင်း၊ ထနောင်းတို့ဘဝက ကယ်တင်မယ့်သူရှိမှ ဒီအဖြစ် ဆိုးက လွတ်မြောက်မှာပါ၊ ထနောင်းတို့လိုကူကယ်ရာမဲ့ပြီး ဒုက္ခရောက် နေတဲ့လူတွေအများကြီးပါ၊ ပြည့်စုံတဲ့သူတွေက မလိုချင်လောက်အောင် နောင်ဘဝထိ သုံးဖြုန်းလို့မကုန်အောင် ပိုလျှံနေပြီး ဆင်းရဲနွမ်းပါးချို့တဲ့ တဲ့သူတွေမှာ ထမင်းနပ်မှန်အောင်စားဖို့ ဘဝကိုရင်းပြီးတောင် ရုန်းကန် နေရပါတယ်၊ အဲဒါကြောင့် ကိုနိုင်း။ အခုလို မျှော်လင့်ချက်လေးပေးတာ ကိုတောင် ကျေးဇူးတင်မိပါတယ် ကိုနိုင်းရယ်''

''ထနောင်းရယ်''

ရင်ထဲထိခိုက်လောက်အောင် သနားသွားရသည်။ ဘဝတူချင်း





ဖြစ်ခဲ့တာမို့ မဆိုင်သလို မျက်နှာရှောင်လွှဲမသွားနိုင်ပါ။

ဖေဖေ့ကိုပြော၍ အကူအညီတောင်းရမည်။ ဖေဖေ့ကိုအသိပေး သင့်သည်ဟု ထင်လို့ပါ။ ဖေဖေ ခွင့်ပြုလျှင် ထနောင်းတို့မောင်နှမကို အတတ်နိုင်ဆုံး ကူညီဖို့ ဆုံးဖြတ်လိုက်သည်။

ဒါဟာ ကိုယ်ချင်းစာတရားကြောင့်လည်းဖြစ်သလို လူသားချင်း စာနာထောက်ထားဖို့ လူတစ်ယောက်ရဲ့တာဝန်ဟုလည်း ထင်မိသည်။

ဒီကိစ္စကိုတော့ မြူမွန်ခြယ် ကျေနပ်ခြင်း မကျေနပ်ခြင်း နား လည်ခြင်း နားမလည်ခြင်းကို ဂရုမစိုက်နိုင်။

သူ့အနေနှင့် ဖေဖေ့ဆီမှာ ဒီတစ်ခုပဲ တောင်းဆိုမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သား တောင်းဆိုတာကို ဖေဖေ နားလည်တယ်၊ လူနှစ်ယော
ရဲ့ဘဝကို ကယ်တင်ချင်တဲ့ သားရဲ့စိတ်ကိုလည်း လေးစားတယ်၊ ဒါပေ
တစ်သက်စာ တာဝန်ယူရမှာမျိုး ဖြစ်လာခဲ့ရင် သား ဘယ်လိုလုပ်မလ

"ဖေဖေ ဘာကိုဆိုလိုတာလဲ"

"ထနောင်းရိပ်က သားနဲ့မတိမ်းမယိမ်းဆို၊ သမီးမြူမှုန်ခြ
နဲ့ရွယ်တူလောက် ဖြစ်မှာပဲ၊ သား ရိုးရိုးသားသား ကူညီချင်တာ
ဟုတ်ရဲ့လား"

"ဗျာ"

ဒီကိစ္စကို မရိုးမသား သူမတွေးဖြစ်ခဲ့။ ရိုးသားစွာ ကူညီချ
တာကတော့ ဘဝတူချင်းမို့ ကိုယ်ချင်းစာလို့ပင်။

"ရိုးရိုးသားသားပါ ဖေဖေ၊ မတော်တဆ ဆုံစည်းခဲ့ရာက သာ





ဘဝနဲ့ကိုယ်ချင်းစာလို့ပါ၊ အရမ်းကိုသနားစရာကောင်းပါတယ်၊ မိမရှိ ဖမရှိနဲ့ မျက်စိမမြင်တဲ့အစ်မကို ဒီလိုအလုပ်မျိုးနဲ့ ရှာဖွေကျွေးမွေးစောင့် ရှောက်နေရာက မတော်တဆ ထောင်တွေတန်းတွေကျသွားခဲ့ရင် ပိုပြီး ဒုက္ခရောက်ရာ နိုးကိုးရာမဲ့သွားပါလိမ့်မယ်"

"အေးလေ သားဆန္ဒရှိတယ်ဆိုရင် လုပ်ပါ။ ဖေဖေကတော့ ငွေရေးကြေးရေးကလွဲရင် ဘာတာဝန်မှ ယူနိုင်မှာမဟုတ်ဘူး။ ဒီဘက်မှာ အသင်းအဖွဲ့တွေနဲ့မရပ်တလုပ်တာ ရှိတယ်၊ အလှူအတန်းတွေရှိတယ်၊ ပြီးတော့ ကျောင်းဆောက်ဘုရားတည်လုပ်နေတာလည်း သားအသိပဲ၊ ဖေဖေကိုယ်တိုင် ကိုယ်ဖိရင်ဖိ မစောင့်ရှောက်နိုင်ပေမယ့် သားလိုအပ်တာ ကို ပံ့ပိုးပေးပါ့မယ်"

"အဲလောက် နားလည်ခွင့်ပြုတာပဲ ကျေးဇူးတင်နေပါပြီ ဖေဖေ၊ သားအတွက် ဘဏ်အကောင့်ဖွင့်ပေးထားတဲ့အထဲကပဲ အသုံးပြုပါမယ်၊ ဒါက ဖေဖေ့ထောက်ပံ့မှုပဲ၊ ဒါနဲ့ မြူကို ဖေဖေ တာဝန်ပေးလိုက်တဲ့ကိစ္စ"

"အဲဒါကို ဖေဖေ စိတ်မကောင်းဖြစ်နေတာ သား။ ဖေဖေ့ကို အားလုံးက ဆွေးနွေးကြတယ်၊ တိုင်ပင်ကြတယ်ပေါ့ကွာ၊ သမီးလုပ်သွား တာ လွန်တဲ့အကြောင်းပေါ့၊ သားကိုအားလုံးက ယုံကြည်နေ လေးစားနေ ကြတဲ့နေရာမှာ သမီးအရမ်းရိုင်းသွားတာကို ဖေဖေ တောင်းပန်ပါတယ်"

ဖေဖေက တောင်းပန်စကားပြောတော့ သူ မနေတတ် မထိုင် တတ် အားနာသွားမိ၏။ သူ့လိုလူမျိုးကို ဖေဖေ တောင်းပန်စရာမလိုပါ။

တကယ်ဆို သမီးက မကြည်ဖြူ မကျေနပ်ရင် နှင်ထုတ်လို့ တောင် ရနေတာပဲ။ သူကပင် ရိုကျိုးစွာနှင့်

"အဲဒါ ဖေဖေ တောင်းပန်ရမှာ မဟုတ်ပါဘူး၊ အစတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ရည်ရွယ်ထားတဲ့နေရာကို သူ့ကိုလွှဲပေးလိုက်တာ မဟုတ်လား ဖေဖေ''

''သူ့ဆန္ဒရှိနေတာကို အတိုက်အခံမလုပ်ချင်တော့လို့ပါ သား။ သမီးနဲ့ပဋိပက္ခဖြစ်နေရတာကို ဖေဖေ ပင်ပန်းလာပြီ၊ အဲဒါကြောင့် သားကို အားနာနာနဲ့ သမီးကိုခွင့်ပြုလိုက်ရတာပါ၊ ဒါပေမဲ့ သားကိုအရှက်တကွဲနဲ့ လူရှေ့သူရှေ့ နှိမ့်ချလိုက်တာကိုတော့ သမီးကို ဖေဖေဆုံးမမှဖြစ်မယ်''

''သားအပေါ် ပိုပြီးအငြိုးထားစရာဖြစ်သွားပါဦးမယ်၊ ဘာမှ မပြောပါနဲ့တော့ ဖေဖေ၊ သားစိုးရိမ်တာက စီမံမှုမတတ်ရင် စည်းရုံးသိမ်းသွင်းမှုလမ်းမရှိရင် ဝန်ထမ်းတွေ နာခံမှာမဟုတ်ဘူး။ ပြီးတော့ သစ္စာမဲ့နိုင်တယ်၊ ပုန်ကန်မှုဖြစ်နိုင်တယ်''

''သားပြောတာ အမှန်ပါပဲ၊ ဘယ်လောက်ပဲချမ်းသာတဲ့လုပ်ငန်းရှင်ဖြစ်ပါစေ မတတ်ရင် ဆရာလုပ်လို့မရဘူး၊ ဝန်ထမ်းက ပညာပြရင် နစ်နာဆုံးရှုံးမှာက လုပ်ငန်းရှင်သူဌေးတွေပဲ၊ ဒါကို သမီး နားမလည်ဘူး''

ဦးမြတ်ဖုန်းမောင် အသံက တကယ်ကို စိတ်ပျက်အားလျော့နေသည်။ သူ ဖေဖေ့ကိုမြှောက်ပြီးအားမပေးချင်တော့။ လောဘနှင့်တွယ်ကပ်နေတာ မဟုတ်၍ အရာရာ ရောင့်ရဲနိုင်ပါသည်။

ဒါပေမဲ့ မြူမှုန်ခြယ်နှင့်ပတ်သက်ပြီး သည်းခံရတာတွေ များလာ၍ ရင်မှာအဖုအထစ် မကျေမနပ်ခြင်းတွေ ကြီးမားနေမိသည်။

ရင်မှာ မြူမှုန်ခြယ် ပစ်ခွင်းခံထားရသည့်ဒဏ်ရာတွေနှင့်ပါ။

''သား''

''ဗျာ''

''သားအရမ်းစိတ်ထိခိုက်နေတယ် မဟုတ်လား၊ သားအတွက်





ဖေဖေ တစ်ခုခု စီစဉ်ပေးမှာပါ''

''သားအတွက် နေရာက အရေးမကြီးပါဘူး ဖေဖေ၊ အရင်ဘဝကို ပြန်မရောက်ချင်လို့ ဒီနေရာကမခွာနိုင်တာလည်း မဟုတ်ပါဘူး။ ယောက်ျားပါ မာနရှိပါတယ်၊ နှိမ့်ချခံနေရတာကို ရှက်လည်းရှက်တတ်ပါတယ် ဖေဖေ၊ ဒါပေမဲ့ သားမှာအမိအဘမရှိတော့တဲ့အတွက် မေတ္တာတရားတော့ လိုအပ်နေပါတယ်၊ အဲဒီမေတ္တာတွေ ဖေဖေ့ဆီက ရနေတဲ့အတွက် မြူ့ကြောင့် ဖေဖေ စွန့်လွှတ်လိုက်မှာကိုတော့ စိုးရိမ်တယ်''

''သား''

သနားကရုဏာသက်စွာနှင့် နှိုင်းယှဉ်လက်ကို ဦးမြတ်ဖုန်းမောင် ဆုပ်ကိုင်ထားမိပြီး

''ဖေဖေ့မေတ္တာတွေနဲ့တော့ မဝေးစေရပါဘူး သားရယ်၊ တခြားကိစ္စတွေမှာ သမီးစိတ်တိုင်းကျ ဖြစ်နေရတယ်ဆိုတာ ဖေဖေ့ဘက်က အားနည်းချက်တွေ ရှိနေတာကြောင့်ပါ ပါတယ်၊ ဒါကို သားနားလည်ပေးပါ''

သူ ခေါင်းညိတ်ရုံကလွဲ၍ ဘာတတ်နိုင်မှာလဲ။ မြူမှုန်ခြယ်ဆိုတာ ဦးမြတ်ဖုန်းမောင်ရဲ့သွေးသားအရင်းမဟုတ်ပါလား။ သူ့လို သူစိမ်းတစ်ယောက်အနေနှင့် ဒါကိုမကျေနပ်ပါဘူး၊ ဒီလို စီမံပေးပါလို့ တောင်းဆိုနိုင်ခွင့်မှမရှိတာ။

ဖေဖေနှင့်စာကြည့်ခန်းထဲမှာ စကားပြောပြီး ခြံဝင်းထဲကို ဆင်းလာခဲ့သည်။ လက မှောင်မိုက်နေသော်လည်း ငွေရှင်ကြေးရှင် မနေရှင်တွေကို ပိုင်ဆိုင်သော ခြံဝင်းကျယ်ကြီးက မီးရောင်တွေထိန်ထိန်ညီးလျက် အလင်းရောင်တွေ ဖြာထွက်နေသည်။ ဒဏ်ရာဒဏ်ချက်တွေနှင့် သူ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်နိုင်လွန်းလို့ပါ။

"ကိုနိုင်း"

"ဪ ကိုသောင်း ခြင်းထဲလှည့်နေတာလား"

"အင်း မင်းကရော အိပ်မပျော်လို့ ခြံထဲဆင်းလာတာလား"

"ဟုတ်ကဲ့ စိတ်တွေမွန်းကျပ်နေလို့၊ အလုပ်လည်း လုပ်မရ အခန်းထဲလည်း နေလို့မရဘူးဗျာ"

"မြူမှုန်ခြယ်ကြောင့်ပဲ မဟုတ်လား"

"ခင်ဗျားကို ဘယ်သူပြောတာလဲ"

"သူ့ဒွေးလေ၊ ညနေက ကားမောင်းပေးပါဆိုတာနဲ့ သွားကြို တယ်၊ သူ့ဒွေးက အသက်ကြီးလာတော့ စိတ်ထိခိုက်စရာရှိရင် ကားမောင်း ဖို့တောင် အဆင်မပြေတော့ဘူးကွ"

"ဖေဖေ့ကို ကျန်းမာရေးသိပ်မကောင်းဘူးလို့ ပြောချင်တာ လား"

"မင်းမသိဘူးလား၊ ငါနဲ့ဆေးသွားစစ်တာတောင် နှစ်ခါရှိပြီ"

"ဘာရောဂါတဲ့လဲ"

"ရောဂါအမည်တော့ အတပ်မခံရသေးဘူးထင်တယ်၊ ဒါပေမဲ့ နှလုံးက ခံနိုင်ရည်မကောင်းဘူး၊ အားနည်းတယ်ဆိုလား၊ ဆေးသောက် ရင်တော့ ပျောက်သွားမှာပါလို့ ဆရာဝန်က ပြောတယ်တဲ့"

"ဟင်"

ကိုယ်မသိတာကို ကိုသောင်း သိနေတာက ဖေဖေ့ကို ကိုယ်က ဂရုမစိုက်မိခဲ့တာလား။ ကိုသောင်းက ခြံအဝင်ဝက အုတ်ခုံတန်းလေးမှာ ဝင်ထိုင်တော့ သူလည်း ထိုင်မိလိုက်ကာ





"အဲဒီလို ဆေးစစ်တယ်ဆိုတာကို မြူမှုန်ခြယ်ရော သိသလား ကိုသောင်း"

"ကြီးကြီးကျယ်ကျယ် မဟုတ်တော့ သူ့သမီးလည်း သူ့ဒွေးက အသိမပေးဘူးထင်ပါတယ်၊ ဒါပေမဲ့ လုပ်ငန်းတွေကိုတော့ သူ့သမီးကို နားလည်စေချင်တဲ့သဘောရှိတယ်၊ ဒါမှကျန်းမာရေးမကောင်းရင် အဆင် ပြေမှာလေ"

"ဪ"

အခုမှ သူ-အတွေးပေါက်သည်။ ရောဂါကြောင့် တစ်ခုခုမဖြစ် ခင် မြူမှုန်ခြယ်ကို နေရာမြန်မြန်ပေးထားသည့် သဘောမျိုး သက်ရောက် နေပြီ မဟုတ်ပါလား။

မြူမှုန်ခြယ် နားမလည်တောင် အနီးကပ်သင်ပေးလို့ရအောင် ဘူမှုကိုမှာပဲ ခေါ်ထားတာဖြစ်မည်။ ဒါဆို သူ့နေရာဖယ်ပေးလိုက်ရခြင်း သာ မြူမှုန်ခြယ်တစ်ယောက်တည်းရဲ့ဆန္ဒသက်သက် မဟုတ်နိုင်ပေ။

သမီးဆန္ဒကို အတိုက်အခံမလုပ်ချင်လို့ဆိုတာ သဘောရိုးနှင့် ပြောတာမဟုတ်ဘူးပေါ့။ သူ့စိတ်ထဲ စနောင်းစနင်းတောင် ဖြစ်လို့သွား သည်။

"ကိုသောင်း"

"ဟေ"

"ဖေဖေနဲ့တခြား ဘာတွေပြောဖြစ်သေးလဲ"

"ဘာကိုပြောဖြစ်သေးတယ် မေးတာလဲ"

"လုပ်ငန်းကိစ္စတွေပြောတာပါ၊ အခု စိန်အကြောင်း ငွေ အကြောင်း ကျောက်အကြောင်း သေချာနားမလည်ဘဲ ပညာရှင်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ့်နေရာကို မြှုမှုန်ခြယ် ဝင်လာတယ်၊ ဆိုင်ခွဲတွေနဲ့ ပင်မဆိုင်ကြီး မှာ အရောင်းတာဝန်ခံနေရာကို အောက်ကျတယ်ထင်နေလား မသိပါ ဘူး''

''သေချာတာက မင်းကိုနေရာမပေးချင်တာဘဲ၊ အဓိကက ပညာရှင်တွေကို အာဏာနဲ့နိုင်းစားရမယ့်နေရာလေ၊ ပစ္စည်းလေးပြပြီး ရောင်းရတဲ့နေရာကို ဘယ်သူ့ဈေးသမီးက နေချင်ပါ့မလဲ၊ အဲဒါက ဆိုင် တစ်ဆိုင်မှာ ဆိုင်တာဝန်ခံတစ်ယောက်လောက်ရှိရင် ဝန်ထမ်းလေး ထား ပေးရုံနဲ့ ပြီးတဲ့ကိစ္စ''

ကိုသောင်း ပြောတာ မှန်နေတာမို့ သူ ခေါင်းညိတ်ထောက်ခံ မိကာ

''ကိုသောင်းပြောတာ အမှန်ပဲ၊ ပစ္စည်းအရေအတွက်နဲ့ ငွေ တန်ဖိုးကို အထက်ကဖြတ်တာ၊ ဒီဇိုင်းနဲ့ပတ်သက်ရင်လည်း ပညာရှင်နဲ့ ပန်းထိမ်ဆရာက အဓိကပဲ၊ အဲဒီတော့ အဲဒီအဓိကနေရာမှာ မြှုမှုန်ခြယ် နေချင်တာ၊ ဖေဖေ ဖြစ်စေချင်တဲ့ဆန္ဒလည်း ပါတာပေါ့နော်''

''ငါ့အထင်ပြောတာပါ၊ ဦးမြတ်ဖုန်းမောင်က ကားပေါ်မှာ ရင် ဖွင့်တယ်၊ နိုင်းယှဉ်ရာထူးကျသလိုဖြစ်သွားတာ စိတ်မကောင်းဘူးတဲ့ သမီးကလည်း ဒီနေရာကို အရမ်းလိုချင်နေတာတဲ့လေ၊ ပြီးတော့ အညွှ အချင်းမမီသေးတာ အမှားအယွင်းဖြစ်နိုင်လို့ စိုးရိမ်တယ်သာပြောတာ သမီးကိုချုပ်ကိုင်နိုင်တာလည်း မဟုတ်ဘူး၊ အဲဒါကြောင့် ဦးမြတ်ဖုန်းမောင် စိတ်ဖိစီးမှုများသွားတာထင်တယ်''

ကိုသောင်း သဘောရိုးနဲ့ပြောနေသလား မသိပေမယ့် သူက တော့ အတွေးများသွားရသည်။ သူ့ကို မပယ်ထုတ်ချင်လျှင် မြှုမှုန်ခြယ်





ကိုနေရာပေးဖို့ ဘာကြောင့်အချိန်ကိုမစောင့်တာလဲ။

ဒါကြောင့် သူစိမ်းကို သွေးသားရင်းထက်မပိုကြဘူးလို့ ပြော ကြတာဖြစ်မည်။

ထိုအတွေးကြောင့် ရင်ထဲတော့ နင့်ခနဲပါ။ ဒါပေမဲ့ အားနည်း ချက်တစ်ခုကြောင့် သမီးဆန္ဒတွေကို လိုက်လျောနေရတာ နားလည်ပေး ါဆိုသည့်စကားကြောင့် သူ သက်ပြင်းငွေ့ငွေ့ချမိသည်။

''ဖေဖေ့မှာ မြှုမှုန်ခြယ်ကို မလွန်ဆန်နိုင်တဲ့အားနည်းချက်ရှိ ဘယ်ဆိုတာ ဘာလဲ ကိုသောင်း သိလား''

''အဲဒါတော့မသိဘူးလေကွာ၊ ဘယ်လိုအပြစ်လုပ်ထားလို့လဲ ဘယ်သိပါ့မလဲ၊ ဒါပေမဲ့ မိဘက အဲလိုပြောတာတော့ သဘာဝမကျဘူး ာင်တယ်၊ ဘာအားနည်းချက်ရှိရှိ အပြစ်ရှိရှိ သားသမီးကိုကြောက်တဲ့ ိဘမျိုးတော့ မကြားဖူးပါဘူး၊ တကယ်လို့ နောက်အိမ်ထောင်တွေ ဘာ ဆွေပြုလို့ဆိုလည်း ထားပါတော့၊ သဘောပြောတာနော်''

ဒါလည်း စဉ်းစားစရာပင်။ ကိုယ်သိသလောက်တော့ ဦးမြတ် ုန်းမောင်က မိန်းမအရှုပ်အရှင်း အပျော်အပါးကင်းသူပါ။ ကိုယ်မသိ ည့်အရင်ချိန်ကတော့ မပြောတတ်ပေ။

''တစ်ခါတလေ ပြောတတ်တာတော့ အရွယ်ရောက်နေတဲ့ ွန်တော့်ကို မွေးစားလိုက်တာ မကျေနပ်တာကြောင့်လို့ ပြောတယ်၊ ချင်းတည်းက မြှုမှုန်ခြယ် မလိုလားတာ အသိသာကြီး၊ အခုချိန်ထိ ွန်တော့်ကို ရန်သူတစ်ယောက်လိုပဲ ဆက်ဆံခဲ့တာ''

''ငါတို့ရော မသိဘဲနေပါ့မလားကွာ၊ အမြဲနှိမ့်ချအနိုင်ကျင့်နေ [illegible]ကြောင့် ငါရော ဒေါ်လုံးတို့တူအရီးရော မင်းကိုစာနာသနားနေကြတာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လို အလုပ်သမားတွေကမှ အနည်းအပါး အပြောခံရ အနိုင်ခံရတာ နည်းသေးတယ်လို့ပေါ့၊ မင်းကိုစွန့်ပတ်သက်ရင် ဖအေကိုတောင် မြူမှုန် ခြယ် ဆတ်ဆတ်ထိမခံဘူးနော်''

''အဲလို ပဋိပက္ခကြားကနေ ကျွန်တော့်ကို ဘာလို့ရအောင် မွေးစားခဲ့တာလဲလို့ ကျွန်တော် အံ့ဩနေတာ၊ သွေးသားတော်စပ်တာမှ မဟုတ်တာ၊ တကယ်ဆို ပစ်ပယ်လိုက်လို့ရတယ်၊ စွန့်လွှတ်လိုက်လို့ရ တယ်၊ ပြီးတော့ ရွယ်တူသမီးရှိနေပါလျက်နဲ့ သူစိမ်းယောကျ်ားလေးကို အတိုက်အခံလုပ်မွေးစားတာကရော''

''အေး တွေးစရာပဲကွ''

ကိုသောင်းလည်း အခြေအနေကို စိတ်ဝင်စားပြီး တွေးနေပြီ ထင်၏။ မေးဖျားကိုလက်နှင့်ပွတ်ပြီး သူ့ကိုအကဲခတ်ကာ တစိမ့်စိမ့် ကြည့်၍

''မင်းက ဦးမြတ်ဖုန်းမောင်နဲ့ ဘယ်နေ့ရာတူလဲလို့ ကြည့်နေ တာ''

''ဘာဖြစ်လို့လဲ''

''ဦးမြတ်ဖုန်းမောင်ရဲ့သားများ ဖြစ်နေလားလို့''

''အာ ကိုသောင်း ဘာတွေလျှောက်ပြောနေတာလဲ''

''ဩော် လျှောက်ပြောတာမဟုတ်ဘူး၊ တကယ်ပြောတာ ခေတ်မှာ ငယ်ငယ်က ပွေခဲ့ရှုပ်ခဲ့လို့ အသက်ကြီးမှ တိတ်တိတ်ပုန်း လာတဲ့ သားသမီးတွေရှိတတ်ကြတယ်လေ၊ အဲဒီတော့ အခုလက်ရှိ သ သမီး မိသားစုမငြိုငြင်အောင် နိုးဝှက်ထောက်ပံ့ရ၊ မွေးစားဖို့ဆိုပြီး အိ ခေါ်လာကြ''





''အာ မဟုတ်ဘူး တော် တော် ကိုသောင်း''

နှိုင်းယှဉ် မျက်နှာနီနီဖြင့် ငြင်းဆန်ခြင်းကို ကိုသောင်းက လက် ခံနိုင်သလို လက်ကာ၍

''အကြောက်အကန်ငြင်းမနေနဲ့ နှိုင်းယှဉ်၊ တစ်ခုခုပတ်သက် ရှိတဲ့ မလိုလား မကျေမနပ်ဖြစ်နေတဲ့သမီးနဲ့ ဦးမြတ်ဖုန်းမောင် အတိုက် ခံတွေလုပ်နေပါ့မလား၊ အခုဆို စိတ်ဖိစီးမှုတွေများပြီး ရောဂါတောင် ချင်ချင်ဖြစ်နေပြီ၊ မင်း စဉ်းစားကြည့် တကယ်လို့သာ မပတ်သက်ရင် က မင်းပြောသလို သူစိမ်းတစ်ယောက်ကိုပစ်ပယ်လိုက်လို့ရတယ်၊ လွှတ်လိုက်လို့ရတယ်၊ နောက်ဆုံး ဒုက္ခရောက်နေတဲ့သူမို့ ပရဟိတ နေနဲ့ကယ်တင်ချင်တယ်ဆိုရင်တောင် အဝေးကနေ ထောက်ပံ့လို့ ယ်ကွာ၊ သမီးပျိုလေးရှိတဲ့အိမ်ကို ဘယ်ခေါ်လာပါ့မလဲ''

''ဟာ''

ကိုသောင်းပြောမှ ရှုက်ရှုံ့ထူပူကြီးဖြင့် နေမထိထိုင်မသာကြီး လို့သွားသည်။ သူတကယ်ပဲ ဦးမြတ်ဖုန်းမောင်ရဲ့သွေးသားဖြစ်နေ သလား။ မေမေက ဦးမြတ်ဖုန်းမောင်နှင့်ပတ်သက်ခဲ့လို့လား။ ဒါကြောင့် ဖြစ်မနေ မျက်စိအောက်မှာ ထားချင်လို့ မွေးစားခဲ့တာလား။ ဟင့် င်း မဖြစ်နိုင်ပါ။

သူ သိတတ်သည့်အရွယ်ကစလို့ ဖေဖေနှင့်မေမေ အရမ်းချစ် သည်ဆိုတာ သူ နားလည်နေသည်။ မေမေခမြာ ဖေဖေ့ကိုချစ်လွန်းလို့ ဖေ ဆုံးသည့်သတင်းကြားပြီး စိတ္တဇစိတ်ရောဂါတွေ စွဲကပ်၍ က်ဆုံး အသက်တောင်ပေးသွားခဲ့သေးတာပဲ။ ဖေဖေရော မေမေရော သခင် ဦးမြတ်ဖုန်းမောင်နှင့် ပတ်သက်ပြီး တစ်စွန်းတစ်စတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြောမသွားခဲ့ကြ။

"မင်း ဘာတွေတွေးနေတာလဲ ကိုနိုင်၊ ဘယ်လိုမှ မဖြစ်နိုင် ဘူးလို့လား"

"ဟုတ်တယ် ကျွန်တော့်မှာ အဖေရင်းအမေရင်းရှိတယ်၊ ဖေဖေ နဲ့မေမေက သိပ်ချစ်ကြတာ၊ ကျွန်တော်တို့သားအမိအတွက် ချမ်းချမ်း သာသာထားချင်လို့ ဖေဖေက သူ့အသက်ကိုရင်းပြီးတော့တောင် ဖွေ ထွက်ခဲ့တယ်"

"ရုပ်ရှင်တွေ မကြည့်ဖူးဘူးလားကွာ၊ ငြိစွန်းမှုတိုင်းက အချ ကြောင့်ဖြစ်ချင်မှဖြစ်မှာပေါ့၊ မင်းအဖေနဲ့အမေက ငယ်ရည်းစား၊ ဦး မြတ်ဖုန်းမောင်က မင်းအမေကိုကြိတ်ကြိုက်နေတယ်၊ အဲဒါမှားယွင်း ဖြစ်သွားတယ်၊ မင်းအဖေကတော့ မင်းအမေကိုချစ်တဲ့စိတ်နဲ့ သဘောထား ကြီးပြီး လက်ထပ်လိုက်တယ်၊ ပြီးတော့ ဦးမြတ်ဖုန်းမောင်က သူ့မိသား နဲ့သူ၊ မင်းကတော့ မင်းအဖေရဲ့သွေးသားမဟုတ်တဲ့ ဦးမြတ်ဖုန်းမောင်ရဲ့"

"ကိုသောင်း"

မကြားချင်တာလား၊ မကြားရဲတာလား၊ မဖြစ်နိုင်ပါဘူး လက်မခံချင်တာလား၊ ဘာမှန်းမသိတဲ့ နေရာက ထရပ်ကာ ကိုသောင်း ဟန့်တားမိသည်။ ရုပ်ရှင်တွေထဲမှာ ဒီလိုကိစ္စတွေရှိတာ သူလည်းသိ သည်။ အပြင်မှာ တကယ်ရှိလို့ ရုပ်ရှင်ရိုက်ပြကြသည်ဆိုတာလည်း လည်၏။ ဒါပေမဲ့ လက်ခံရမှာ ခပ်ခက်ခက်ပင်။

ဒါကြောင့်မို့ ကိုသောင်းအနား ပြန်ဝင်ထိုင်ဖြစ်ကာ

"ဘာလဲကွ"

"ဒီလို ကိုသောင်း၊ အခုတွေးမိကြသလို တကယ်ဆိုရင် ကျွ





တော် အတွက် ပိုင်ဆိုင်မှုတစ်ခုခု စီစဉ်ထားရမှာပေါ့၊ အခုတော့ ကျွန်တော့် ကို မွေးစားပြီးတည်းက မြူမှုန်ခြယ်က အရာအားလုံးကို သူ့နာမည်နဲ့ ချိုင်းထားတယ်၊ ရတနာဆိုင်ရော အိမ်ရော တခြားပိုင်ဆိုင်မှုတွေကအစ ကျွန်တော့်ကို အမွေခွဲဝေပေးရမှာစိုးလို့ စာချုပ်စာတမ်းနဲ့ တရားဝင်တောင် မွေးစားခိုင်းခဲ့တာမဟုတ်ဘူး၊ ဒါကို ဦးမြတ်ဖုန်းမောင်ကလည်း သမီးဆန္ဒ အတိုင်း လက်ခံတယ်"

"အခု အရေးကြီးနေတာက မင်းကို သူ့မျက်စိအောက်မှာရှိ နေဖို့ ဖြစ်မှာပေါ့၊ ပိုင်ဆိုင်မှုဆိုတာ သူကအဖေပဲ၊ မင်းအတွက် မစီစဉ်ဘဲ နေမလား၊ မြူမှုန်ခြယ်မသိအောင် မပြုပြင်အောင်တော့ တစ်ခုခုလုပ်ပေး မှာပါ"

"ဟင် အဲလိုလား"

ကိုသောင်းစကားကြောင့် သားအတွက် တစ်ခုခုစီစဉ်ပေးမှာပါ ဆိုတော့ စောစောက ဦးမြတ်ဖုန်းမောင် ပြောလိုက်တာကို ပြန်ကြားယောင်မိ သည်။ မြူမှုန်ခြယ် လုပ်ရပ်တွေကြောင့် တကယ်ကိုစိတ်ထိခိုက်ခံစားနေ ရသည့်ပုံစံမျိုးပါ။

"ဖြစ် ဖြစ်နိုင်နေပြီလားမသိဘူး ကိုသောင်း၊ ကျွန်တော့်ကို အဲဒီစကားပြောဖူးတယ်၊ သားအတွက် ဖေဖေ တစ်ခုခုစီစဉ်ပေးမှာတဲ့၊ အဲဒါဆိုတော့ ကျွန်တော်တစ်ခုစဉ်းစားမိတာက မြူမှုန်ခြယ် ဒီလိုလုပ်နေတာ ဟာ ကျွန်တော့်ကို ဖေဖေနဲ့ပတ်သက်မှုရှိတာ သိနေလို့ ရှင်းအောင် ပြောရင် အမွေခွဲပေးမှာသေချာနေလို့ မြူမှုန်ခြယ် ဒီလိုလုပ်နေတာလား မသိဘူး"

"အမှန်ပဲ ဖြစ်နိုင်တယ်၊ အစတည်းက အဲလိုအကြောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လို့ မြူမှုန်ခြယ် ခါးခါးသီးသီးကို လက်မခံနိုင်ဖြစ်နေတာပဲ၊ နောက် ပေါ်လာတဲ့သားကို ဘယ်သူက ကြည်ကြည်ဖြူဖြူ အမွေခွဲပေးချင်မှာလဲ

"ဟား"

ပြောဆိုကြရင်း အတွေးတွေကနေ သေချာလာတော့ နှိုင်းယှဉ် ရင်တွေတင်းကျပ်ဆို့နင့်နေ၏။ ဒီလိုတဲ့လား။

သူက ဦးမြတ်ဖုန်းမောင်ရဲ့သားတဲ့လား။ ပိုင်ဆိုင်မှုတွေ ကြောင်း မတွေးဖြစ်ပေမယ့် ငယ်စဉ်ဘဝ ဆင်းရဲမှုတွေကို လည်ပြ မနာကျင်ချင်တော့ပေမယ့် ဖခင်ဆိုသော အသိစိတ်ကြောင့် ကြည်နူးသ ပီတိဖြစ်မိသလိုနှင့် ခပ်ရှိန်းရှိန်းဝေဒနာမျိုး ခံစားနေမိတာ အမှန်။

ကိုသောင်းက သူ့လက်ကိုဝမ်းသာအားရပင် ဆုပ်ညှစ်ပြီး

"မင်းတကယ် ဦးမြတ်ဖုန်းမောင်ရဲ့သားဆိုရင်တော့ တက ဝမ်းသာတယ်ကွာ၊ ဘယ်လိုအနေအထားနဲ့ပဲဖြစ်ဖြစ် ပြည့်စုံချမ်းသာ လူ့ရဲ့သွေးသားဖြစ်ခွင့်ရတာ ဂုဏ်ယူစရာပဲကွ၊ အဲဒါကြောင့် အရင်က ဦးမြတ်ဖုန်းမောင်ကို တကယ်မိဘအရင်းလို မင်းပြုစုစောင့်ရှောက် တယ်"

"ဟုတ်လား"

"ဒါပေါ့ ဘာဖြစ်ဖြစ်လေ မင်းကို သူ့သားမှန်းသိလို့ ဒုက္ခ တွင်းကနေ ကယ်တင်ပြီး ဒီလိုဘဝမျိုးမှာခေါ်ထားတာ၊ နည်းတဲ့ကျေ လား။ သူ့မှာသာ သွေးသားဆိုတဲ့အသိစိတ်မရှိရင် ငါကောင်ရေ မသိ ယောင်ဆောင်လို့ ပစ်ထားလို့ရတယ်၊ ဒီခေတ်မှာ မွေးထားပြီး တာ ကျေအောင် မစောင့်ရှောက်တဲ့ ပစ်စလက်ခတ် ထားတဲ့မိဘတွေမှ အ ကြီး၊ ဒီလောက်ဆိုလည်း မင်းတော်တော် ကံကောင်းနေပါပြီ"





ကိုသောင်း ပြောတာလည်း ဟုတ်နေသည်။ သူ့ဘဝတစ်သက် တာလုံး ရေစုန်မျောမနစ်မွန်းအောင် ဖေဖေ ယုံယုံကြည်ကြည်နှင့် အချိန် မီကယ်တင်ခဲ့တာပဲ။

"အ အခု ဖေဖေ့ကျန်းမာရေးအခြေအနေက မစိုးရိမ်ရပါဘူး နော်၊ တခြား ဘာရောဂါတွေရော"

"အခုမှ အသည်းအသန် အိုဗာမလုပ်ပ်နဲ့၊ မင်း ဂရုစိုက်မှာ မင်း အဖေတစ်ယောက်တည်းမဟုတ်ဘူး၊ မြူမှုန်ခြယ်ကလည်း မင်းရဲ့ ညီမလေးပဲ၊ မင်းပိုပြီး သည်းခံရမယ်၊ စောင့်ရှောက်ရမယ်၊ ဂရုစိုက်ရ မယ်"

"အဲ အဲဒါက"

"မပြတ်မသား တွေဝေမနေနဲ့ ငါ့ကောင်၊ ခုအချိန်မှာ မြူမှုန် ခြယ်က ဒီလိုဆိုပေမယ့် နောက်ကျသွေးသားသံယောဇဉ်နဲ့ မင်းရဲ့မေတ္တာ တွေကို တုံ့ပြန်လာမှာပါ"

"အရင်လို တုံ့ပြန်ချင်တာတို့၊ မုန်းတာတို့မလုပ်ရဘူး၊ မဖြစ်ရ ဘူးပေါ့"

"ဟ မင်းစိတ်ထဲ အဲလိုတွေဖြစ်နေတာလား"

"ယောက်ျားပဲဗျာ၊ ကိုယ့်အပေါ် ဒီလောက်ရိုင်းစိုင်းနှိမ့်ချ အနိုင် ကျင့်နေတာကို မခံချင်စိတ်နဲ့မာနတော့ ရှိတာပေါ့၊ ဖေဖေ့မျက်နှာနဲ့ သည်းခံနေရပေမယ့် မိန်းကလေးတစ်ယောက်ရဲ့အစော်ကားခံရတာ လောက် ရင်နာတာမရှိဘူး"

"အေး ဟုတ်ပါတယ်၊ ငါလည်း မင်းခံစားရတာကို ကိုယ်ချင်းစာ မိတယ်၊ ငါတို့တွေတောင် ကြားထဲက မခံမရပ်နိုင်ဖြစ်ကြသေးတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခု မင်းစိတ်ထဲမှာ အဲလိုတွေ ဖြစ်လို့မရတော့ဘူး။ သေချာပေါက် မြူမှုန်ခြယ်က မင်းရဲ့အဖေတူ အမေကွဲညီမပဲ၊ အာဃာတတွေ ဒေါသတွေ မခံချင်စိတ်တွေ လက်တုံ့ပြန်ဖို့ တွေးထားတာတွေရှိရင်လျှော့၊ ဖြစ်နိုင်ရင် အတတ်နိုင်ဆုံး ပြေပျောက်အောင်ကြိုးစားပြီး နွေးထွေးပါ ကြင်နာပါ လိုက်လျောပါ၊ ဒါမှသွေးသားသံယောဇဉ် သက်ရောက်လာပြီး မိသား ဘဝလေး ဖြစ်လာမှာ''

သူ့ရင်ထဲမှာ ကြည်နူးမိသလိုဖြစ်လျက် ပြုံးလိုက်မိသည်။ အရ ဆိုးသော မြူမှုန်ခြယ်က သူ့ရဲ့ညီမလေးတဲ့။ အရမ်းဆိုးသော ကလေးဆိုး ညီမလေးကို သူ အခုချိန်ကစပြီး အရင်ကထက် သည်းခံလိုက်လျော တော့မှာပေါ့။

အခု သူက တစ်ကောင်ကြွက်မဟုတ်တော့။ ဖေဖေရယ် ညီ လေးရယ် မိသားစုရှိနေပြီ။ တခြား ဘယ်အရာတွေကို မက်မောနေ ဦးမှာလဲ။

အနိုင်ယူပါ ညီမလေး။ ဒီထက်ပိုပြီး အနိုင်ယူပါ...။

■ ■ ■

## အခန်း (၁၄)

''ဒီအိမ်လေးကို ကြိုက်ရဲ့လား ညီ''

ခေါင်းလေးပွတ်ကာမေးတော့ ဆက်ပိုင်ပြီး အားရပါးရပင် ခေါင်း ညိတ်၏။ သူ့အစ်မလက်ကိုလည်း လှမ်းဆွဲကာ

''အိမ်ကတစ်ထပ်ပျဉ်ထောင်အိမ်လေး၊ တစ်အိမ်လုံး ရှင်းသန့် တာပဲ၊ အိမ်ရှေ့မှာ ထိုင်ခုံတန်းလေးရှိတယ်၊ ပန်းအိုးလေးတွေလည်း ယ်၊ မမမျက်လုံးထဲမှာ စိတ်ကူးနဲ့မြင်အောင် ကြည့်နော်၊ အစ်ကို လေးတဲ့အိမ်က ကျွန်တော်တို့နေခဲ့တဲ့အိမ်ထက် အများကြီး သာတယ်၊ ဝန်းကျင်လည်း ကောင်းတယ်ဗျ''

''ဟုတ်လား ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်ပါတယ် ကိုနိုင် ယ်ကို ကျေးဇူးတင်ပါတယ်''

''ထိုင်ဦး ထနောင်း''



www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှားကတည်းက အဆင်သင့်ပါ ဆက်တီထိုင်ခုံမှာ ထနော လက်ကို ဆွဲ၍ ထိုင်ခိုင်းလိုက်သည်။ ထနောင်းရိပ်က အပျော်မျက်နှာလေ ဖြင့် ဟိုစမ်းဒီစမ်း။

''ဒီအိမ်ကို ကိုယ်တစ်နှစ်စာချုပ်နဲ့ ငှားထားတာ၊ ဒီကြားထဲ ထနောင်း မျက်စိခွဲစိတ်ဖို့ ကိုယ်စုံစမ်းထားတယ်၊ နောက်ရက်တွေ တော့ ဆရာဝန်ကြီးနဲ့သွားတွေ့ပြီး ထနောင်း မျက်လုံးကိုစမ်းသပ်ကြည် မှာပေါ့၊ ခွဲစိတ်လို့အောင်မြင်မယ်ဆိုရင် ထနောင်းဘဝ အလင်းရော ရပါပြီ''

''ကျေး ကျေးဇူးတင်ပါတယ် ကိုနှိုင်းရယ်၊ အဲဒီကျေးဇူ ထနောင်း မျက်လုံးပြန်မြင်ရတဲ့အခါကျရင် ပြန်ဆပ်ပါမယ်''

''မမက ဘယ်လိုပြန်ဆပ်မှာလဲ''

''မမ အလုပ်လုပ်မှာပေါ့၊ အလုပ်လုပ်လို့ရတဲ့ငွေနဲ့ ကိုနှိုင်း ကန်တော့မယ်''

''အဲဒါ ကျေးဇူးဆပ်တာ မဟုတ်ဘူး၊ အကြွေးဆပ်တာပဲ နောင်းရဲ့၊ ကိုယ်က မင်းတို့ဆီက အဲလိုတုံ့ပြန်မှုတွေ ပြန်လိုချင်လို့ တာ မဟုတ်ပါဘူး၊ တကယ်ကို ကိုယ့်ဘဝတူချင်း စာနာလို့ပါ''

''အဲဒါဆိုရင် နေ့စဉ်ညတိုင်း ကန်တော့အိပ်ရင်ရော ဒီကျေ က ကျေပါ့မလား၊ ကျေလောက်မယ် မထင်ပါဘူး''

''အဲဒါတွေ မပြောနဲ့၊ အခုချိန်မှာ အရေးကြီးတာက မင်း လုံး ကုသလို့ရပါစေ၊ မျက်လုံးပြန်မြင်ပါစေဆိုတဲ့ ဆုတောင်းနေရ

''ဟုတ်တယ် မမ၊ ကုပေးတဲ့သူရှိပေမယ့် ကိုယ့်မျက်လုံး ပြန်မြင်နိုင်မမြင်နိုင်ဆိုတာက ရှိသေးတယ်၊ ကျွန်တော်လည်း ဆုတော





ပေးမယ်၊ မမ မျက်လုံးပြန်မြင်ပါစေ''

ဆက်ပိုင်ဖြိုးလေးက အပျော်မျက်နှာလေးဖြင့် လက်အုပ်ချီကာ ဆုတောင်း၏။ မျှော်လင့်ချက်တွေ ရှိလာတာကြောင့် တက်ကြွဟောက်ပ လာသည်ဟု ထင်မိသည်။ ဒီအခြေအနေလေးက သူ့ကိုကြည်နူးပီတိဖြစ် စေလျက် ဒီလိုကူညီခွင့်ရအောင် ခွင့်ပြုပေးသော ဖေဖေ့ကိုကျေးဇူးတင် မိသည်။

''မင်းဆုတောင်းပြည့်မှာပါ ညီရာ၊ မင်းတို့မောင်နှမနှစ်ယောက် လုံးက စိတ်ရင်းကောင်းတာပဲ၊ အမိကကက လူ့ဆိုတာ ဆင်းရဲရဲ ချမ်းသာ သာ စိတ်ဓာတ်မယုတ်ညံ့ဖို့လိုတယ်၊ ကံအကြောင်းတရားမကောင်းလည်း ကိုယ်ကျင့်တရားမပျက်မှကွ၊ ကိုယ် ကြီးကြီးကျယ်ကျယ်တွေပြောတာ မဟုတ်ပါဘူး။ စိတ်ဓာတ်ကောင်းရင် ကူညီမယ့်သူတွေ့တတ်တာ ကိုယ့် လက်တွေ့ပဲလေ''

''ကိုနှိုင်းလည်း ကိုနှိုင်းဘဝကို ကယ်တင်ခဲ့တဲ့ ဦးမြတ်မှန်းမောင် ကို နေ့စဉ်ရှိခိုးအိပ်တာပေါ့နော်''

''ဒါပေါ့ ထနောင်းရယ်၊ ကိုယ် ဒီနေ့ထိ တစ်ရက်မပျက် ကန် တော့အိပ်တယ်၊ ကံတရားတစ်ခုလုံးကို ပြောင်းလဲပေးလိုက်တဲ့ တန်ခိုးရှင် ပဲမဟုတ်လား၊ ဘုရားနဲ့တစ်ဂိုဏ်းတည်း ထားရတာပေါ့ကွာ''

''ထနောင်းလည်း ကိုနှိုင်းကို အဲလိုပဲ သဘောထားပါတယ်၊ ထနောင်းတို့မောင်နှမနှစ်ယောက်လုံးရဲ့ဘဝကို ကယ်တင်ခဲ့တဲ့သူမို့ တစ် သက်လုံးကျေးဇူးတင်နေမှာပါ''

''ကဲ အခု ပစ္စည်းတွေ သူ့နေရာနဲ့သူထားပြီးပြီ၊ လိုအပ်တာ လေးတွေ နောက်နေ့ကျ ကိုယ်ထပ်ပြီး ဝယ်လာပေးမယ်၊ တစ်ခုပြောချင်



www.burmeseclassic.com

www.burmeseclassic.com



ဗဲ့ဘာက ထနောင်းမျက်စိပြန်မြင်ရင် ညီလေး ကျောင်းပြန်နေရမယ်နော်"

"ဟင် တကယ်လား အစ်ကို"

ဒီလိုပါ စီစဉ်ထားတာမို့ ထနောင်းတို့ပိုပြီးကျေးဇူးတင် အံ့ဩသွားကြဟန်တူသည်။ သူလည်း ဒီမောင်နှမအတွက် အကောင်းဆုံးအသေးစိတ်စီစဉ်ပေးနိုင်သည့်အတွက် ပျော်နေမိသည်။

"တကယ်ပေါ့ ညီ၊ အခုတော့ မမအနားမှာ ညီလေးက စောင့်ရှောက်ပေးရမယ်၊ ဒီကြားထဲ စားဝတ်နေရေး ဆေးဖိုးဝါးကအစ အစ်ကိုထောက်ပံ့မှာပေါ့၊ နောက်မှ ထနောင်းအလုပ်တစ်ခုခုလုပ်ပါ"

"ကိုနှိုင်းရယ် ကိုနှိုင်းပြောသလို ဦးမြတ်ဖုန်းမောင်က ကိုနှိုင်းအတွက် အမိအဘထက် ကျေးဇူးကြီးတယ်ဆိုသလိုပဲ ထနောင်းတို့အတွက်လည်း ကိုနှိုင်းက အမိအဘနဲ့ကို တစ်ဂိုဏ်းတည်းထားသင့်တဲ့ ကျေးဇူးရှင်ဖြစ်နေပါပြီ၊ ဟိုလေ အခုကိစ္စတွေကို ဦးမြတ်ဖုန်းမောင်ရဲ့ သမီးရောသိလားဟင်"

သူ ခေါင်းယမ်းလိုက်တာ ထနောင်း မြင်မှာမဟုတ်၊ နောက်မှ သတိရပြီး စိတ်သက်သာစေချင်သည့်စေတနာနှင့် ခေါင်းညိတ်ပြလိုက်တာလည်း ထနောင်းမသိပေ။

"ဟင် ကိုနှိုင်း၊ မြူမှုန်ခြယ်ရော သိလား၊ သူကလည်း သူ့အဖေလိုပဲ စေတနာစိတ်သဒ္ဓါစိတ်ကောင်းလားဟင်"

"အင်း ကောင်း ကောင်းပါတယ်"

"ရုပ်ရောလှလား"

"လှ လှပါတယ်"

"ကံကောင်းလိုက်တာနော်၊ ဘဝမှာပြည့်စုံချမ်းသာတယ်၊ ရုပ်





ချောလှတယ်ဆိုတော့ အရမ်းကိုကံကောင်းတာပဲ၊ ကိုနှိုင်း သူ့ကိုမချစ်ဘူးလားဟင်"

"ဟင် ဘာ ဘာကိုချစ်တာလဲ"

"ဪ ကိုနှိုင်းတို့သွေးမတော် သားမစပ် တစ်အိမ်တည်းနေကြတာ၊ မချစ်မိဘူးလားလို့၊ အခုချိန်မှာ ကိုနှိုင်းနဲ့နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်နေမှာ၊ မောင်လေးကပြောတယ်၊ ကိုနှိုင်းက အရမ်းယောကျ်ားပီသပြီး ခံ့ညားတာတဲ့"

ကနောင်းရိပ်ကို အဲလိုမပြောင်းကောင်းဘူးလို့ ပြောမထွက်။ ကိုယ်တို့က မိသားစုတွေပါဆိုတာ ရှင်းပြဖို့ခက်နေသည်။ ဒါကြောင့်မို့ အရင်ခါတွေလို စကားကိုရှောင်လွှဲ၍

"ထနောင်းတို့ ဒီနေ့အိမ်ပြောင်းခါစမှာ ထမင်းဟင်းချက်စားဖို့ အချိန်ရမှာမဟုတ်ဘူး၊ ကိုယ်ပြန်ရင် ညီလေး လိုက်ခဲ့သိလား၊ ဆိုင်ကနေ ကိုယ် ထမင်းထုပ်တွေ ဝယ်ပေးလိုက်မယ်"

"အားနာစရာကြီး ကိုနှိုင်းရယ်၊ အစစအရာရာ စီစဉ်ပေးနေရတာ"

"ကူညီတာပဲ အစအဆုံးကူညီရမှာပေါ့ ထနောင်းရယ်၊ ပတ်ဝန်းကျင်အသစ်မှာ ထနောင်းတို့ နေသားကျအောင်ပဲနေပါ"

"မျက်စိမမြင်ရတဲ့သူအတွက် အဟောင်းအသစ် မခွဲခြားနိုင်လို့ ပျော်အောင်နေတတ်ဖို့ပဲ ကြိုးစားသွားမှာပါ၊ နောက်ရက်တွေကျရင် ကိုနှိုင်းကို ထနောင်း ထမင်းဟင်းချက်ကျွေးမယ် သိလား"

"အင်း ကိုယ် ထနောင်းလက်ရာကိုကြိုက်ပါတယ်၊ ကိုယ်တို့တွေ မိသားစုလို ရင်းနှီးနေကြပြီပဲ ထနောင်းရယ်၊ ကိုယ် ထနောင်းတို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတိုင်း စားမှာပေါ့၊ ကဲ ညီ အစ်ကိုတို့သွားရအောင်၊ မင်း အစ်မ ဗိုက်ဆာနေရောပေါ့''

''ဟုတ်ကဲ့ အစ်ကို၊ မမ မောင်လေးလိုက်သွားလိုက်ဦးမယ်''

''သွားပြီ ထနောင်း''

သူ့ဘက်ကို မှန်းဆကာ ထနောင်းရိပ် လက်လေးဝှေ့ယမ်းကာ တာ့တာပြ၏။ သူလည်း ထနောင်း မမြင်နိုင်ပေမယ့် လက်လေးပြမိသည်။

ပတ်ဝန်းကျင်ကမြင်လျှင် အဖြူရောင်နှောင်ကြိုးတစ်စရယ်လို့ မြင်မှာလား။ ကိလေသာနွယ်သော ငြိတွယ်ခြင်းလို့ပဲ စွပ်စွဲကြမှာပါ။

ဒါပေမဲ့ သူ့ရဲ့စေတနာများက ရိုးသားပါသည်။ အခြေအနေ ချင်းတူလို့ ကူညီတာပါ။ တတ်နိုင်သည့်အနေအထားမို့ စာနာထောက် ပံ့တာပါ။

ဒါကို ကိုယ့်ကိုယ်ကိုယ်ပဲ တိုင်တည်မိသည်။ မင်းတို့ဘဝလေး သာယာဖြောင့်ဖြူးစေချင်တဲ့အဖြူရောင်စေတနာ သက်သက်ပါ ထနောင်း ရိပ်။ ကိုယ့်မှာမရိုးမသား နှောင်တွယ်လိုခြင်းတွေ မရှိပါဘူး။

ဒါဟာ ကိုယ့်ရဲ့သစ္စာတရားပါ။

■ ■ ■

## အခန်း (၁၅)

အိမ်ပြန်ရောက်သည့်အခါမှာ ဖေဖေ့အခန်းထဲကို အရင်ဝင်ခဲ့သည်။ ဒီလိုအိမ်ပြန်နောက်ကျလျှင် မြူမှုန်ခြယ်က အိုးတွေခွက်တွေ မှောက်ခိုင်းထားတတ်၍ ထမင်းစားဖို့စိတ်ကူးမရှိတော့လို့ပါ။

''ဖေဖေ''

''ဪ သား''

''ဖေဖေ အနားယူနေတာလား။ သား အိမ်ပြန်နောက်ကျသွား ပါတယ် ဖေဖေ၊ ဟိုမောင်နှမအတွက် စီစဉ်ပေးနေလို့ပါ''

ဖခင်ရင်းဖြစ်နိုင်သည်ဆိုသော အသိစိတ်ကြောင့် သူ့ရဲ့အသံ တွေ ပိုပြီးညင်သာနေပေလိမ့်မည်။ ဖေဖေက ခုတင်ပေါ်က ထထိုင်ပြီး

''အဆင်ပြေရဲ့လား သား''

''ဟုတ်ကဲ့ အဆင်ပြေပါတယ် ဖေဖေ၊ နောက်နေ့က ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေနဲ့တွေ့ပြီးရင် မျက်စိခွဲစိတ်လို့ရမရ သိရမှာပါ''

"အေး အမှောင်ကျနေတဲ့လူတစ်ယောက် အလင်းရောင်ရသွားရင်တော့ ကောင်းတာပေါ့ကွယ်၊ ဘဝတစ်သက်တာမှာ ပျော်ရွှင်စရာအကောင်းဆုံးအချိန်ဖြစ်မှာပဲ၊ ဒါနဲ့ဆိုင်ခွဲမှာတာဝန်ယူရတာရော အဆင်ပြေရဲ့လား သား''

''ဟုတ်ကဲ့ အဆင်ပြေပါတယ်''

''သမီး မြူကတော့ အဆင်မပြေဘူး၊ ရုံးပိုင်းကိစ္စရော၊ ဒီဇိုင်းကိစ္စရော၊ ပညာရှင်တွေ ပန်းထိမ်ဆရာတွေနဲ့ ပြဿနာတက်တယ် သား''

''ဟင်''

''ပန်းထိမ်မတတ်ခင်က ရွှေခိုးသင်ဆိုသလို မတတ်ဘဲ ဆရာလုပ်ပြီး သူဖြစ်ချင်တာပဲပြောနေတော့ ကျန်တဲ့လူတွေအတွက် အခက်အခဲဖြစ်ဘာပေါ့ သားရယ်၊ သားနဲ့တုန်းက ညှိနှိုင်းလုပ်တော့ သူတို့တွေပင်ပန်းရကျိုးနပ်တယ်၊ စိတ်ချမ်းသာတယ်၊ ပြောရရင် ဖေဖေ့မျက်နှာကြောင့် သည်းခံနေကြရတဲ့သဘောရှိတယ်''

''မြူကို ဖေဖေ သင်မပေးဘူးလား''

သက်ပြင်းငွေ့ငွေ့ဖြင့် ဖေဖေ ခေါင်းယမ်း၏။

''သင်တယ်ဆိုတာလည်း နာခံတတ်တဲ့စိတ်ရှိဦးမှပေါ့ သားရယ်သမီးမြူမှာ မာန်မာနလေးရှိနေတယ်၊ သူ့ရှေ့မှာ သားကိုချီးကျူးနေတဲ့အသံကိုမကြားချင်လို့ သူတမင်လုပ်ပြနေတယ်လို့ ထင်တာပဲ''

''ဖေဖေ အရမ်းစိတ်ပင်ပန်းနေမှာပေါ့နော်''

ခပ်လေးလေး ခေါင်းညိတ်ပြသည့်အခါမှာ သူ အတော်လေးစိတ်မကောင်းဖြစ်သွားမိသည်။ သူ့ကြောင့်သာမဟုတ်လျှင် မြူမှန်ခြယ်





ဒီလိုလုပ်မှာမဟုတ်သလို ဖေဖေလည်း ဒီလိုစိတ်ပင်ပန်းမှုမျိုး ရှိမှာမဟုတ်။

သူ ဖေဖေ့ခုတင်ခြေရင်းမှာ ဝင်ထိုင်ဖြစ်ကာ

''သိပ်မကြာခင် အဆင်ပြေသွားမှာပါ ဖေဖေ၊ အရမ်းကြီးစိတ်အပင်ပန်းမခံပါနဲ့နော်၊ ဟိုလေ သား အကြောလျှော့ပေးရမလားဟင်၊ အဲဒါ စိတ်ဖိစီးမှုသက်သာတယ်''

''ဟင် သားက ဖေဖေ့ကိုနှိပ်ပေးမလို့လား၊ နေပါစေ သားရယ်၊ သားလည်းပင်ပန်းနေတာပဲဥစ္စာ''

''သားက လူငယ်ပဲဖေဖေရဲ့ ရပါတယ်၊ ခြေဆင်းလိုက်နော် ဖေဖေ၊ သားနှိပ်ပေးချင်လို့ပါ၊ သား ကုသိုလ်ရအောင် ကူညီတယ်လို့ သဘောထား၊ နော် ဖေဖေ''

''အေးပါ သားရယ်၊ သားကုသိုလ်အများကြီး ရပါစေ''

ခြေဆင်းပေးလိုက်သည့်အခါမှာ ကိုယ့်ခြေထောက်တွေကို နှိုင်းယှဉ် စိတ်ရှည်ရှည်နှင့်ဂရုတစိုက် နှိပ်နယ်ပေးနေ၏။ အခုရက်ပိုင်းလေးမှာ ဒီအဖေအပေါ် နှိုင်းယှဉ် ပိုပြီး လေးလေးနက်နက် ဂရုစိုက်လာသည်ဟု ခံစားမိ၏။

အရင်ကတော့ ညအိပ်ခါနီးတိုင်း ကိုယ့်အခန်းထဲလာပြီး ကန်တော့ရုံလောက်ပါ၊ အချိန်နောက်ကျသည့်နေ့တွေတောင် သူ့အိပ်ခန်းထဲအနေ ကိုယ့်ကိုမှန်းပြီး ကန်တော့အိပ်ဖြစ်သည်ဟု ပြောပြဖူးသည်။ သူ့ဘဝကြီးကို ပြောင်းလဲပေးခဲ့သည့် ကျေးဇူးရှိလို့တဲ့။ တကယ်ကို ဖခင်အရာမှာနေတော့ အပြစ်ရှိသလို အားနာသလို ခံစားရသည်။

''ဖေဖေ''

''ဟင် သား''



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြောင့် အတွေးပြတ်သွားရ၏။ နှိုင်းယှဉ်က နှိပ်နေရင်း နှင့်ပင်။

"မြူက သားကိုမွေးစားလို့ မကျေနပ်တာ တခြားအကြောင်း ရင်း ရှိနေသေးလား"

"ဟင် ဘာအကြောင်းအရင်းကို ပြောတာလဲ သား"

"ဟိုလေ အဲ အဲဒါ"

သားက သားအရင်းဖြစ်နေလို့လားဆိုသည့်မေးခွန်းကို ပြော မထွက်။ မဟုတ်ပါဘူးလို့ ငြင်းမှာကိုကြောက်လို့လား။ ဟုတ်ပါတယ်လို့ ဝန်ခံလိုက်မှာကို စိုးရိမ်တာပဲလား ဘာမှန်းမသိ။

သေချာတာကတော့ ဖေဖေ့နှုတ်က အရင်ဆုံးအသိအမှတ်ပြု ဝန်ခံတာမျိုးမဟုတ်ဘဲ သူမသိချင်။

"သား ပြောလေ"

"ဘာ ဘာမှမဟုတ်တော့ပါဘူး ဖေဖေ၊ သားအတွက်နဲ့ ပင် ပန်းနေရတာကို စိတ်မကောင်းဖြစ်လို့ပါ၊ မြူ အရင်က အဲလောက် မဆိုးဘူးမဟုတ်လား ဖေဖေ"

"အင်း၊ အဲလိုပြောရမယ်ထင်တယ်၊ အရင်က ဖေဖေတို့လည်း အခုလောက် မပြည့်စုံကြသေးဘူးလေ၊ ပြည့်စုံဖို့ ရုန်းကန်ကြိုးစားနေတဲ့ အချိန်ဆိုတော့ မာန်မာနထားချိန်လည်း မရှိသေးဘူးပေါ့၊ လူကပြည့်စုံလာ မာန်မာနရှိလာလေပဲ၊ အမှားတို့အပြစ်တို့ ကျူးလွန်ရမှာလည်း ဝန်မလေး ဘူးပေါ့၊ ဒါပေမဲ့ သေရမယ့်အချိန်မှာ နောင်တတွေတော့ သယ်မသွားချင် ဘူးကွယ်"

ဖေဖေပြောသည့်အဓိပ္ပာယ်ကို သူ နားမလည်။ အခုပြောနေသော





မြူ့မုန်ခြယ်အကြောင်းလား၊ ဖေဖေ့အကြောင်းလား။ သူ့ကို မွေးစားခဲ့တာ နောင်တမရချင်လို့လို့ ဆိုလိုခြင်းလား။

သူ့ကိုကြည့်နေသော ဖေဖေ့မျက်ဝန်းများက စိမ်းသက်မနေပါ။ ဘာရင်းတနီး နွေးထွေးနေတာမို့ ရင်မှာသိမ့်ခနဲ လှုပ်ခတ်ရသည်။ သွေး သားအရင်းဆိုတာ သေချာနေလို့ ဒီလိုခံစားမှုမျိုးဖြစ်တာ နေလိမ့်မည်။

မေတ္တာဆိုတာ အသွားအပြန်ရှိသည့် သက်ရောက်မှုပဲမဟုတ်ပါ သား။

"သား နားချင်နားတော့လေ"

"ဟုတ်ကဲ့ ဖေဖေ့ကို သားကန်တော့ဦးမယ်"

ခုတင်အောက်မှာ ဆင်းထိုင်၍ ဦးသုံးကြိမ်ချကာ လေးလေးနက် နက် ကန်တော့လိုက်သည်။ ဖခင်တစ်ယောက်အနေနှင့်ရော ကျေးဇူးရှင် တစ်ယောက်အနေနှင့်ရောပါ။

"ငါ့သားကြီး ကျန်းမာပါစေ ချမ်းသာပါစေ အန္တရာယ်ကင်း ဘေးရှင်းပါစေ၊ မသူတော်နှင့်မတွေ့ပါစေနဲ့၊ သူတော်ကောင်းနဲ့တွေ့ပြီး တော့အလှည့်တွေကို အန္တရာယ်ကင်းစွာ ကျော်ဖြတ်နိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဖေဖေ"

သူ ကန်တော့သည့်အချိန်တိုင်း ဒီဆုကို ပေးနေကြပါ။ ဒါပေမဲ့ ဆုပေးရသည့်အဓိပ္ပာယ်ကိုတော့ သူ ဒီနေ့ထိ နားမလည်။

ဖေဖေ့အခန်းက ပြန်ထွက်လာခဲ့ပြီး ရေချိုးခန်းဝင်ကာ ရေချိုး သည်၊ ပြီးမှ အိမ်ရှေ့မြက်ခင်းပြင်မှာ ထွက်ထိုင်ဖို့ ဒါမှမဟုတ် ကိုသောင်း နှင့်စကားစမြည်ပြောဖို့ အိမ်ထဲကနေ ထွက်လာခဲ့၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းအပေါ်က ထိုင်ခုံတန်းလေးမှာ ထိုင်နေတာ မြူမှုန်ခြယ်ပဲ။ သူမ ဒီမှာတစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ။ သူ အပြင်ထွက်ဖို့တောင် တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။

ခဏနေတော့ မြူမှုန်ခြယ်အနားကို ကိုသောင်း ရောက်လာတာတွေ့လိုက်၏။ ဘာတွေပြောနေသည်ဆိုတာ မကြားရပေမယ့် တစ်ခုခုမေးနေသည်ဆိုတာ သိနေသည်။

သူမ အိမ်ဘက်ပြန်လာနေတာမြင်တော့ တံခါးအကွယ်မှာ ပုန်းနေလိုက်သည်။ ပြီးမှ အပြင်ကိုထွက်လာခဲ့၏။ ခြံဘက်သွားသော ကိုသောင်းနောက်ကိုလိုက်ကာ

"ကိုသောင်း"

"ဗျာ"

"ခြံတံခါးပိတ်မလို့လား"

"ပိတ်ပြီးပါပြီ၊ မြူမှုန်ခြယ်က သချာအောင် လိုက်စစ်ဦးဆိုတာနဲ့ လိုက်စစ်တာ၊ ဒါနဲ့ မင်းပြန်ရောက်တာ သူ မသိဘူးလား"

"ဘာတွေ မေးလို့လဲ"

"မင်းပြန်မရောက်သေးဘူးလားတဲ့၊ အဲလိုတော့လည်း သံယောဇဉ်ရှိသားကွ"

"သံယောဇဉ်ရှိလို့မဟုတ်လောက်ပါဘူး၊ အိမ်ပြန်နောက်ကျ ပြောဆိုရန်တွေ့ချင်လို့ ထမင်းအငတ်ထားချင်လို့ အဲလိုပဲ ဖြစ်မှာပါ"

"အခုမေးတာ ဒေါသနဲ့မဟုတ်ဘူးနော်၊ သွေးသားတော်စပ်မှု စိုးရိမ်ပူပန်ခြင်းလားလို့ပဲ"

"ဟုတ်လား"





ကိုသောင်း ခေါင်းညိတ်ပြတော့ ဟုတ်လား မဟုတ်လား မသေချာပေမယ့် ရင်မှာသိမ့်သိမ့်လေး ကြည်နူးသွားသလိုပင်။ ကိုသောင်းက ပခုံးကိုလှမ်းဖက်ပြီး

"မင်းနဲ့အိမ်ထဲမှာ ဘယ်လိုမတွေ့ဖြစ်သွားတာလဲ"

"ကျွန်တော်က ထမင်းမစားဘဲ ဖေဖေ့အခန်းထဲဝင်သွားတာ၊ ဖေဖေ့ကိုနှိပ်ပေးရင်းနဲ့ ဟိုမောင်နှမနှစ်ယောက်အကြောင်း ပြောပြနေတာ"

"ဩော် အခုရော ထမင်းစားပြီးပြီလား"

"မပြီးသေးပါဘူးဗျာ၊ မစားတော့ပါဘူး။ ဒီလိုအိမ်ပြန်နောက်ကျ မြူမှုန်ခြယ်က ထမင်းမစားခိုင်းဘူး။ ထမင်းဟင်းတွေကို ခွေးစာကျွေးခိုင်းတာ"

"ဒီနေ့ ဒေါ်လုံးတို့ ခွေးစာတွေကျွေးတာ မတွေ့ပါဘူး၊ အရင်တော့ မင်းနဲ့အဲလိုဖြစ်တိုင်း ဒေါ်လုံးတို့နှမြောမြောနဲ့ အပြင်ကိုခွေးစာကျွေးတတ်တယ်၊ ရှိချင်ရှိဦးမှာကွ သွားစားပါလား"

"ဟင့်အင်း မစားတော့ပါဘူး၊ ဟိုမောင်နှမ အိမ်အပြောင်းအရွှေ့နေ့ ထမင်းချက်နိုင်မှာမဟုတ်တော့ ထမင်းထုပ်ဝယ်ပေးရင်း ကျွန်တော်ကြိုက စားလာခဲ့တယ်"

"အဲဒါလည်း ကောင်းတာပဲ၊ ငါ တစ်ခုတော့မေးဦးမယ်၊ အဲဒီအိမ်မမြင်တဲ့ ထနောင်းရိပ်ကမင်းထက် တစ်နှစ်လောက်ပဲငယ်ဆိုတော့ ရွယ်တူလို့ပြောလို့ရတယ်၊ ချောရဲ့လှရဲ့လား"

"ရှက်ကြမ်းရောကျို့ သာမန်အလှပါပဲ၊ ဒါပေမဲ့ မာန်မာနကင်းတဲ့ အလေးတွေက ချစ်စရာကရုဏာသက်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရင်ထဲကလာတဲ့စကားထင်တယ်၊ ငြိနေပြီလား”

“ဟာ မဟုတ်တာ”

သူ ပျာခနဲပင် ခေါင်းယမ်းလိုက်မိသည်။

“အမှန်တရားပဲပြောတာ၊ မရိုးသားတဲ့စိတ်နဲ့ တော်ကီပွားတ မဟုတ်ဘူး ကိုသောင်း။ ထနောင်းရိပ်အပေါ် ကျွန်တော် ဘာစိတ် မရှိဘူး။ မောင်နှမနှစ်ယောက်လုံးကို ကိုယ့်တဝနဲ့ကိုယ်ချင်းစာပြီး စေတ သန့်သန့်နဲ့ကူညီတာပါ”

“ငါသိပါတယ်ကွာ၊ ခါးခါးသီးသီး ငြင်းစရာမလိုပါဘူး။ မ အခွင့်ရေးသမားမဟုတ်ဘူးဆိုတာ ငါသိတယ်၊ ဒါနဲ့ မင်းအဖေကို မ မေးကြည့်ပြီးပြီလား”

“မမေးရဲဘူး၊ ဟို မမေးချင်တာ ကိုသောင်း၊ ဖေဖေက မ ချင်လို့ ဒီအချိန်ထိ မပြောဘဲ မျိုသိပ်လာတာကို ဖေဖေက ကျွန်ေ အဖေရင်းလားလို့ အရှက်မရှိမေးရမှာလား၊ အဲလိုမေးလိုက်ရင် မင် အမွေတောင်းချင်လို့လား၊ အခွင့်အရေးယူချင်လို့လားလို့ အငြိုငြင်ခံ ပါဦးမယ်”

“အေး၊ အဲလိုတော့လည်း ဟုတ်သားနော်၊ သူ့ဘက်က ဒီထ တဲ့ သံယောဇဉ်နဲ့ သားက အဖေ့သားပါလို့ ဝန်ခံလာရင်တော့ တ ပေါ့၊ မင်းမှာလည်း ရင်ခံစရာတွေချည်းပဲ”

သူနဲ့ပတ်သက်ပြီး ကိုသောင်းတောင် သက်ပြင်းတွေချတတ် သည်။ ကိုသောင်းက သူ့လက်ကိုဆွဲပြီး ခြံအဝ အုတ်ခုံတန်းလေ ထိုင်ချလျှက်

“အိပ်ချင်နေပြီလား”





“မအိပ်ချင်သေးပါဘူး၊ ကျွန်တော့်မှာ ကိုသောင်းတစ်ယောက်ပဲ င်ဖွင့်ဖော်ရှိလို့ စကားပြောရအောင် ခြံထဲဆင်းလာတာ”

“ငါလည်း အိပ်ချင်ပြေတာပေါ့ကွာ၊ တစ်ညလုံး ကြက်အိပ် ကြက်နိုးနဲ့ တစ်ခြံလုံးလိုက်စစ် စောင့်ရှောက်နေရတာ၊ နေ့ဘက်လည်း ာင်းကောင်းမနားရဘူး၊ ဦးမြတ်ဖုန်းမောင်က အခုတလော ကားကို ကိုယ်တိုင် မမောင်းဘဲ ငါ့ကိုမောင်းပို့ခိုင်းတယ်၊ အသက်ကြီးလာတော့ ့ကိုယ်ကိုယ် ယုံကြည်မှုနည်းပြီး သူများကို အားကိုးချင်လာတာ င်ပါတယ်”

“မြို့မှုန်ခြယ်နဲ့ပတ်သက်ပြီး စိတ်လည်းအတော်ပင်ပန်းနေပုံ ပဲ ကုမ္ပဏီမှာ အဆင်မပြေဘူးတဲ့၊ ကျွန်တော်ကလည်း မြို့မှုန်ခြယ် အတိုင်း ဆိုင်ခွဲမှာပဲ နေလိုက်တယ်၊ ချပေးတဲ့ပစ္စည်းကိုပဲ ရောင်းလိုက် ယ်၊ အပေါ်ကို ဘာမှမစွက်ဖက်ချင်တာ မြို့နဲ့ပြဿနာမတက်ချင်လို့ပါ၊ င်က အငြိုငြင်ခံရတာ ဘာမှမဖြစ်ဘူး၊ အခု မြို့ ဇော်ကားရင် မြို့ ကြီးမှာစိုးရိမ်တယ်”

“သြော် အစ်ကိုတစ်ယောက်ရဲ့ စိုးရိမ်ပူပန်တတ်လာတဲ့ မေတ္တာ လေ”

ကိုသောင်း ထိုသို့ပြောတော့ ကြည်နူးမှုများဖြင့် သူပြုံးမိလိုက် ည်း ညီမတစ်ယောက်ဆိုသောအတွေးကြောင့် သူ ငဲ့မပေးချင်တော့ ာ အမှန်ပါ။ ဒါကြောင့်လည်း ခုနက ကိုယ့်ကိုမြင်လျှင် သူမ ရန်တွေ့ မှာစိုး၍ ရှောင်နေလိုက်တာ။

အိမ်ပြန်နောက်ကျတိုင်း သူမ ပြဿနာရှာ ဆူပူမာန်မဲတတ် ည်မဟုတ်လား။ ကိုသောင်းက ပြုံးပြုံးကြီးနှင့်

“မင်း အရက်သောက်ဦးမလား”



www.burmeseclassic.com

www.burmeseclassic.com



"မသောက်တော့ပါဘူး ကိုသောင်း၊ အခုတလော ကျွန်တေ
အရမ်းကြီး စိတ်မညှစ်တော့သလိုပဲ၊ မိသားစုလေးရှိနေတယ်ဆို
အတွေး ကြောင့်လေ၊ ဖေဖေရယ် ညီမလေးရယ် အိမ်တစ်အိမ်တည်
အတူတူနေရတယ်၊ ဖေဖေ့ခွင့်ပြုချက်ကြောင့် ကိုယ်ကူညီချင်တဲ့သူ
လည်း ကူညီခွင့်ရတယ်၊ ဒီအနေအထားလေးကို ကျွန်တော် ကျေနပ်
တယ် ကိုသောင်း"

"အင်း မင်းမှာ ကျေနပ်ရောင့်ရဲတတ်တဲ့စိတ်ရှိတာ ကောင်း
တယ်၊ ဦးမြတ်ဖုန်းမောင်က ငါ့အဖေပဲ၊ ငါရသင့်တာ တောင်းမယ်ဆို
အတွေးဝင်ရင် ဒီအချိန်မှာ လောဘစိတ်တွေနဲ့ ပူလောင်နေမှာ"

"အဲဒါကတော့ သေချာတယ်၊ ဒါပေမဲ့ အရင်အချိန်က အ
အနေနဲ့ ကွာခြားနေတဲ့ ဒီဘဝကနေ နေပျော်နေပါပြီ ကိုသောင်းရေ
ဖေဖေ အသိအမှတ်ပြုခြင်း မပြုခြင်းကလည်း ကျွန်တော့်အတွက်အ
မကြီးပါဘူး။ အခု ဖေဖေ့ကို ပြုစုရင်း ဂရုစိုက်ရင်းနဲ့ ညီမလေးကိုလ
အန္တတာခံ သည်းခံမယ်လို့ စဉ်းစားထားတယ်"

"ကောင်းပါတယ်ကွာ မင်းရဲ့စိတ်ဓာတ်လေးကို လေးစာ
တယ်"

ကိုသောင်းက ပခုံးကိုဖက်ကာ ချီးကျူး၏။ သူလည်း သူ့ကိုယ်
ကျေနပ်မိသည်။

သူ့မှာချစ်မြတ်နိုးစရာ မိသားစုလေးရှိနေသည်မဟုတ်လ
ဒီမိသားစုလေးနဲ့တစ်သက်လုံး ကြည်ကြည်နူးနူး နွေးထွေးစွာ နေ
သွားလျှင် ဘယ်လောက်ကောင်းမည်လဲ။

■ ■ ■



## အခန်း (၁၆)

မနက်စာဝိုင်းမှာ ဖေဖေရော မြူမှုန်ခြယ်ရောက်နေကြသည်။
နက်နှာစုံညီ မနက်စာဝိုင်းမှာ သူလည်း အသာဝင်ထိုင်လိုက်သည်။

"ဒေါ်လုံးက ဒီနေ့ရွှေတောင်ခေါက်ဆွဲလုပ်ထားတယ်၊ သား
ကြိုက်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

"မကြိုက်လည်း ရှိတာစားရမှာပဲ၊ ဖေဖေက အမိုလုပ်မေးနေ
တယ်"

"မဟုတ်ပါဘူး သမီးရယ်၊ ဒါမကြိုက်ရင် တခြားစားစရာတွေ
လည်းရှိလို့မေးတာပါ၊ သား စားလေ၊ ဒေါ်လုံး သားအတွက်ကော်ဖီ
ဖျော်ပေးလေ"

ဦးမြတ်ဖုန်းမောင် ဂရုတစိုက်ဖြစ်နေတာကို မြူမှုန်ခြယ် ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ပုံမရ။ နှိုင်းယှဉ် အလိုက်တသိနှင့် ငြိမ်သက်စွာ စားနေလိုက်သည်။ တိတ်ဆိတ်စွာ ရှိနေရခြင်းကို ဦးမြတ်ဖုန်းမောင်က အားနာနေဟန်ရှိပြီး

"ထနောင်းရိပ်တို့မောင်နှမဆီ သား ဒီနေ့သွားဦးမှာလား သား"

"ဟုတ်ကဲ့ ဒီနေ့ ဆရာဝန်ကြီးနဲ့ တွေ့ကြည့်ရမှာပါ ဖေဖေ၊ မျက်စိခွဲစိတ်လို့ရ မရ အဖြေတန်းသိရမလား မသိဘူး"

"ဟုတ်လား လိုအပ်တာပြော သား၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီကောင်းပါတယ်"

"ဖေဖေက အရမ်းကိုစေတနာကောင်းနေတယ်၊ နောက်ကြောင်းပြဿနာတွေ ရှုပ်ရင် ရင်းထုတ်ရခက်တယ်နော်၊ မင်းလေ့မျော လည်းမဆယ်နဲ့ ခြေနှစ်ချောင်းလည်းမကယ်နဲ့ဆိုတဲ့စကား ဖေဖေကြားဖူး လား၊ ရေသာခိုလို့ရတဲ့ဘဝကို ဘယ်သူမဆို သာယာပြီး တွယ်ကပ်ကြမှာပဲ"

"သမီး"

အနှောင့်အသွားမလွတ်သည့်စကားတွေက နှိုင်းယှဉ်ကို တိုက်ရိုက်ထိခိုက်နေသည်မို့ အားနာရသည်။ သမီးက တကယ်ကို အားနာရမှန်းမသိ ဆိုးလွန်းသည်။

နှိုင်းယှဉ်ကတော့ ဘာတုံ့ပြန်မှုမှမရှိဘဲ မျက်နှာကိုအောက်ချလို့ပါ။ ဒါတောင် သမီးက ကျေနပ်ချင်ပုံမရဘဲ

"မြူ အမှန်တရားပြောနေတာ ဖေဖေ၊ အဲဒီမိန်းကလေး လူဆိုးလား၊ လူကောင်းလား လောဘရှိတဲ့သူလားမသိဘဲ စေတနာကောင်းနဲ့ကူညီပေးရာက အမိမဖမ်းနိုင်ဘူးလို့ ပြောလို့ရမလား"

"မြူ ထနောင်းရိပ်က အဲလိုမိန်းကလေး မဟုတ်ပါဘူး"



"နင်က သူနဲ့ဘယ်လောက်ပေါင်းသင်းဖူးလို့ သူ့အကြောင်း သိနေတာလဲ၊ လူ့အတွင်းစိတ်ကိုအပေါ်ယံတင် အကဲခတ်လို့မရဘူး၊ ကျေးဇူးရှင်ကို ကျေးစွတ်ဖို့ ရင်ထဲကနေ ကြိုတင်ကြံစည်မထားပါဘူးလို့ နင် အာမခံနိုင်သလား၊ နင့်ကိုစိုးရိမ်လို့ သတိပေးတာမဟုတ်ဘူးနော်၊ လျော့ ကြေးတွေ ဘာတွေတောင်းလာခဲ့ရင် ငါတို့ပိုင်ဆိုင်မှုတွေပဲ ထိခိုက်မှာ၊ နင်က ဘယ်လိုအတန်းအစားက လူဆိုတာ သူတို့သိမှာမှမဟုတ်ဘဲ၊ နင့်ကိုယ်နင် ဘဝင်မြင့်ပြီး သူဌေးကြီး ဦးမြတ်ဖုန်းမောင်ရဲ့သားလို့ ပြောနင် အဲဒါကိုမက်မောချင် မက်မောနိုင်တာပေါ့"

"သမီးရယ် တော်ပါတော့၊ စားတုန်းသောက်တုန်းကွယ်"

ဦးမြတ်ဖုန်းမောင် လေသံပျော့နှင့်တောင်းပန်တာကို မြူမှုန်ခြယ် နှာမှောင်ကုတ်လျက်ရှိတာမို့

"ပြောပါစေ ဖေဖေ၊ သူလည်း သူ့စိတ်ထဲရှိတာ ပြောချင်မှာ ပေါ့၊ ဒါပေမဲ့ တစ်ခုသိထားပါ မြူ၊ ငါ ဘယ်တော့မှ နင်တို့သားအဖကို ဒုက္ခမပေးပါဘူး၊ ထနောင်းရိပ်တို့မောင်နှမမှာ အဲလိုစိတ်မျိုးမရှိဘူးဆို တာလည်း ငါ အာမခံပါတယ်"

"နင်က ဘယ်လောက်တန်ဖိုးရှိတဲ့သူမို့ နင် အာမခံတာ ယုံ ရမှာလဲ၊ အခု သူတို့ကို နင် ကူညီနေတဲ့ငွေက နင်ရှာထားတဲ့ငွေ နင် ပိုင်ဆိုင်တဲ့ငွေတွေလား"

"သမီး စကားကိုမဆင်မခြင်နဲ့ ပြောလို့ရသလောက် အကုန် ပြောနေတာပါလား၊ နှိုင်းယှဉ်က ဒီအိမ်မှာ အလကားနေနေလို့လား သမီး၊ သူ အလုပ်လုပ်နေတယ် လုပ်သလောက် ပိုင်ဆိုင်မှုရှိတယ်၊ အဲဒီ ပိုင်ဆိုင်မှုထဲကနေ သူတစ်ပါးဒုက္ခရောက်လို့ ကူညီတာ၊ ဘာလို့

www.burmeseclassic.com



မှုဒီတာမပွားနိုင်ဖြစ်နေရတာလဲ''

''ဝမရှိဘဲ ဝီလုပ်ပြီး သူ သူတော်ကောင်းလုပ်နေတာကို မှ
တာပွားမပေးနိုင်ဘူး ဖေဖေ၊ သူတောင် ဘယ်လိုတဝနဲ့ ဒီမှာခိုကပ်နေ
တာလဲ၊ သူ့ကိုယ်သူသိရင် ဒါမျိုးမလုပ်ဘူး၊ အခုက ဖေဖေ မျက်နှာသာ
ပေးလို့ ရောင့်တက်ပြီး သူလုပ်ချင်ရာလျှောက်လုပ်နေတာ''

''သမီး''

''ဖြန်း''

စားပွဲခုံကို ဖြန်းခနဲ ပုတ်လိုက်သည့် ဖေဖေ့ဒေါသကို သူ
တစ်ခါမှ မမြင်ဘူးပါ။ မြူမှုန်ခြယ်လည်း အံ့အားသင့်မင်တက်သွားဟန်
ရှိပြီး မျက်လုံးလေးပြူးလည်နေသည်။ မြူမှုန်ခြယ်ကိုကြည့်နေသည့်
ဖေဖေ့ မျက်လုံးများက နီရဲခက်ထန်နေပြီး

''မျက်နှာသာပေးလို့ ရောင့်တက်နေတာ နှိုင်းယှဉ်မဟုတ်ဘူ
သမီးပဲ သမီး၊ ဖေဖေ သမီးမပြုံပြင်အောင် ဘယ်လောက်တောင် အလျှော့
ပေးခဲ့လဲ၊ ဖြစ်ချင်တာအားလုံး ဖြည့်ဆည်းခဲ့တယ် အလိုလိုက်ခဲ့တယ်
ကိုယ့်ဘက်က မှားယွင်းတာလေးတွေရှိခဲ့လို့ လေသံမာမာနဲ့တောင် ဆုံး
သွန်သင်တာမျိုး မလုပ်ခဲ့ဘူး၊ အခုတော့ ဦးမြတ်ဖုန်းမောင် သမီးက
ပညာတွေတတ် ဥစ္စာတွေပေါပြီး ဒီလောက်ရိုင်းစိုင်းနေတာ ဘယ်လော
ရှက်ဖို့ကောင်းလဲ''

''ဖေဖေ မြူ့ကို အဲလိုမပြောနဲ့''

''ပြောရမယ် သမီး၊ သမီး အရမ်းလွန်နေပြီ၊ နှိုင်းယှဉ်အပေါ်
ဆက်ဆံတာရော၊ ဝန်ထမ်းတွေအပေါ် တတ်ယောင်ကားနဲ့ မောက်မာတာ
ရော အရမ်းကို ချိုးကျူးခံနေရတယ် ထင်နေလား''





''မနာနဲ့ နှိုင်းယှဉ်ဘက်က မနာနဲ့၊ မကာကွယ်ပေးနဲ့ ဖေဖေ''

မြူမှုန်ခြယ် သွေးပျက်နေသလို ခါးခါးသီးသီးပင် ထအော်၏။
ဖေဖေကလည်း ဒီတစ်ခါအလျှော့ပေးဖို့ စဉ်းစားဟန်မတူ။

သူ ဘယ်သူ့ကို တားဆီးရမှန်းမသိဘဲ ကိုယ့်ကြောင့်ပြဿနာ
ထဖြစ်တာမို့ နေမထိထိုင်မသာ ဖြစ်နေမိ၏။ ဖေဖေကလည်း မြူမှုန်ခြယ်
လိုပင် ထရပ်လိုက်ကာ

''ဒီအိမ်မှာ ဒီလိုပြဿနာတွေ ဖြစ်နေရင် ဘယ်လိုစိတ်ချမ်း
သာအောင်နေရမှာလဲ၊ ဒါ နှိုင်းယှဉ်ဘက်က ကာကွယ်ပေးနေတာမဟုတ်
ဘူး။ သမီး အရမ်းရိုင်းနေလို့ ဖအေတစ်ယောက်အနေနဲ့ ဆုံးမသင့်လို့
ဆုံးမတာ၊ မိဘစကားကို သမီးတစ်ယောက် အနေနဲ့ နာခံရမယ်''

''မနာခံနိုင်ဘူး ဖေဖေ၊ တခြားကိစ္စနဲ့ မြူ မှားရင်မြူ့ကို ရိုက်
ဆုံးမလို့ရတယ်၊ ဖေဖေ့အမြှောင်မယားက မွေးတဲ့သားနဲ့ပတ်သက်ရင်တော့
မြူ အတိုက်အခံလုပ်နေမှာပဲ''

''သမီး''

ဦးမြတ်ဖုန်းမောင် ထိတ်လန့်စွာအော်လိုက်မိရင်း နှိုင်းယှဉ်ကို
အားနာစွာ ကြည့်ဖြစ်၏။ သမီး အားမနာတတ်ပါလား။ ဒီလောက်ဆုံးမ
နေသည့်ကြားက သူများတွေရှေ့မှာ ဖအေ ဂုဏ်သိက္ခာကိုချနင်းရက်သည်။

''ဖြန်း''

''ဖေဖေ''

စပ်ဖျဉ်းသွားသော ပါးပြင်လေးကို ယောင်ယမ်းကာ ပွတ်သပ်မိ
ရင်း ဖေဖေ့ကို ထိတ်လန့်စွာ ကြည့်မိ၏။ တစ်ခါမှ ရိုက်ဖို့ပြောနှင့်
လေသံမာမာနှင့်တောင် ဆက်ဆံမခံရဘူးတာမို့ ရင်ထဲမှာ တဆစ်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မိသည်။

နှိုင်းယှဉ်နှင့်ပတ်သက်လျှင် ဖေဖေ့မှာဒေါသတွေ ရှိသည်။ ကာကွယ်ပေးချင်သည့် မေတ္တာတရားတွေရှိသည်။

ဒါဟာ သားအရင်းပါလို့ ဝန်ခံနေတာပဲမဟုတ်လား။

"မြူ"

ဘာမှမပြောဘဲ စူးစိမ်းစွာကြည့်ပြီး အခန်းထဲက ပြေးထွက်သွားတာကြောင့် နိုးရိမ်စွာခေါ်လိုက်သော်လည်း မြူမှုန်ခြယ် တစ်ချက်မျှလှည့်ကြည့်မသွားပေ။ သူ့ကို ဖေဖေ့သားဆိုတာ မြူမှုန်ခြယ် သိနေလို့ ကိုသောင်း ပြောသလို အချိန်တိုင်း ပေါက်ကွဲနေခဲ့တာပါလား။

"ဖေဖေ"

သူ့ခေါ်သံကိုကြားမှာဖြစ်ပေမယ့် စားပွဲပေါ် မျက်နှာမှောက်လျက်အနေအထားနှင့် ဖေဖေ ပြန်မထူး။ သူ သိသွားပြီဆိုတာကို ယူကြုံးမရဖြစ်သွားတာလား။

ဖုံးကွယ်ထားသမျှ လူတွေရှေ့မှာ ဖွင့်ချခံရတာမို့ အရှက်သည်းသွားတာပဲ ဖြစ်မှာပါ။

"ဖေ ဖေဖေ"

"ဖေဖေ ဟာ ဒေါ်လုံး ဖေဖေ သတိမေ့သွားတာ ထင်တယ် ကြည့်ပါဦး"

"သူဌေးကြီး သူဌေးကြီး"

"ဖေဖေ"

စားပွဲပေါ် မျက်နှာမှောက်လျက်နှင့် ဖေဖေ့ကိုလုံးဝခေါ်လို့မရ။ သူ ထိတ်လန့်သွေးပျက်သွားသည်။ ဖေဖေ တစ်ခုခုဖြစ်သွားလျှင် ဘယ်လို





လုပ်မလဲ။

"ဒေါ်လုံး ဆရာဝန်ခေါ်၊ ဆရာဝန်ဆီ အမြန်ဖုန်းဆက်၊ ကျွန်တော် ဖေဖေ့ကို အခန်းထဲခေါ်သွားမယ်၊ အေးမွန် ကိုသောင်းကိုသွားခေါ်ချေ"

"ဟုတ်ကဲ့"

ပြောပြီး ဖေဖေ့ကိုယ်ကြီးကို မနိုင်မနင်း တွဲပွေ့၍ ဖေဖေ့အခန်းထဲခေါ်လာခဲ့သည်။ မြူမှုန်ခြယ်ကတော့ ဘယ်ရောက်သွားမှန်းမသိ။

ဒီကောင်မလေး အရမ်းကိုလွန်သည်။ သူ့ကိုလက်မခံချင်တာမှန်းတာနှင့် ဖေဖေ့ကိုဒီလောက်ထိ ပမာမခန့် မတိုက်ခိုက်သင့်။ တကယ်ဆိုအဖေတူ အမေကွဲဆိုတာ သွေးသားအရင်းကြီးပဲ။

"ဘယ်လိုဖြစ်တာလဲ"

ကိုသောင်း ရေးကြီးသုတ်ပျာ ဝင်လာပြီးမေးသည်။ သူ့ နှုတ်ခမ်းပေါ် လက်ညှိုးဖြတ်တင်လျက် တိတ်တိတ်နေခိုင်းလိုက်၏။

ဒီအချိန်မှာ ဘာမှမပြောချင်သေး။ ဖေဖေ့အတွက် စိတ်ပူနေတာပဲသိသည်။ ဖေဖေ ဘာမှမဖြစ်ပါစေနဲ့။

သားက သားအရင်းပါလို့ ဖေဖေ့နှုတ်ဖျားက မပြောမချင်း ဖေဖေ ဘာမှမဖြစ်ပါစေနဲ့။ ဒီရင်က အဖေဆိုတာကို ဇော်မွတ်စွာတောင့်တနေလို့ပါ ဖေဖေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဖေ ဖေဖေ"

"အင်း"

ဆရာဝန်ကြီးက သေချာဆေးကုသပြီးမှ ပြန်သွားသည်။ စိတ်ထိခိုက်စရာရှိလို့ ရှော့ဖြစ်သွားတာမို့ စိတ်ငြိမ်အောင်ဆေးထိုးပေးခဲ့၍ ဖေဖေ အိပ်ပျော်နေတာပါ။

သူ တစ်ညလုံး ဖေဖေ့နားကမခွာဘဲ ဖေဖေ့လက်ကို ဆုပ်ကိုင်၍ ဂရုစိုက်နေခဲ့သည်။ အစောပိုင်းက မြူမှုန်ခြယ် တစ်ခေါက်တော့ လာကြည့်သွားသေး၏။ သူ့ကိုမြင်တော့ မျက်စောင်းငေ့ အံကြိတ်ကာ ပြန်ထွက်သွားသည်။

အခု ညဆယ့်တစ်နာရီကျော်မှ ဖေဖေ နိုးလာ၏။

"ဖေဖေ သက်သာလားဟင်၊ ဘယ်လိုနေသေးလဲ"

"သက်သာပါတယ် သား၊ နေသာထိုင်သာ ရှိသွားပါပြီ"





"ဆရာဝန်ကြီး ညနှစ်နာရီကျရင် ဆေးတစ်ခွက် ထပ်သောက်ရမယ်လို့ မှာသွားတယ် ဖေဖေ"

"ဒေါ်လုံးတို့စောင့်မှာပေါ့၊ သား သွားနားချည်တော့လေ၊ ပင်ပန်းနေမှာပေါ့"

"မပင်ပန်းပါဘူး ဖေဖေ နေမကောင်းနေတာ စိတ်မချလို့ပါ ဖေဖေ"

မြူမှုန်ခြယ် ပြောတာ ဟုတ်မဟုတ်ဆိုတာ ဖေဖေ့ဆီက ဝန်ခံတာ ကြားချင်လို့ပါဟု အခုချိန်မှာ တောင်းဆိုသင့်ရဲ့လား။

"ဖေဖေ ထိုင်မလား၊ ရေသောက်မလားဟင်"

"အင်း နည်းနည်းလောက် သောက်ချင်တယ်"

ဖေဖေ့ကိုပွေ့ထူပြီး ရေဖန်ချိုင့်ထဲကရေကို ဖန်ခွက်နှင့်ထည့်၍ တိုက်လိုက်၏။ ဖေဖေ့မျက်လုံးများက သူ့မျက်လုံးများနှင့် ရင်မဆိုင်အောင် ရှောင်လွှဲနေတာ ဘာကြောင့်မှန်းမသိပေ။

"သား မနက်လည်း အလုပ်လုပ်ရဦးမှာ သွားနားလိုက်ပါ"

"ရပါတယ် ဖေဖေ၊ သား ဒီအခန်းထဲမှာ တစ်ညလုံးနေမှာပါ၊ သားကိုစိတ်မပူဘဲ ဖေဖေ စိတ်ချလက်ချ အိပ်ပါ၊ ဆေးသောက်ရမယ့်အချိန်ကျမှ သားနှိုးပါ့မယ်"

"ဖေဖေ့ကိုဘာလို့ အဲလောက် ဂရုစိုက်နေတာလဲ"

"ဗျာ"

"သမီးမြူပြောတာ စိတ်ထဲမထားပါနဲ့၊ သူ ထင်ရာမြင်ရာတွေ ရှော်ခွဲနေတာပါ"

"ဗျာ အဲ အဲဒါ ဟို"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောရမှန်းပင်မသိ။ ဖေဖေ ဒီလိုပြောလိမ့်မည် မထင် တာကြောင့် ခုံရှည်လေးပေါ် ရေဖန်ခွက်လှမ်းတင်တာတောင် လက်က တဆတ်ဆတ် တုန်သွားသည်။ သူ စိတ်လှုပ်ရှားနေတာကိုရိပ်မိသော ဖေဖေက သက်ပြင်းရှည်ကြီးကိုချ၍

"သား ဘာကို သိချင်ကြားချင်နေသလဲဆိုတာ ဖေဖေ သိပ် တယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ဖေဖေ ဘာမှမပြောနိုင်သေးဘူး သား"

"ဘာဖြစ်လို့လဲ ဖေဖေ၊ မြူပြောသလို အမြှောင်မယားရဲ့သား ဆိုရင် သားရှက်သွားမှာ၊ ဖေဖေ့ကိုနာကြည်းသွားမှာစိုးလို့လား"

"ဟင်"

"သားလည်း သိသင့်သလောက် သိနေပါတယ်"

"ဘာ ဘာကိုလဲ"

"သားက ဖေဖေရဲ့တိတ်တိတ်ပုန်း မှားယွင်းခဲ့တဲ့မိန်းမရဲ့သား ဒါမှမဟုတ် ဘယ်လိုမှားယွင်းခဲ့မှန်းမသိပေမယ့် ဖေဖေ့ရဲ့သွေးသားဖြစ်နေ လို့ သူခိုးသူတောင်းစား ခါးပိုက်နှိုက်တစ်ယောက်ကို ကယ်တင်မွေးစား ခဲ့တယ်ဆိုတာကိုပေါ့"

အဲလို ထင်တာတွေ မဟုတ်ပါဘူးလို့ ဦးမြတ်ဖုန်းမောင် ပြော မထွက်။ ဒါပေမဲ့ အမှန်တရားတစ်ခုကို ဝန်ခံဖို့လည်း မဝံ့ရဲပေ။

"ဘယ်အချိန်တည်းက အဲဒီအတွေးဝင်ခဲ့တာလဲ သား"

"ကြာပြီ တော်တော်လေးတော့ ကြာနေပါပြီ၊ မြူနဲ့အတိုက်အခံ ပဋိပက္ခတွေဖြစ်တိုင်း အဲဒီလိုတွေးတတ်လာခဲ့တာပါ၊ မဟုတ်ရင် သမီးရင်း နဲ့ပြဿနာဖြစ်ခံမှာမဟုတ်ဘူးလို့ပေါ့၊ အခု မြူပြောလိုက်တော့ ပိုပြီ သေချာသွားတာပေါ့ ဖေဖေ၊ မြူလည်း ဒီကိစ္စကိုသိနေလို့ သားကိုမုန်





သင့်တာထက် ပိုမုန်းနေတာ သားနားလည်သွားပြီ"

"ဖေဖေ ဘယ်လိုပြောရမလဲ သမီးမြူက"

"သူ မှန်းသင့်ပါတယ်၊ သားသာ မြူနေရာမှာဆိုလည်း ကိုယ့် အမေကိုသစ္စာဖောက်ရက်တယ်ဆိုပြီး ဖေဖေ့ကိုလည်း နာကြည်းမိမှာ အမှန်ပဲ၊ ဒါကြောင့် မြူ ကလန်ကဆန်တွေ လုပ်နေတာပေါ့၊ သားကို ဦးစားပေးတာ၊ ဂရုစိုက်တာမြင်တိုင်း သူအသည်းတွေ နာနေမှာပေါ့ ဖေဖေ၊ တကယ်တော့ မြူမှာ အပြစ်မရှိပါဘူး"

ဖေဖေ့မှာပဲ အပြစ်ရှိတာပါလို့ ဝန်ခံလိုက်ချင်သည်။ ဒါပေမဲ့ ဒီအပြစ်ကိုသားသိသွားလျှင် သားက ဒီအဖေကိုတစ်သက်လုံး ခွင့်လွှတ် မှာမဟုတ်။ ဒါကြောင့် သားကို အရိပ်တကြည့်ကြည့်နှင့် ရင်နာနေခဲ့ရ တာပါ။

"ဖေဖေ တစ်ခုတော့ ပြောပါရစေ သားရယ်၊ သားရင်ထဲမှာ ဘာအနာတရမှ မရှိစေချင်ဘူး၊ မျှော်လင့်ချက်တွေနဲ့လည်း သားကို မလောင်စေချင်ဘူး"

"ရပိုင်ခွင့်တွေ အမွေတွေ လိုချင်တယ်လို့ ထင်နေတာလား ဖေဖေ၊ သားမှာ ဘာမျှော်လင့်ချက်မှမရှိပါဘူး၊ ဖေဖေ့ဆီက စည်းစိမ် ဥစ္စာတွေလည်း မလိုချင်ပါဘူး၊ သားတစ်ယောက်အဖြစ် အသိအမှတ်ပြု ရုံပဲ"

"အခုလည်း သားက ဖေဖေ့သားပဲလေ၊ သားကို ဖေဖေချစ် တယ်၊ သားလို့ခေါ်ခွင့်ရတာ ဖေဖေ အားရှိပါတယ် သား၊ ဖေဖေ့ကိုချစ် ခင်တွယ်တာပေးတဲ့ သားကိုလည်း ကျေးဇူးတင်တယ်"

အဲဒါနဲ့မလုံလောက်ပါဘူးလို့ စောဒကတက်လျှင် ပိုင်ဆိုင်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



လောဘတက်နေသလားလို့ သံသယဝင်ခံရတော့မည် ထင်သည်။ ဘာ
ကြောင့်သေချာအောင် ဝန်မခံချင်ရတာလဲလို့ ဖွတ်တိုးကာ မေးချင်သည်
စကားတွေကို နှုတ်များက ထွက်ကျမလာအောင် မနည်းထိန်းချုပ်နေရ

"ဖေဖေ နားလိုက်ပါ၊ ဆေးတိုက်ခါနီးမှ သားပြန်လာခဲ့မယ်"

လိပ်ခဲတင်းတင်း မတင်မကျနှင့် ရင်ထဲတင်းကျပ်ကျပ် ဝေဒနာ
ကြီး ခံစားနေရသော်လည်း ကျန်းမာရေးမကောင်းဖြစ်နေသော ဖေဖေ့
ဖိအားတွေမပေးချင်။

ကိုယ့်ကြောင့် ကျန်းမာရေးထပ်ဆိုးသွားမှာစိုးလို့ပါ။

"ဟင်"

အခန်းအပြင်မှာ မြူမှုန်ခြယ်ကိုတွေ့လိုက်ရတာကြောင့် အံ့အာ
သင့်သွားရ၏။ သူနှင့်ဖေဖေပြောနေသော စကားတွေ မြူမှုန်ခြယ် ကြ
သွားခဲ့ပြီလား။

BURMESE CLASSIC

"နင်နဲ့ပြောစရာရှိတယ် ငါ့နောက်လိုက်ခဲ့"

ပြောပြီး အပေါ်ထပ်လှေကားကနေ ဆင်းသွားတော့ မြူမှုန်ခြ
နောက်ကနေ လိုက်လာခဲ့ရသည်။ မြူမှုန်ခြယ်က တိုက်အပြင်ဘက် 
ဝင်အောက်ကိုရောက်မှ ခြေလှမ်းရပ်၏။

"နင့်ကိုယ်နင် ဖေဖေ့သားလို့ ထင်နေတာကြာပြီပေါ့ ဟု
လား"

သူ ခေါင်းညိတ်တော့ သူမ နှုတ်ခမ်းအစုံမဲ့ကွေးသွား၏။

"ဒါကြောင့် မျှော်လင့်ချက်တွေနဲ့ အရမ်းကိုသည်းခံပြီး တွ
ကပ်နေခဲ့တာကိုး။ ဖေဖေ့သွေးသားပဲဆိုပြီး ဘာမှရလိမ့်မယ် မထ
အငယ်အနှောင်း အမွှောင်မယား တိတ်တိတ်ပုန်း အပျော်ရှာလာလို့





သားကို ဖေဖေတောင် ရဲရဲဝံ့ဝံ့ အသိအမှတ်မပြုဘဲနဲ့ နင် ဘာမှမျှော်လင့်
ဖို့မကြိုးစားနဲ့"

"မြူ မင်းစကားတွေ အရမ်းရင့်သီးလွန်း ရိုင်းစိုင်းလွန်းတယ်၊
ဖေဖေ့ရဲ့သွေးသားဆိုရင် မင်းနဲ့ငါက မောင်နှမတော်ပါတယ်၊ မင်း လက်
ခံချင်လည်း လက်ခံရမယ့်ကိစ္စ၊ မခေါ်ချင်နေလို့ရတယ် မတော်ချင်လို့
ရေဘူး"

"တော်စမ်းပါ ငါ့အတွက် နင့်လိုလူမျိုးနဲ့ မခေါ်ချင်လည်းရတယ်
တော်ချင်လည်းရတယ် သိလား။ ဘယ်လိုအခြေအနေဖြစ်နေနေ ဖေဖေ့
သားလို့ နင့်ကိုဘယ်တော့မှအသိအမှတ်ပြုမှာမဟုတ်ဘူး၊ တရားဝင်သား
မဟုတ်ဘဲ အရှက်မရှိ နင်တွယ်ကပ်နေလည်း ပိုင်ဆိုင်မှုတွေအားလုံး
နင် တစ်ပြားဖိုးမှရလိမ့်မယ်မထင်နဲ့"

မာနကိုထိခိုက်ခံရတော့ နာကျင်ခြင်းတွေ စုပြုံတိုးဝှေ့လာကာ
အံတစ်ချက်ကြိတ်မိလျက်

"ပြည့်တဲ့အိုးက ဘောင်ဘင်ခတ်တယ်ဆိုတာ အဲဒါပဲ မြူ
င်းက ဖေဖေ့အချစ်တွေ ဖေဖေ့ပစ္စည်းဥစ္စာတွေအများကြီးပိုင်ဆိုင်ထားရဲ့
နည်းနည်းလောက်ပွန်းပဲ့သွားမှာကို အဲဒီလောက် ဂ္ဂာနွေမရ သွေးပျက်
ပြောတွန့်တိုနေသလား၊ ငါက နဂိုကလည်း ဘာမှမရှိဘူး၊ အခုလည်း
ထည်ပြစရာ အရာအားလုံးကို ဘာမှမမက်မောဘူး မြူ၊ အကောင်
ထည်ချပြလို့မရတဲ့မေတ္တာတရားကိုပဲ တောင်းတာ၊ မင်းသိအောင်
ပ်ပြောမယ်၊ ဖေဖေ့မေတ္တာကလွဲရင် ငါ ဘာမှမလိုချင်ဘူး၊ အဲဒါ
င်းမြဲမြဲမှတ်ထား"

သူ့စကားက ဟာသမဟုတ်ဘဲ မြူမှုန်ခြယ် ခနိုးခနဲပြုံး ရယ်



www.burmeseclassic.com

www.burmeseclassic.com



၏။ မခံချိမခံသာဖြစ်အောင် စိတ်ထိုခွဲနေသလိုပင်။ သူ့ကိုမျက်ရည်ပြ
သလို ခပ်မဲ့မဲ့ဖြင့် ပြုံးကြည့်ပြီး

"မေတ္တာပဲလိုချင်တာဟုတ်လား၊ ဒါဆို ဖေဖေ့ကိုချော့ပြီး ဒီက
ထွက်သွားလေ"

"ဘာ"

"ဟုတ်တယ် ဖေဖေ့ဆီမှာ နင့်ကိုပေးဖို့ မေတ္တာအတုံးအခဲ
လိုက်ပါလာလိမ့်မယ် ခေါ်သွား။ ငါ့မေမေ့ကိုသစ္စာဖောက်တဲ့ သစ္စာမရှိ
ဖေဖေ့ကို ငါမချစ်ဘူး"

"မြူ"

"နင့်ကိုအိမ်ပေါ်ခေါ်တင်လာပြီး ချစ်ပြ ဂရုစိုက်ပြနေတဲ့ ဖေဖေ
ကို ငါမုန်းတယ်၊ အို နင့်ကိုရော ဖေဖေ့ကိုရောမုန်းတယ်၊ တစ်ခါ
လက်ဖျားနဲ့မရွယ်ဘူးတဲ့ငါ့ပါးကို နင့်ကြောင့်အရိုက်ခံလိုက်ရတာ ရင်
တယ်"

"အဲဒါ ဖေဖေကမင်းကို ရိုက်ချင်လို့ရိုက်တာမှ မဟုတ်
မြူ မင်း အရမ်းဆိုးလွန်းလို့ မိဘတစ်ယောက်အနေနဲ့ ဆုံးမတာပါ"

"ဖေဖေကရော မှန်နေလို့လား၊ ဖောက်ပြန်လို့ရတဲ့ ရင်
ရှိနေတယ်ဆိုရင် ဘာလို့မေမေ့ကိုလက်ထပ်သေးလဲ၊ မေမေနဲ့လက်ထ
ပြီးမှ ဒီလိုလုပ်တယ်ဆိုရင်လည်း အဲဒါ သစ္စာမဲ့တာပဲ၊ ဒီလိုလုပ်
သားသမီးတွေရင်ထဲ ဘယ်လိုနာကျင်ခံစားရမယ်၊ စိတ်ဒဏ်ရာရ
မယ်ဆိုတာ မသိတဲ့သူကို ငါ မိဘအရာ မထားတော့ဘူး"

"မြူ"

"အဲ အဲဒါ ဘာလုပ်တာလဲ"





မြူ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တော့ မြူ ထိတ်လန့်ကာ
မျက်လုံးမျက်ဆံပြူးသွား၏။ လက်အုပ်မချီဖြစ်သော်လည်း ဦးညွတ်၍

"ငါတောင်းပန်ပါတယ် မြူ၊ နင်ငါ့ကို မုန်းချင်မုန်းပါ၊ နာကြည်း
ချင်နာကြည်းပါ၊ ဖေဖေ့ကိုတော့ မမုန်းလိုက်ပါနဲ့၊ မနာကြည်းလိုက်ပါနဲ့၊
စိတ်သောကတွေရောက်အောင် စိတ်ပင်ပန်းအောင် မလုပ်လိုက်ပါနဲ့ဟာ၊
ဖေဖေက ငါ့ထက်နင့်ကို ပိုချစ်တယ်ဆိုတာ နင်အသိဆုံးပါ၊ နင့်ရဲ့အငြိုး
ငြင်ခံရမှာစိုးလို့ ငါ့ကိုအခုထိတောင် သွေးသားအရင်း သားရယ်လို့ ဝန်ခံ
ပြီး အသိအမှတ်ပြုသေးတာ မဟုတ်ပါဘူး၊ ငါက ပိုရင်နာစရာကောင်းတာ
ပါ မြူရယ်"

တိမ်ဝင်တိုးလျှသွားသောအသံရဲ့နောက်မှာ ရှိုက်သံသဲ့သဲ့ကပ်
ပါလာတော့ မြူမှုန်ဖြိုယ် မျက်ခုံးပင့်သွားမိ၏။ နှိုင်းယှဉ် ဟိုတစ်ခါ ငိုတုန်း
ကလည်း သူမရင်ထဲ နင့်နင့်သီးသီး ထိခိုက်ရသည်။

အခုလည်း သူမ မင်တက်ကြောင်ငေးသွားမိ၏။ သူ့ရဲ့မျက်ရည်
တွေက ဘာကြောင့် သူမကိုတွေဝေသွားစေတာလဲ။

နှိုင်းယှဉ်ဆိုတာ သူမတစ်ဦးတည်းပိုင်ဆိုင်ရမည့် ဖေဖေ့မေတ္တာ
တွေ ပစ္စည်းဥစ္စာတွေကို ခွဲဝေရယူမည့်ရန်သူပါ။ ဒီလိုတွေ စိတ်အားတင်း
ခါး သူမရဲ့ပျော့ညံ့တော့မည့်စိတ်တွေကို တင်းထားခဲ့ရတာ။

ဒါပေမဲ့ ဖေဖေ့အတွက် သားလိမ္မာတစ်ယောက်လို နိမ့်ချဝပ်
တွားနေသော နှိုင်းယှဉ်ကို မငဲ့ညှာမိအောင် မျက်နှာလွှဲလိုက်ရသည်။

"နင် အဲလိုလုပ်နေလည်း အပိုပဲ နှိုင်းယှဉ်၊ ငါ့ဘာသာ ဘာ
ညာလုပ် နင်နဲ့မဆိုင်ဘူး၊ ငါကမုန်းသင့်လို့မုန်းတာ၊ နာကြည်းသင့်လို့
နာကြည်းတာ၊ နင်သာ ငါတို့ဘဝထဲရောက်မလာခဲ့ရင် ဖေဖေ့ငါ ဒီလို

www.burmeseclassic.com



ပဋိပက္ခတွေ ဖြစ်မှာမဟုတ်ဘူး၊ ငါ့ကြောင့် ဖေဖေ့စိတ်ဆင်းရဲရမှာလည်း မဟုတ်ဘူး။ အဲဒီတော့ ငါတို့ဘဝထဲကနေ ပျောက်ကွယ်သွားပေးပါ၊ ဘယ် တော့မှ ပြန်မလာပါနဲ့၊ ဖေဖေ့သားမဖြစ်ပါနဲ့''

''ရက်စက်လိုက်တာ ညီမလေးရယ်''

''ဟင်''

ညီမလေးဆိုသည့် နာမ်စားက ရင်ကိုဖိနှိပ်ခနဲ ထိမှန်၏။ ပြိုလဲကျမသွားအောင် တိုင်တစ်တိုင်ကို ထိန်းကိုင်ထားလိုက်ရ၏။ နှိုင်းယှဉ်ရဲ့ ညီမလေး မဖြစ်ချင်ပါ။

သူမ တစ်ခါမှကို စိတ်ကူးမယဉ်ဘူးခဲ့ပါ။

''မခေါ်နဲ့ ငါ နင့်ညီမလေးမဟုတ်ဘူး။ နင်နဲ့ငါ ဘာမှသွေးသား မတော်စပ်ဘူး နှိုင်းယှဉ်၊ နင်နဲ့ငါ ဘာမှမဆိုင်ဘူး''

''အဲဒါ မင်းဘက်ကဆန္ဒပဲ မြူ၊ ငါ့ဘက်ကတော့ ဖေဖေ့ရဲ့သမီးဖြစ်တဲ့မင်းကို ငါ့ရဲ့ညီမလေးတစ်ယောက်လို သဘောထားတယ်၊ အဲဒီကြောင့် ငါ့ရဲ့မာနတွေ မခံချင်စိတ်တွေ၊ ယောကျ်ားတစ်ယောက်ရဲ့ဂုဏ်သိက္ခာတွေကို မင်းရဲ့ခြေဖဝါးအောက်မှာ ချနင်းခံနေတာပါ၊ မင်း နားမလည်ချင်နေပါ၊ မသိချင်နေပါ၊ ငါ့အတွက်တော့ ဖေဖေနဲ့မင်းက ငါ့ရဲ့မိသားစုဝင်ပါပဲ၊ ငါ့ရဲ့အသိုက်အမြုံလေးပါပဲ မြူ''

''ဟင့်အင်း''

သူမ ခေါင်းကို အဆက်မပြတ် ယမ်းသည်။ ဒါပေမဲ့ ရင်ထဲမှာ နင့်နေအောင်နာနေ၏။ ဘာကြောင့်ဝမ်းနည်းမှန်းမသိဘဲ သူမငိုချင်လာသည်။ ဘယ်သူမှမရှိသော ဟင်းလင်းပြင်ကြီးထဲကို ထွက်ပြေးချင်မိသည်။ ပေါက်ကွဲစွာ အော်ဟစ်ပစ်လိုက်ချင်သည်။





လက်တွေ့မှာတော့ သူမတိတ်ဆိတ်စွာ နှိုင်းယှဉ်ရှေ့က ထွက်လာခဲ့သည်ထင်၏။ စိတ်ကူးနှင့်ဘာကြောင့် တစ်ထပ်တည်းမကျတာလဲ မသိပေ။

ဒီရင်မှာ အမုန်းတရားတွေ ကုန်ခမ်းလို့များလား . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ကိုနိုင်၊ ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ၊ နေမကောင်းလို့လား ဟင်"

ထနောင်းရိုပ် မျက်လုံးတွေ ခွဲစိတ်ကုသလို့ရနိုင်သည်ဟု ဆရာ ဝန်ကြီးဆီက အဖြေရလို့ အတူတူပျော်ရွှင်ပေးရမှာဖြစ်ပါလျက် သူ တိတ် ဆိတ်နေတာကြောင့် ထနောင်းရိုပ် စိုးရိမ်စွာမေးခြင်းဖြစ်မည်။

သူ ခေါင်းယမ်းပြသည်။ ခုချိန်မှာ ထနောင်း မြင်မှာမဟုတ် ဒါကြောင့်မို့ သူ့နဖူးကို မှန်းဆကာ စမ်းသပ်ဖို့ပြင်နေသည့် ထနောင်း လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး

"ကိုယ်နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး ထနောင်း"

"ဒါဆို ထနောင်း မျက်လုံးခွဲစိတ်လို့ရမယ်ဆိုတာ ထနောင်း လို မပျော်ဘူးလားဟင်"

"ပျော်ပါတယ် ထနောင်းရယ်၊ ထနောင်းတို့ထက်တောင် ကိုယ်





ပျော်နေပါတယ်၊ ကိုယ် ကယ်တင်ခွင့်ရတဲ့လူတစ်ယောက် လူကောင်း ပကာတိလို အလင်းရောင်ပြန်ရမှာ ကိုယ်အရမ်းကို ပျော်နေပါတယ်"

"ဘယ်လိုပုံစံမျိုးနဲ့ ပျော်နေတယ်ဆိုတာတော့ ထနောင်း မမြင် ရဘူး ဒါပေမဲ့ ကိုနိုင်း အရမ်းတိတ်ဆိတ်သလို ဖြစ်နေတာတော့ ထနောင်း စိတ်မကောင်းဘူး ကိုနိုင်း၊ ထနောင်းက အမြင်အာရုံမရတော့အသံကို နားစွင့်ပြီး လူတစ်ယောက်ရဲ့စိတ်ကို ခန့်မှန်းနေရတာလေ"

"အိမ်မှာ ဖေဖေ့ကျန်းမာရေး သိပ်မကောင်းလို့ပါ ထနောင်း ရယ်"

"ဟင် ကို ကိုနိုင်းအဖေ နေမကောင်းလို့ ဪ တော်တော် စိုးရိမ်ရလားဟင်၊ အဲလိုဆိုရင် ထနောင်းတို့ဆီ ဘာလို့လာနေသေးလဲ၊ နောက်နေ့မှ ဆရာဝန်ကြီးနဲ့သွားတွေ့လည်း ရတဲ့ဟာကို၊ အခုကိုနိုင်း ပြန်ချင်ပြန်တော့လေ"

ဒီတစ်ခါတော့ ထနောင်း မြင်တာမမြင်တာ သတိမထားမိဘဲ သူ ခေါင်းယမ်းလိုက်မိသည်။ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်း ဒို့ဟ မကွဲလို့ အိမ်ပြန်ဖို့ရာ တွံ့ဆိုင်းနေတာပါ။

"ရပါတယ် ထနောင်း၊ ထနောင်းဟင်းချက်ထားတယ်ဆို၊ ထမင်းစားပြီးမှ ကိုယ်ပြန်ပါမယ်"

"အင်း အဲလိုဆိုရင် ကောင်းတာပေါ့၊ ထနောင်းက ကိုနိုင်း ဒီနေ့လာမယ်ဆိုလို့ ငါးလေးအိုးကပ်ရယ်၊ ဘူးရွက်ဟင်းချိုရယ် ချက်ထား တာ၊ သရက်ချဉ်လေးလည်း သုပ်ထားတယ် ကိုနိုင်းရဲ့၊ မောင်လေးကို ဟင်းအိုးနွှေးခိုင်းတာ မပြီးသေးဘူးထင်တယ်"

"သူလုပ်နေပါတယ် အေးဆေးပေါ့"



www.burmeseclassic.com

''ထနောင်းချက်ထားတာ ကိုနိုင်း စားရော့စားဖူးရဲ့လား၊ ကြိုက်ရဲ့လားဟင်''

''ငါးလေးအိုးကပ်ဟင်းကို အရမ်းကြိုက်တယ်၊ မေ့မေ့ရှိတုန်းက ခဏခဏချက်ကျွေးတယ်၊ ငယ်ငယ်တုန်းကဆို အဲဒီငါးသေးသေးလေးတွေကို ကြော်လည်းကျွေးတယ်၊ အရိုးသန်မှာတယ်ဆိုပြီးတော့လေ''

''ဩော် ကိုနိုင်းအမေက ကိုနိုင်းကိုအရမ်းချစ်တာပဲနော်၊ ကိုနိုင်းအမေကရော''

ထနောင်း မေးမှ တွေခနဲဖြစ်သွားရသည်။ အရင်အဖေနှင့် အခုအဖေ ဘယ်သူက သူ့ကိုပိုချစ်တာလဲ။ ငယ်ရွယ်စဉ်ဘဝကတော့ သူ့မှာအရင်အဖေတစ်ယောက်တည်းရှိတယ်လို့ ထင်ခဲ့တာပါ။ ရှိနေသည့် အချိန်လေးမှာ မိသားစုဘဝပျော်စရာကောင်းခဲ့သည်။ မပြည့်စုံပေမယ့် မိသားစုဘဝ နွေးထွေးခဲ့၏။

ချမ်းသာစွာ ထားချင်လို့ မိသားစုကိုခွဲခွာပြီး အဝေးကိုတောင် ထွက်သွားခဲ့သေးတာ။ ဒါဟာ ဖေဖေ့မေတ္တာတရားတွေပဲ။

အခု အဖေကရော သူ့ဘဝအတွက် ဆပ်မကုန်သော ကျေးဇူးတရားတွေရှိသူပါ။ ဘဝတစ်ခုလုံးကို မြှင့်တင်ပေးခဲ့သူမဟုတ်ပါလား။

''ကိုနိုင်း''

''ဟင်''

ထနောင်းရိပ်အသံကြောင့် အတွေးတွေပြတ်သွားရသည်။

''ကိုနိုင်း အသံတိတ်သွားတာ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး ထနောင်း၊ ဩော် ညီလေး''

''အစ်ကို ထမင်းစားလို့ရပြီဗျ၊ မမ ကျွန်တော် ထမင်းပွဲပြင်ပြီး





ဦ''

''အေးအေး မောင်လေး၊ ကိုနိုင်း ထမင်းစားရအောင်''

ထနောင်း လက်ကလေးကို ဆွဲ၍ တွဲထူမိသည်။ တစ်ဦးကတ္တာ တစ်ဦးကစေတနာဆိုသလို ဒီမောင်နှမနှစ်ယောက်ကို သူ ခင်တွယ်ပါသည်။

''ထနောင်း ဒီနားမှာထိုင်''

ထမင်းစားပွဲမှာ ထနောင်းကိုနေရာပေးရင်း သူလည်းဝင်ထိုင်ကြသည်။ ဆက်ပိုင်ဖြိုးက လက်ဆေးရေဖလုံလေး လက်ကမ်းပေး၏။

''ကိုနိုင်း ဖွန်းနဲ့စားမလားဟင်''

''လက်နဲ့ပဲ အားရပါးရစားမယ်၊ ထနောင်းလက်ရာ ငါးလေးအိုးကပ်နဲ့ ဘူးရွက်ဟင်းချိုက မွှေးနေတာပဲ၊ မျက်လုံးသာမြင်ရင် ဒီထက်ကောင်းပိုကောင်းဦးမယ်''

''မမြောက်ပါနဲ့နော်၊ ထနောင်းက ကိုနိုင်း စားချင်တဲ့အချိန်တိုင်း ချက်ကျွေးမှာပါ''

''ထနောင်းလက်ရာ ထမင်းဟင်းကိုစားရတာ မေမေ့ကိုတောင် လွမ်းမိတယ်၊ ကိုယ့်မေမေက ထနောင်းလိုပဲ အရမ်းဟင်းချက်ကောင်းတာ၊ မေမေသာ ဖေဖေ့ရဲ့စိတ္တဇနဲ့ရူးသွပ်မသွားဘူး၊ သေမသွားဘူးဆိုရင် ခုနေ့ထိ မေမေ ချက်ကျွေးတာကို ဂုဏ်ယ်စားရမှာ''

ထမင်းစားရင်းနှင့် စိတ်မကောင်းဖြစ်ကာ မျက်ရည်လည်မိသည်။ ဘယ်လိုကံတရားတွေကြောင့် ဖေဖေနဲ့မေမေ သက်ဆိုးမရှည်ကြတာလဲ။ ဖေဖေဆိုလျှင် သေဆုံးသည်ဆိုသော သတင်းသာကြားရတာ။ အလောင်းတောင် မမြင်ရ။ ဘယ်လိုပုံစံနှင့်သေဆုံးသည်ဆိုတာလည်း

www.burmeseclassic.com



မသိရ။

မေမေဆိုလည်း စိတ္တဇရောဂါနှင့် အသိလွတ်ကာ ရူးကြောင်ကြောင်ဖြစ်သွားပြီး လူတကာ ခဲနှင့်ပေါက် ဆဲဆိုခံ အထင်သေးခံရသည့် ဘဝမျိုးဖြင့် ရောဂါဖြစ်လို့တောင် ဆေးကောင်းကောင်းမကုနိုင်ဘဲ ချို့တဲ့နွမ်းပါးစွာသေခဲ့ရသည်။

သူ့ဘဝလည်း ဘယ်လောက်တောင် စုတ်ပြတ်သတ်ခဲ့လဲ။ သူတောင်းစား သူခိုးခါးပိုက်နှိုက်၊ ဘဝမှာအညံ့ဆုံး အောက်တန်းအကျဆုံး အလုပ်တွေကိုလုပ်ခဲ့ရသည်။

ဒီကံကြမ္မာဆိုးတွေကို ဘယ်သူဖန်တီးခဲ့တာလဲလို့ ဘယ်သူ့ကိုလည်း အပြစ်တင်စရာမရှိ။ ဆင်းရဲဒုက္ခကြီးမားသော လောကခံကို ခါးစည်းကာခံရင်း အခုတော့လည်း ပြည့်စုံချမ်းသာသည့်အဖေကို တွေ့နေပါလျက်နှင့်တရားဝင် သားရယ်လို့ အသိအမှတ်ပြုမခံရ။ ရင်နာစရာ ဘယ်လောက်ကောင်းလိုက်ပါသလဲ။

"အစ်ကို ထမင်းစားလေ၊ ဘာလို့မျက်ရည်ကျနေတာလဲ"

"ဟင် ကိုနိုင်း ငိုနေတာလား"

"ဩော် မေမေ့ကိုသတိရလို့ပါ၊ စားကြလေ အစ်ကို ဘာမှမဖြစ်ပါဘူး"

"အစ်ကို နောက်နေ့တွေလည်း လာခဲ့ဦးနော်"

"ထနောင်း ဆေးရုံတက်နေတဲ့အချိန်၊ တစ်နေ့တစ်ခေါက်နေ့တိုင်းလာခဲ့ပါမယ်"

"မျက်စိက တန်းမခွဲဘဲ ဆေးရုံတက်ရဦးမယ်ဆိုတာ ဘာဖြစ်လို့လဲဟင် အစ်ကို"



"မျက်စိက မကုဘဲ ဒီအတိုင်းနေခဲ့တာကြာတော့ ဒဏ်ဖြစ်နေတာကို အရင်ကုရဦးမှာလေ ညီရဲ့၊ ဘာပဲဖြစ်ဖြစ် ခွဲစိတ်ပြီး ပြန်မြင်ဖို့ ရာခိုင်နှုန်းများတယ်ဆိုတာပဲ ကံကောင်းလှပါပြီ"

"ဟုတ်ပါတယ် ကိုနိုင်းလိုလူမျိုးနဲ့သာမတွေ့ရင် ထနောင်း ချက်လုံးတစ်သက်လုံး ပြန်မြင်မှာမဟုတ်ဘူး၊ ထနောင်းလေ ကိုနိုင်းကို ညတိုင်းကန်တော့အိပ်ပါတယ်၊ ကိုနိုင်းကို ဒီလိုကူညီဖို့ခွင့်ပြုပေးတဲ့ ဦးမြတ်ဖုန်းမောင်ကိုရောပေါ့၊ ကိုနိုင်းဘဝလည်း ဦးမြတ်ဖုန်းမောင်နဲ့သာမတွေ့ရင် တွေးဝံ့စရာမရှိဘူး၊ တကယ်ကို ကျေးဇူးကြီးမားတဲ့သူပါ၊ တော်ရုံစိတ်ထားပြည့်ဝရုံနဲ့ သူစိမ်းတစ်ယောက်ကို ဒီလိုမျိုး ယုံယုံကြည်ကြည်နဲ့ ကယ်တင်ပါ့မလား"

သူစိမ်းမဟုတ်ပါဘူး သားအရင်းပါလို့ ကြည်နူးဝမ်းမြောက်စွာ ပြောအားမရှိ။ ဘာကြောင့် မြူမှုန်ခြယ် စွပ်စွဲတိုက်ခိုက်နေတာတောင် စိတ်ထင်ရာ လျှောက်ပြောနေတာပါ စိတ်ထဲမထားပါနဲ့ အခုချိန်မှာ ဖေဖေ ဘာမှပြောစရာမရှိသေးပါဘူးဆိုတာကြီးက နည်းနည်းတော့ ကသိကအောက်နိုင်လှသည်။

သူ့ရင်တွေ မချမ်းမြေ့ပါ။ မလန်းဆန်းပါ။

မိသားစုဆိုသည့် မျှော်လင့်ချက်နှင့်တက်ကြွနေတာတွေလည်း အားလျော့သွားခဲ့ရသည်။ ဒါပေမဲ့ ဖေဖေ ကျန်းမာရေးမကောင်းဖြစ်နေချိန်မှာ ဥပေက္ခာတော့မပြုချင်။

စားသောက်ပြီး ခဏအကြာမှာ ထနောင်းတို့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ အိမ်ပြန်လမ်းမှာလည်း မရေရာသောအတွေးတွေက ဝေဝေဝါးဝါးနှင့်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"သူဌေးကြီးရဲ့ညွှန့်သည်လို့ ပြောပါတယ်၊ ကျွန်တော် တံခါး ဖွင့်ပေးရမလားခင်ဗျာ"

အခန်းတွင်း ဝင်လာကာ မောင်သောင်းပြောတော့ ခုတင်ပေါ် လှဲနေရာမှ အိပ်ခန်းတွင်းမှာထားသည့် ဆိုဖာခုံမှာ ပြောင်းထိုင်လိုက်ရင်း

"ဘယ်သူတဲ့လဲ မောင်သောင်း"

"ဦးဉာဏ်အောင်လို့ ပြောပါတယ်၊ ကားအကောင်းစားကြီးနဲ့ လာတာ"

"ဦးဉာဏ်အောင် ဉာဏ်အောင်"

နာမည်ကိုရေရွတ်ကြည့်ရင်း ဒိတ်ခနဲခုန်သွားသော သွေးခုန်နှုန်း တွေမြန်ဆန်လာသည်။ ခုံလက်တန်းကို အားရှိသလောက် ဆုပ်ကိုင်ထား ရကာ





"ငါ ကျန်းမာရေးမကောင်းလို့ ဘယ်ညွှန့်သည်မှ မတွေ့ချင် ဘူးကွာ၊ ငါ မရှိဘူးလို့ပြောလိုက်"

"မမလေးက ရှိတယ်လို့ပြောလိုက်ပြီးပါပြီ"

"ဟင် သမီး ပြန်လာနေပြီလား"

"ဟုတ်ကဲ့ သူ့အခန်းကို တက်သွားပါပြီ"

"သွား ညွှန့်သည်ကိုအမြန်သွားခေါ်၊ ဒီအခန်းထဲကိုခေါ်ခဲ့"

"ဟုတ် ဟုတ်ကဲ့"

မောင်သောင်း ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။ ဦးမြတ်ဖုန်း မောင် ခြေတုန်လက်တုန်ဖြင့် ဇောချွေးတွေတောင် ပြန်နေ၏။

ဉာဏ်အောင် နိုင်ငံခြားမှာအခြေချပြီး ဘယ်အချိန်က မြန်မာ ပြည်ပြန်ရောက်လာတာလဲ။ ကိုယ့်အကြောင်းကိုသိတာ ဒီကောင်တစ် ယောက်တည်းရှိတာ။

ဒီအကြောင်းတွေ သမီးသိလို့မဖြစ်။ နိုင်းယုဉ်လည်းသိလို့မဖြစ်။

"ဒေါက် ဒေါက်"

"ဝင် ဝင်ခဲ့ပါ"

တံခါးခေါက်သံသဲ့သဲ့ကို ဗုံးခွဲသံကြားရသလို တုန်ခနဲ ထိတ်လန့် တုန်လှုပ်သွားမိသည်။ ရင့်ကျက်မှုတွေနှင့် ဦးဉာဏ်အောင် ဝင်လာတော့

"ဉာဏ် ဉာဏ်အောင် မင်းဘယ်အချိန်က မြန်မာပြည်ပြန် ရောက်တာလဲ"

"မြန်မာပြည် ဘယ်အချိန်ပြန်ရောက်တာလဲမေးတော့ ငါ ဘယ် နိုင်ငံမှာနေတယ်ဆိုတာ သိနေပုံပဲ၊ ငါ့ကိုဘာလို့ အဆက်အသွယ်မလုပ် တာလဲ ဖုန်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာခုံမှာဝင်ထိုင်ရင်း ဦးဉာဏ်အောင်ပြောတော့ ဦးမြတ်ဖုန်းမောင် မလုံမလဲဖြစ်၍ မချိပြုံးပြုံးရသည်။

"ဘယ်နိုင်ငံမှာဆိုတာ သေချာသိရင် မဆက်သွယ်ဘဲနေပါ့မလားကွာ၊ မင်းကလည်း အပုန်းကောင်းလိုက်တာ၊ မြန်မာပြည်ကို တစ်ခေါက်တောင် ပြန်ရောက်မလာဘူး"

"အေး လာလိုက်ရင် အကောင်းသားနော်၊ မင်းအကြောင်းရော ကျော်နိုင်ထွန်းရဲ့အကြောင်းရော စာစာစုံစုံစမ်းလို့ရမှာ"

"ဟင်"

အစအားလုံးစုံစမ်းပြီးမှ ရောက်လာခဲ့သည်လို့ ဆိုလိုတာလား ဦးဉာဏ်အောင်က အပြုံးမျက်နှာနှင့်ပင်

"ဆယ်နှစ်ကျော်လောက် ကွဲကွာနေတဲ့သူငယ်ချင်းကိုတွေ့တာ ဝမ်းသာတဲ့ပုံမပေါ်ပါလား ဖုန်းမောင်"

"ငါ ငါ ကျန်းမာရေးမကောင်းလို့ပါ၊ အသက်တွေကြီးလာပြီလေ၊ မင်းရော ကျန်းမာရေးကောင်းရဲ့လား"

"အရာရာပြည့်စုံနေတဲ့ဘဝမှာ အပြစ်ကင်းကင်း စိတ်ချမ်းသာသာနေတော့ အိုနာသေဘေးနဲ့ကြုံဖို့လိုပါသေးတယ်ကွာ၊ မင်းကတော့ စိတ်ဖိစီးမှုတွေများလို့ ကျန်းမာရေးချို့တဲ့နေတာ ထင်တယ် ဟုတ်လား ဖုန်းမောင်"

ခနဲ့ခနဲ့ တိုက်ခိုက်နေတာကို ဦးမြတ်ဖုန်းမောင် ဘာမှပြန်မပြောနိုင်။ ဦးဉာဏ်အောင်က ဆိုဖာခုံကိုကျောကပ်မှီပြီး သက်တောင့်သက်သာ အနေအထားနှင့်ပင်

"ကျော်နိုင်ထွန်းရဲ့သားရော ဘယ်မလဲ"





"ဘာ ဘာလုပ်မလို့လဲ"

"ငါ့သူငယ်ချင်း ကျော်နိုင်ထွန်းရဲ့သားပဲ၊ ငါတွေ့ချင်လို့ပေါ့၊ သူ့အဖေ မရှိတော့ဘူးဆိုရင်တောင် သူလည်း ငါတို့လိုချမ်းချမ်းသာသာ နေနေရမှာ၊ အခုမင်းအိမ်မှာ ကျေးဇူးရှင်ကြီးလုပ်ပြီး ခေါ်ထားတယ် ဟုတ်လား"

"ဉာဏ်အောင်"

"မင်းအကြောင်းတွေ အများကြီး သိထားလို့ အံ့သြနေတယ် ထင်တယ်၊ ငါ အစောကြီးတည်းက မစုံစမ်းခဲ့တာ နောင်တရမိတယ် ဖုန်းမောင်၊ မင်းကျော်နိုင်ထွန်းကိုသတ်ပြီး"

"မ မဟုတ်ဘူး၊ ဉာဏ်အောင် မင်းလျှောက်မပြောနဲ့၊ သူ့ကို ငါသတ်တာမဟုတ်ဘူး"

"ဒါဆို ဘယ်သူသတ်တာလဲ"

တည့်တည့်စူးစူးကြည့်ပြီး မေးတာက မလိမ်နဲ့ဟု အမိန့်ပေးနေသယောင်။ ဒီကိစ္စကို ဦးမြတ်ဖုန်းမောင် မကာကွယ်လို့မရပါ။

ဉာဏ်အောင် မယုံလည်း အမှန်တရားကိုတော့ ပြောပြရမှာပင်။

"ကျော်နိုင်ထွန်းကို ငါ တကယ်မသတ်ဘူး၊ ကျွန်ုပ်ပြောခဲ့ပါတယ် ဉာဏ်အောင်၊ ငါတို့တွေ အရည်အသွေးကောင်းတဲ့ကျောက်တွေကို ဝေစုခွဲယူပြီး တစ်ယောက်တစ်လမ်းစီ ခွဲရာဖျောက်ဖို့ ကြိုးစားခဲ့ကြတယ်"

"ဟုတ်တယ်လေ၊ ပစ္စည်းက အဖိုးတန်လွန်းလို့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ငါတို့ခိုးပြန်ခဲ့ကြတယ်၊ ငါက နယ်စပ်ကနေတစ်ဖက်နိုင်ငံကို ထွက်သွားတယ်၊ ကျော်နိုင်ထွန်းက မင်းနဲ့ကျန်ခဲ့တာ၊ ဟိုဘက်ကိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာမလားလို့ ငါစောင့်နေသေးတယ်၊ ဒါပေမဲ့ မင်းတို့လိုက်မလာကြဘူ
ဟိုဘက်မှာရောင်းရင်ဈေးကောင်းရမှာလို့ ငါမပြောခဲ့ဘူးလား၊ မင်း
ကျော်နိုင်ထွန်းကိုသတ်ပြီး သူ့ဝေစုတွေပါ ယူသွားတာ''

''ကျွတ် တကယ်မသတ်ပါဘူးကွာ၊ မြို့ပေါ်ရောက်မှ လမ်းခွဲမ
ဆိုပြီး ငါတို့တောလမ်းကပြန်ခဲ့ကြတယ်၊ အဲဒီမှာ သူပုန်တွေနဲ့တွေ့
ငါတို့ပြေးကြလွှားကြပုန်းနေကြရတာ၊ တောထဲမှာပဲ ကျော်နိုင်ထွန်း ငှ
ဖျားထတယ်၊ အစားလည်းမစားရ၊ ဆေးလည်းထွက်ဝယ်လို့မရနဲ့ တော
မှာပုန်းခိုရင်း နှစ်ရက်လောက်ရှိတော့ ကျော်နိုင်ထွန်း ဆုံးတာပဲ၊ အဲ
ငါသတ်တာလား။ ငှက်ဖျားရောဂါနဲ့ သူ့ဘာသာသေတာ''

''မင်းပြောတာကို ယုံပေးရမှာလား''

''အဲဒါ အမှန်တရားပဲ၊ မင်းမယုံလည်း မတတ်နိုင်ဘူး ဉာဏ်
အောင်၊ ငါကတော့ သစ္စာဆိုရဲတယ်၊ ကျော်နိုင်ထွန်းမှာ ငှက်ဖျားရော
ရှိတာ မင်းလည်းသိရဲ့နဲ့''

ဒီကိစ္စကယုတ္တိရှိလောက်တာမို့ ယုံပေးလိုက်လို့ရသော်လည်
ကျော်နိုင်ထွန်းရဲ့မိသားစုကိစ္စကိုတော့ မကျေနပ်နိုင်ပေ။

''ဒါဆို ကျော်နိုင်ထွန်း ဝေစုကို ဘာလို့မိသားစုကို သွားမပေး
မင်းဖုန်းလိုက်တာလဲ၊ ကျော်နိုင်ထွန်း သေတဲ့အကြောင်းကိုတခြားလူ
ပြောခိုင်းပြီး ဘာလို့ပစ္စည်းတွေသွားမပေးတာလဲ ဖုန်းမောင်၊ အဲဒီ
မင်းဘယ်လိုဆင်ခြေပေးမှာလဲ''

စုံစမ်းသင့်သလောက် စုံစမ်းပြီးပြီမို့ အတိအကျမေးတော့ ဦ
မြတ်ဖုန်းမောင် ဝန်မခံလို့မရတော့ပေ။

''အဲ အဲဒါက''





''မင်းငြင်းဖို့တော့ မကြိုးစားနဲ့ ဖုန်းမောင်၊ ငါ မြန်မာပြည်ကို
ရောက်နေတာ တစ်လရှိပြီ၊ အဲဒီတစ်လအတွင်းမှာ မင်းအကြောင်း
နိုင်ထွန်းရဲ့မိသားစုအကြောင်း အားလုံးစုံစမ်းထားတယ်၊ နည်းနည်း
ကွဲလွဲတာကလွဲရင် မင်းမလိမ့်တပတ်လုပ်တာကို ငါ ယုံကြည်ပေးမှာ
တ်ဘူး၊ အေး မင်းအမှန်အတိုင်းဝန်မခံရင် ကျော်နိုင်ထွန်းသားကို
င်းအဖေကိုသတ်ပြီး ပစ္စည်းတွေယူထားတာ၊ ကျေးဇူးရှင်လို့ထင်နေတဲ့
တ်ဖုန်းမောင်ပဲလို့ ငါပြောရလိမ့်မယ်''

''ဉာဏ် ဉာဏ်အောင် မင်းအဲလိုမလုပ်ပါနဲ့ မပြောပါနဲ့ကွာ၊
ငါအမှန်အတိုင်းပြောပါမယ်၊ ခု ခနက ပြောတဲ့အတိုင်း ကျော်နိုင်ထွန်း
က်ဖျားမိပြီးဆုံးတာက အမှန်ပဲ၊ မင်းပြောသလို တခြားလူနဲ့ကျော်နိုင်
န်းဆုံးတဲ့အကြောင်း ငါ အကြောင်းကြားပေးခဲ့ပါတယ်၊ ပစ္စည်းတွေ
တော့''

''မင်းတစ်ယောက်စာ ဝေစုနဲ့ ဒီလိုလုပ်ငန်းကြီးထူထောင်ပြီး
လိုအိမ်မျိုးနဲ့မနေနိုင်ဘူးဆိုတာ ငါသိတယ်နော်''

''ဟုတ် ဟုတ်ပါတယ် ငါ့ ငါ့ရဲ့လောဘကြောင့်ပါ၊ ငါ့ဇနီးနဲ့ငါ့
မီးကို ငါ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံထားချင်တယ်၊ မိသားစုအပေါ်
တဲ့မေတ္တာတွေကြောင့် ငါတို့သူငယ်ချင်းသုံးယောက် စိတ်တူကိုယ်တူ
ခဲ့ကြတာပဲ၊ ကံမကောင်းလို့ ကျော်နိုင်ထွန်းစံစားခွင့်မရတာ''

ဦးမြတ်ဖုန်းမောင် ပြောနေတာကို ဦးဉာဏ်အောင် စိတ်မရှည်။
အခုံလက်တန်းကို ဖြန်းခနဲ ပုတ်လိုက်ပြီး

''ကျော်နိုင်ထွန်းကံမကောင်းလို့ မစံစားရဘူးပဲထား၊ သူ့မိသားစု
တော့''



www.burmeseclassic.com

www.burmeseclassic.com



“မင်းပြောတာမှန်ပါတယ်၊ ငါ့လောဘကြောင့်ပါလို့ ဝန်ခံပြီး
ပဲ၊ ကျော်နိုင်ထွန်းလည်းသေပြီး ဘယ်သူမှလည်းမသိဘူးဆိုပြီး ငါ သူ
မပေးတော့တာ၊ သူ့ဝေစုတွေကိုပါ ထုခွဲပြီး ဒီအခြေအနေမျိုးရောက်အော
ဖန်တီးမိတယ်”

“မင်းကွာ”

“ဒါပေမဲ့ ငါ နောက်ပိုင်းစုံစမ်းကြည့်တဲ့အခါမှာ ကျော်နိုင်ထွ
မိန်းမနဲ့သားရဲ့ဘဝက စုတ်ပြတ်သတ်နေပြီဆိုတာ သိလိုက်ရတယ်၊
သူတို့တဝနဲ့သူတို့ကောင်းကောင်းမွန်မွန်လေးတော့ ရပ်တည်နိုင်မှာ
ထင်ခဲ့တာ၊ ငါထင်သလို မဟုတ်တော့ ကျော်နိုင်ထွန်းသားလေးရဲ့ဘဝ
ငါပြန်ပြီး ကယ်တင်ထားတယ်”

“သူ့အဖေရော အမေရော မရှိတော့တာတော့ မင်းဘယ်
ကယ်တင်လို့မရတော့ဘူး မဟုတ်လား ဖုန်းမောင်၊ အဲဒီကလေးရဲ့ဘဝ
အခုလိုလေး ကယ်တင်လိုက်ရုံနဲ့ မင်းကိုယ်မင်း တာဝန်ကျေပြီလို့
ထင်နေလား၊ မင်းအိမ်မှာ အဲဒီကလေး ဘယ်လိုအခြေအနေမျိုးနဲ့
ရတယ်ဆိုတာ မင်းရဲ့ဝန်ထမ်းတွေဆီက ငါ အတိအကျ စုံစမ်းထားတယ်

“ဟင်”

ဒီလောက်တောင် အသေးစိတ်ကျကျ စုံစမ်းထားတာပါလား
အံ့သြရသည်။ အရင်တည်းက ဉာဏ်အောင်ဆိုတာ စည်းကမ်း
စေ့စပ်သေချာသည့်ကောင်ပါ။

“လောဘကြောင့် မိုက်မဲတယ်ဆိုရင်တောင် မင်းမယုတ်ညံ့
ပါဘူး ဖုန်းမောင်၊ ဒီကလေး ရသင့်ရထိုက်တာကို မင်း ပြန်ပေးလိုက်

“အဲ အဲဒါက ဒီလိုရှိတယ် ဉာဏ်အောင်၊ ပိုင် ပိုင်ဆိုင်





အားလုံးကို သမီးက သူ့နာမည်နဲ့လွှဲယူထားတယ်၊ နှိုင်းယှဉ်ကိုပေးဖို့
ငါ ဘယ်လိုပြန်တောင်းယူရမလဲ”

“ဟ သူများဥစ္စာယူတုန်းက ယူထားပြီး ပွင့်ပွင့်လင်းလင်းပြော
ပြန်တောင်းပေးပေါ့ကွ၊ ဘာလဲ မင်းသမီး ဒီလိုအဖေမျိုးပါဆိုတာ သိ
သွားမှာစိုးနေတာလား”

“အဲလိုမဟုတ်ရင်တောင် နှိုင်းယှဉ်ကို ငါဘယ်လိုပြောပြီး ပြန်
ဆားရမှာလဲ၊ မင်းအဖေပစ္စည်းတွေရဲ့တန်ဖိုးပါဆိုပြီးတော့လား၊ သူတို့
အရမ်းဒုက္ခရောက်ခဲ့ရတာ၊ ငါ့ကိုသတ်ပစ်ချင်လောက်အောင် မုန်းသွား
မှာပေါ့ကွ၊ အခု ငါ့ကိုသူ့အဖေဖြစ်မှာပဲလို့ထင်ပြီး အရမ်းကိုခင်တွယ်နေ
ရှာတာပါ၊ ငါ့ရဲ့မေတ္တာတွေကို သူလိုအပ်နေတယ်၊ ငါ ငါလည်း သူ့ကို
သားလေးတစ်ယောက်လို သံယောဇဉ်ရှိနေပါတယ်၊ ငါ့ကိုမုန်းသွားအောင်
လုပ်ပါရစေနဲ့ကွာ”

ဦးမြတ်ဖုန်းမောင် အသံတွေတုန်နေသည်။ တကယ်ကို နှိုင်းယှဉ်
မုန်းသွားမှာစိုးရိမ်နေတာပါ။ သူငယ်ချင်းရဲ့သားမို့ သံယောဇဉ်ရှိရာက
သားတစ်ယောက်လိုချစ်မြတ်နိုးလာခဲ့တာ အမှန်ပါ။ အာဃာတများနှင့်
ပြန်မှာထက် အမုန်းများနှင့်လမ်းခွဲမှာစိုးရိမ်တာ။

ဉာဏ်အောင်က အယုံအကြည်ကင်းမဲ့သော မဲ့ပြုံးဖြင့်

“မင်းက တစ်ကိုယ်ကောင်းဆန်တုန်းက ဆန်ခဲ့ပြီး အခုမှ
ဘုရားစကားတွေပြောနေတာလား ဖုန်းမောင်၊ ပစ္စည်းတွေကိုပြန်ပေး
မှာစိုးရိမ်နေတာမဟုတ်လား၊ ပိုင်ဆိုင်မှုတွေခွဲပေးရမှာစိုးလို့ သူ့ကိုပေး
လိုက်တဲ့အချိန်တည်းက ရည်ရွယ်ချက်ကြီးကြီးနဲ့ မင်းသမီးနာမည်နဲ့
ကုန်လွှဲပေးလိုက်တာရော မဖြစ်နိုင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



''မ မဟုတ်ပါဘူးကွာ၊ ငါ တကယ်ပြောတာပါ၊ နှိုင်းယှဉ်
ငါ သားတစ်ယောက်ကို သံယောဇဉ်ရှိနေပါပြီ၊ အမုန်းတွေနဲ့လမ်းခွဲသွား
ကို စိုးရိမ်တာပါ''

''ဒါဆို မင်းသမီးနဲ့လက်ထပ်ပေးလိုက်လေ''

''ဘာ''

''မင်းအပြစ်တွေ အဲဒီကောင်လေး မသိအောင်လုပ်ဖို့ ဒီတ
နည်းပဲရှိတယ်၊ မင်းစေတနာမေတ္တာမှန်ရင် သမီးနဲ့ဘာလို့ လက်ထပ်မပေ
ရဲစရာရှိလဲ၊ ဒါမှပိုင်ဆိုင်မှုတစ်ဝက်ပြန်ပေးရာရောက်မှာ၊ အဲဒီကောင်လေ
လက်တုံ့ပြန်မှာ မုန်းမှာ မခံနိုင်ဘူးမဟုတ်လား''

''ဟုတ်တော့ဟုတ်ပါတယ် ဒါပေမဲ့''

ဦးမြတ်ဖုန်းမောင် ဘယ်လိုစကားဆက်ရမှန်းမသိ။ ဒီအတိုင်
တောင် သမီးက ခါးခါးသီးသီး ဖြစ်နေတာ၊ ဉာဏ်အောင်က စိတ်မရှု
စွာ

''မင်းကိုငါ အချိန်အများကြီးမပေးနိုင်ဘူး ဖုန်းမောင်၊ ငါ့သား
မြန်မာပြည်က မိန်းကလေးကို လက်ထပ်မယ်ဆိုလို့ မင်္ဂလာပွဲစီစဉ်
အောင်လာတာ၊ ငါ့သားမင်္ဂလာပွဲပြီးရင် နိုင်ငံခြားကိုငါပြန်ရမှာ၊ မပြန်
အဲဒီကလေးနဲ့ငါ တွေ့ဖြစ်အောင်တွေ့ဦးမှာဆိုတာ မင်းမမေ့နဲ့''

''ဉာဏ် ဉာဏ်အောင် အဲဒီလိုမလုပ်ပါနဲ့ကွာ၊ ငါ ငါလူ့ပြည်
ကြာကြာမနေရတော့ပါဘူး''

''ဘာ''

''ငါ ငါ့မှာ အသည်းကင်ဆာဖြစ်နေတာပါ၊ ငါ အသက်ရှင်လည်





...ကြာက်လပေ့ါ၊ မင်းမယုံရင်ဆေးမှတ်တမ်းတွေအားလုံးရှိတယ်၊ ငါ ပြပါ
...ယ်၊ ဘယ်သူ့ကိုမှအသိမပေးချင်လို့ ဘယ်သူမှမသိအောင်လို့ အဲဒီဆေး
...တ်တမ်းတွေ အားလုံး ဆရာဝန်ကြီးဆီမှာပဲ သိမ်းထားတယ်''

''ဖုန်းမောင်''

''သူတို့လေးတွေ သိရင် စိတ်ဆင်းရဲကြမယ်၊ ပြီးတော့ တစ်ချိန်
... ငါ့ရဲ့လုပ်ရပ်တွေသိသွားရင် နှိုင်းယှဉ်ကလည်း ငါ့ကိုသတ်ပစ်ချင်
...ာက်အောင် မုန်းတီးနာကြည်းသွားမှာပဲ၊ သမီးကလည်း ငါ့အဖေက
...ိုလူမျိုးလားဆိုပြီး အထင်သေးသွားမယ် ရွံသွားမယ်၊ ဉာဏ်အောင်
...်မိဘနေရာကနေ ကိုယ်ချင်းစာကြည့်ပါ၊မိဘဆိုတာ သားသမီးက
...ေးစားတာကြည်ညိုတာမျိုးပဲ ခံချင်တာပါ''

ဒါဆို ဘာလို့မဟုတ်တာတွေ မတရားတာတွေ လုပ်ခဲ့သေးလဲ
...ဲ့ဆိုတာတောင် ပြောအားမရှိတော့၊ မြတ်ဖုန်းမောင် လုပ်ရပ်များကြောင့်
...ျော်နိုင်ထွန်းမိသားစုအတွက် ရင်နာသော်လည်း မြတ်ဖုန်းမောင်လည်း
...ူယ်ချင်းမို့ သက်ဆိုးမရှည်သောရောဂါဝေဒနာ ခံစားနေရသည့်အတွက်
...ိတ်မကောင်းဖြစ်ရသည်။ ဒါကြောင့် ယူကျုံးမရဖြစ်ကာ

''မင်းကွာ အနှမ်းလောဘတကြီး ယူထားခဲ့တဲ့ဟာတွေက
...င်းကို အသက်ရှည်အောင် လုပ်ပေးနိုင်လား ကယ်တင်နိုင်လား''

''ငါ ငါ နောင်တရပါပြီကွာ၊ မကောင်းတာလုပ်ပြီး ငါ တစ်နေ့မှ
...ိတ်မချမ်းသာခဲ့ရပါဘူး၊ ကျော်နိုင်ထွန်းမိသားစုအပေါ် အဲလိုလုပ်ခဲ့လို့
...ါ အပြစ်ကြွေးတွေ ခံစားရတယ်လို့ အောက်မေ့ပါတယ်၊ အ အခု
...ားနဲ့သမီးရဲ့အမုန်းတွေသာ ရမယ်ဆိုရင် ငါ အသေတောင်ဖြောင့်မှာ
...ဟုတ်ဘူး ဉာဏ်အောင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုဆိုပြီး ဒီအတိုင်းထားရင် မင်းသမီးရဲ့စိတ်ဓာတ်နဲ့ ကျေ
နိုင်ထွန်းသား လမ်းဘေးပြန်ရောက်သွားမှာ မင်းမတွေးမိဘူးလာ
တကယ်ဆို မင်းရဲ့ပိုင်ဆိုင်မှုတွေက အဲဒီကလေး တစ်ဝက်ပိုင်သင့်တယ်

"ဟုတ် ဟုတ်ပါတယ်"

"အခု မင်းသမီးက မင်းလိုလောဘမျိုးရှိလို့ သူ့နာမည်နဲ့ချ
လွှဲယူထားတာ မင်းဘယ်လိုလုပ်မှာလဲ ဖုန်းမောင်၊ အဲဒီလိုဖြစ်မှာ
ငါ လုံးဝခွင့်မလွှတ်နိုင်ဘူး"

"ငါ ငါအဆင်ပြေအောင်လုပ်ပေးဖို့ အစတည်းက အစီအ
ရှိပါတယ်၊ ငါ့သမီးလေးကို ငါ့လိုလောဘရှိတယ်လို့တော့ မပြော
အဖေတူသမီး အဖေလိုအောက်တန်းကျတဲ့စိတ်နဲ့မဟုတ်ပါဘူး။ နိုင်း
ကို အရွယ်ရောက်မှ သူခိုးဂျပိုးဖြစ်နေမှန်းသိရဲ့ မွေးစားလို့ ငါနဲ့ပတ်သ
တဲ့သွေးသားလို့ထင်နေလို့ပါ၊ သမီးမှာမကောင်းတဲ့စိတ်တွေ မရှိပါဘူ

ဦးမြတ်ဖုန်းမောင် ထိုသို့ပြောတော့ ဦးဉာဏ်အောင် နှာခေါ
ရှုံ့သွား၏။

"ကိုယ့်သမီးကို အဲလောက်ချစ်မြတ်နိုးပြီး သူများအပြစ်ပြော
တောင် မခံနိုင်ရင် သူများသားသမီးကိုလည်း ကိုယ်ချင်းစာတတ်ခဲ့
ပေါ့၊ မင်းအခုလို ရောဂါဖြစ်နေတာ သူငယ်ချင်းတစ်ယောက်အ
စိတ်တော့မကောင်းပါဘူး၊ ဒါပေမဲ့ မင်းရဲ့စိတ်ကိုရွံမိတယ်၊ မင်းသ
ကရုဏာစိတ်ကင်းမဲ့တာကိုလည်း"

"မ မပြောပါနဲ့၊ သားသမီးမကောင်းရင် မိဘခေါင်းပဲဖြစ်
တာပါ၊ မိဘမကောင်းလို့ သားသမီးအပြစ်ခံရတာမျိုး မဖြစ်ပါရစေနဲ့
ငါ့သမီးလေးမှာ အပြစ်မရှိပါဘူး၊ ငါလုပ်သမျှ အပြစ်တွေ ငါတစ်ယော





ခံပါမယ်၊ ငါ တောင်းပန်ပါတယ်ကွာ၊ ငါ့သမီးလေးကို ဘာမှမပြောပါနဲ့ သူငယ်ချင်းရယ်"

ဦးမြတ်ဖုန်းမောင် ယောက်ျားကြီးတန်မဲ့ ငိုရှိုက်ပစ်လိုက်မိသည်။ သူငယ်ချင်းအပေါ် လောဘစိတ်နှင့် သစ္စာဖောက်မိသည့်အပြစ်၊ အသက် အရှက် ဂုဏ်သိက္ခာတို့နှင့် ပေးဆပ်ရတော့မည်။

မကောင်းမှုလုပ်ခဲ့တာ ငွေကြေးပြည့်စုံချမ်းသာကြွယ်ဝပေမယ့် တစ်နေ့မှစိတ်ချမ်းသာသာ မနေရ။ အပြစ်လုပ်ခဲ့ပြီး လူသိမှာစိုး၍ မလုံမလဲ ရင်တထိတ်ထိတ်နှင့်ကျိုးလန့်စာ စားရသလို ဖြစ်နေခဲ့သည်။ ဒီအကြောင်းတွေ သမီးသိသွားလျှင် ဘယ်လောက်များ ရှက်ပြီးသိမ်ငယ်သွားရှာမလဲ။

ဒီအဖေကြောင့် မကောင်းတဲ့ ဒီအဖေကြောင့် ငါ့သမီးလေး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဖေဖေနှင့်ညည်သည်လူကြီးပြောနေသော စကားတွေ အစအဆုံး ကြားပြီး သူမ အသက်ရှူလို့မဝအောင် ရင်တွေနင့်နေသည်။ တမင် ရည်ရွယ်ပြီးချောင်းနားထောင်မိတာတော့ မဟုတ်ပါ။

ကျန်းမာရေးမကောင်း ဖြစ်နေသည့်အချိန်မှာ ဧည့်သည်ကို ဧည့်ခံရတာ အဆင်ပြေပါ့မလားလို့ ဖေဖေ့အခန်းကိုလာခဲ့တာပါ။ အခြေ အတင် စကားပြောသံတွေကြောင့် ဘယ်လိုပြဿနာတွေရှိနေလို့လဲဆိုပြီး အခန်းပေါက်ဝမှာပဲရပ်နားထောင်နေမိတာ။

ဖေ ဖေဖေက နှိုင်းယှဉ်အဖေပစ္စည်းတွေ ယူလာပြီး ဒီလောက် ထိချမ်းသာနေတာတဲ့လား။ ဖေဖေသာ ဒီလိုမလုပ်ဘဲ ပိုင်ဆိုင်သင့်တာ ပေးလိုက်လျှင် နှိုင်းယှဉ်ဘဝအခြေအနေ၊ ဖေဖေက ကယ်တင်ပေးခဲ့ရ သည့်အခြေအနေမျိုး မရောက်ဘူးပေါ့။

နှိုင်းယှဉ်က မေမေ့ကိုသစ္စာမဲ့ပြီး ဖေဖေ့ပွေလို့ရှုပ်လို့ရှုလာသည့်





သားမဟုတ်ဘူးဆိုတာက ရင်ထဲကအစိုင်အခဲကြီး ရှင်းသွားစေသော်လည်း ဖေဖေ့ရဲ့မတရားမှုကြီးက သူမရင်ကို မီးပြင်းဖြင့်လောင်မြိုက်စေလေသည်။

သူမနှင့်မေမေအတွက် ဖေဖေ ဒီလိုလုပ်ခဲ့တာတဲ့လား။ အ အခု လူ့လောကမှာကြာကြာနေခွင့်မရသည့် ရောဂါဝေဒနာဆိုးကြီးကို ဖေဖေ ခံစားနေရသည်။ သူမတို့ကို မသိစေချင်လို့ ဖုံးကွယ်ထားခဲ့တာတဲ့။ သူမ ရင်တွေမချိပါ။

သူမက အထင်လွဲစွာ ဖေဖေ့ကိုတိုက်ခိုက်စော်ကားနေခဲ့တာ။ ဘယ်လိုလုပ်ရမလဲ။ သူမ ဘယ်လိုလုပ်ရမလဲ။

"မြူ"

"ဟင် နှိုင်း နှိုင်းယှဉ်"

"ဖေဖေ့အခန်းဝမှာ ဘာရပ်လုပ်နေတာလဲ၊ ဟင် မင်းငိုနေတယ် အဖေ ဖေဖေ ဘာဖြစ်လို့လဲ"

"မ မဝင်နဲ့"

ဖေဖေ့ကိုစိုးရိမ်စိတ်ဖြင့် အခန်းထဲဝင်ဖို့ပြင်လိုက်စဉ်မှာ မြူမှုန် ခြယ်က အခန်းတံခါးကိုကျောကပ်၍ သူ့ရင်ဘတ်ကိုလက်နှင့်တွန်းထား၏။ အကြောင့် သူမ အထိတ်တလန့် ပျာပျာသလဲ တားဆီးလိုက်သည်ဆိုတာ သူ နားမလည်။

"ဘာဖြစ်တာလဲ၊ အခန်းထဲမှာ ဖေဖေ တစ်ခုခုဖြစ်နေလို့ နင် ငိုနေတာမဟုတ်ဘူးလား"

"မ မဟုတ်ပါဘူး။ ဖေဖေက ဧည့်သည်နဲ့စကားပြောနေတယ်"

"သြော် ခြံထဲမှာကားရပ်ထားတယ်၊ အဲဒီကားပိုင်ရှင်လား"

"အင်း ဟုတ် ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို နှင်က ဘာကြောင့်အခန်းဝမှာရပ်ပြီး ငိုနေတာလဲ ဖေဖေ့ ဇရောဂါနဲ့ပတ်သက်ပြီး သတင်းဆိုးကြားလို့လား"

"မဟုတ်ပါဘူး"

"ကျွတ် ငါ့ဘာသာ ဝင်မေးလိုက်တော့မယ်၊ ဘာဖြစ်နေမှန်း မသိဘူး"

"ဟင့်အင်း"

"မြူ ဖေဖေက ကျန်းမာရေးမကောင်းဖြစ်နေတာနော်၊ ဖေဖေ့ အခန်းကို ငါဝင်နေကျ၊ ပြုစုလုပ်ကိုင်ပေးနေကျ၊ နေကောင်းလည်းညှို့ သည်ရောက်နေတာ တစ်ခုခုလိုအပ်တာရှိနေမှာပဲ၊ လုပ်ပေးသင့်တာ လုပ် ပေးရအောင် နှင်ဖယ်ပါ"

သူက ဖွတ်အတင်းပြောနေသလို သူမကလည်း ကြောက်ကန် ကန်အခန်းတံခါးဝမှ မခွာပေ။ ဒါတမင်သက်သက် မြူမှုန်ခြယ် ညစ်နေ တာ။

"မြူ"

"နှင်သွားတော့၊ ဖေဖေ ညှို့သည်နဲ့စကားပြောနေတာ၊ နောင့်ယှက်နဲ့၊ အရေးကြီးတဲ့စီးပွားရေးကိစ္စ တိုင်ပင်နေလို့ ငါတောင် မဝင်ဘူး"

"ဩော် အဲလိုလား"

ကျန်းမာရေးကြောင့် မဟုတ်တာမို့ နည်းနည်းစိတ်အေးသွား သလိုပါ။ ဒါပေမဲ့ မသက်ဆိုင်သလို နှင်ထုတ်ခံရတာ ရင်နာချင်သည်။ သူ အခန်းရှေ့ကလှည့်ထွက်လာခဲ့ပေမယ့် ကိုယ့်အခန်းကိုယ်မဝင်ဘဲ ထဲဆင်းလာခဲ့သည်။





မြက်ခင်းအစပ်မှာ ရပ်ထားသော ညှို့သည်ဖြစ်သူရဲ့ကားက ဖေဖေ့ကားကြီးထက်တောင် ကောင်းသေး၏။ ဒီညှို့သည်က ဘာလုပ်ငန်းတွေလုပ်လို့ အရေးကြီးကိစ္စတွေကို ဖေဖေ့အခန်းထဲထိ လာတိုင်ပင်ရတာလဲ။

"ကိုနိုင်"

"ဩော် ကိုသောင်း"

"ခြံထဲဘာလို့ဆင်းလာတာလဲကွ၊ မင်းအဖေ အခန်းထဲ ညှို့သည်ရောက်နေတယ်လေ"

"ကျွန်တော် သွားပါတယ်၊ မြူက လုံးဝအဝင်မခံဘူး"

"ဘာဖြစ်လို့လဲ"

"လုပ်ငန်းကိစ္စအရေးကြီးတိုင်ပင်နေတယ်ပြောတာပဲ၊ သူလည်း မဝင်ဘူး၊ အခန်းဝမှာပဲ ရပ်နေတာ၊ ပြီးတော့ ငိုထားတယ်လို့ထင်တယ်၊ ကျွန်တော့်ကိုမြင်မှ မျက်ရည်တွေသုတ်တာ၊ မျက်နှာတစ်ခုလုံး နီရဲနေတာ"

"ငိုနေတာ၊ အခန်းထဲမဝင်ဘဲနဲ့လား၊ ညှို့သည်နဲ့သူ့အဖေ ဘာတွေပြောနေတာကြားသွားလို့လဲ၊ ဦးမြတ်မှန်းမောင်က အဲဒီညှို့သည် ကို လက်ခံတွေ့ချင်တာမဟုတ်ဘူး၊ သူ မရှိဘူးလို့တောင် ငါ့ကိုပြောခိုင်း သေးတာ"

"ဘာ အရေးကြီးကိစ္စနဲ့ရောက်လာတာဆိုပြီး ဘာလို့မတွေ့ ချင်ရတာလဲ"

"အဲဒါတော့ မသိဘူး ငါ့ကောင်၊ တကယ်ကို ထိတ်လန့်နေတဲ့ ပုံစံမျိုးပဲ၊ ပြီးတော့ အခန်းထဲကို မြန်မြန်ခေါ်ခဲ့ဆိုတာက သူတို့ကိစ္စကို ဘယ်သူ့ကိုမှမသိစေချင်တဲ့အထာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းပြောမှ ပိုပြီးစိတ်ဝင်စားလာမိသည်။ ဘယ်လိုအကြောင်းအရာလဲ။ ဘယ်လိုလူမျိုးလဲ။

ဘာအကြောင်းအရာမို့ မသိစေချင်တာလဲ။

"ကိုသောင်း"

"ဗျာ"

"ဖေဖေတို့ဘာတွေဖြစ်နေကြတာလဲ၊ ကျွန်တော့်ကိုသားတစ်ယောက်အဖြစ် အသိအမှတ်မပြုလို့ ဘာကိစ္စမှ အရေးတယူမတိုင်ပင်ချင်တာ ထင်တယ်နော်"

"ဟိုနေ့က မြို့မှုန်ခြယ်ကတောင် မင်းကိုသူ့အဖေရဲ့သားလို့ စွပ်စွဲနေသေးတာမဟုတ်လား အရမ်းပေါက်ပြီးတော့လေ"

"ဟုတ်တယ် ဒါပေမဲ့ ဖေဖေက မြို့ရှေ့လျှောက်ပြောတာ စိတ်ထဲမထားပါနဲ့တဲ့၊ ကျွန်တော့်ကိုသူ့သားပါလို့ မေးတာတောင် ဝန်မခံတော့ ကျွန်တော် ဘယ်လိုရင်နာရမှန်းတောင် မသိတော့ဘူး ကိုသောင်းရယ်"

"အကြောင်းရှိလို့နေမှာပေါ့ကွာ၊ မြို့မှုန်ခြယ်ရှေ့မှာရှက်လို့ ဝန်မခံတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အင်း အဲလိုမျိုးလည်းဖြစ်ချင်ဖြစ်နိုင်တာပဲနော်၊ ဝန်မခံဘဲနဲ့တောင်ပဋိပက္ခတွေဖြစ်နေတော့ ဝန်ခံရင် ပြဿနာကြီးသွားနိုင်လို့ ထင်တယ်"

"မင်းအပေါ်ကောင်းပေးတာတွေနဲ့ဖြေလိုက်ပါကွာ၊ ဟိုတ်ကောင်ဟိုမှာ ညှိုသည်ပြန်ထွက်လာပြီကွ"

ညှိုသည်လူကြီးရဲ့ကားအနားမှာ ရပ်မိတာကြောင့် အခုမှရှောင်ထွက်သွားလို့မကောင်းတော့တာမို့ ခေါင်းလေးညွှတ်၍ နှုတ်ဆက်





လိုက်ရသည်။ လူကြီးက သူ့ကိုသေချာကြည့်၍ ပခုံးကိုလှမ်းကိုင်ကာ

"မင်းက ကျော်နိုင်ထွန်းသားလား"

"ဟုတ်ကဲ့ ခင်ဗျ"

"လူချောပဲ၊ ဒီအရွယ်တောင်ရောက်နေပြီ"

"ဖေ ဖေဖေနဲ့သိလို့လားဟင်"

"သိပါတော့ကွာ"

"ဒါ ဒါဆို ဖေဖေ အလုပ်လုပ်သွားရင်း သေတာလည်းသိမှာပေါ့နော်"

"ဪ အင်း"

ဦးဉာဏ်အောင် မရေမရာပင် ဖြေလိုက်ရ၏။ မြတ်ဖုန်းမောင်ရဲ့ ဘတ်စကားတွေ တည့်မတည့် စောင့်ကြည့်ရမည့်ကာလအတွင်းမှာ ဒီဘလေးကို ဘာမှပြောလို့မဖြစ်သေး။ မြတ်ဖုန်းမောင် ကျန်းမာရေးအခြေအနေကို ငုံ့ညှာသင့်သေးသည်ထင်လို့ပါ။ မဟုတ်လျှင်တော့ မတရားမှုကို ဒီကောင်လေး သိအောင်ပြောဖို့ရည်ရွယ်ထားတာ။

အခုတော့ စကားမြန်မြန်ဖြတ်မှဖြစ်မည်။

"ကဲ အန်ကယ့်ကိုခွင့်ပြုဦး၊ နောက်တစ်ခါမှ ဆုံဦးမှာပေါ့ကွာ"

"ဟို တစ်ခုလောက် မေးပါရစေ အန်ကယ်"

"အင်း မေးလေ"

"ဖေ ဖေဖေ ဘယ်လိုသေပြီး ဘယ်လိုသဂြိုဟ်လိုက်ကြတာလဲဟင်၊ ရုပ်အလောင်းတောင် ကျွန်တော်တို့ မြင်ခွင့်မရလိုက်လို့ပါ"

"အဲဒါတော့ မသိဘူးကွ၊ သေတဲ့အချိန်က ကျော်နိုင်ထွန်းနားမှာ အန်ကယ်မရှိဘူးလေ"

www.burmeseclassic.com



"အန်ကယ်က ဖေဖေနဲ့သိရုံသိတာလား၊ သူငယ်ချင်းလား"

"အဲ သူ သူငယ်ချင်းပါ ဘာဖြစ်လို့လဲ သား"

"ခြော် ဖေဖေက သူငယ်ချင်းသုံးယောက် အတူတူအလုပ်သွားလုပ်တယ်ပြောလို့ပါ၊ အန်ကယ်နဲ့နှစ်ယောက်ဖြစ်သွားပြီဆိုရင် နောက်တစ်ယောက်ရှိဦးမှာပေါ့နော်၊ အဲဒီလူများ ဖေဖေသေတာ သိမလား မသိဘူး၊ တကယ်လို သိတယ်ဆိုရင် ဘာဖြစ်ဖြစ် ဖေဖေ့မြေပုံဖြစ်ဖြစ် အုတ်ဂူဖြစ် ဖြစ် အမှတ်အသားတစ်ခုခုရှိရင် သွားကန်တော့လို့ရတာပေါ့ အခုတော့ သေတာမှဟုတ်ရဲ့လားလို့ စိတ်ထဲဖဝေဖဝါ စနောင့်စနင်းနဲ့ ဟိုလေ အန်ကယ် အဲဒီသူငယ်ချင်းတစ်ယောက်က ဘယ်သူလဲဟင် ဘယ်မှာနေ တာလဲ၊ အန်ကယ်နဲ့အဆက်အသွယ်ရှိတယ်မဟုတ်လား"

"ဟို အဲ အဲဒါ"

ဒီကောင်လေး မေးခွန်းတွေက အေးကျပ်နံကျပ်ဖြစ်စေသည်။ ကိုယ်က သူငယ်ချင်းရဲ့သားမို့ သံယောဇဉ်နှင့်နှုတ်ဆက်မိတာ မှားများ မှားသွားပြီလား။

မြတ်ဖုန်းမောင်ကြောင့်မို့ပါ။ မဟုတ်လျှင် ဒီကောင်လေးကို အားလုံးဖွင့်ပြောမိမလားမသိ။ အခုတော့

"အဲဒီသူငယ်ချင်းနဲ့ကွဲနေတာ ကြာပြီကွ၊ အန်ကယ်ကနိုင်ငံခြားမှာနေတာလေ၊ သားမင်္ဂလာဆောင်ရှိလို့ ခဏပြန်လာတာ"

"ဗျာ"

ဘာရယ်မဟုတ်ဘဲ တိုက်ဆိုင်စွာပင် ကိုသောင်းနှင့် အကြည့်ခြင်းဆုံသွား၏။ လူကြီးကတော့ သူ့ခေါင်းလေးကိုငုံ့ကာ ကားပေါ်တက်၍ ကားကိုမောင်းထွက်သွားသည်။





သေသေချာချာတောင် နှုတ်ဆက်မသွားတော့တာမို့ အခုမှ သတိရကာ လက်လေးပြ၍ ကျန်ခဲ့ကြသည်။ ကိုသောင်းက သူ့ပခုံးကို ဘဖက်ကာ တွေးတွေးဆဆဖြင့်

"ခုန မြူမှုန်ခြယ်က လုပ်ငန်းကိစ္စအရေးကြီး လာတိုင်ပင်တာ ဆို"

"ဟုတ်တယ် အဲလိုပြောတာ သူတောင် ဖေဖေ့အခန်းထဲမဝင် ဘူး"

"ဒီလူကြီးပြောတော့ နိုင်ငံခြားမှာနေတာ၊ သားမင်္ဂလာဆောင် အတွက် ခဏလာတာတဲ့၊ ဒါဆို ဦးမြတ်ဖုန်းမောင်နဲ့လာတွေ့တာက"

"လူ့နာသတင်းလာမေးတာလား၊ ဒါဆို မိတ်ဆွေအပေါင်းအ သင်းပဲဖြစ်မယ်၊ ဒါဆို မြူက လုပ်ငန်းကိစ္စလို့ပြောပြီး ကျွန်တော့်ကို အဝင်ခိုင်းတာကရော၊ ပြီးတော့ သူလည်းမဝင်ဘူး၊ အခန်းဝမှာ"

"ဟာ ဟုတ်ပြီ ငါတွေးလို့ရပြီ၊ ဒီညွှန်သည်နဲ့ဦးမြတ်ဖုန်းမောင် အကြောင်းအရာတစ်ခုခုပြောတာကို မြူမှုန်ခြယ် အခန်းထဲမဝင်ဘဲ ချောင်းနားထောင်တာဖြစ်မယ်၊ သူတို့ပြောတဲ့အထဲမှာ ဝမ်းနည်းစရာတစ်ခု အကြောင့် မြူမှုန်ခြယ် ငိုတာ၊ ဟုတ်တယ်မဟုတ်လား ငါတွေးတာ မှန် သတယ်ကွ"

ကိုသောင်းက သူ့ဘာသာပြောပြီး သေချာနေသည်၊ သူကတော့ ဘာမှကို တွေးလို့မရတော့ပါ။ ဘာကြောင့် မိသားစုနည်းနည်းလေးနှင့် ဒီလောက်ရှုပ်ထွေးနေရတာလဲ။

ဘာမှကို နားမလည်နိုင်တော့ဘဲ ကိုသောင်းပြောတာလည်း နားမဝင်တော့ဘဲ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မြို့ နားမလည်တော့ဘူး ဖေဖေ၊ ဘာတွေက ဘယ်လိုဖြစ်တာလဲ၊ မြို့ကိုရှင်းပြပါ ပြောပြပါ၊ မြို့ရင်တွေ အရမ်းပူလောင်နေပြီ"

"သမီးမြို့"

"ဖေဖေနဲ့ဦးဥာဏ်အောင်ဆိုတဲ့လူကြီး ပြောတာ မြို့ အားလုံးကြားတယ် ဖေဖေ၊ အဲဒါအမှန်တွေလား၊ ဖေဖေတို့ပြောနေကြတာတွေက အမှန်တွေလား"

"သမီးရယ်"

သမီးအားလုံးသိသွားသည်ဆိုတော့ ဦးမြတ်မုန်းမောင် ရင်ထဲမချိတော့ပေ။ သမီးရှက်မှာ သိမ်ငယ်မှာစိုးလို့ ကိုယ်သေသွားသည်အထိ ဖုံးကွယ်ထားချင်တာပါ။

မျက်ရည်တွေနှင့်သေချာအောင်မေးနေသော သမီးကို ဘယ်လို





အဖြေပြန်ပေးရပါ့မလဲ။ အသေအချာကုန်စင်အောင် ကြားပြီးပြီဆိုမှတော့ ဟုတ်ပါဘူးလို့ ဘယ်လိုငြင်းဆန်ရမလဲ။ မြို့မှန်ခြယ်က သိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုပြီးမှ

"ဒီကိစ္စတွေအားလုံးထက် ဖေဖေ့ကျန်းမာရေးကို ဘာလို့ မြို့သိအောင်ဖုံးကွယ်ခဲ့တာလဲ ဖေဖေ၊ သွေးသားရင်းချာဆိုလို့ မြို့နဲ့ဖေဖေနှစ်ယောက်တည်းရှိတာ၊ ဖေဖေသေလုမြောပါးဝေဒနာ ခံစားနေရတာကြောက်လလောက်ပဲနေရမယ့်ရောဂါဖြစ်နေတာကို မြို့ ဘာလို့မသိရတာလဲ ဖေဖေ"

"သမီးရယ်၊ ဖေဖေ မပြောရက်လို့ပါ၊ သမီးလေး အားငယ်သွားမှာစိုးလို့ ဖေဖေ အသိမပေးရက်တာပါ"

"အခုလို ဖုံးကွယ်ထားတာကမှ မြို့ကိုနောင်တတွေနဲ့ ယူကျုံးမရခံစားရအောင် လုပ်တာပါ ဖေဖေ၊ မြို့က ဖေဖေ့ကိုအထင်တွေလွဲပြီး အပြစ်များစော်ကားမိတယ်၊ မုန်းမိနာကြည်းမိတယ်၊ ဆုံးမသွန်သင်မှုတွေကို နာခံဘဲ ရိုင်းရိုင်းစိုင်းစိုင်းတွေ တုံ့ပြန်ခဲ့မိတယ်"

"ဖေဖေ အပြစ်မယူပါဘူး သမီးရယ်၊ အမှားတွေလုပ်ခဲ့တာ အပြစ်တွေ ကျူးလွန်ခဲ့တာ၊ သူငယ်ချင်းအပေါ်သစ္စာမဲ့ပြီး အောက်တန်းကျခဲ့တာက ဖေဖေပါ၊ အဲဒီရဲ့ဆိုးကျိုးတွေ သမီးကို မခံစားစေချင်ဘူး အဲဒါကြောင့်"

"ဘယ်သူ့အတွက်လုပ်တာလဲ၊ အဲဒါတွေက ဘယ်သူ့အတွက် လုပ်တာမို့လဲ၊ မြို့နဲ့မေမေကိုချမ်းသာစေချင်လို့မဟုတ်လား။ ဖေဖေ သစ္စာမဲ့ဘူး။ မြို့တို့အတွက်ဆိုတာ မြို့ ယုံပါပြီ ဖေဖေ"

"မြို့ရယ် သမီးလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ယုကျုံးမရစ္စာသမီးကို ဖက်၍ငိုမိသည်။ ဒီအဖေရဲ့မကောင်းမှု တွေကိုသိပြီး သမီးလေး မုန်းသွားမယ် ရွံသွားမယ်ထင်တာ။ အခုတော့ သမီးက ဒီအဖေကိုနားလည်ပေးနေပါရောလား။

"ဖေဖေ"

"ပြောပါ့ သမီးလေး"

"ဖေဖေ့ရောဂါကို နိုင်ငံခြားသွားကုမယ်၊ လူ့အသက်ထက် ဘာမှအရေးမကြီးပါဘူး ဖေဖေ၊ စည်းစိမ်ဥစ္စာတွေကုန်ချင်ကုန်သွားပါစေ ကိစ္စမရှိဘူး၊ လောကကြီးမှာ ဖေဖေမရှိဘဲ မြူ မနေရဲဘူး"

"ဖေဖေလည်း သမီးလေးကို မထားရက်ခဲ့လို့ အမျိုးမျိုးကြိုးစား ကြည့်ပြီးပါပြီ၊ ဒါပေမဲ့ ရောဂါကိုအမည်တပ်ခံရမှာစိုးလို့ ဆေးမကုဘဲ ထားခဲ့တာကြာလို့ အချိန်တွေအရမ်းနောက်ကျသွားခဲ့တယ် သမီးရယ်"

"ဖြစ်မှဖြစ်ရလေ ဖေဖေရယ်၊ ဖေဖေတစ်ယောက်တည်း ကြိတ် မှိတ်ခံစားနေခဲ့တာပေါ့"

"အဲဒါ သူများအပေါ်မကောင်းတဲ့စိတ်မွေးပြီး တစ်ကိုယ်ကောင်း ဆန်ခဲ့လို့ ကျိန်စာသင့်ခဲ့တာပါ။ မစားကောင်းတဲ့အသီးကို စားမိလို့ အဆိပ် သင့်ရတာပါ၊ ဝဋ်ကြွေးဆိုတာ နောင်ဘဝမကူးဘူး၊ လောဘကြောင့် ဝေစုခွဲပြီးသား သူများဟာကိုမပေးဘဲ ယူထားခဲ့လို့ ဒီစည်းစိမ်တွေ ကြ ကြာမခံစားရတာ၊ ပေးသင့်ပေးထိုက်တာ ပေးလို့ ရသင့်ရထိုက်တာ ရခဲ့မယ်ဆိုရင် နှိုင်းယှဉ် သူတောင်းဘဝ၊ သူခိုးဘဝ၊ ခါးပိုက်နှိုက်ဘဝ ရောက်ခဲ့မှာမဟုတ်ဘူးလေ"

"အခု သူ့ကိုဘယ်လိုလုပ်မှာလဲ ဖေဖေ၊ ဦးညာဏ်အောင် ပြော သလို မြူ သူ့ကိုလက်ထပ်မှ"





မြူမှန်ခြယ် စကားဆုံးအောင်မပြောနိုင်။ ကိုယ်နှင့်မျှအထင်သေး ခဲ့တဲ့လူကို အပြစ်ကြွေးတွေကျေဖို့အတွက် လက်ထပ်ဖို့ဆိုတာ ဖြစ်နိုင် ပါ့မလား။

ဖေဖေက ခေါင်းကိုခါယမ်းရင်း သူမလက်ကလေးကို ဆုပ်ညှစ် ထားကာ

"လက်ထပ်မှ တရားမျှတရာရောက်မှာဆိုပေမယ့် သမီးဆန္ဒ မရှိရင် မလုပ်ပါနဲ့ သမီး၊ သမီးလည်းသိသွားပြီဆိုတော့ ဒီကလေးဆီမှာ အပြစ်ကိုဝန်ခံလိုက်ပါမယ်၊ နှိုင်းယှဉ် ဖေဖေ့အပေါ် ဘယ်လိုပဲမုန်းမုန်း ဘယ်လိုပဲတုံ့ပြန် တုံ့ပြန် ဖေဖေ ခံလိုက်ပါမယ်"

"ဒါဆို မြူက ဘယ်လိုကျိန်ခဲ့ရမှာလဲ ဖေဖေ၊ အပြစ်ရှိတဲ့လူရဲ့ သမီးအနေနဲ့လား၊ တစ်သက်စာ အမည်းစက်စွန်းထင်းသွားမယ့်ကိစ္စပါ၊ ဖေဖေ ဘာလုပ်ခဲ့တယ်ဆိုတာ သူ့ကိုအသိမပေးပါနဲ့၊ သေခါမှ လူတစ် ယောက်ရဲ့ရှုံ့ရှာမုန်းတီးပြီး နာကြည်းမှုတွေနဲ့တိုက်ခိုက်စော်ကားတာကို ခံပါနဲ့တော့၊ မြူလည်း ဖေဖေ့အပေါ် စော်ကားမိတဲ့အပြစ်တွေကျေအောင် ဖေဖေ့အပြစ်တွေ သူ သိမသွားအောင် သူ့ကိုမြူ လက်ထပ်ပါမယ်"

"သမီးရယ်"

"လက်ထပ်လိုက်ရင် သူပိုင်ဆိုင်သင့်တာတွေ ပြန်ပေးပြီးသား ဖြစ်သွားပြီမဟုတ်လား ဖေဖေ၊ မြူက ပစ္စည်းဥစ္စာတွေကိုမက်မောလို့ မြူနာမည်နဲ့အားလုံးလွှဲယူထားတာမဟုတ်ပါဘူး၊ မေမေ့ကိုဖေဖေ သစ္စာ ဖောက်တယ်ထင်လို့"

"ဖေဖေ နားလည်ပါတယ်၊ နားလည်ပါတယ် သမီးလေးရယ်"

ဦးမြတ်ဖုန်းမောင် ရင်တွေအဆမတန် နာကျင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက်ရော ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြေသိမ့်ရမှန်းမသိဘဲ မျက်ရည်တွေသာကျနေမိ၏။

လူ့ဘဝရဲ့သက်တမ်းတိုလေးမှာ အပြောင်းအလဲတွေက အမျိုးမျိုးပါပဲလား။ ဒါကို သားရော နားလည်ပါ့မလား။ မထင်မှတ်တာတွေ ဖြစ်လာလို့ သားလည်းအံ့ဩနေမှာပါ။

နာကြည်းမုန်းမေ့စရာအကြောင်းတွေ ပေါ်မလာရင်ဘဲ ရော ဆိုးဖြစ်ရကျိုး သေရကျိုးနပ်ပါပြီ။ သားရေ တမလွန်ရောက်ရင်တော့ မေမေလို့တမ်းတသံ ခေါ်သံလေးကို ကြားခွင့်ရချင်ပါသေးတယ်။

■ ■ ■

## အခန်း (၂၂)

"သား"

ပြောစရာရှိလို့ဆိုပြီး အခန်းထဲကို တိတ်ဆိတ်စွာခေါ်ထားပြီးမှ ဘယ်ကဘယ်လို စပြောရမှန်းမသိဘဲ နာမည်ကိုခေါ်မိတော့ သားက အိုးတိတ်စွာထူးလျက် ကိုယ့်လက်ကလေးကို ဆုပ်ကိုင်ထား၏။

အဖေအရင်းဖြစ်မှာပဲရယ်လို့ မျှော်လင့်နေရှာသည့်သားရဲ့လက်က မေတ္တာများဖြင့် နွေးထွေးလွန်းလှ၏။

"သား"

"ပြောပါ မေမေ၊ မေမေ ဘာတွေပြောချင်လို့လဲ၊ ပြောချင်တာ ကို ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ သားအားလုံးကို နားလည်ပေးနိုင်ပါတယ်၊ မြ မရှိတုန်း သားက မေမေ့သားပါလို့ ဝန်ခံချင်လို့မဟုတ်လား"

ကြီးမားလေးပင်သောအရာနှင့်ရင်ကို ပစ်ပေါက်လိုက်သလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ သားမျှော်လင့်နေတာ တခြားပါလား။

ဟုတ်ပါတယ်လို့ ဝန်ခံပြီး သားလိုချင်သည့် ဖခင်တစ်ယော

ရဲ့အဖြူရောင်မေတ္တာများကို ပြည့်ပြည့်ဝဝပေးလိုက်ချင်သည်။ ဒါ

"သား သားကို သမီးမြူမှုန်ခြယ်နဲ့ လက်ထပ်ပေးချင်တယ်

"ဟင် ဘာ ဘာပြောတယ် ဖေဖေ၊ သားကို ညီမလေးနဲ့

"သား"

သွေးပျက်ထိတ်လန့်သွားသလို ကိုယ့်လက်ကို ဆတ်ခနဲ ရု

လျက် မျက်နှာတစ်ခုလုံး ဖွေးစုတ်သွားတာ မျှော်လင့်ချက်တွေ လွဲ

သွားတာကြောင့်ဖြစ်မည်။ ဒါမှမဟုတ် အံ့သြစိတ်နှင့် ရှက်သွားတာလ

"ဖေ ဖေဖေ မြူနဲ့သားကိုလက်ထပ်ပေးမယ်ဆိုတာက"

"ဖေဖေက သားရဲ့အဖေ မဟုတ်ဘူးဆိုတဲ့သက်သေပေါ့ ...

ရယ်"

"ဟာ ဒါ ဒါဆို"

"ကျန်တာတွေ မတွေးပါနဲ့ သား၊ ဖေဖေ ဝန်မခံခဲ့တာ သ

သွေးသားမတော်စပ်လို့ပါ၊ ဒါပေမဲ့ သားတစ်ယောက်လိုချစ်လို့ သမီး

နဲ့လက်ထပ်ပေးချင်တာပါ၊ သားကို ဖေဖေချစ်တာယုံတယ်မဟုတ်လ

အံ့သြစိတ်နှင့်ယောင်ယမ်း၍တောင် ခေါင်းမညိတ်မိ။ ...

မျှော်လင့်တာကတခြားမို့ ရှက်သလိုလို သွေးပျက်ထူပူသွားတာပါ။ ဒါ

မြူမှုန်ခြယ်နဲ့လက်ထပ်ပေးဖို့အထိတော့ သွေးသားမတော်စပ်တာကို ...

သေထုတ်ဖို့ မလိုအပ်ဘူးဟု ထင်မိသည်။

"မြူ မြူရော ဒီကိစ္စကိုသိသွားပြီလား၊ မြူကိုရှင်းပြပြီးပြီ

ဖေဖေ"





"ဘာကိုလဲ သား"

"သားနဲ့သွေးသားမတော်စပ်ဘူးဆိုတာ မြူကလည်း သားကို ဖေဖေ့ရဲ့အပျော်မယားတစ်ယောက်က မွေးတဲ့သားလို့ ထင်နေတာ မဟုတ်လား၊ သူ့အမေကိုသစ္စာဖောက်တယ်ထင်ပြီး အမုန်းတွေနဲ့ကလန်ကဆန် တိုက်ခိုက်နေခဲ့တာ"

"ဖေဖေ ရှင်းပြပြီးပါပြီ၊ သမီး နားလည်သွားပါတယ်"

"ဒါဆို အစတည်းက သားကိုရော မြူကိုရော ဘာလို့ရှင်းမပြခဲ့တာလဲ ဖေဖေ၊ မြူရဲ့အမုန်းတွေ အာဃာတတွေနဲ့တိုက်ခိုက်တာကို ဘာလို့ခံနေခဲ့တာလဲ၊ ပြီးတော့ သားကို ဘာကြောင့် ကယ်တင်ခဲ့တာလဲ၊ မြူရဲ့အငြိုငြင်ခံပြီး အထင်လွဲခံပြီး ကယ်တင်ထားတာလဲ ဖေဖေ"

မေးခွန်းတွေက အသက်ရှူကျပ်စေကာ သက်ပြင်းတွေအလုံး အရင်းလိုက် လိမ့်ထွက်လာ၏။ ကိုယ့်ရောဂါရဲ့ဝေဒနာကိုအောင့်အည်း ကြိတ်မှိတ်ခံစားနေရတာလည်း မသက်သာပေ။

"အဲဒီမေးခွန်းတွေ မမေးနဲ့တော့ သားရယ်၊ အခု သားနဲ့ သမီးကို ဖေဖေ လက်ထပ်ပေးမယ်၊ ဖေဖေချစ်တဲ့သားနဲ့သမီး ပဋိပက္ခ တွေနဲ့ရန်ဖြစ်နေတာ မမြင်ချင်တော့ဘူး၊ ဖေဖေတို့သားအဖသုံးယောက် တစ်အိမ်တည်းမှာ အတူတူပျော်ပျော်ရွှင်ရွှင် နေရအောင်၊ ဘယ်လောက် ပျော်စရာကောင်းမလဲ သားတွေးကြည့်၊ ဖေဖေ မသေခင် မြေးတွေမြစ် တွေနဲ့ နေသွားချင်သေးတယ်"

"မြူက လက်ခံလို့လား ဖေဖေ၊ မြူက သားကိုအရမ်းမုန်းနေ တာ၊ ရန်လိုပြီးတိုက်ခိုက်နေတာ ဖေဖေလည်းအသိပဲ၊ ပြီးတော့ သူ တောင်းစား သူခိုး ခါးပိုက်နှိုက်ကို ဘယ်လောက်အထင်သေးနှိမ့်ချခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ''

''သမီးက အဲလောက် အဆင့်အတန်းခွဲခြားတတ်တဲ့စိတ် မရှိပါဘူး ဖေဖေနဲ့ပတ်သက်တယ်ထင်ပြီး ရန်လိုတာပါ''

''ဒါဆို ဒီကိစ္စကို မြူ လက်ခံတယ်ပေါ့''

''အင်း သမီးမြူ မငြင်းပါဘူး''

''ဟင်''

ဟုတ်မှဟုတ်ပါ့မလားလို့ သံသယဝင် အံ့သြမိတာပါ။ မြူစိတ်အဲလောက် မပျော့ပျောင်းဘူးဆိုတာ သူ သိသည်။ မာန်မာနတွေဖြင့် သူ့အပေါ် မောက်မာရိုင်းစိုင်းစွာ ဆက်ဆံခဲ့သည့်သူပါ။ လူရှေ့သူရှေ့လည်း အရှက်ခွဲဖို့ဝန်မလေး။

သူ့ရဲ့အတိတ်ကိုတူးဆွပြီး နှိမ့်ချအထင်သေးနေခဲ့သည့် သူမက သူ့ကို လက်ထပ်မည်တဲ့လား။ တစ်သက်စာ သဟဇာတမဖြစ်နိုင်သည့် အိမ်ထောင်ရေးကို ဖေဖေကရော ဘာကြောင့် ဖြစ်စေချင်တာလဲ။

သူ ဘာကိုတယ်လို နားလည်ရမှန်းမသိတဲ့ စိတ်ရောဦးနှောက်ရောရှုပ်ထွေးနောက်ကျိနေပါသည်။ ကိုယ့်ရဲ့အဖေ ဖြစ်နိုင်သလားလို့ မျှော်လင့်ချက်အတွေးနှင့် ပျော်နေခဲ့ရာက အခုလိုသိလိုက်ရချိန်မှာ ဝမ်းနည်းသလိုခံစားမှုတွေလည်း ဖြစ်နေခဲ့သည်။

တကယ်ဆို ဘာကအမှန်တရားလဲ၊ ဘာကမှားနေတာလဲ။

''သား''

''ဗျာ''

သူ အတွေးများနေတာကို ဖေဖေက သူ့လက်ကိုဆုပ်ကိုင်ကာ ခေါ်၏။





''ပြောပါ ဖေဖေ''

''သားရော သမီးနဲ့လက်ထပ်ဖို့ လက်ခံတယ်မဟုတ်လား''

''ငြင်းရမှာမဟုတ်မရဲဖြစ်ပေမယ့် သားရင်ထဲမှာတစ်မျိုးကြီးဖြစ်နေပါတယ် ဖေဖေ၊ ဖေဖေ့ကိုသား အဖေလို့ထင်ပြီး မြူ့ကိုညီမလေးရယ်လို့ သတ်မှတ်ထားတာပါ၊ အဲဒါကြောင့် မြူ ဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်နားလည်ပေးခဲ့တာပါ ဖေဖေ''

''ဖေဖေ နားလည်ပါတယ်၊ အစတည်းက ပြတ်ပြတ်သားသားရှင်းမပြခဲ့တာ ဖေဖေ့အမှားပါ၊ အခုက ဒီအကြောင်းတရားတွေ ပြန်ဆွေးနွေးနေရမယ့်အချိန်မဟုတ်ပါဘူး၊ သားတို့အမြန်ဆုံးလက်ထပ်ဖို့''

''ဗျာ အမြန်ဆုံးလက်ထပ်ရမယ်၊ သွေးသားရင်းမဟုတ်ပါဘူး ပတ်သက်ပါဘူးလို့သဘောတူတဲ့သဘောမျိုး သိစေချင်တာ မဟုတ်ဘူးသား၊ အမြန်ဆုံးကိုလက်ထပ်မှဖြစ်မှာလား ဖေဖေ''

ဦးမြတ်မှန်းမောင် ခေါင်းပဲညိတ်ပြလိုက်သည်။ ဉာဏ်ကျော်ကသူမပြန်ခင် မင်္ဂလာပွဲကိုမြင်ရမှ စိတ်ချသွားနိုင်မည်ဆိုတာကြောင့် အမြန်စီစဉ်ပေးရမှာပါ။ သားက တအံ့တသြဖြင့်

''အမြန်လိုနေတာ ဘာကြောင့်လဲ ဖေဖေ၊ ဖေဖေ့သားမဟုတ်ဘူးလို့ သိသွားလည်း သား ဘာမှမဖြစ်ပါဘူး၊ နည်းနည်းဝမ်းနည်းရုံကလွဲရင် သားအတွက် ဒီမိသားစုက ဒီမိသားစုပါပဲ၊ ဒါပေမဲ့ မြူဘက်က အဆင်ပြေမှာမဟုတ်ဘူးထင်တယ်၊ မြူ့ကိုသေချာမေးကြည့်ပါဦးမယ်၊ သူကြည်ဖြူရင် ဒီကိစ္စကိုမစီစဉ်ပါနဲ့ ဖေဖေ''

''မ မဟုတ်ဘူး အဆင်ပြေမှာပါ၊ သမီးက လက်ခံပါတယ်သား၊ အဲဒါ ဘာမှစိုးရိမ်မှုမရှိဘဲ သားလက်ခံပါ၊ အဓိကက ဖေဖေတို့

www.burmeseclassic.com



မိသားစု ဥမကွဲသိုက်မပျက် အတူနေနိုင်ပြီး စိတ်ဝမ်းမကွဲဖို့ပဲ၊ ဖေဖေ တာ သားနားလည်လား''

''ဟုတ် ဟုတ်ကဲ့ ဖေဖေ''

ပြောလိုက်ရပေမယ့် စိတ်ထဲတော့ မတင်မကျပါ။ သူ မွန် စွာ အသက်ရှူမရတာကြောင့် ဖေဖေ့အခန်းထဲက ပြန်ထွက်လာခဲ့သ ညနေစာစားဖို့လည်း အစီအစဉ်မရှိစွာနှင့် ခြံဝင်းထဲဆင်းလာခဲ့သ

ဒီကိစ္စက မြူမှုန်ခြယ်နှင့်မဆွေးနွေးလို့မရပါ။ တစ်သက် ပေါင်းသင်းရမည့်အိမ်ထောင်ရေးက လွယ်တာမှမဟုတ်တာ။ အမုန်း တွေနှင့် နေလာခဲ့ပြီးမှ လက်ထပ်ဖို့ မြူမှုန်ခြယ် လက်ခံတယ် မပြ ဆိုတာ မယုံနိုင်။

သူမ ကားလေးဝင်လာတာမြင်တော့ သူမကားရပ်မည့် မှာရပ်စောင့်နေလိုက်သည်။ သူမက ကားပေါ်ကဆင်းလာပြီး သူ့ကို ချက်မျှကြည့်၍ အိမ်ထဲဝင်ဖို့ပြင်၏။

''မြူမှုန်ခြယ်''

သူ ခေါ်လိုက်တော့ သူမခြေလှမ်းရပ်သွားသည်။

''ခဏလောက် စကားပြောရအောင် မြူ''

သူမ တုံ့ပြန်မှုမပြုဘဲ ဆင်ဝင်အောက်က ဆက်တီခုံမှာ ထိုင်၏။ ထိုနေရာမှာ အေးအေးဆေးဆေး ပြောကြမည်ဆိုသည့်သ ပေါ့။

သူလည်း နောက်ကလိုက်သွားပြီး ထိုင်လိုက်ရကာ

''မင်းနဲ့ငါရဲ့ကိစ္စ ဖေဖေ ပြောပြီးပြီဆို''

''အင်း''





''မင်း လက်ခံတယ်ဆိုတာရော ဟုတ်သလား''

''နင်သိပြီးရင် ဘာလို့ထပ်မေးနေတာလဲ နှင်းယုဉ်၊ အဲဒီအတိုင်း သိထားလိုက်ပါ၊ ငါတို့လက်ထပ်ကြမယ်''

''ဟင်''

ဒီလိုစကားပြောနေတာ မြူမှုန်ခြယ် သွေးအေးလွန်းသည်ဟု ထင်မိသည်။ အရင်က မာနတွေ မောက်မာမှုတွေ သူ့အပေါ်အထင်သေး ချမှုတွေပျောက်ပျက်သွားတာ မြန်လိုက်တာ။

မနေ့တစ်နေ့ကမှ ထိုမာနတွေ မောက်မာမှုတွေကြောင့် သူ့ကို ချစွာဆက်ဆံပြီး အထင်သေးနေဆဲပါ။

''မင်းသေချာဆုံးဖြတ်ပြီးမှ ပြောတဲ့စကားလား မြူ အရင်က''

''အဲဒါတွေပြီးခဲ့ပြီလို့ သဘောထားလိုက် နှင်းယုဉ်''

''ဖေဖေ့သားမဟုတ်တော့ဘူးဆိုတာနဲ့ စိတ်ပြောင်းသွားတာ လား မြူ''

''အဲဒီအတိုင်းပဲဆိုရင်လည်း အဲဒီအတိုင်းပဲပေါ့ နှင်းယုဉ်ရယ်၊ အရမ်းမေးခွန်းမထုတ်ပါနဲ့၊ အခု ငါအရမ်းစိတ်ပင်ပန်းနေတယ်''

''ဒါဆို လက်ထပ်ဖို့ ဘာလို့လောနေတာလဲ၊ ဖေဖေက မြန်မြန် လက်ထပ်ရမယ်တဲ့၊ အဲဒါရော မင်းဆန္ဒက''

''ဖေဖေ ကျန်းမာရေးမကောင်းဘူး နှင်းယုဉ်၊ အခုချိန်မှာ ဖေဖေ ဖြစ်ချင်တာကို လိုက်လျောရမှာ ငါတို့ဝတ္တရားပဲ၊ ဖေဖေက ဒီလို ဖြစ်ချင်တာ ငါတို့ဒီလိုလိုက်လုပ်ပေးရုံပဲရှိတယ်''

ဘယ်ချိန်တည်းက သမီးလိမ္မာလေးဖြစ်သွားတာလဲလို့ မေးလိုက် ချင်သည်။ ဖေဖေ့ကျန်းမာရေးသိပ်မကောင်းတာ သူလည်းသိပါသည်။



www.burmeseclassic.com

ဒါပေမဲ့ ဆန္ဒတွေလိုက်လျောရအောင် နောက်ဆုံးအခြေအနေ လူမမာ မဟုတ်ဘဲ။

"ဖေဖေ့ကျန်းမာရေးက ဘယ်လောက်စိုးရိမ်ရလို့လဲ၊ နေ့လား ညလား အခြေအနေမဟုတ်ဘဲနဲ့ မင်္ဂလာကိစ္စကို အလောတကြီး စီစဉ်စရာ အကြောင်းမရှိဘူး ထင်တယ်၊ ဒါပေမဲ့ မင်းတောင်မှ ဒီလိုဆန္ဒမျိုးရှိတယ် ဆိုရင် ပြီးရောပါ၊ ငါကတော့ ဖေဖေ စိတ်ချမ်းသာဖို့ပဲအရေးကြီးတယ်"

သူ ဒါပဲပြောပြီး ထရစ်လိုက်သည်။ တစ်ခဏချင်း မြူမှုန်ခြယ် ဆီမှာမာန်မာနတွေမရှိတော့တာ အံ့သြစရာကောင်းသည်။

ချက်ချင်းကြီး သမီးလိမ္မာလေးလို ဖေဖေ့ဆန္ဒတွေကို ရိုကျိုးစွာ နာခံလိုက်တာလည်း နားလည်ရခက်သည်။

ဒီမိန်းကလေး၊ အပြောင်းအလဲက တကယ်ပင်မယုံနိုင်စရာပါ ရင်ထဲမှာ အခုထိ မရှင်းလင်းနိုင်သေး။

ရှေ့ဆက် ဘာတွေဖြစ်လာဦးမလဲဆိုတာတော့ . . . ။

■ ■ ■

## အခန်း (၂၃)

"ဟာ မင်းဘာပြောလိုက်တယ် ကိုနိုင်၊ ငါ့ကိုပြန်ပြောစမ်းပါဦး"

"ဩော် ကျွန်တော်နဲ့မြူ လက်ထပ်တော့မှာပါဆိုဗျာ"

"ဟာ ဘယ်လိုဖြစ်တာလဲ၊ အဲဒါက အာ ငါ နားမလည်တော့ ငါ့ကိုရှင်းအောင်ပြော"

"ကျွန်တော်လည်း မသိတော့ဘူး ကိုသောင်းရာ၊ ဖေဖေက တော့်ကိုခေါ်ပြောတယ်၊ မြူနဲ့လက်ထပ်ရမယ်တဲ့၊ သားမဟုတ်တဲ့ ကြောင်းသက်သေပြချင်လို့ စီစဉ်တာလားလို့မေးတော့ အဲဒါတစ်ခုတည်း ကြောင့် မဟုတ်ဘူး၊ မိသားစုဥမကွဲသိုက်မပျက် အတူနေချင်လို့တဲ့"

"မြူ မြူမှုန်ခြယ်ကရော ခါးခါးသီးသီး ဖြစ်သွားမှာပေါ့၊ မင်းကို ည်းက အထင်သေးနေတာ၊ ရိုင်းစိုင်းနှိမ့်ချလိုက်တာလည်း အကာန်တွေချည်း စွတ်ကောခဲ့တာ"

www.burmeseclassic.com



"ဟင့်အင်း မြူလက်ခံတယ်၊ ကျွန်တော့်ကိုလက်ထပ်မယ်တဲ့"

"ဘာ"

ကိုသောင်း တအံ့တသြကြီးကိုမျက်လုံးပြူးကာ အံ့သြသွား၏။ သူ့လိုပင် ယုံနိုင်ပုံမပေါ်။

"ကံတရားက ဆန်းကြယ်တာလား၊ ကံကြမ္မာကပဲ မင်းကို မျက်နှာသာပေးလိုက်တာလား၊ ဖြစ်နိုင်ပါ့မလားကွာ၊ ငါတော့ မယုံနိုင်အောင်ပဲ"

"ကျွန်တော်လည်း အခုထိ မယုံနိုင်သလို ဘယ်လိုကြီးမှန်း မသိပါဘူးဗျာ၊ ကျွန်တော့်ကို ကယ်တင်လာစက ဆပ်လို့မကျေနိုင်တဲ့ ကျေးဇူးရှင်ရယ်လို့ သတ်မှတ်ခဲ့တယ်၊ နောက်တော့ ကိုယ့်အမေနဲ့ပတ်သက်ခဲ့ဖူးတဲ့ကိုယ့်အဖေလားလို့ မျှော်လင့်ချက်တွေနဲ့ ပျော်ခဲ့ပြန်တယ်၊ အခုကျတော့ ကျွန်တော်လိုကောင်မျိုးကို သမီးနဲ့လက်ထပ်ပေးဖို့အထိ သဘောတွေတူနေပြန်တယ်၊ ကျွန်တော် ဝမ်းသာရမှာလား၊ ထပ်ထပ်ပြီးကျေးဇူးတင်ရမှာလား၊ ဘာမှန်းကိုမသိတော့ဘူး"

"အေးကွာ တော်ရုံသံယောဇဉ်နဲ့တော့ ဒီလိုကိစ္စအထိ စိတ်ပူ မယ်မထင်ဘူး၊ တကယ်လို့ ဦးမြတ်ဖုန်းမောင်က မင်းကိုသံယောဇဉ်ရှိ စီစဉ်တယ်ထားဦး မြူမှုန်ခြယ် အလွယ်တကူ လက်ခံလိုက်တာကတော့ တော်တော်လေးကို မယုံနိုင်လောက်အောင် အံ့သြစရာပဲကွ"

"ကျွန်တော်လည်း အဲဒါပြောချင်တာ၊ မြူမှုန်ခြယ်က ပြောင်းလွယ်မယ့်မိန်းကလေးမှမဟုတ်တာ၊ အမြဲတမ်း မာန်မာနနဲ့နေတာ၊ ကျွန်တော့်အပေါ်ဆိုရင် ပိုဆိုးသေးတယ်"

"အေးနော် အဲဒါ ထူးဆန်းတာပဲ၊ ဘာဖြစ်လို့ ငါတို့တွေနဲ့





တွေ့ လွဲတာလည်းမသိဘူး"

ကိုသောင်း ယုံရခက်စွာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေသည်။ ခေါင်းထဲမှာ ဖွက်ထားသည့်အံရက်ပုလင်းကိုယူပြီး

"မင်းသောက်ဦးမလား ငါ အာရုံနောက်သွားလို့ သောက်လိုက်မယ်"

"မနောက်လည်း သောက်နေတဲ့သူက အပိုတွေပြောနေတယ်"

သူပြောတော့ ကိုသောင်း ရယ်သည်။ သူ အိပ်မရလို့ ကိုသောင်းဆင်းလာပြီး ရင်ဖွင့်တာပါ။

ကိုသောင်းက အရက်ကလေးတမြမြနှင့် ဒီအိမ်ကြီးကို မအိပ်ဘဲ စောင့်ရှောက်နေတာ။ ကိုသောင်း မူးပြီးမှောက်သွားတယ်ဆိုတာ တစ်ခါမှမရှိ။

ဒီအိမ်ကြီးအတွက် အားကိုးရသည့်လူတစ်ယောက်လို့ ပြောလို့ရသည်။ တကယ် တာဝန်ကျေသည့်သူပါ။

"ကိုသောင်း ကျွန်တော်လည်း တစ်ခွက်ပေးဗျာ"

"အဲလိုလုပ်စမ်းပါ၊ အဖော်ရအောင်"

ကိုသောင်းရဲ့လုံခြုံရေး ကင်းတဲလေးက အခုတော့ အရက်ဝိုင်းဖြစ်ရာ နေရာလေးဖြစ်သွား၏။ ဒီအချိန်ဆို ဖေဖေရော မြူမှုန်ခြယ်ရော အိပ်နေလောက်ပြီမို့ သူတို့အရက်သောက်နေတာကို သိမှာမဟုတ်ပေ။ ညတ်က ပြင်းပြင်းရှရှပါ။ သောက်လေ့သောက်ထလည်း မရှိတာမို့ ဘော်တော်လေး အဝင်ဆိုးလှသည်။

"မင်းအရက်သောက်တာ နှစ်ခါရှိပြီနော်၊ စိတ်ခံစားမှုပြင်းတဲ့ အချိန် အရက်သောက်ရင် အရမ်းအရသာရှိတာကွ၊ ငါကတော့မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ဂုဏ်ယူပြီး မူးအောင်သောက်မယ်''

''ဒီလောက်စိတ်ညစ်စရာကောင်းနေတာကို ဘာကိုဂုဏ်ယူတ

လဲ''

''အရင်က သူဌေးသားယောင်ယောင်နဲ့ ဟုတ်နိုးနိုး မဟုတ်

နိုး မျှော်တလင့်လင့်၊ အခုတကယ်ကို သူဌေးသမက်ဖြစ်တော့မှာ၊ သူ

ပိုင်ဆိုင်သမျှတွေ မင်းတစ်ဝက်ပိုင်ပြီပေါ့ကွ''

''တစ်ဝက် ပိုင်ဆိုင်သမျှတွေ တစ်ဝက်ပိုင်ပြီ''

''အေးလေ မြူမှုန်ခြယ်က တစ်ဦးတည်းသောသမီး၊ တခြ

သွေးသားအရင်း ခွဲပေးစရာတစ်ယောက်မှမရှိဘူး''

''ဖေဖေက ကျွန်တော့်ကို အဲလိုပေးချင်လို့ အဲလို စီစဉ်လို

တာလားမသိဘူးနော်''

''ဖြစ်နိုင်တာပေါ့ သူ့သမီးကို ဘယ်လိုစည်းရုံးလိုက်လို့ ရေ

ပျောင်းသွားသလဲမှမသိတာ၊ တစ်ခုပဲ မင်္ဂလာပွဲကိုအမြန်စီစဉ်မယ်ဆိုတ

က သဘာဝမကျဘူး၊ ဘယ်သူကန့်ကွက်မှာစိုးလို့ အလောတကြီး စီ

ရတာလဲ''

''ဖိအားတစ်ခုခုကြောင့်လား၊ မဖြစ်မနေ ဒီလိုလုပ်ပါလို့ ပြော

သူရှိနေလို့''

စကားဆုံးအောင်မပြောဖြစ်ဘဲ ခပ်တွေတွေစဉ်းစားနေမိတော

ကိုသောင်းက အရက်ခွက်ကိုဆောင့်ခနဲချပြီး

''မင်းပြောသလို မဖြစ်နိုင်ပါဘူး၊ ဦးမြတ်ဖုန်းမောင်က လုပ်င

ရှင်သူဌေး၊ ဒီအိမ်မှာရော ကုမ္ပဏီမှာရော သူ့ထက်ကြီးတဲ့သူ ဘယ်သူ

မရှိဘူး၊ သူ့ကိုဘယ်သူက ဖိအားပေးမှာလဲ၊ နာခံရမယ့်အတန်းအစာ





မှ မဟုတ်တာကွ''

''အဲလိုတွေးပြန်တော့လည်း ဟုတ်တာပဲ၊ မသိတော့ပါဘူး ကို

သောင်းရယ်၊ ကျွန်တော် တကယ်မတွေးတတ်တော့တာ''

''မတွေးတတ်ရင် မတွေးနဲ့ကွာ၊ မိန်းလည်းအဖတ်တင်မယ်၊

စည်းစိမ်ဥစ္စာဆိုလည်း တရားဝင်ပိုင်ဆိုင်ရတော့မယ်၊ မင်းကိုနိုင်ခဲ့တဲ့ မြူ

မှုန်ခြယ်လည်း မင်းရဲ့မိန်းမဖြစ်တော့မယ်၊ မင်းအတွက် အသာတွေချည်း

ပဲ၊ ဟိတ်ကောင် ဘဝင်တော့မြင့်မသွားနဲ့နော်''

ကိုသောင်းက ရယ်ရွှန်းရွှန်း စနောက်၏။ သူကတော့ ရယ်ပင်

ရယ်နိုင်ပါ။ အသက်ရှူကျပ်တိုင်း အရက်တစ်ခွက်မော့သောက်မိပြီး

ဆိုးစိတ်တွေတောင် ကင်းလွတ်ချင်ချင်။ သူ ဘာကြောင့် မပျော်ရွှင်နိုင်ရ

သလဲ။

သူ့လိုအညာတရကောင်က မြူမှုန်ခြယ်လို ရွှေမင်းသမီးကို လက်

ထပ်ရမယ်တဲ့။ ဒါ အိပ်မက်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

၁

"ဟင် ကိုနိုင်၊ လက်ထပ်တော့မယ်၊ ဘယ်သူနဲ့လဲ"

"မြူမှုန်ခြယ်နဲ့"

"မြူမှုန်ခြယ် ကိုနိုင်းကို မွေးစားလိုက်တဲ့ ကျေးဖူးရှင်ရဲ့သမီး ပေါ့၊ ကိုနိုင်၊ တကယ့်သူဌေးကြီးဖြစ်တော့မှာပေါ့နော်၊ ကိုနိုင်၊ ကံကောင်း လိုက်တာ"

ထနောင်းရိပ် ဝမ်းသာမျက်ရည်များပင် လည်နေရှာသည်၊ ဆက်ပိုင်ဖြိုးလေးကလည်း ဝမ်းသာအားရနှင့်

"အစ်ကိုရာ ပွတာပဲ၊ အစ်ကို တကယ်ကို သူဌေးကြီးဖြစ်ပြီ ဗျ၊ ကျွန်တော်တို့လိုဘဝမျိုးကနေ အဲလိုချမ်းသာသွားတာ အစ်ကို ကောင်းတာပေါ့၊ ကျွန်တော် အားကျလိုက်တာဗျာ"

"အံမယ် မောင်လေးက ဘာကိုအားကျတာလဲ"





"သူဌေးသမီးနဲ့လက်ထပ်ရတာကိုလေ၊ ကျွန်တော်လည်း အဲလို သူဌေးသမီးနဲ့ရပြီး မမကိုချမ်းချမ်းသာသာ ထားနိုင်ရင် ကောင်းမှာပဲ"

"ငယ်ငယ်ရွယ်ရွယ်လေးနဲ့ စိတ်ကူးယဉ်နေရလား မောင်လေး ရယ်၊ ဘဝဆိုတာ ဖြစ်ချင်တိုင်းဖြစ်တာမဟုတ်ဘူး၊ စိတ်ထားကောင်းရင် ကံကောင်းလာမှာပေါ့ မောင်လေးရယ်၊ ကိုနိုင်းလို ကံကောင်းချင်ရင် စိတ်ထားကောင်းအောင် ကြိုးစားပေါ့"

"အခုလည်း ကျွန်တော်တို့စိတ်ထားကောင်းလို့ အစ်ကိုက ကူညီ နေတာပဲ မမရဲ့ ဒါပေမဲ့ မိန်းမရသွားရင်တော့ ကျွန်တော်တို့ကို လာလည်း တွေ့မှာမဟုတ်တော့ဘူး၊ ကူလည်းကူညီမှာမဟုတ်တော့ဘူး ထင်တယ် နော်"

အားငယ်စကားဆိုတော့ သူ စိတ်မကောင်းပေ။ သူကသာ မပျော်ရွှင်နိုင်ပေမယ့် ထနောင်းရိပ်တို့မောင်နှမက သူ့အတွက် ရိုးသားစွာ နှင့် ပျော်ရွှင်အားကျနေကြတာ။

"အစ်ကိုက မင်းတို့ကိုပစ်ထားပါ့မလားကွာ၊ မင်းတို့မောင်နှမ နှစ်ယောက်အတွက် အေးအေးချမ်းချမ်း လုပ်ကိုင်စားနိုင်အောင် အစ်ကို စီစဉ်ပေးမှာပါ၊ အခုလည်း ဆေးရုံတက်ဖို့ကိစ္စ အစ်ကိုစီစဉ်ခဲ့ပြီ၊ ဆေးကုပြီး တာနဲ့ ခွဲစိတ်လိမ့်မယ်"

"ကိုနိုင်းပြောထားသလို နေ့တိုင်းတော့ လာကြည့်နိုင်မှာမဟုတ် တော့ဘူးပေါ့နော်၊ ထနောင်းချက်တဲ့ထမင်းဟင်းကိုလည်း လာစားရမှာ မဟုတ်တော့ဘူးပေါ့"

ဒါကိုတော့ သူ နှုတ်ဆိတ်ရဲရဲဖြင့် အာမမခံနိုင်တော့ပေ။ မြူမှုန်ခြယ် လိုမိန်းကလေးနှင့်လက်ထပ်ပြီး ဘာတွေဆက်ဖြစ်လာဦးမလဲ သူမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ တိတ်ဆိတ်နေတော့ ထနောင်းရိပ်က စိတ်မကောင်းဖြစ်သွားဟန်ဖြင့်

"ကိုနိုင်းလက်ထပ်မှာ ဝမ်းသာပေမယ့် ထနောင်းတို့အားကိုးရာ မဲ့သွားသလိုပဲ ကိုနိုင်းရယ်၊ ထောက်ပံ့မှုကို မက်မောတာ မဟုတ်ပါဘူး ဆွေမျိုးသားချင်းမဲ့လို့ ရိုးသားစွာခင်တွယ်မိတာပါ ကိုနိုင်း"

"ကိုယ် နားလည်ပါတယ် ထနောင်းရယ်၊ ကိုယ်ကလည်း ထနောင်းတို့မောင်နှမကို တကယ်ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမ အရင်းလို ခင်တွယ်မိတာပါ၊ ကိုယ် အိမ်ထောင်ကျလည်း အနေစိမ်းသွားမှာတော့မဟုတ်ပါဘူး။ အမြဲတမ်း မဟုတ်ပေမယ့် ရံဖန်ရံခါလာပြီး စောင့်ရှောက်ပါမယ်၊ ကိုယ်ကတိပေးနိုင်တာကတော့ ခွဲစိတ်မယ့်နေ့ရယ် မျက်လုံး ပတ်တီးဖြည်မယ့်နေ့ရယ်၊ ပြီးတော့ ထနောင်းတို့အတွက် လိုအပ်တာ တွေဝယ်ပေးမယ့်နေ့ရယ်ကိုတော့ ကိုယ်မဖြစ်မနေ အရောက်လာပါမယ်၊ ဘာမှအားမငယ်ပါနဲ့ ထနောင်း"

"မမ မျက်လုံးပြန်မြင်ရင် ကျွန်တော်ကျောင်းပြန်နေရမှာလား ဟင် အစ်ကို"

"ညီ ကျောင်းနေပညာရေးအတွက် အစ်ကို အစအဆုံးတာဝန်ယူမှာပါ၊ ထနောင်း မျက်စိပြန်မြင်ရင်လုပ်ကိုင်စားသောက်ဖို့အတွက်လည်း ကိုယ် အရင်းအနှီးထုတ်ပေးမယ် နော် ထနောင်း၊ ထနောင်းတို့မောင်နှမ နှစ်ယောက်တစ်ဘဝ ရပ်တည်လို့ရအောင်ထိ ကိုယ်ကူညီမှာပါ"

"ကျေးဇူးတင်ပါတယ် ကိုနိုင်း။ ဒီကျေးဇူးတွေကို ထနောင်း ဘယ်တော့မှ မမေ့ပါဘူး။ ကိုနိုင်းလိုစိတ်ထားကောင်းတဲ့ သူတော်ကောင်းနဲ့တွေ့ပေးတဲ့ ကံကြမ္မာကြီးကိုလည်း ကျေးဇူးတင်တယ်"

"ကဲ ဝမ်းနည်းမနေနဲ့တော့ ထနောင်းရယ်၊ ကိုယ်ပြန်မယ်နော်"





"ဟင် ကို ကိုနိုင်း ပြန်တော့မလို့လား၊ ထမင်းစားမသွားတော့ ...လားဟင်၊ ကိုနိုင်းကြိုက်တဲ့ ငါးလေးအိုးကပ်ဟင်း ချက်ထားတာ"

"ဖေဖေက မင်္ဂလာပွဲကိစ္စတွေ စီစဉ်ဖို့ စောစောပြန်လာခဲ့ဆို ...ပါ"

"ဪ ကိုနိုင်း မင်္ဂလာပွဲကလည်း ခပ်လောလောကြီးပါလား။ ...လိုက်တာနော်"

ထနောင်းလည်း သူ့မင်္ဂလာပွဲအတွက် အံ့အားသင့်နေသည်။ ...လို့ ဒီလောက်မြန်မြန်ကြီး စီစဉ်နေသလဲဆိုတာ သူလည်းမသိပါ။

"ဖေဖေက ကျန်းမာရေးကောင်းလိုက် မကောင်းလိုက်နဲ့ အဲလို ...သွားတယ် ထနောင်းရယ်၊ ထနောင်း ဆေးရုံတက်ဖို့တော့ ကိုယ် ...တ်အောင် လာခေါ်မှာပါ၊ မျက်လုံးမြင်ဖို့ ပတ်တီးဖြည်တဲ့နေ့ကျရင် ...ည်း ဘယ်လိုကိစ္စတွေ အကြောင်းအရာတွေရှိရှိ ကိုယ်ရောက်အောင် ...ပါမယ် နော် ထနောင်း"

ထနောင်း မျက်ရည်ဝဲစွာ ခေါင်းညိတ်၏။ ချို့တဲ့နွမ်းပါးမှုကြောင့် ...ငယ်နေသည့်သူတွေကို ဒီလိုအာမခံချက်လေးနှင့်တော့ အားပေးသင့် ...ည်ဟု ထင်မိသည်။

ကိုယ့်ဘဝနှင့်ကိုယ်ချင်းစာကာ သူတို့ဘဝလေးတွေကို ကယ်တင် ...ရတာ ကျေနပ်မိ၏။

နောက်ထပ်ဘဝတွေအများကြီးကိုလည်း ကယ်တင်ခွင့်ရချင် ...သွားသည်။ ဒီစေတနာ မှန်ကန်ခဲ့ပါက ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အလောတကြီးနိုင်လှသော မင်္ဂလာပွဲက လက်မှတ်ထို
မင်္ဂလာဆွမ်းကျွေးရုံနှင့် ပကာသနမဲ့စွာ ရိုးရှင်းသည်ဟု ပြောရေ
တစ်ဖက်အသိုင်းအဝန်း မိတ်သင်္ဂဟပဲရှိတာမို့ ထည်ဝါခမ်းနားမှုမ
မရှိပေ။ ဒါပေမဲ့ ဦးမြတ်ဖုန်းမောင် ဧည့်သည်တွေကို လိုက်ဧည့်ခံ
ကျေနပ်နေသကဲ့သို့ရှိသည်။

ဒီရက်ပိုင်းလေးမှာ စိတ်ခွန်အားကြောင့်လားမသိဘဲ အ
ငယ် ကျန်းမာရေးကောင်းနေသည်။ မြူမှုန်ခြယ်က ဧည့်သည်တွေ
သူ့လက်မောင်းကိုတွဲချိတ်ထား၍ နည်းနည်းဝံ့ဝံ့ကြွားကြွားဖြစ်ကာ ရင်
လည်းခုန်နေ၏။

အမြဲတမ်း နှိမ့်ချကျိုးနွံစွာနေခဲ့ရတာကြောင့် ဒီလိုအခြေအ
လေးကို သူ စိတ်ကူးတောင်မယဉ်ဘူးခဲ့။ ခုတော့ ဒီလိုမိန်းကလေး





သူ့ရဲ့ဇနီးမယားဖြစ်လာခဲ့ပြီတဲ့။

သူမရဲ့အလှ သူမရဲ့အပြုံးများက သူ့နှလုံးသားတွေကို ပူနွေးစေကာ သူ့ရင်ခုန်သံတွေကို မြန်စေသည်။

"သားနဲ့သမီး တော်ဝင်ရတနာဆိုင်က ဖေဖေ့မိတ်ဆွေတွေကို မိတ်ဆက်လိုက်ပါဦး။ ဟိုဘက်မှာ ဦးကျော်ညွန့်တို့အဖွဲ့လည်းရောက်နေတယ်"

ဦးမြတ်ဖုန်းမောင်က တက်ကြွနေသည်။ လုပ်ငန်းရှင်သူဌေးတွေကို လိုက်လံဧည့်ခံနိုင်းကြီး မိတ်ဆက်ပေးနေသော်လည်း ဖေဖေ နေမကောင်းစဉ်က အိမ်လာခဲ့သည့် အန်ကယ်ကြီးတော့ မပါပေ။

ဖေဖေ သတိမေ့ပြီး မဖိတ်ခဲ့တာလား၊ အကျဉ်းရုံးပြီး လုပ်လိုက်သည့်ပွဲမို့ ကြီးကျယ်ကာ ရောက်မလာခဲ့တာလား။

ဘာကြောင့်မှန်းမသိပေမယ့် သူကတော့ ဖေဖေ့သူငယ်ချင်းလို့ ပြောသော ထိုအန်ကယ်ကြီးကို သတိတရ တွေ့ချင်နေခဲ့သည်။ ထိုအချိန်မှာ ခြံဝင်းထဲကို ကားအသစ်အကောင်းစားကြီးတစ်စီး မောင်းဝင်လာပြီး ဒရိုင်ဘာက သော့တွဲကိုဖြုတ်ယူလာကာ ဦးမြတ်ဖုန်းမောင်နှင့်သူတို့ ရပ်နေသော နေရာကိုလျှောက်လာ၍

"ဒီမင်္ဂလာပွဲကို ဦးဉာဏ်အောင်က ကားတစ်စီး လက်ဖွဲ့နိုင်းလို့ပါခင်ဗျာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ဟင်"

"ဘာ"

ကားသော့ကို နှိုင်းယှဉ်လက်ထဲထည့်ပြီး ဘာမှမပြောမသောက်ဘဲ နှုတ်ဆက်၍ ပြန်သွား၏။ ဦးမြတ်ဖုန်းမောင် မျက်စိမျက်နှာပျက်

ဖျူးစာပေ

www.burmeseclassic.com



တုန်လှုပ်သွားသလို နှိုင်းယှဉ်လည်း လက်ထဲက ကားသော့ကြည့်ကာ အံ့အားသင့်နေခဲ့သည်။

ဦးညာဏ်အောင် ဆိုတာ ဘယ်သူလဲ။ ရက်ရောစွာ ကားတစ်စီးလုံးလက်ဖွဲ့လာတော့ ဦးမြတ်ဖုန်းမောင်နှင့်အရမ်းရင်းနှီးသည့်မိတ်ဆွေပဲဖြစ်ရမည်။ မြူမှုန်ခြယ် မျက်နှာလေးကလည်း စိတ်လှုပ်ရှားသလို မျက်နှာလေးတစ်ခုလုံး ဖွေးစွတ်သွားသည်။ ဒါပေမဲ့ ဣန္ဒြေမပျက် နှိုင်းယှဉ်လက်မောင်းကို ခပ်တင်းတင်းလေးဆုပ်ကိုင်လိုက်ပြီး

''နှိုင်းယှဉ် ဧည့်သည်တွေ ဧည့်ခံရအောင်''

''ဩော် အင်း''

ကားသော့လေးကို အိတ်ကပ်ထဲထည့်ကာ မြူမှုန်ခြယ်နှင့်အတူ ဧည့်သည်တွေကို ဧည့်ခံရလေ၏။ ညနေဘက်မှာတော့ ရင်းနှီးသည့်မိတ်ဆွေများနှင့် ကုမ္ပဏီဝန်ထမ်းများကို ဘက်ချုံလာနိုက်လုပ်ကာ ဧည့်ခံရလေသည်။ စားသောက်ပြောဆိုကြရင်း ရင်းနှီးမှုလည်း ပိုရကာ နှိုင်းယှဉ်ကို အားလုံးက ချီးကျူးအားကျကြသည်။

''နှိုင်းယှဉ် နင်အများကြီး မသောက်နဲ့နော်''

ဟိုလူက တစ်ခွက် ဒီလူကတစ်ခွက်ဂုဏ်ပြုနေတာမို့ မြူမှုန်ခြယ်က တိုးတိုးတိတ်တိတ်စွာသတိပေး၏။ သူမဆန္ဒကိုလိုက်လျောကာ အသာခေါင်းညိတ်ပြလိုက်ရပေမယ့် နည်းနည်းသောက်ရုံနှင့်မူးတတ်သူမို့ အသိမလွတ်အောင်ထိန်းနေရင်းက ရီဝေဝေဖြစ်နေရသည်။

ဧည့်သည်တွေအားလုံးပြန်သွားချိန်မှာတော့ လက်ကျန်တွေအားလုံး ကိုသောင်းကို ရှင်းခိုင်းလိုက်ပြီး အပေါ်ထပ်က သူမအိပ်ခန်းရှိရာတက်လာခဲ့သည်။ သူမရဲ့အိပ်ခန်းကျယ်ကျယ်ကို မင်္ဂလာအိပ်ခန်း



ဖွင့်ဆင်ထားတာမို့ အခန်းထဲကိုဝင်လိုက်သည်နှင့် ထုံအီသော မွှေးရနံ့သင်းသင်းကြောင့် လူတစ်ကိုယ်လုံး လေထဲမှာလွင့်မျောနေသလို မြောက်ကြွနေသည်။ အရင်ကတော့ သူမအိပ်ခန်းနားကိုတောင် ရစ်သီခွင့်မရှိပါ။ အပေါ်ထပ်ကိုလာရင်တောင် ဖေဖေ့အခန်းကလွဲ၍ ခြေမဆန့်မိ။

''နှိုင်းယှဉ် နင်ရေချိုးပြီး အဝတ်အစားတွေလဲလိုက်ပါလား။ အရက်စော်တွေ မွှန်ထူနေတာပဲ''

သူ့ကိုမသဟီလို့ အနားကပ်မခံချင်တာဖြစ်မည်။ ဒါပေမဲ့ သူမဆီအတင်းမာမှုတွေမတွေ့ရ။

သူ့အတွက် အဝတ်အစားတစ်စုံထုတ်ပေးပြီး မိန်းမဝတ္တရားကျေကြေးစားနေသော သူမကိုကြည့်ကာ သူ့ရင်တွေတလှိုက်လှိုက်ဆူဝေနေသည်။ သူ ရေချိုးပြီးသည်နှင့် သူမထုတ်ထားသော အဝတ်ကိုလဲဝတ်ကာ ခုတင်ပေါ်မှာ လှဲချလိုက်သည်။

မှန်တင်ခုံမှာထိုင်နေသော မြူမှုန်ခြယ်က အဖြူရောင်လွင်နေသော ညအိပ်ဝတ်စုံလေးဖြင့် လှချင်တိုင်းလှနေ၏။ အတန်ကြာမှ ခုတင်ဆီမှာ သူမလာလှဲသည်။ ငြိမ့်ခနဲဖြစ်သွားသော မွေ့ရာကြီးပေါ်မှာ သူ့ကိုချစ်စွာအနိုင်ကျင့်ခဲ့သော မြူမှုန်ခြယ်နှင့်အတူ အိပ်စက်ခွင့်ရခြင်းက အိပ်မက်များလား။

တကယ်ကို တွေးထင်မထားသောအရာတွေပါ။ ချစ်သူဘဝနှင့် ရင်းနှီးမှုမရှိခဲ့တာကြောင့် မင်္ဂလာဦးညက တိတ်ဆိတ်မှုတို့ ကြီးစိုးနေသည်။ ဒါပေမဲ့ သူ့ရင်ခုန်သံတွေကတော့ တဒုန်းဒုန်း ဆောင့်ခုန်နေသည်။

အယ်လ်ကိုဟောဝင်ထားသော သူ့ရဲ့သွေးတွေက ဆက်ပွက်ဆူသော မွှေးရိုင်းဖြနေ၏။ သူမရော အတွေ့အကြုံထူးမှာ ရင်ခုန်နေသလား။

www.burmeseclassic.com



ရှက်စိတ်ပိုစိုး၍နေသလား။

သူ သိချင်လာသည်။ ချစ်သူစုံတွဲတွေရဲ့မင်္ဂလာဦးညက အ
တွေနှင့် ခမ်းနားနေမှာသေချာ၏။

သတို့သမီးအသစ်စက်စက်လေးရဲ့အလှတရားများက သူ
မှတ်သိပ်လိုက်ဆူခြင်းတွေကို ဖြားယောင်းဆွဲဆောင်နေတာမို့။

ဒါဟာ မင်္ဂလာဦးညရဲ့အရသာလား။

■ ■ ■

## အခန်း (၂၆)

မိသားစုဖြစ်သွားသော မနက်စာဝိုင်းက အရင်လို ရန်လိုတိုက်
ခိုက်ခြင်းတွေ မရှိဘဲ အေးအေးချမ်းချမ်း ဖြစ်နေခဲ့သည်။ မြူမှုန်ခြယ်
ခန်မာနတွေကင်းစင်နေတာကြောင့် ဦးမြတ်ဖုန်းမောင်လည်း စိတ်ချမ်း
သာနေဟန်တူ၏။

"သားနဲ့သမီးကို ဖေဖေ ပြောစရာရှိတယ်"

"လုပ်ငန်းကို သားနဲ့သမီးပဲ ဦးစီးပြီးလုပ်စေချင်တယ်၊ အသက်
အရွယ်အရ ကျန်းမာရေးအရ အနားယူသင့်တယ်ထင်လို့ပါ"

"ဖေဖေ့ကျန်းမာရေးက အခုတလော သိပ်မကောင်းဖြစ်နေတာ
ပိုင်ခြားသွားပြီး ဆေးကုပါလား ဖေဖေ၊ ဒီမှာထက်စာရင် ပိုကောင်းတာ
ပေါ့၊ နှလုံးရောဂါက ဆေးသေချာကုရင် ပျောက်ပါတယ်"

ပေါ့ပေါ့လေးတွေးပြီး ပြောလိုက်တာက သားသေချာမသိသေးဖို့
ဖြစ်မည်။ ကိုယ်ကလည်း တမင်အသိမပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုတောင် ပြောမပြနိုင်ဟု သတိပေးထားခဲ့သည်။

"အင်း ကဲ့တော့ ကုရမှာပေါ့ သားရယ်၊ ရောဂါပျောက်တာ မပျောက်တာထက် ဖေဖေ အနားယူသင့်ပြီထင်လို့ပါ၊ သားကိုလည်း အားကိုးမိလို့ ယုံကြည်စိတ်ချပြီး လုပ်ငန်းတွေကို ဦးဆောင်စေချင်တာ"

"သားက အခုလက်ရှိလုပ်နေတဲ့ နေရာမှာပဲနေပါမယ် ဖေဖေ ဖေဖေ့နေရာကို မြူလုပ်ပါလိမ့်မယ်"

"နှင်းယုဉ် နင်လုပ်ပါ၊ နင်ကယောက်ျားလေးပဲ ဖေဖေ့နေရာမှာ ကြိုးကြိုးစားစားနဲ့ဦးဆောင်ပါ၊ ငါက နင့်ရဲ့ဇနီးမယားဖြစ်သွားတဲ့အတွက် နင့်ရဲ့ဦးဆောင်မှုနောက်ကနေပဲ နေပါ့မယ်"

"မြူ"

သမီး ဒီလိုစကားမျိုးပြောလိမ့်မည် မထင်မိ။ သဘောထားတွေ ပျော့ပျောင်းလွန်းတာ အံ့သြပြီးရင်း အံ့သြရသည်။

ဖေဖေ့သားမဟုတ်ဘူးဆိုတာနှင့် ချက်ချင်း စိတ်ခံစားတွေ ပြောင်းလဲသွားတာ သူ့ရဲ့အတိတ်ဆိုးတွေကိုတောင် မေ့ထားလိုက်ဟန်တူသည်။ သူ ကျေနပ်ကြည်နူးမိရင်း သူမကိုပို၍ မြတ်နိုးသွားမိသည်။ ဖေဖေက ခပ်ပြုံးပြုံးနှင့်

"အဲလို နားလည်မှုစကားတွေ ကြားရတာ ဖေဖေ စိတ်ချမ်းသာ လိုက်တာကွယ်၊ သမီးရဲ့သိတတ်နားလည်မှုကို ဖေဖေ ဂုဏ်ယူပါတယ်၊ သားကိုတော့ ဖေဖေ လေးလေးနက်နက် ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"ဒီအိမ်ထောင်ရေးလေးကို ခိုင်မြဲစေချင်တယ် သား၊ အရင်က ဘယ်လိုအကြောင်းအရာတွေဖြစ်ခဲ့ဖြစ်ခဲ့ သမီးနဲ့မသင့်မြတ်ခဲ့တာတွေကို





လည်းမေ့ပြီး အိမ်ထောင်ရေးသာယာအောင် ကြိုးစားပါ၊ သမီးကတော့ အာယာဟာတွေ လျော့ချလိုက်ပြီဆိုတာ သားသိပြီပဲ"

"ဟုတ်ကဲ့ မြူကို ကျေးဇူးတင်ပါတယ် ဖေဖေ၊ သားကတော့ ဘာအာဃာတ အငြိုးမှမရှိပါဘူး၊ ဖြစ်ပျက်ခဲ့တာတွေအတွက် မြူ့ကို နားလည်ပေးနိုင်ပါတယ်၊ ဒီလိုအေးချမ်းမှုလေးရတာ သား ဝမ်းသာနေ တာပါ၊ ဒီမိသားစုအသိုက်အမြုလေးမပျက်စီးအောင် သားကြိုးစားပါမယ်"

"နင့်စကားက တစ်သက်တာအတွက် တည်မြဲပါစေလို့ ငါ ဆုတောင်းပါတယ် နှင်းယုဉ်၊ ငါ့ဆန္ဒကတော့ ဖေဖေ့ကိုတစ်သက်လုံး စိတ်ချမ်းသာအောင် ထားရင်ပဲ ကျေနပ်ပါပြီ၊ လူဆိုတာ တစ်ခါတစ်ရံ မှားယွင်းတတ်တယ်မဟုတ်လား။ အဲဒီအမှားကို မတွေ့ပြန်ပါနဲ့လို့ ငါ မျှော်သင့်တယ်"

"သမီး"

"သူ့ကိုကြိုပြီးသတိပေးရုံပါ ဖေဖေ၊ ဒီလိုကြည်နူးမှုလေးနဲ့ပဲ နေသွားချင်လို့ပါ"

မြူမှုန်ခြယ် ဘယ်လိုအဓိပ္ပာယ်နှင့်အသိပေးနေမှန်း မသိသလို သာကြောင့် ဦးမြတ်မှန်းမောင် အထိတ်တလန့် ဟန့်တားလိုက်မှန်းလည်း သိပေ။ ဘာဖြစ်ဖြစ် ဒီအခြေအနေလေးကိုတော့ သူ ကျေနပ်နေပါသည်။

မာန်မာနတွေ မောက်မာမှုတွေ ကင်းစင်နေသော မြူမှုန်ခြယ် ကို သူပို၍ပို၍မြတ်နိုးမိ၏။ သူ ကုမ္ပဏီသွားဖို့ပြင်သည့်အခါ သူမက အဝတ်အစားထုတ်ပေး၊ အတက်ချိုကျေ့စ်ပြင်ပေး၏။ တကယ်ကို ဇနီး ကောင်းပီသဖို့ ကြိုးစားနေတာ သူ့ကို တကယ်ချစ်မြတ်နိုးကာ တင်မိုး သားလာလို့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ အောက်ထပ်ဆင်းလာသောအခါ ဖေဖေ့ကိုမတွေ့ရ။ ကုမ္ပဏီမှာ သူ့ကိုလွှဲပြောင်းနေရာပေးဖို့ စီစဉ်ရန်ရှိသည့်အတွက် ကိုသောင်းကိုခေါ်ပြီး ထွက်သွားသည်ဟု သိရသည်။

ကျန်းမာရေးကြောင့် အနားယူမည်ဟုသာ ပြောတာ၊ တကယ်တကြကြ ထူထူထောင်ထောင်ဖြစ်နေတာ စိတ်ချမ်းသာရသေးတာ်။ သူ့အတွက် လွှဲပြောင်းနေရာပေးဖို့လည်း မတွန့်တို၊ သမီးနှင့်လက်ထပ်လိုက်တာကိုလည်း ကျေနပ်နေဟန်ရှိတာမို့ ဦးမြတ်ဖုန်းမောင်ရဲ့သံယောဇဉ်ကို မလေးစားဘဲ မနေနိုင်။

ကျေးဇူးတရားတွေ ကြီးမားလာလေ ပြန်မဆပ်နိုင်မှာစိုး၍ ရင်လေးလေပါ။

နောက်မှ မြေးတွေအများကြီး မွေးပေးပြီး ကျေးဇူးဆပ်ရမည်းအတွေးနှင့်ပြုံးမိသွားလျက် . . . ။

■ ■ ■

## အခန်း (၂၇)

"ဟင် ဥာဏ်အောင်"

ကုမ္ပဏီရုံးခန်းအဝင်ဝမှာ ဥာဏ်အောင်ကိုတွေ့လိုက်ရတော့ ဦးမြတ်ဖုန်းမောင် ထိတ်လန့်တုန်တက်သွားသည်။ ထောင့်ချိုးအကွယ်ထိလက်ကိုဆွဲခေါ်သွားကာ

"မင်း မင်း ဒီရုံးကို ဘာလို့လာတာလဲ"

"မင်းက ဘာလို့ထိတ်လန့်နေတာလဲ"

"နှိုင်းယှဉ် မြင်သွားရင် သံသယဝင်သွားမှာပေါ့၊ လူငယ်ဆိုတာအတွေးများတယ်၊ ဥာဏ်ကောင်းတယ်၊ သိချင်တာရှိရင် စပ်စုတတ်တယ်"

"မင်း ဘာတွေမလုံမလဲဖြစ်ပြီး သွေးပျက်နေတာလဲ ဖုန်းမောင်"

"မင်္ဂလာပွဲမှာလည်း ကားကိုလက်ဖွဲ့လိုက်သေးတယ်၊ မင်းဘာလို့ အဲလိုလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သူငယ်ချင်းရဲ့သားကို ငါလက်ဖွဲ့တာ ဘာဖြစ်လို့လဲကွ၊ မင်္ဂလာပွဲမှာ သူ့ဘက်က မိဘဆွေမျိုးမိတ်ဆွေ တစ်ယောက်မှမရှိဘူး။ သူ ဘယ်လောက်အားငယ်ရှာမလဲ"

"ငါ အားလုံးစီစဉ်ပေးထားတယ်၊ မျက်နှာမငယ်ရအောင် ငါ ကိုယ်တိုင် ဧည့်ခံပြီးအားလုံးနဲ့မိတ်ဆက်ပေးတယ်၊ ငါ့ပိုင်ဆိုင်မှုအားလုံး ရအောင် ငါ့သမီးနဲ့လက်ထပ်ပေးစားတယ်၊ ငါ တာဝန်ကျေအောင်လုပ်နေ တာ ငါ့ရဲ့နောက်ဆုံးအခြေအနေလေး အေးချမ်းချင်လို့ပါ၊ ဘယ်သူ့ဆီကမှ အမုန်းတွေ သယ်မသွားချင်လို့ပါ"

"ငါလည်း အဲဒါကြောင့် အလျှော့ပေးထားလိုက်တာ ဖုန်းမောင်"

ဦးဉာဏ်အောင်အသံက မကျေနပ်သံပေါက်နေသည်။ အသံ လည်း အနည်းငယ်ကျယ်လောင်သွားပြီး

"သူငယ်ချင်းအပေါ် သစ္စာဖောက်ပြီး သူ့မိသားစုအပေါ် မင်း လုပ်ရက်ခဲ့တာ တွေးရင်းနဲ့ နှိုင်းယှဉ်တိုင်းအမြဲနှစ်ယောက်တဝကို အရှုံး သနားမိတယ်"

"ငါ နောင်တရလို့ ကယ်တင်ခဲ့တာပါလို့ ပြောပြီးပြီလေ၊ အခု သူ လူတစ်လုံးသူတစ်လုံးဖြစ်နေပြီ၊ မင်းဆန္ဒအတိုင်း မင်းမပြန်ခင် အမြန် ဆုံးလက်ထပ်ပေးလိုက်ပြီ သမီးက ငါ့အပြစ်တွေကို နားလည်ပြီး နှိုင်းယှဉ် ကိုလက်ထပ်ပေးလို့ ငါ စိတ်ချမ်းသာနေတာပါ၊ သမီးသာလက်မခံရင် မင်းက နှိုင်းယှဉ်ကိုအကြောင်းစုံဖွင့်ပြောလို့ လက်တုံ့ပြန်ခံနေရလောက်ပြီ"

"ဒါကို သဘောပေါက်လို့ မင်္ဂလာပွဲကို အမြန်စီစဉ်လိုက်တာ ကျေးဇူးတင်တယ် ဖုန်းမောင်၊ ဒီကလေးအတွက် ငါ စိတ်ချသွားပြီ၊ ငါ လည်း သူငယ်ချင်းရဲ့သားအတွက် လုပ်ပေးသင့်တယ်ထင်လို့ ကားကို





ဆက်ဖွဲ့လိုက်တာပဲ မင်္ဂလာပွဲကိုမလာတာက ဒီကလေး ငါ့ကိုသံသယဝင် သွားမှာစိုးလို့"

"ဟင် သံသယဝင်မယ်၊ ဘာ ဘာကိုလဲ"

ဦးမြတ်ဖုန်းမောင် ပြူးပြူးပျာပျာ ဖြစ်သွား၏။ ဦးဉာဏ်အောင် က နှစ်သိမ့်သည့်သဘောဖြင့် ဦးမြတ်ဖုန်းမောင်၏ပခုံးကို လှမ်းဆုပ်ကိုင် ပြီး

"မင်းဆီလာတဲ့နေ့က အဲဒီကလေးနဲ့တွေ့တယ်၊ စကားပြော ကြည့်ရင်း ငါ့ကိုသူ့အဖေသူငယ်ချင်းဆိုတာ သိသွားတယ်၊ သူ့အဖေကပြော တယ်၊ သူငယ်ချင်းသုံးယောက် အလုပ်အတူတူသွားလုပ်မှာလို့ ပြော ခဲ့တယ်တဲ့၊ သူငယ်ချင်းနောက်တစ်ယောက်က ဘယ်သူလဲလို့ မေးတယ်"

"ဟင်"

"သူ့အဖေ သေတုန်းက အနိကယ်ရှိသလား သိသလား၊ ရုပ် အလောင်းကိုတောင် မမြင်လိုက်ရလို့တဲ့"

"မင်း မင်း ဘာပြောလိုက်လဲ"

"မင်းကိုငဲ့ညှာပြီး မုသာဝါဒ သုံးလိုက်ပါတယ်၊ နောက် သူငယ် ချင်းတစ်ယောက်က မင်းဆိုတာ မပြောလိုက်ဘူး၊ သူ့အဖေကျော်နိုင်ထွန်း ကိစ္စတွေ မင်းယူပြီး ကြီးပွားချမ်းသာနေတာလို့လည်း ငါ မပြောလိုက် ဘူး"

"သူ သူယုံရဲ့လား"

"သံသယဝင်မှာစိုးလို့ မင်္ဂလာပွဲကို မလာတာလို့ပြောပြီးပြီပဲ၊ ဒီ နေ့ကိုလာတာက ငါ့သား မင်္ဂလာဆောင်လာဖိတ်ရင်း ဒီကလေးကို သင့်လုပ်ထိုက်တာလုပ်ပေးလိုက်လို့ ကျေးဇူးတင်တဲ့အကြောင်း ငါ



www.burmeseclassic.com

www.burmeseclassic.com



လာပြောတာ၊ အိမ်ကိုလာရင် ဒီကလေးနဲ့တွေ့နေမှာစိုးလို့''

''ဒါ ဒါဆို မင်းပြန်တော့လေ၊ ငါ့နေရာကို သူ့ကိုပေးဖို့ ...
ထားလို့ သူလည်းဒီရုံးကိုလာမှာ၊ စီစဉ်စရာရှိတာတွေ အစည်းအဝေး...
ထိုင်ရမယ်''

''ဩော် မင်းခပ်မြန်မြန်လုပ်နေသားပဲ၊ ကျေးဇူးတင်ပါတယ်...
သူငယ်ချင်း၊ အစတည်းက မမှားခဲ့ရင်ကောင်းသားကွာ၊ ကျော်နိုင်...
သားကို ငါတို့ပိုင်းပြီးစောင့်ရှောက်ပေးသင့်တာ၊ အခု မလုပ်သင့်တာ...
လုပ်မိတော့ မင်း အခုလိုရောဂါလည်းရပြီး ထိတ်လန့်နေရပြီပေါ့၊ သွား...
သူငယ်ချင်း၊ ငါ့သားမင်္ဂလာဆောင်ကို လာဖြစ်အောင်လာပါ၊ ငါလည်း...
ပြန်မှာဆိုတော့ နှုတ်ဆက်ရင်းပေါ့''

''အေး အေးပါကွာ ငါလာပါ့မယ်''

ထိုလူကြီး ဖေဖေ့အနားက လှည့်ထွက်သွားပေမယ့် နှင်း...
ခြေလှမ်းရွေ့လို့မရအောင် နေရာမှာတင် ကျောက်ရုပ်လိုခြေစုံရပ်...
သည်။ အမှတ်တမဲ့ မြင်လိုက်သော အန်ကယ်ကြီးကို ဝမ်းသာအား...
နှုတ်ဆက်ဖို့လာတာပါ။

ဖေဖေ့ဆီကိုစွရှိလို့လာတာထင်ပြီး ရုံးခန်းထဲဝင်ထိုင်စကား...
ပြောတာကို အံ့အားသင့်ရင်းနှင့် ပြောနေသည့်စကားတွေကို မရည်...
ဘဲ နားထောင်နေမိတာ။

အခုတော့ သူကြားနေရသည့်စကားတွေက သူတို့မိသား...
အကြောင်းအရာတွေပါလား။

''ဟား''

သူ့နားသူပင် မယုံနိုင်။ မသေချာပါစေနဲ့ မဟုတ်ပါစေ...





...တောင်းချင်ပေမယ့် ရင်ထဲကရော ပါးစပ်ဖျားကရောမထွက်။

ဒါ ထင်ယောင်ထင်မှား သံသယဝင်ရုံနဲ့တော့မဖြစ်။ ဘဝတစ်ခု...
...အတွက် အရေးကြီးသည့်ကိစ္စ။

''အန် အန်ကယ်''

''ဟင် ဇော်နိုင်ထွန်း သား''

ကားပါကင်နားအရောက်မှာ နောက်က အလောတကြီးပြေး...
...လာပြီး အမောတကော ခေါ်လိုက်သံကြောင့် ဦးဉာဏ်အောင် ခြေ...
...တုံ့ခနဲရပ်ပြီး အံ့အားသင့်သွားသည်။ ဒီကလေး ဘယ်ကနေတွေ့ပြီး...
...လိုက်လာတာလဲ။

မျက်ဝန်းအိမ်မှာ မျက်ရည်တွေအပြည့် ရစ်ဝိုင်းနေတာမြင်လိုက်...
...တော့ စိုးရိမ်စိတ်ဝင်သွားမိ၏။

''ဘာ ဘာလဲကောင်လေး၊ ဘာဖြစ်လို့လဲ''

''ခုနက အန်ကယ်တို့ပြောနေကြတာ အမှန်တွေလား''

''ဟင် ဘာ ဘာကိုလဲ''

''ခုနက ဦးမြတ်မှန်းမောင်နဲ့ပြောနေတာ အမှန်တွေလား၊ ကျွန်...
...သိချင်တယ်၊ ကျွန်တော့်ကိုပြောပြပါ၊ ဦးမြတ်မှန်းမောင်က ဖေဖေ့ကို...
...ဖောက်ပြီး ပစ္စည်းတွေယူသွားတာလား၊ ဒါကြောင့် ဒီလောက်ကြီးမွှား...
...သာနေတာလား၊ ဒါဆို ဖေဖေ့ကို ဦးမြတ်မှန်းမောင် သတ်ခဲ့တာလား''

''ကောင်လေး''

ဦးဉာဏ်အောင် ဘာပြောရမှန်းမသိတော့။ မြတ်မှန်းမောင်နှင့်...
...နေတာတွေ ဒီကလေး အားလုံးကြားသွားခဲ့တာလား။

ဘယ်လိုနေ ဘယ်လိုနားထောင်နေခဲ့ပါလိမ့်၊ လူရိပ်လိုလို မြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးပေမယ့် ဒီကလေး ဖြစ်နေလိမ့်မည်ဟု မထင်မိ။

''အန်ကယ် ကျွန်တော့်ကိုပြောပါ၊ သူငယ်ချင်းသုံးယော

အလုပ်သွားလုပ်တယ်ဆိုတာ အန်ကယ်ရယ် ဦးမြတ်ဖုန်းမောင်ရယ်

''ဟို ဒီလိုပါကွာ အဲဒါက''

''မထင်ခဲ့ဘူး၊ လုံးဝမထင်ခဲ့ဘူး၊ လူကြီးလူကောင်းပဲဆို

အထင်ကြီးလေးစားနေခဲ့တာ၊ အန်ကယ်ရောအတူတူပဲမို့ ကျွန်တော့်

လိမ်ညာဖို့ ဆင်ခြေရှာနေတာလား''

''မ မဟုတ်ပါဘူး အန်ကယ်က''

''အန်ကယ်လည်း ညာတယ်၊ ဖေဖေ့သူငယ်ချင်း နောက်

ယောက်က ဘယ်သူလဲလို့ ကျွန်တော်မေးခဲ့တယ်လေ၊ အဲဒီသူငယ်

နဲ့ကွဲနေတာကြာပြီဆို၊ အခု ဦးမြတ်ဖုန်းမောင် ဘာလို့ဖြစ်နေတာ

အဲဒါကို ဖုံးကွယ်ထားတာ အန်ကယ်လည်း ဖေဖေ့ကိုသစ္စာဖောက်တာ

''ရော် ခက်ပြီ''

ကိုယ်ပါ ကြိုရာပါဖြစ်ရပြီမို့ နှုတ်ကတောင် ညည်းညူမိသ

ဦးဉာဏ်အောင် ဘယ်လိုရှင်းပြရမှန်းမသိဘဲ စိတ်တွေရှုပ်ထွေးသွား

ကိုယ့်ကိုအထင်လွဲမှာ မခံနိုင်တာထက် ဒီကလေးကိုတော့ အပြစ်

မဖြစ်စေချင်။

''အန်ကယ်ရှင်းပြမယ် မောင်နိုင်းယှဉ်၊ အန်ကယ်တို့တစ်

မှာ စကားသွားပြောရအောင်''

''ဟုတ်ကဲ့ အန်ကယ် ရှေ့ကမောင်းပါ''

သိချင်တာတွေ များနေ၍ ဦးဉာဏ်အောင် ကားနောက်က

မောင်းလိုက်လာခဲ့၏။ တိတ်ဆိတ်အေးချမ်းသော ကော်ဖီဆိုင်





ရောက်မှ ဦးဉာဏ်အောင် ကားကရပ်သွားသည်။

ကော်ဖီဆိုင် သီးသန့်ဆိုင်လေးထဲရောက်မှ ဦးဉာဏ်အောင်

သက်ပြင်းရှည်ကြီးချ၏။ ဦးဉာဏ်အောင်က ကော်ဖီကို သူ့အတွက်ပါ

မှာပေးပေမယ့် အနံ့မွှေးနေသော ကော်ဖီကို သူ လုံးဝသောက်ချင်စိတ်

မရှိပါ။ သူက စိတ်မရှည်စွာ

''ဘာတွေကို ဖုံးကွယ်ချန်ထားဖို့ စဉ်းစားနေတာလဲ အန်ကယ်''

''မဟုတ်ပါဘူး အန်ကယ် ဘယ်ကစပြောရမှန်းမသိလို့ပါ၊ မင်း

ကို အရင်ဆုံးသိစေချင်တာကတော့ မြတ်ဖုန်းမောင်က မင်းကိုသားတစ်

ယောက်လို သံယောဇဉ်ရှိတာပဲ''

''အဲဒါကို ယုံကြည်လိုက်ဖို့ ကျွန်တော် အခုအခက်တွေ့နေပါ

တယ် အန်ကယ်၊ အခုသိချင်တာ ဖေဖေ ဘယ်လိုသေသွားတယ်၊ ဘယ်

သူ့ကြောင့် သေသွားတယ်ဆိုတာပါပဲ''

''သေချာတာက လူသတ်ရဲလောက်အောင် မြတ်ဖုန်းမောင်

ဆတ္တိမရှိဘူး။ အန်ကယ်တို့သူငယ်ချင်းသုံးယောက်ထဲမှာ မြတ်ဖုန်းမောင်

က သနားကြင်နာတတ်ပြီး စိတ်ခတ်ပျော့ညံ့တယ်၊ ဒါပေမဲ့ မိသားစုကို

ချစ်တဲ့နေရာ ချမ်းသာစေချင်တဲ့နေရာမှာတော့ ဒီကောင်ကပိုတယ်''

''ဒါကြောင့် ကျွန်တော့်အဖေကို မလုပ်သင့်တာ လုပ်ခဲ့တာ

လား''

''မင်းအဖေမှာ ငှက်ဖျားရောဂါရှိတယ်၊ အဲဒီရောဂါနဲ့တောထဲ

မှာပြီးရင်းလှားရင်း ဆေးဝါးမကုသလိုက်ရဘဲ သေသွားတယ်ဆိုတာ

မောင်ပြောတာ အန်ကယ်ယုံကြည်တယ်၊ ဒီကောင် မလိမ်ညာဘူးဆို

တာ သိနေလို့လေ''

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် သေချာမသိတာက အဲဒီအချိန်မှာ အန်ကယ်က ဖေဖေတို့နဲ့အတူတူ မဟုတ်လို့လား"

ဦးဉာဏ်အောင် ကော်ဖီကိုတစ်ငုံငုံရင်း ခေါင်းညိတ်ပြ၏။ ပြီးမှ ခွက်ကို အောက်ခံပန်းကန်ပြားလေးပေါ် ပြန်ချကာ

"သူငယ်ချင်းသုံးယောက် အဖိုးတန်ကျောက်တွေရလိုက်တယ် ဝေတူဝေမျှ ခွဲယူတယ်၊ အန်ကယ်က နယ်စပ်ကနေတစ်ဆင့် တစ်ဖက်နိုင်ငံထဲရောက်သွားတဲ့အချိန်မှာပဲ သူတို့နှစ်ယောက်က မြန်မာပြည်ထဲမှာ တစ်ယောက်တစ်နေရာစီနေမယ်ဆိုပြီး ကျန်ခဲ့တာ၊ နယ်စပ်ကနေ အုပ်စု လိုက်နိုးထွက်ဖို့က မလွယ်ဘူးလေ၊ ဒါပေမဲ့ သူတို့နှစ်ယောက် ပစ္စည်းထုခွဲ ဖို့အတွက် လိုက်လာဦးမယ်ထင်တာ"

"ဒါကြောင့် ဖေဖေသေတာ အန်ကယ် မသိလိုက်တာလား"

"ဟုတ်တယ် ဆယ်နှစ်ကျော် ကွဲကွာပြီး သူတို့နှစ်ယောက် ဘယ်လိုကြီးပွားချမ်းသာနေလဲ စုံစမ်းမှ အကြောင်းစုံသိရတာပဲ၊ မြတ်ဖုန်း မောင်က အမှားတစ်ခုကိုကျူးလွန်ပြီး အပြစ်မရှိသလို သိသိသိပ်သိပ် နေခဲ့လို့လေ"

"ကျွတ် ဘယ်လိုမှထင်မထားဘူး။ ထင်မထားဘူးဗျာ၊ ကျေးဇူး ရှင်ပဲဆိုပြီး ကိုးကွယ်နေခဲ့တာ၊ ကိုယ့်ကိုကယ်တင်ခဲ့တာ ဘာကြောင့်လဲ သံသယတွေနဲ့ ပင်ပန်းခဲ့လိုက်တာ အခုတော့"

အံတစ်ချက်ကြိတ်ရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။ ဦးဉာဏ်အောင်က သူ့ပခုံးကိုဖက်ပွေ့လာကာ

"ကံတရားဖလို့သတ်မှတ်နိုင်းရင် တရားမှာမဟုတ်ဘူးဆိုတာ အန်ကယ်နားလည်ပါတယ်၊ ဒါပေမဲ့ 'လက်ရှိရင်ဆိုင်ရတဲ့ကံကြမ္မာ



အတိတ်က ကိုယ်ပြုခဲ့သလို ပြန်ပေးဆပ်ရတာမျိုးပဲ၊ မြတ်ဖုန်းမောင် လောဘတက်ခဲ့တာ သူ့မိသားစုအတွက်ပါ၊ သူငယ်ချင်းကိုသစ္စာဖောက် ချင်လို့ဖောက်တာ မဟုတ်ဘူး၊ မင်းအဖေကျော်နိုင်ထွန်းက အဲလိုဖြစ် အောင် သေပေးလိုက်တာပဲ၊ အဲဒီအချိန်မှာ သူတို့နားမှာ အသိသက်သေ ဘယ်သူမှမရှိဘူး။ ကျော်နိုင်ထွန်းသေတော့ တန်ဖိုးကြီးပစ္စည်းတွေပါလာ တာ မြတ်ဖုန်းမောင်ကလွဲပြီး ဘယ်သူမှမသိဘူးပြောတာ၊ အဲဒီတော့ နောက်ဆုံးပြောရရင် သူ စိတ်ရိုင်းဝင်သွားတာပဲ၊ ဒါတွေသာ အကုန်ပိုင် ရင် ငါ့မိသားစုဘယ်လောက် ချမ်းသာမယ်ဆိုတဲ့အတွေးနဲ့ပေါ့"

လက်သီးကိုတင်းနေအောင်ဆုပ်ရင်း သူ့အသားတွေ တဆတ် ဆတ်တုန်ယင်နေသည်။ အံကြိတ်ထားမိရင်းက တက်ပါခေါက်မိ၏။

"တောက် ဒီလိုလုပ်ခဲ့တာလားဗျာ၊ ဦးမြတ်ဖုန်းမောင်က ဒီလို တွေလုပ်ခဲ့ပြီးမှ ကျွန်တော့်ကို ကယ်တင်ပြီး ကျေးဇူးရှင်ကြီးအဖြစ်နဲ့ နေခဲ့တာလား၊ ကျွန်တော်ကတော့ မိဘအရင်းထက်တောင် ကျေးဇူးကြီး မားခဲ့သူဆိုပြီး နေ့စဉ်နေ့တိုင်း ရှိခိုးအိပ်နေခဲ့တာ"

"နှိုင်းယှဉ် သား"

"ဒါတောင် ကျွန်တော့်ရှေ့ကနေ ရဲရဲတင်းတင်းရပ်တည်မပေး ခဲ့ဘူး၊ သူ့သမီးအနိုင်ကျင့်စော်ကားတာကို သိမ်ငယ်မှုတွေနဲ့သည်းခံခဲ့ရ တယ်၊ အရင်ဘဝကို ပြန်ရောက်သွားမှာစိုးလို့ နာကျင်ခံစားရတာတွေကို မျက်ရည်တွေနဲ့အံကြိတ်နေခဲ့ရတယ်၊ ကျွန်တော့်အဖေ ပစ္စည်းတွေယူပြီး ကျွန်တော့်ကိုနှိမ့်ချဆက်ဆံတာကို မျက်နှာပြောင်ပြောင်နဲ့ ကြည့်နေခဲ့ တယ်"

"ဟုတ်မှာပါ၊ ဒါပေမဲ့ အခုချိန်မှာတော့"

www.burmeseclassic.com

"အန်ကယ်သာ ရောက်မလာခဲ့ရင် ကျွန်တော် ဒီလိုဘဝမျိုးနဲ့ တစ်သက်လုံးနေသွားရမှာပါ. အန်ကယ်၊ အခုမှ အပြစ်တွေပေါ်မှာစိုးပြီး နောင်တရချင်ဟန်ဆောင်တာပါ၊ ဒီလိုပုံစံမျိုးနဲ့ အပြစ်ကျေအောင်လုပ်လည်း ကျွန်တော် မကျေနပ်နိုင်ဘူး အန်ကယ်၊ ကျွန်တော်နဲ့မေမေ ဘယ်လောက်တောင် ဒုက္ခရောက်ခဲ့ရလဲ၊ အမေဆိုရင် အဖေ့စိတ်နဲ့ရူးသွားတယ်၊ ကျွန်တော်လည်း သူတောင်စား သူခိုး ခါးပိုက်နှိုက်တစ်ယောက်ဖြစ်ခဲ့တယ်၊ နောက်ဆုံး အမေ့ကိုဆေးမကုပေးနိုင်လို့ သေခဲ့ရတာ၊ ဦးမြတ်ဖုန်းမောင်က အဖေ့ဘဝ အမေ့ဘဝ ကျွန်တော့်ဘဝ ဘဝသုံးခုကို သတ်ခဲ့တာ၊ ကျွန်တော့်ဘဝတစ်ခုတည်းကို ကယ်တင်ရုံနဲ့ သူ့အပြစ်တွေ ကျေမသွားဘူး၊ ငါ့ဘဝကို ကယ်တင်ခဲ့တာပဲဆိုပြီး ခွင့်လွှတ်မပေးနိုင်ဘူး အန်ကယ်"

ဒီလောက်တော့ ပေါက်ကွဲနိုင်သည်။ နားကြည်းသင့်သည်ဆိုတာ ဒီကလေးဘက်က နားလည်ပေးနိုင်ပေမယ့် မြတ်ဖုန်းမောင်က အခုချိန်မှာ သေမယ့်ရက်ကို စောင့်နေရသည့် သေလူတစ်ယောက်။

သူ့အပြစ်ကြေးကို သူ့ဘာသာပေးဆပ်နေရတာ။ နောင်ဘဝထိ နောင်တတွေသယ်ပိုးသွားရတော့မည့်သူကို အာဃာတတွေ မပေးစေချင်၊ ဒါကြောင့်မို့ ဒီကလေးကိုပဲ ဖြေသိမ့်ရတော့မှာပဲပေါ့။

"အန်ကယ် တစ်ခုလောက်ပြောပါရစေ သား၊ မင်းပေါက်ကွဲသင့်ပါတယ်၊ နာကြည်းသင့်ပါတယ်၊ ဒီသတင်းကိုကြားကြားချင်း မင်းကို လက်စားချေ လက်တုံ့ပြန်လို့ အားပေးချင်လွန်းလို့ ရောက်လာခဲ့တာ ဒါပေမဲ့ သေချာအောင် သူ့ကိုတွေ့ပြီးမေးလိုက်တဲ့အချိန်မှာပဲ"

ဦးဉာဏ်အောင် စကားဆုံးအောင်မပြောနိုင်သေးဘဲ သက်ပြင်း





တွေချပြီးမှ အသံအက်အက်နှင့်

"မြတ် မြတ်ဖုန်းမောင်က အသည်းကင်ဆာနဲ့သေတော့မှာ"

"ဗျာ"

"ဒါကြောင့် လက်စားမချေပါနဲ့တော့၊ အာဃာတတွေ မထားပါနဲ့တော့၊ သူ့အပြစ်ကြေးကို သူဆပ်နေပါတယ်"

"သာမန်နှလုံးရောဂါလေးရရုံမဟုတ်ဘူးလား။ ကုသလို့မပျောက်နိုင်ဘူးလား"

သံယောဇဉ်စိတ်နှင့်အထိတ်တလန့် ပြောမိတော့ ဦးဉာဏ်အောင် ခပ်လေးလေး ခေါင်းယမ်းသည်။

"ဒီအသည်းကင်ဆာတောင် နောက်ဆုံးအခြေအနေပဲ၊ အလွန်ဆုံးနေရမှ နောက်ခြောက်လ၊ ဒါတောင် ဒီကြားထဲမှာ စိတ်ခံစားမှုအရ ရောဂါဝေဒနာအရှုံဖြစ်ချင်လည်း ဖြစ်သွားနိုင်တယ်၊ ကိုယ့်ကြောင့်ဆိုတာမျိုးနဲ့ အပြစ်မယူပါနဲ့တော့ကွာ၊ သူကောင်းခဲ့တာတွေနဲ့ပဲ ဖြေတွေးလိုက်ပါ"

"အား ဘာ ဘာတွေလဲကွာ၊ ဘာတွေဖြစ်နေတာလဲ"

နာကျင်ခံစားရတာတောင် ပေါက်ကွဲချင်တိုင်း ပေါက်ကွဲ၊ စိတ်ကိုလွှတ်ချင်တိုင်း လွှတ်လို့မရသည့်ဘဝပါလား။ ဆိုးလိုက်တာ၊ ဆိုးလိုက်တာ။

"သား နှိုင်းယှဉ်၊ မင်းအရမ်းနာကျင်ခံစားနေရမယ်ဆိုတာ အန်ကယ် နားလည်ပါတယ်၊ မင်းမှာဇနီးမယားရှိနေပြီ၊ ဘာဖြစ်ဖြစ် အိမ်ထောင်တစ်ခု ထူထောင်ပြီးနေပြီ"

"ဒီကိစ္စတွေ မြူမှုန်ခြယ် သိနေတယ်ပေါ့၊ သိနေလို့ သူ့အဖေ အပြစ်ကြေးတွေကျေအောင် ကျွန်တော့်ကိုလက်ထပ်ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပဲ ပြောရမှာပေါ့၊ မြတ်ဖုန်းမောင်က သိသွားရင် အထင်သေးသွားမှာ ရှုံ့ရှာမုန်းတီးသွားမှာစိုးလို့ မင်းတို့နှစ်ယောက်လုံးကို ဖုံးကွယ်ထားခဲ့တာပဲ၊ ဒါပေမဲ့ အန်ကယ်နဲ့ပြောနေတဲ့စကားတွေ မြူမှုန်ခြယ် ကြားသွားတယ်"

"ဩော်"

ဦးမြတ်ဖုန်းမောင်ရဲ့အခန်းတံခါးဝမှာ ငိုနေခဲ့တာ ဒါကြောင့်ဖြစ်မည်၊ သူ့အပေါ် ဆက်ဆံရေးတွေ စိတ်တွေပြောင်းသွားခဲ့တာ သူ့အဖေ အပြစ်ကြေးတွေ ပေးဆပ်ဖို့အတွက်တဲ့လား။ အချစ်နှင့်သံယောဇဉ်မပါသော အိမ်ထောင်ရေးက ဘယ်လောက်ထိ ခိုင်မြဲမယ်လို့ သူမ ထင်ထားခဲ့လို့လဲ။

"တကယ်လို့ မြူမှုန်ခြယ်သာ သူ့အဖေကိုနားလည်မပေးဘဲ ရှက်သွားမယ်၊ သူ့အဖေကိုအထင်သေးသွားမယ်ဆိုရင် မြတ်ဖုန်းမောင် အသေတောင်ဖြောင့်မှာမဟုတ်ဘူး၊ သမီးလိမ္မာမို့ မြတ်ဖုန်းမောင် ကံကောင်းသွားခဲ့တာပဲ"

"ကျွန်တော်ကတော့ မချီးကျူးနိုင်ပါဘူး အန်ကယ်၊ သူ့အဖေ အပြစ်တွေပေးဆပ်ဖို့အတွက် အချစ်မပါဘဲ ကျွန်တော့်ကိုလက်ထပ်ခဲ့တယ်၊ အိမ်ထောင်တစ်ခုကို သူ လွယ်လွယ်တွေးခဲ့တာပဲ"

"အဲဒီလိုယူဆမယ်ဆိုရင်လည်း ယူဆလို့ရတာပေါ့လေ ဒါပေမဲ့"

"တော်ပါပြီ အန်ကယ်၊ ကျွန်တော့်ကိုလက်တုံ့ပြန်လို့မရ လက်စားချေလို့မရ၊ အာဃာတတွေ ထားလို့မရအောင် အိမ်ထောင်ရေးဆိုတဲ့ ကြိုးနဲ့လှုပ်လို့မရအောင် ချည်နှောင်လိုက်တယ်လို့ပဲ အောက်မေ့တယ်၊ ကျွန်တော့်ဘဝကို အမျိုးမျိုးခြယ်လှယ် ဖန်တီးနေကြတာပဲ၊ ကံကြမ္မာ





မဟုတ်ဘူး၊ သူတို့သားအဖပဲ၊ ဘယ်တော့မှ ဒီရင်က အေးချမ်းသွားမှာမဟုတ်ဘူး၊ ကျွန်တော် ခံစားခဲ့ရတဲ့ဝေဒနာတွေက ပေါ့ပေါ့သေးသေးမှ မဟုတ်ခဲ့တာ၊ အနာတရ ဒဏ်ရာဗရပွနဲ့ပါ"

"သားရယ် မြတ်ဖုန်းမောင်ကို ပြဿနာမရှာလိုက်ပါနဲ့ကွာ၊ ဒီကောင်သေလူပါ၊ လူ့ပြည်မှာ ကြာကြာမနေရတော့ပါဘူး။ မကောင်းတာရှိရင်လည်း ကောင်းတာလေးနဲ့ဖြေပါ သားရယ်"

သူငယ်ချင်းအတွက် သံယောဇဉ်နှင့်ပြောနေမှန်းသိပေမယ့် သူ ခေါင်းမညိတ်ခေါင်းမခါမိ၊ သူများတွေကျတော့ သူ့ဘဝကို သွန်လိုသွန် မှောက်လိုမှောက်၊ လုပ်ချင်သလိုလုပ်ခဲ့ကြပြီး သူ့ကျမှ ပေါက်ကွဲဖို့ တုံ့ပြန်ဖို့ ဘာမှလုပ်ခွင့်မရှိတာလဲ။

မတရားဘူး။ လောကကြီးက မတရားဘူး မင်းတို့သားအဖ နှစ်ယောက်လုံး မတရားဘူး မြူမှုန်ခြယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မြူမှုန်ခြယ်"

အသံကစပ်ပြတ်ပြတ်ဖြင့် မာသွား၍ မှန်တင်ခုံမှာထိုင်နေရင်းက မြူမှုန်ခြယ် မျက်ခုံးပင့်ကာ လှည့်ကြည့်လာ၏။ မကျေမချမ်းဖြင့် သူမ အနားကိုလျှောက်သွားကာ ပခုံးလေးကို နာကျင်အောင်ဆုပ်ညှစ်ပစ်လိုက်ပြီး

"မင်း ဒီအကြောင်းတွေသိနေရဲ့နဲ့ ငါ့ကိုအသုံးချခဲ့တာလား မြူမှုန်ခြယ်၊ မင်းအဖေ အပြစ်ကြွေအတွက်ပေးဆပ်ဖို့ မင်းအထင်သေး ရွံရှာတဲ့ ငါ့ကိုလက်ထပ်ရဲတာ တော်တော်အံ့ဩဖို့ကောင်းတာပဲ"

"ဟင် နှိုင်း နှိုင်းယှဉ်"

ဘယ်သူ့ဆီက ဒီအကြောင်းတွေ သိလာတာလဲလို့ မေးချိန်မရ ရင်မှာထိတ်လန့်သွားရင်း ဖေဖေကြားမှာကို စိုးရိမ်သွားကာ အခန်းတံခါး ကို အမြန်သွားပိတ်ရသည်။





နှိုင်းယှဉ်ပေါက်ကွဲမှုတွေ ဒီထက်ပိုလာနိုင်သည်ဆိုတာ သိနေလို့ ပါ။ နှိုင်းယှဉ်က တက်ခေါက်သံပြင်းပြင်းနှင့်

"မင်းတို့သားအဖ အရမ်းကိုအံ့ဩဖို့ကောင်းတာပဲ၊ ကောက် ကျစ်စဉ်းလဲတဲ့စိတ်နဲ့သူများဘဝကို နစ်မွန်းအောင် လုပ်ထားပြီးမှ ကယ် ဆင်ရှင်ကျေးဇူးရှင်ကြီးအဖြစ်နဲ့ မျက်နှာပြောင်ပြောင်နေရဲတယ်၊ ဘယ် လောက်တောင် အရှက်မရှိလိုက်သလဲ"

"နင် ဖေဖေ့ကိုအရမ်းကြီးမစော်ကားပါနဲ့ နှိုင်းယှဉ်၊ လူဆိုတာ အစ်ခါတော့မှားတတ်ကြပါတယ်၊ အဲဒီအမှားကို နောင်တရပြီး နင့်ဘဝကို ကယ်တင်ပေးခဲ့တာပဲ"

"ဒါလည်း ကျေးဇူးတင်ရမှာပေါ့၊ မင်းအဖေ အဲလိုမလုပ်ခဲ့ရင် ငါ့အဖေ ခွေးသေဝက်သေ သေချင်မှသေမှာ၊ သူငယ်ချင်းသံယောဇဉ်နဲ့ အောင်ကယ်တင်ချင်ရင် ကယ်တင်လို့ရခဲ့မှာပါ၊ ပြီးတော့ ငါ့အမေလည်း အဖေရဲ့စိတ္တဇရောဂါနဲ့ အရူးမဘဝရောက်မှာမဟုတ်ဘူး၊ ငါ့ဘဝလည်း များအထင်မြင်သေး အနှိမ်ခံရတဲ့ အမည်းစက်စွန်းထင်းခဲ့မှာမဟုတ် ဘူး မြူမှုန်ခြယ်၊ အခုတော့ ကိုယ့်တစ်မိသားစုလုံးရဲ့ဘဝကို ဒီလိုတွေ ဖြစ်အောင်လုပ်ခဲ့တဲ့သူကို ဆဝ်မကုန်နိုင်အောင် ကျေးဇူးကြီးမားသူကြီး အဖြစ် ရှိခိုးကိုးကွယ်ခဲ့မိတယ်၊ ကိုယ့်အဖြစ်ကိုယ် ရင်နာလွန်းလို့ပါ၊ ဒေါသည်းတွေနာလွန်းလို့ပါ"

ရင်ဘတ်ထုကာပြောနေသော နှိုင်းယှဉ်ကို တောင်းပန်ရုံကလွဲ ဘာမှမတတ်နိုင်။

"ငါ ကိုယ်ချင်းစာပါတယ် နှိုင်းယှဉ်၊ အဲဒီလိုဖြစ်ခဲ့တာတွေအ တွက် နင် ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်၊ ဖေဖေလုပ်ခဲ့တဲ့အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ နင်ကျေနပ်နိုင်မှာမဟုတ်ဘူးဆိုပေမယ့် ပြန်ပြီးတော့ မတုံ့ပြန်ပါ
တော့ဟာ၊ အဲဒီအတွက် ငါ့ကိုပဲ နင်ကြိုက်တဲ့အပြစ်ပေးပါ၊ နင့်စိတ်ကြိုက်
ပေါက်ကွဲပါ၊ သေစားသေစေ အပြစ်ဒဏ်ပေးရမှကျေနပ်မယ်ဆိုရင်လည်း

"ဟား အခုမှ အရမ်းသိတတ်နေတဲ့ သမီးလိမ္မာလေး
လူဆိုတာ တစ်ခါတော့ မှားတတ်ကြတယ် ဟုတ်လား၊ ငါ အဲလိုအ
မျိုးနဲ့မင်းတို့မိသားစုဘဝကို ဖျက်စီးခဲ့မယ်ဆိုရင် မင်းခွင့်လွှတ်မ
မြူမှုန်ခြယ်"

"နှိုင်းယှဉ်"

"လက်သည်းဆိတ်တော့ လက်ထိပ်နာတတ်တယ်၊ ကိုယ့်ကို
ကိုပဲသိတတ်တဲ့ မင်းတို့သားအဖစိတ်ဓာတ်ကို ငါ ရွံသွားပြီသိရဲ့
မြူမှုန်ခြယ်၊ ငါ့ဘဝကို နိမ့်ချည်မြင့်ချည် ဖန်တီးနေတာ ကံကြမ္မာမဟု
ဘူး၊ မင်းတို့သားအဖပဲ၊ ငါပိုင်ဆိုင်သင့်တာတွေ မတရားယူထ
ငါ့ကို အနိုင်ကျင့်တယ်၊ ငါ့အပေါ် မောက်မာရိုင်းစိုင်းခဲ့တယ်၊ မင်းမ
ဘူးလား"

"ငါ ငါ အခုမှသိတာ နှိုင်းယှဉ်၊ အစတည်းက သိရင်
အဲလိုလုပ်ခဲ့ပါ့မလား၊ အခု အဲဒီအပြစ်တွေကျေအောင် ဖနီးမယားကော
ဖြစ်ဖို့ ငါကြိုးစားနေတယ်၊ အတတ်နိုင်ဆုံး ကျိုးနွံခယနေတယ်၊ အရင်
မတူအောင် ငါပြောင်းလဲနေတယ်၊ နင်သိမှာပါ၊ ငါဘယ်လိုနေခဲ့တဲ့
လဲဆိုတာ"

"သိပ်သိတာပေါ့"

ရင်ဘတ်ကိုပုတ်၍ပြောရင်း နှုတ်ခမ်းကိုမဲ့ပစ်လိုက်ကာ

"အရမ်းကို သိတာပေါ့ မြူမှုန်ခြယ်၊ ဒီရင်ထဲမှာ အမြစ်တွယ်





အဏ်ရာတွေက အစိမ်းလတ်လတ်ကြီးရှိသေးတယ်၊ ခွဲထုတ်ကြည့်လိုက်
င် အနာဆွေးတွေ ဗရပွနဲ့ရှိမှာ မြူမှုန်ခြယ်၊ လောကမှာ မတရားမှုတွေ
ည်မြဲနေလို့ လူတွေက မလုပ်သင့်တာတွေလုပ်ဖို့ မကြောက်ရွံကြတော့
၊ ဝေဒနာတွေ တစ်လှည့်ပြန်ခံစားရရင် ဘယ်လိုနာကျင်မလဲဆိုတာ
ာင့်ကြည့်ပေါ့ မဟုတ်ဘူးလား"

အခန်းတံခါးကို ဂျိန်းခနဲ နောက်ပြန်ပိတ်၍ ထွက်လာခဲ့သည်။
ပေါက်ကွဲချင်တိုင်း မပေါက်ကွဲရ၍ ရင်ထဲမှာပေါ့မသွားပါ။

လက်စားချေဖို့ တုံ့ပြန်ဖို့ ဘာအခွင့်အရေးမှမရဘဲ ဒီအတိုင်း
အရှုံးပေးလိုက်ရမှာလား။

ခြေလှမ်းတိုင်းက အနှောင်အဖွဲ့ကင်းစွာဖြင့် . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မြန်း နိုင်း"

"ဟ ဘာလဲ"

တွန်းထိုးခံလိုက်ရ၍ လုံခြုံရေးတဲလေး တုန်ခါသွားတာမို့ ကို
သောင်း လန့်ဖျပ်သွားသည်။ ကိုင်ထားဆဲ အရက်ဖန်ခွက်ကို တစ်ကျိုက်
တည်းမော့ပြီးမှ

"ကောင်လေး ကိုနိုင်း၊ ဘာဖြစ်လာတာလဲကွ ငါ ဗိမ်တော
ပျက်တယ်"

"ကိုသောင်း"

"အေး မင်းမျက်နှာကြီးကလည်း ကြောက်စရာကောင်းလိုက်
တာ၊ အိမ်ထောင်ကျတာတောင် မကြာသေးဘူး၊ ဘီလူးစီးခံရသလိုပါ
လား"





"အဲဒီထက်ဆိုးတယ်"

တဲလေးပေါ် ပစ်ထိုင်ရင်းပြောတော့ ကိုသောင်း မျက်ခုံးပင့်
သွား၏။

"ဘာအကြောင်းပေါ်လာပြန်လို့လဲ၊ မင်းက ဖြစ်လိုက်ရင် အထူး
အဆန်းတွေချည်းပဲ"

"ပုံပြင်လို နားထောင်လို့တော့ မကောင်းဘူး၊ ဒါပေမဲ့ ပြော
ချင်တယ်၊ ရင်ဖွင့်ချင်တယ် ကိုသောင်း။ မသောက်ရသေးဘဲနဲ့ ကျွန်တော်
ရင်ထဲမှာ မီးပြင်းပြင်း လောင်မြိုက်နေတယ်"

"သောက်ချင်လို့လား မလုပ်ပါနဲ့ကွာ၊ အခုမှ မင်္ဂလာဦးပဲရှိ
သေးတယ်၊ အဆင်ပြေပြေ နေစမ်းပါဦးကွ"

"ကိုသောင်း ကျွန်တော် ဒီနေ့မူးအောင်သောက်ချင်နေတယ်၊
ဆိုင်များမှာမရှိရင် သွားဝယ်"

"အာ ရှိတာတော့ ရှိတာပေါ့ကွာ၊ ဘယ့်နှယ် မူးအောင်သောက်
ရမှာလဲ၊ မင်းမှာ ဘာစိတ်ညစ်စရာရှိလဲ"

"ဦးမြတ်ဖုန်းမောင်က"

"အေး"

"ကျွန်တော့်အဖေရဲ့နောက်တစ်ယောက်သူငယ်ချင်း"

"ဟေ အဲဒီတော့"

"အရက်ခွက် အရင်ထည့်"

"ဪ အေးပါ"

စိတ်ဝင်စားနေကာမှ သူ့စိတ်ဆန္ဒအတိုင်း ဖန်ခွက်အပြည့်
အရက်ထည့်ပေးလိုက်၏။ ရေမရောဘဲ သောက်ချလိုက်သော နိုင်းယှဉ်

www.burmeseclassic.com



မျက်နှာက နီရဲရှုံ့မဲ့သွားသည်။

"ကဲ ပြောပါဦး"

"ကျွန်တော့်အဖေကို ဦးမြတ်ဖုန်းမောင် သတ်လိုက်တာ"

"ဘာ"

"သတ်လိုက်တာလို့ စွပ်စွဲလို့ရအောင် သေစေခဲ့တာတော့ အမှန်ပဲထင်တယ်၊ တောထဲမှာ ပြေးလွှားပုန်းရှောင်နေရတယ်ဆိုတဲ့ ဆင်ခြေနဲ့ ဆေးမကုလိုက်ရဘဲ အဖေ သေသွားတာ"

"မင်းအဖေက သူငယ်ချင်းတွေနဲ့ အလုပ်သွားလုပ်ရင်း အဲလိုဖြစ်ပြီး သေခဲ့တာတဲ့လား။ အေးလေ အဲဒီဘက်တွေမှာ ကျောက်သွားတူးတဲ့လူတွေ အဲလို ငှက်ဖျားမိပြီးသေကြတာများတယ်"

"မထူးဆန်းဘဲ ကျွန်တော် အဲလောက် ခံစားမနေဘူး ကိုသောင်း၊ အခုက အဖိုးတန်ကျောက်တွေ အဖေတို့သူငယ်ချင်းသုံးယောက် ရလိုက်တယ်၊ ဝေစုတွေခွဲပြီးမှ အဖေ အဲလိုဖြစ်သွားတာ"

"ဟင် အဲဒါဆို အဲဒီဝေစုဆိုတာတွေက"

"ဦးမြတ်ဖုန်းမောင်က ကျွန်တော်တို့သားအမိနှစ်ယောက်ကို လာမပေးဘဲ အပိုင်သိမ်းပြီး ဒီလောက်ထိ ချမ်းသာနေတာ"

"ဟေ အဲလိုလား"

ကိုသောင်း အံ့ဩနေချိန်မှာ သူ အရက်ခွက်ကိုကောက်မော့ပစ်လိုက်ပြီး

"ကျွန်တော် ဘာကောင်လဲ ကိုသောင်း၊ ကျွန်တော် ဘာလုပ်ရမလဲ"

"ဒီသတင်းက အတိအကျလား။ မင်း ဘယ်သူ့ဆီက သိလာ





တာလဲ"

"ကျော်နိုင်ထွန်းသားလားလို့ မေးတဲ့ အန်ကယ်ကြီးလေ၊ ဒီအိမ်မှာ"

"ဩော် အဲဒီအချိန်ကတော့ မင်းအဖေသူငယ်ချင်း နောက်တစ်ယောက်ကို မသိဘူးဆို"

"အဲဒီအချိန်ကသာ အမှန်အတိုင်းပြောခဲ့ရင် မြူမှုန်ခြယ်နဲ့ ဆက်ထပ်ဖြစ်မှာမဟုတ်ဘူး၊ ကျွန်တော် လုပ်ချင်တာတွေလည်း လုပ်ပစ်မှာ"

"အခု မြူမှုန်ခြယ်ကို ချစ်သွားလို့ ငိုညှာနေတာလား"

"ဦးမြတ်ဖုန်းမောင်မှာ အသည်းကင်ဆာရောဂါဖြစ်နေတယ်၊ ကြိုးစားပမ်းစားနေရမှာ နောက်ထပ် ခြောက်လတဲ့"

"ဘာ"

ကိုသောင်း ထိတ်လန့်သွားကာ လက်ထဲက အရက်ခွက်တောင် လွတ်ကျသွား၏။ သူက နောက်တစ်ခွက်ထည့်သောက်ဖြစ်ကာ

"ကံကြမ္မာကြီးက ကျွန်တော့်ကို အခုထိ ရက်စက်တုန်းဗျာ၊ ကျွန်တော် ဘာမှလုပ်လို့မရဘူးဗျာ၊ ကျွန်တော် ခံခဲ့ရသလောက် ပြန်တုံ့ပြန်ခွင့်မရဘူး"

"နှိုင်းယှဉ် ညီလေး"

ကိုသောင်း စိတ်မကောင်းဖြစ်ကာ နှိုင်းယှဉ် လက်ကိုဆုပ်ကိုင်ပြီး နှစ်သိမ့်၏။ ရင်ထဲမှာ တကယ်ကို ယူကျုံးမရပါ။ တစ်စုံတစ်ရာ အကြောင်းတရားကြောင့် နာကျင်ရမည်ဆိုလျှင်တောင် တုံ့ပြန်ချေပခွင့် ရလျှင် ခံစားရကျိုးနပ်သေးသည်။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရှုံးပေးထွက်သွားရမလား ကိုသောင်း"

"လက်ထပ်ပြီးသား မိန်းကလေးကိုထားခဲ့ရင် အဲဒါအရှုံးပေး ရောက်ပါ့မလား။ မင်း အနိုင်ပိုင်းယုတ်ညံ့ရာပဲရောက်မှာပေါ့"

"ကျွတ် ဆိုးတယ်ဗျာ၊ ကျွန်တော့်ဘဝ အရမ်းကိုဆိုးတယ်"

"ဦးမြတ်ဖုန်းမောင်ကို မင်းမုန်းသလား"

သူ ခေါင်းယမ်းလိုက်မိသည်။ ကိုသောင်းကဆက်၍

"မြူမှုန်ခြယ်ကိုရော မုန်းသလား"

"ဒီအချိန်မှာ ရင်ထဲမှာနာနေတာပဲသိတယ် ကိုသောင်း။ ဦး မြတ်ဖုန်းမောင်ကို ကျွန်တော် အဖေအရင်းတစ်ယောက်လိုချစ်ခင်အားကိုး ခဲ့တာပါ။ ကျေးဇူးရှင်တစ်ယောက်အဖြစ်နဲ့လည်း လေးစားကြည်ညိုခဲ့တယ် အဲဒီလိုစိတ်တွေကြောင့် မြူမှုန်ခြယ် အနိုင်ကျင့်စော်ကားတာတွေကိုတော သည်းခံနိုင်ခဲ့တာပါ"

"ငါသိပါတယ် ငါယုံပါတယ်ကွာ၊ တကယ် သားအဖဖြစ်နိုင် တယ်လို့တောင် တွေးဖြစ်ခဲ့ကြသေးတာ"

"ဒါပေမဲ့ အခုချိန်မှာ ကျွန်တော့်ရင်ထဲ ခင်ဗျားဝင်ကြည့် ဘာတွေဖြစ်နေမယ်ထင်လဲ၊ ဆုပ်လည်းဆူး စားလည်းရူးနဲ့ မီးပြင်းပြင်း လောင်မြိုက်နေပြီ"

ဖြစ်နိုင်တာပဲလို့ စာနာစိတ်နှင့် တွေးမိပြီးမှ ကိုသောင်း ခေါင်း ယမ်းလိုက်မိသည်။

"ဦးမြတ်ဖုန်းမောင်ရဲ့သံယောဇဉ်ကလည်း မင်းအပေါ်မနည်း ဘူး။ ဒီအတိုင်း လျစ်လျူရှုထားလို့ရရဲ့သားနဲ့ မင်းအကြောင်းစုံစမ်းရှာ ပြီး ကယ်တင်ခဲ့တယ်၊ အဲဒီအချိန်တွေမှာ သမီးနဲ့လည်းအတိုက်အခံ





ဖြစ်ခဲ့တယ်၊ သမီးရဲ့အထင်လွဲ မုန်းတီးတာတွေခံရတယ်၊ ပတ်ဝန်း ကျင်ကတောင် ဝေဖန်ခံခဲ့ရမလား မသိဘူး"

"ဒါဟာ အပြစ်ကိုဆေးကြောဖို့လုပ်တာဆိုရင် နောက်ကျသွား ပြီလို့ ကိုသောင်း မထင်ဘူးလား။ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ဘဝ အခြေအနေကို ကိုသောင်း သိပါတယ်"

"မှန်တယ် ငါ့ညီ၊ ငါကိုယ်ချင်းစာပါတယ်၊ မပြည့်စုံတဲ့ဘဝနဲ့ သာကမ်ကို ရင်ဆိုင်ရတာ ဘယ်လောက်ဒုက္ခများ ခက်ခဲတယ်ဆိုတာ နာမိဘဲနေပါ့မလား၊ ဒါပေမဲ့ အခုအခြေအနေကို ပြန်ကြည့် ငါ့ညီ၊ မြတ်ဖုန်းမောင် မကယ်တင်ခဲ့ရင် မင်း ဒီလိုဘဝမျိုးနေနိုင်ပါ့မလား"

သူ ခပ်တွေတွေဖြစ်သွားခဲ့သော်လည်း ရင်ထဲမှာ မတင်မကျ မှုန်တိုင်းထန်နေဆဲပင်။ အခုမှ ဖြေသိမ့်ခံနေရသော်လည်း ဇာတ်ရာဆို တာ အမြန်ကျက်ပါ့မလား။

"ကျွန်တော်က အဖေရော အမေရော ကျွန်တော့်ဘဝရော ရှုံးခဲ့ရတာ ကိုသောင်း၊ ဒီဒဏ်ရာက ဘယ်တော့မှအကောင်းသေမှာ ဟုတ်ဘူး။ ပြီးတော့ ကျွန်တော် လေးစားကြည်ညိုခဲ့တဲ့သူက ဒီလိုတွေ လုပ်ခဲ့တယ်ဆိုတာ မယုံနိုင်လောက်အောင်ပဲ၊ လူတွေက ယုံကြည်စရာ ကောင်းဘူးထင်တယ်"

"လူတိုင်းမဟုတ်တောင် လူတချို့ကတော့ အဲဒီအတိုင်းပါပဲ၊ ကြီးလူကောင်း လုပ်နေတဲ့လူတွေက ပိုပြီးတော့ မယုံကြည်ရဆုံးပဲ၊ တို့မှာအပေါ်ယံဂုဏ်ဒြပ်တွေ ဖုံးလွှမ်းနေတော့ အကဲခတ်ရတာ ခက် ယ်လေ၊ ဒါပေမဲ့ အများတစ်ခုအတွက် ငြိုက်ခိုက်နေရမယ်ဆိုရင် သံ ရာဆုံးမှာမဟုတ်ဘူး။ မင်းမှာ အာဃာတတွေ မရှိဘဲနဲ့ အမုန်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မခံနေပါနဲ့''

''ဖြေသိမ့်တာလား၊ တရားချတာလား ကိုသောင်း၊ လူ
ယောက်မှာ အချစ်အမုန်းဆိုတာ ရှိနေမှာပဲ၊ နာကျင်ရရင် တုံ့ပြန်ဖို့အ
အလမ်းလည်း ရှိရမယ်''

''အတိတ်ကို ပြန်သွားမလို့လား''

''ဗျာ''

''ရပိုင်ခွင့်တွေ ပြန်တောင်းယူမလို့လား၊ မင်း မတောင်း
တည်းက သူတို့ပေးပြီးသားလေ၊ မြူမှုန်ခြယ်ကို မင်းပိုင်ဆိုင်နေ
ဥစ္စာခနတွေ လုပ်ငန်းတွေ မင်းခြယ်လှယ်လုပ်ပိုင်ခွင့်ရှိနေပြီ သူတို့ဘာ
သူတို့အမှားအတွက် တာဝန်ကျေနေပြီ ကိုနိုင်၊ မင်းဘာကိုဖြစ်ချင်တာ
မသိပေမယ့် အသိုက်အမြုံပျက်မသွားဖို့တော့ ကြိုးစားပါ ငါ့ညီရာ''

ကိုယ်ကပဲ မှားနေတာလား၊ ကိုသောင်းကို ပြန်မမေးချင်။
ချင်တာက ဘာမှန်းလည်း ကိုယ့်ကိုယ်ကို မသိသေးပါ။ လှုပ်လို့မရအော
တုတ်နှောင်ခံထားရသလို ခန္ဓာတစ်ခုလုံးက တင်းတင်းကျပ်ကျပ် ဖြစ်
နေသည်။

''ကျွန်တော် ထွက်ပေါက်ရချင်တယ် ကိုသောင်းရယ်၊ ဒီနေ
ဝေးတဲ့နေရာကို ထွက်ပြေးသွားချင်တယ်၊ ဒါပေမဲ့ ဘယ်ကိုပြေးရ
မသိဘူး၊ ပြေးစရာနေရာမရှိဘူး''

''မင်းက ချည်နှောင်ခံနေရတယ် ထင်နေတာလား၊ မင်းကို
တိုင်က မင်းပြေးချင်လို့ ပြေးစရာနေရာမရှိဖြစ်နေတာပါ။ အရာရာက
ရည်ရွယ်သလို ဖြစ်မလာတတ်ဘူး ညီ၊ လူတွေရဲ့စိတ်က လူပီသ
နူးညံ့ပြီးသားပါ၊ လောဘကြောင့် ဒေါသကြောင့် မှားနေကြတာ မှ





သိရဲ့နဲ့ မပြင်တဲ့လူတွေထက်စာရင် ဦးမြတ်ဖုန်းမောင်နဲ့မြူမှုန်ခြယ်က
လေးစားဖို့ကောင်းပါသေးတယ်။

သူ ခေါင်းယမ်းသည်။ ဘာအတွက် ယမ်းမိမှန်းမသိ။

ဘာကိုလက်မခံနိုင်မှန်းလည်း မသိ။

သေချာတာက ဒီည ကိုသောင်းရဲ့လုံခြုံရေးတဲလေးမှာ အိပ်ဖြစ်
ခဲ့သည်။ မြူမှုန်ခြယ်တို့သားအဖနှင့်မျက်နှာချင်းမဆိုင်ချင်လို့ပါ။

နောက်ရက်တွေကျရင်လည်း . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"နောက်ရက်မှလာမယ်ထင်နေတာ၊ မင်္ဂလာဆောင်ပြီးစဆိုတော့လေ၊ အခု ကိုနိုင်၊ လာတယ်နော်"

"ကိုယ် မကြာမကြာတော့ ရောက်အောင်လာမယ်လို့ ကတိပေးခဲ့သားပဲ ထနောင်းရယ်၊ ဒါနဲ့ ဆရာဝန်ကြီး ဘာပြောသေးလဲ"

"ခွဲစိတ်မှုလုပ်တာ အခြေအနေကောင်းတယ်လို့ပြောပါတယ်၊ ပတ်တီးဖြည်တဲ့နေ့ကျရင် ဝမ်းသာစရာကိစ္စပဲဖြစ်မှာပါတဲ့"

"ကောင်းတာပေါ့ ထနောင်း၊ ဒါ မင်္ဂလာသတင်းပဲ၊ အခု ဆေးရုံမှာ ဘာလိုအပ်သေးလဲ"

"ကိုနိုင်းက အစစစီစဉ်ပေးထားတာ ဘာလိုအပ်မှာလဲ ကိုနိုင်။ ကုန်ကျစရိတ်တွေ ဘောလ်ဖွင့်ပြီး ကိုနိုင်းပဲရှင်းပေးနေတာ"

"အိမ်မှာရော အဆင်ပြေရဲ့လား၊ ညီလေး ထမင်းချိုင့်လာမပို့သေးဘူးလား ဟင်"





"မလုပ်တတ် လုပ်တတ်နဲ့ချက်ပြုတ်နေတော့ ကြာမှာပေါ့ ကိုနိုင်းရယ်၊ မောင်လေးလည်း ထနောင်းဆေးရုံစတက်တဲ့နေ့တည်းက အရမ်းကိုဝင်ပန်းရှာပါတယ်"

ကလေးဖြစ်ပြီး တတ်သလောက်မှတ်သလောက် ချက်ပြုတ်လုပ်ကိုင်နေတော့ ဟုတ်ပေလိမ့်မည်။ ဆိုင်မှာချိုင့်ဆွဲစားဖို့ စီစဉ်ပေးသင့်ပါလျက် သူကပေါ့လျော့ခဲ့တာ။

"ဒီလိုလုပ်ပါ ထနောင်း၊ နောက်နေ့တွေကျရင် စားသောက်ဆိုင်ကပဲ ချိုင့်ဆွဲမှာလိုက်ပါ၊ ကိုယ် စီစဉ်ပေးမယ်"

"မဟုတ်တာ ကိုနိုင်းရယ်၊ ကိုနိုင်း အရမ်းကိုငွေကုန်ကြေးကျများနေပါပြီ၊ အခုလောက် ဂရုစိုက်နေတာပဲ ထနောင်းအားနာလှပါပြီ"

"ထနောင်းတို့မောင်နှမကို ကိုယ်အဆုံးထိ ကူညီမယ်လို့ပြောထားတာပဲ ထနောင်းရယ်၊ ကိုယ်တစ်ခုလောက်တော့ ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ကိုနိုင်း"

"ထနောင်း ဆေးရုံတက်နေတဲ့အချိန်မှာ ကိုယ့်ကိုထနောင်းတို့အိမ်သော့ပေးထားပါလား"

"ဟင် ဘာဖြစ်လို့လဲ ကိုနိုင်း"

ပတ်တီးစည်းထားသော ထနောင်းမျက်နှာလေး သူ့ဘက်လှည့်လာ၏။ သူ့လေသံက တိုးလျှသွားကာ

"ကိုယ်စိတ်ပြေလက်ပျောက် ခဏနေချင်လို့ပါ"

"ကို ကိုနိုင်းတို့အိမ်ထောင်ရေး အဆင်မပြေဘူးလားဟင်"

"ဘယ်လိုပြောရမလဲ၊ ကိုယ်အများကြီးတော့ ရှင်းမပြချင်ဘူး ထနောင်းရယ်၊ ကိုယ် စိတ်ပင်ပန်းနေတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြည့်နေဖို့တော့ မဟုတ်ပါဘူး။ စိတ်ညစ်တဲ့အခါ ခဏသွားနေရုံပါပဲ"

"အိမ်ထောင်ဦးလေးပဲရှိသေးတယ်၊ ဘယ်လိုဖြစ်ရတာလဲ ကို နိုင်းရယ်၊ မြူမှုန်ခြယ်က ငွေကြေးချမ်းသာတယ်ဆိုပြီး အရမ်းမောက်မာ နေလို့လား"

"မဟုတ်ပါဘူး"

"ဦးမြတ်ဖုန်းမောင်နဲ့အဆင်မပြေလို့လား။ သူက သားတော် ယောက်လိုချစ်တယ်ဆို"

ထနောင်းစပ်စုနေတာမဟုတ်ပါ။ ကိုယ့်ရဲ့ကျေးဇူးရှင်ဖြစ်နေ၍ စိုးရိမ်ပြီးမေးနေတာပဲဖြစ်သည်။ နိုင်းယှဉ် သက်ပြင်းချမိပြီး

"အကြောင်းတရားတိုင်းက အကျိုးတရားကြောင့်ဖြစ်လာတာ ဆိုပေမယ့် ကိုယ်ကတော့ ကံမကောင်းဘူး ထနောင်းရယ်၊ ဘာကြောင့် ကိုယ့်ကျမှ ဒီလိုတွေ ဖြစ်လာရတယ်ဆိုတာလည်း မသိတော့ဘူး။ ကိုယ့် အပူတွေ ထနောင်းတို့ကိုလည်း မပေးချင်ဘူး၊ အဲဒါကြောင့် ကိုယ်မပြော ပြတော့ဘူး ထနောင်း၊ ထနောင်းတို့အိမ်မှာ အချိန်မရွေး ဝင်ထွက်လို့ရ အောင် ကိုယ့်ကို သော့တူတစ်ချောင်းပဲပေးထားပါ"

"ဟုတ်ကဲ့ပါ ကိုနိုင်း၊ အဲဒီနားက အံဆွဲထဲမှာ ထနောင်းပိုက်ဆံ အိတ်လေးရှိတယ်၊ အဲဒီပိုက်ဆံအိတ်ထဲမှာ သော့အပိုတစ်စုံရှိပါတယ် ကိုနိုင်း၊ အချိန်မရွေး သွားလာပါ၊ တံခါးမရှိဓားမရှိ ကိုနိုင်း ဝင်ထွက်လို့ ရပါတယ်"

ယုံကြည်မှုကြောင့်ဆိုတာ အထူးပြောစရာမလိုပါ။ မိမိတို့အပေါ် ခွေမျိုးသားချင်း မိသားစုလိုသဘောထားသည်ဆိုတာ နားလည်နေသည်။ အစစအရာရာ အကူအညီပေးနေသည့် ကျေးဇူးရှင်အတွက်လိုအပ်လျှင်





ဘာမဆို ပြန်လုပ်ပေးဖို့လည်း အဆင်သင့်ပင်။

"ကိုယ်ပြန်တော့မယ် ထနောင်း။ ညီလေးလာရင်လည်း ပြောပြ ထားလိုက်ပါ"

"စိတ်ချပါ ကိုနိုင်း၊ စိတ်လေပြီး ထင်ရာတွေလျှောက်မလုပ်ပါနဲ့ အိမ်ထောင်တစ်ခုမှာ ဘယ်သူမှားမှား မှန်မှန် မိန်းမသားတွေကပိုပြီး ခံနာတတ်ပါတယ်"

မိန်းမသားချင်းစာနာစွာ ချင့်ချိန်စဉ်းစားပြောပေးသော ထ နောင်းရိပ်ကို မငြိုငြင်မိ။ ဘာမှသိမထားတာမို့ အိမ်ထောင်တစ်ခုမပြိုကွဲ စေချင်တာဖြစ်မည်။

သူဘာမှမပြောတော့ဘဲ ထနောင်းကိုနှုတ်ဆက်ကာ ပြန်လာခဲ့ သည် မြူမှုန်ခြယ်ရှိနေသော အိမ်ကိုတော့ မဟုတ်ပါ။

စိတ်အလျှင်က ဘယ်ဆီတယ်ဝယ် လွင့်မျောနေမှန်းမသိဘဲ ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"နင် အိမ်ပြန်မလာတာ ဘာကြောင့်လဲ ကိုနှိုင်း၊ မနက်ရော ညရော နင့်ကိုမတွေ့ရလို့ ဖေဖေ မေးနေတယ်၊ နင့်ကိုကာဝန်လွှဲပေးထား တဲ့ရုံးမှာလည်း နင်အချိန်ပြည့်မရှိဘူး၊ ဖုန်းဆက်တော့ ဖုန်းပိတ်ထားတယ် ဒါကြောင့် နင်ရှိလားဆိုတာ စုံစမ်းပြီးမှ ရုံးကိုရောက်လာတာ၊ ပြောပါဦး ဘာလို့အိမ်ပြန်မလာတာလဲ"

"မင်းတို့သားအဖနှစ်ယောက်လုံးနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ပေါ့ မြူမှုန်ခြယ်"

"ဘာ"

"မြင်တွေ့နေရင် ငါ့ဒေါသကိုထိန်းလို့ရမှာမဟုတ်ဘူး၊ ငါ ဒီ ကိစ္စကြီးကို မေ့ပစ်လိုက်ဖို့အချိန်လိုအပ်တယ် မြူမှုန်ခြယ်၊ တစ်လလား တစ်နှစ်လား တစ်သက်လုံးလားဆိုတာတော့ မသိဘူး"

"ဒီကိစ္စ နင်သိသွားပြီဆိုတာ ဖေဖေ မသိသေးဘူး နှိုင်းယှဉ်





သိသွားရင် ရှက်ပြီးတော့ ဘယ်လိုဖြစ်သွားမယ်ဆိုတာ နင်သိလား၊ ဖေဖေက နင့်ကိုသားတစ်ယောက်လိုချစ်ခဲ့တာပါ၊ သားသမီးက ရှုံ့ချအထင် သေးခံသွားရမယ့်ဘဝမျိုးနဲ့ ဖေဖေ့ကိုမလွှတ်လိုက်ပါနဲ့"

သူမပြောတော့ သူ့နှုတ်ခမ်းတစ်ခုလုံး မဲ့ကျသွား၏။ ဆံလည် ထိုင်ခုံကနေထရပ်ပြီး သူမရှေ့ထိလျှောက်လာကာ

"ငါ့အဖေ ငါ့အမေဘက်က ငါ အဲလိုရပ်တည်ခွင့်လေးတောင် မရလိုက်ဘူး၊ သူတို့သေသာသွားတယ်၊ သူတို့ကို အားပေးမယ့်သူလည်း မရှိခဲ့ဘူး၊ မြေကျမလှလို့ ငါ ယူကျုံးမရဖြစ်ခဲ့ရတာ မင်းအဖေကြောင့် မြူမှုန်ခြယ်"

"အဲဒီအကြောင်းတွေ အတိတ်မှာချန်ထားခဲ့လို့မရဘူးလား နှိုင်း ယှဉ်ရယ်"

"နင်ပဲ ငါ့ရဲ့အတိတ်ကိုတူးဆွပြီး အနိုင်ကျင့်နှိမ့်ချဆက်ဆံရ တာကို ကျေနပ်တာမဟုတ်လား၊ မင်းတို့အကြောင်းအရာနဲ့ပတ်သက်မှ မေ့ထားလိုက်ပါဆိုတော့ မင်းတရားရဲ့လား ပြန်စဉ်းစားပါဦး"

"ငါ တောင်းပန်ပါတယ် တောင်းပန်ပါတယ် နှိုင်းယှဉ်ရယ်၊ နင်မကျေနပ်ရင် ငါ့ကိုကြိုက်သလိုလုပ်ပါ၊ ဖေဖေ အသေမဖြောင့်အောင် ရှောင်နေတာမျိုးတော့ မလုပ်ပါနဲ့"

"မျက်နှာချင်းဆိုင်တော့လည်း ငါ့မှာဘာပေါက်ကွဲခွင့်ရှိလို့လဲ၊ အားလုံးက သေခါနီးလူကိုစိတ်ပင်ပန်းအောင်မလုပ်ပါနဲ့ဆိုပြီး ဝိုင်းတား ကြတယ်၊ ရှောင်နေတာလည်း အပြစ်ဖြစ်ပြန်ပြီလား၊ ငါ့စိတ်ကိုမထိန်း ချုပ်နိုင်လို့ ပေါက်ကွဲရင် မင်းအဖေတစ်ခုခုဖြစ်သွားတော့ ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com



"နှိုင်းယှဉ်ရယ် မေ့ပစ်လိုက်ပါလို့ ငါမတောင်းဆိုတော့ပါဘူး။ အပြစ်တွေကို ငါ့တစ်ယောက်တည်းပုံချပြီး ငါ့ကိုအနိုင်ကျင့်ပါ၊ နှိပ်စက်ပါ၊ လက်စားချေပါ"

"ကြွာရှင်းလို့ရောရသလား မြူမှုန်ခြယ်"

"ဘာ"

အထိတ်တလန့်ဖြစ်ကာ မျက်လုံးပင်ပြူးသွား၏။ ရင်ထဲက ဆတ်ခနဲခါသွားကာ ကိုယ့်ရဲ့အသိစိတ်တွေကို သတိပေးလိုက်သလိုပါ။

လက်ထပ်ခဲ့တာ စွန့်လွှတ်ဖို့မှမဟုတ်တာလို့ မာနမဲ့စွာ သူမပြောလိုက်ချင်ပါသည်။

အရင်တစ်ချိန်က ဖေဖေနှင့်ပတ်သက်သည့် သားရယ်လို့ အမုန်းတွေ မာန်မာနတွေဖြင့် တိုက်ခိုက်နေခဲ့မိသော်လည်း တစ်ဖက်မှာ ငြိတွယ်လိုသည့်ဆန္ဒများဖြစ်ပေါ်ခဲ့ကာ သူမကိုယ်သူမတောင် နားမလည်ခဲ့၊ ဒါဟာ နှိုင်းယှဉ်ဝမ်းနည်းစွာ ငိုခဲ့သည့်အချိန်က ကရုဏာဖြစ်မိသည်က စတာဖြစ်မည်။

ဒါပေမဲ့ မောင်နှမတော်မလားဆိုသည့်စိတ်နှင့် အမြဲတမ်းအပေါ်စီးက မောက်မာစွာနေတတ်ဖို့ပဲ သူမစဉ်းစားခဲ့၏။ နောက်ပိုင်းမှာတော့ ဖေဖေ့သားမဟုတ်မှန်း သိလိုက်ရသည်။

ဖေဖေကျန်းမာရေးနှင့် အခက်အခဲကြောင့်ဆိုသော်လည်း ငြိတွယ်မှုတစ်စုံတစ်ရာကြောင့် လက်ထပ်ဖို့ကို သူမ အလွယ်တကူ ခေါင်းညိတ်လက်ထပ်ဖြစ်ခဲ့တာပါ။ သူကရော မင်္ဂလာဦးညရဲ့ဖြတ်သန်းမှုတွေကို မေ့လိုက်နိုင်လို့ ဒီစကားပြောတာလား။

နှိုင်းယှဉ်က သူမကိုခပ်စိမ်းစိမ်းကြည့်၍





"ဘာလို့မဖြေတာလဲ မြူမှုန်ခြယ်၊ ကြွာရှင်းလို့ရသလားဆိုတာ"

"နင့်ကိုယောက်ျားပီသတဲ့လူဖြစ်မှာပဲလို့ ငါထင်ခဲ့တယ် နှိုင်းယှဉ်၊ ငါ့သိက္ခာအတွက်တော့မဟုတ်ပါဘူး၊ နင်က တစ်ချက်ခုတ်နှစ်ချက်ပြတ် လက်စားချေချင်လို့ ဒီစကားမေးတာလား"

"ဘာ"

"ငါတို့ကြွာရှင်းလိုက်ရင် စိတ်ထိခိုက်ပြီး ဖေဖေ မြန်မြန်သေမယ်၊ မိန်းကလေးတစ်ယောက်ဂုဏ်သိက္ခာလည်း ရေစုန်မျောပြီး နင်ဒီလိုဖြစ်စေချင်တာလား"

"အချစ်မပါတဲ့အိမ်ထောင်ရေးကို ဘာလို့ ဆွဲဆန့်နေမှာလဲ"

"ငါ မကြွာရှင်းပါဘူး"

"ဟင်"

"တစ်ချိန်ချိန် ချစ်လာနိုင်သလားဆိုတဲ့မျှော်လင့်ချက်နဲ့မှတော့ မဟုတ်ဘူး၊ နင့်ဆီက တစ်သက်လုံး အမုန်းတွေပဲရမယ်ဆိုလည်း ငါကျေနပ်တယ် နှိုင်းယှဉ်၊ ငါ့အဖေလုပ်ခဲ့တဲ့အပြစ်တွေ၊ ငါကျူးလွန်ခဲ့တဲ့ မောက်မာမှုတွေအတွက် ငါ နင့်ကို တစ်သက်လုံးပြန်ပေးဆပ်သွားမှာမို့ပဲ"

ပြက်လုံးမဟုတ်ပါဘဲ နှိုင်းယှဉ် ရယ်ချလိုက်မိကာ

"အခုမှ မဟာကရုဏာရှင်ကြီးနဲ့ လာတွေ့နေတာပဲ၊ မင်း ငါ့ကို ချစ်လို့လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ မြူမှုန်ခြယ်၊ မင်းအဖေအတွက် ပေးဆပ်တာ"

"ငါ ဘယ်မှာငြင်းလို့လဲ၊ အဲဒီအတွက် နင်ကြိုက်သလို ပြုမူလို့ရအောင် နင့်အနားမှာ ငါတစ်သက်လုံး နေပေးမှာ နှိုင်းယှဉ်"

"တော်ပါတော့ တော်တော့ မြူမှုန်ခြယ်၊ ငါ့ဘဝကို အဆုံးသတ်လေအောင်ချုပ်ကိုင်မထားပါနဲ့၊ ငါကဒဏ်ရာတွေနဲ့ ကောင်းပါ၊ ကျားနာ



www.burmeseclassic.com

www.burmeseclassic.com



ခဲခဲရင် မင်းလည်းဒုက္ခရာပြန်ရသွားနိုင်တယ်နော်''

"အိမ်ထောင်ရေးဖောက်ပြန်တာကလွဲရင် နင်ကြိုက်တာလုပ်ပါ နှိုင်းယှဉ်၊ ဒါပေမဲ့ ဖေဖေ စိတ်မဆင်းရဲပါစေနဲ့''

ဘာထူးလို့လဲဟု အငေါ်တူးလိုက်ချင်သည်။ ချုပ်ကိုင်မှုက ထောင်ချခံရတာပဲမို့ သူ့ဘဝနစ်ခါသေသလိုပဲပေါ့။ လောကမှာ ကြောက်စရာအကောင်းဆုံးက မိန်းမတွေရဲ့မာယာတွေပဲဖြစ်၏။ မြူမှုန်ခြယ်ကို ဘယ်လိုအနိုင်တိုက်ရမှာလဲ။

သူမနှလုံးသားတွေ ဆတ်ဆတ်ခါအောင် သူ လုပ်ပစ်လိုက်ချင်သည်။

"မြူမှုန်ခြယ် မင်းပြန်တော့''

ခပ်ဆတ်ဆတ် နှင်ထုတ်ပြီး ကျောခိုင်းအနေအထားဖြစ်သွားသော နှိုင်းယှဉ်ကျောပြင်ကိုကြည့်၍ သူမမျက်ရည်တွေ ရစ်ဝိုင်းလာ၏။ သူမ ပေးသောနာကျင်မှုတွေဖြင့် ဆယ်နှစ်ကျော်မျှ တစ်အိမ်တည်း အတူနေခဲ့ရသော ဒီယောက်ျားကို သူမ ဘယ်လိုမှ မစွန့်ခွာနိုင်ပါ။

အာဃာတတစ်ခုဖြင့် ချိုးနှိမ်ခဲ့သမျှ သည်းခံနိုင်ခဲ့တာတွေအားလုံး သူမပြန်ပေးဆပ်မှာပါ။ အခုကာလတွေမှာ သူမ အရမ်းစိတ်ပင်ပန်းနေပါသည်။ ဖေဖေရဲ့ကျန်းမာရေးအတွက် နှလုံးသွေး ကြောပျက်မတတ် စိုးရိမ်နေမိသလို နှိုင်းယှဉ်ရဲ့အမုန်းတရားတွေ ကျယ်ပြန့်လာမှာကိုလည်း ကြောက်လန့်နေမိသည်။

အခုမြင်နေရသည့် နှိုင်းယှဉ်ရဲ့ယောက်ျားပီသသော ကျောပြင်ကျယ်ကိုသာ မှီတွယ်ခွင့်ရမည်ဆိုလျှင် . . .။

■ ■ ■



## အခန်း (၃၂)

"ဒီနေ့ရော သားပြန်မလာဘူးလား သမီး''

နှိုင်းယှဉ်မရှိသော ညစာထမင်းဝိုင်းမှာ ဖေဖေ မေးလိုက်တာကို သူမ ခေါင်းမညိတ်မိရက်။ အပြုံးယဲ့ယဲ့ကို ဟန်လုပ်ဖန်တီးပြီး

"သူ့အပေါင်းအသင်းတွေနဲ့ တွေ့တွေ့နေလို့ အိမ်ပြန်နောက်ကျတာပါ ဖေဖေ၊ ပြန်လာတဲ့အချိန်က ဖေဖေအိပ်ပျော်နေလို့ မတွေ့ရတာပါ''

"ဒါဆို မနက်ပိုင်းတွေမှာရော''

"ရုံးမှာဖေဖေမရှိတော့ သူ စောစောသွားပြီး အလုပ်ကို ဂရုစိုက်နေလို့ပါ၊ သူ အရင်ကထက် ဝီရိယရှိနေတာ ဝမ်းသာစရာပဲ ဖေဖေ''

"ဘယ်အချိန်အထိ အဲဒီလိုဆင်ခြေတွေနဲ့ ဖေဖေ့ကိုနှစ်သိမ့်နေမှာလဲ သမီး''

"ရှင်''

"ဒီကိစ္စတွေ သားသိသွားပြီလား''

"ဖေ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



"သား အိမ်ပြန်နောက်ကျတာ တစ်ရက်တစ်ပတ်မကတော့ဘူး သားက အဲလို ဖေဖေ့ကို လျစ်လျူရှုထားမယ့်သူမျိုးမဟုတ်ဘူး၊ ဖေဖေ့ကို သူ့အဖေရင်းလို အောက်မေ့ပြီး နှိပ်နယ်ပေးမယ်၊ ဂရုစိုက်မယ်၊ ညစဉ် ရှိခိုးအိပ်မယ်၊ သူ့ရဲ့ကျေးဇူးရှင်ကြီးတစ်ယောက်လို ယုံကြည်လေးစားနေ မယ် အခုတော့"

ဖေဖေ့အသံ တိတ်ကျသွား၏။ နေ့စဉ်နှင့်အမျှမို့ ဖေဖေ တွေ မိလာခဲ့တာဖြစ်မည်။ မဟုတ်ပါဘူးလို့ပြောလျှင် ယုံကြည်ပြီး ဖေဖေ ဖြေ သိမ့်နိုင်ပါ့မလား။

ဒါဆို သူမ ဘာတခြားဆင်ခြေပေးရမလဲ။

"ဟို သူဒီနေ့ည ပြန်လာရင် ဖေဖေ့ကို အိပ်ရာကနှိုးပြီး လာ တွေ့နိုင်းပါမယ် ဖေဖေ"

"ဒါဆို လာတွေ့နိုင်းပါ၊ ဘယ်အချိန်ဖြစ်ဖြစ် နှိုးပါ၊ သားကို ဖေဖေ ပြောစရာတွေရှိတယ်"

"ဟုတ် ဟုတ်ကဲ့ အဲလိုလုပ်ပါမယ် ဖေဖေ"

ဖေဖေ့ကိုကတိပေးပြီးမှ နှိုင်းယှဉ်ကို သူမ ဘယ်မှာလိုက်ရှာ မှန်းမသိ။ နှိုင်းယှဉ်အကြောင်းကိုသိမှာ ကိုသောင်း တစ်ယောက်ပဲရှိ လိမ့်မည်။ ထမင်းဝိုင်းမှာ စားမဝင်လောက်အောင် စိတ်ထိခိုက်နေသော ဖေဖေ ထသွားသည်နှင့် သူမလည်းဆက်မစားတော့ဘဲ ခြံထဲက ကို သောင်းဆီ ထွက်လာခဲ့သည်။

"ကိုသောင်း"

"ဟင် ဗျော် မမလေး"

ခြံတံခါးသော့ခတ်ဖို့ ပြင်နေသော ကိုသောင်းက လှည့်ကြ





လာ၏။

"နှိုင်းယှဉ် ဘယ်ဟိုတယ်မှာ သွားအိပ်နေလဲ ရှင်သိတယ် မဟုတ်လား"

"ဗျာ"

"သူ့ဖုန်းက အမြဲတမ်းစက်ပိတ်ထားတာ၊ သူ့ကိုသွားခေါ်ရမယ် ကိုသောင်း၊ ဖေဖေက သူ့ကိုဒီနေ့မတွေ့ရရင် အကြောင်းကိစ္စတွေ နှိုင်းယှဉ် သိသွားလို့ အိမ်ကိုမလာတော့တာဆိုတာ အတည်ပြုပြီး ရောဂါဖြစ်သွား နိုင်တယ်"

"ဟို အဲဒါ မမလေးရယ်"

မြူမှုန်ခြယ်ကို ပြောရမှာ ကိုသောင်း အခက်တွေ့နေသည်။ နှိုင်းယှဉ်က ထနောင်းရိပ်တို့အိမ်မှာ ရှိနေသည်ဆိုတာ ကိုယ့်ကိုပြောထား ပါသည်။ မသင့်တော်ပါဘူးလို့ ကိုယ်ဖျောင်းဖျပေမယ့် နှိုင်းယှဉ် နားမဝင်။

သွေးပူနေချိန်မှာ ပြဿနာကြီးကြီးမားမား ဖြစ်မှာစိုးလို့ပါလို့ ပြောလာတော့ ဘာတတ်နိုင်မှာလဲ။

"ကိုသောင်း သိတယ်မဟုတ်လား။ ကိုသောင်းကို သူ ဘာမဆို ရင်ဖွင့်ပြောဆိုတိုင်ပင်နေကယ်ဆိုတာ မြူ သိတယ်၊ ညဘက်လည်း သောက်ဖော်သောက်ဖက်ဖြစ်နေကြတာ မြူနဲ့လက်မထပ်ခင်ကတည်းက သိတာပါ"

ဒါကို မပေါက်ကွဲခဲ့တာ တစ်ခါတစ်ရံ နှိုင်းယှဉ် ပြန်မရောက် သေးဘူးလားလို့ မေးတတ်တာ သာမန်သံယောဇဉ်ကြောင့်လို့ ပြောနိုင် ပါ့မလား။ ကိုယ်ကတော့ ခေါင်းညိတ်လိုက်ရကာ

"ဟုတ်ပါတယ် သူ့မှာတခြားအပေါင်းအသင်းမိတ်ဆွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိတော့ ဘာဖြစ်ဖြစ် ကျွန်တော့်ကိုရင်ဖွင့်တိုင်ပင်ပါတယ်''

''ကိုသောင်းရော ဖေဖေ့ကိုအထင်သေးလား''

''နားလည်ပါတယ်၊ ကိုနှိုင်းကိုတောင် ကျွန်တော် မျှောင်းဖျနေ တာပါ၊ အမှားတစ်ခုအပေါ်မှာ တာဝန်ကျေအောင်ပြန်ကြိုးစားနိုင်ခဲ့တာပဲ လေ၊ ဘဝတစ်ခုရဲ့အပြောင်းအလဲက ဒီလောက်တော့ အခက်အခဲရှိမှာ ပေါ့''

''အဲလိုပြောပေးတာ ကျေးဇူးတင်ပါတယ် ကိုသောင်း၊ အဲဒါ ကြောင့် ဖေဖေရဲ့နောက်ဆုံးအချိန်တွေမှာ မြူလည်း တာဝန်ကျေလိုက်ချင် တာပါ၊ နှိုင်းယှဉ်လည်း ဖခင်တစ်ယောက်လို သဘောထားခဲ့တာဆိုတော့ သေခါမှ နောင်တတွေနဲ့ ကျန်မနေစေချင်ဘူးလေ''

''သူ့ရဲ့နာကျင်မှုတွေက အချိန်တစ်ခုလောက်ပေးမှဖြစ်လိမ့်မယ် ထင်တယ်၊ သူ့ဘဝက သာယာယာယာ ဖြတ်သန်းခဲ့ရတာမှမဟုတ်တာ ဒါက သူ့ဒွေးကြီးနဲ့မမလေးကို အပြစ်ပြောတဲ့သဘော မဟုတ်ဘူးနော် သူ့ဘက်က ခံစားချက်ကို စာနာကြည့်တဲ့သဘောပါ''

ကိုသောင်းပြောတာ တရားနည်းလမ်းကျစွာ ဟုတ်မှန်နေတာမို့ သူမ ခေါင်းညိတ်ထောက်ခံလိုက်ရသည်။

''ဟုတ်ပါတယ် သူ မြူတို့ကို တုံ့ပြန်တိုက်ခိုက်မယ်၊ လက်စား ချေမယ်ဆိုရင်တော့ သူ့ကိုနားလည်ပေးရမှာပါ၊ ဒါပေမဲ့ ဖေဖေ့ကိုနောက် ဆုံး အချိန်လေးမှာ စိတ်သက်သာသာနဲ့ ဟွတ်လိုက်ချင်တယ်၊ နှိုင်းယှဉ် သိသွားလို့ အယုံအကြည်မဲ့ပြီး ဒီလိုတုံ့ပြန်တာလို့ ခံစားလိုက်ရရင် ဖေဖေ ရင်ထုမနာဖြစ်သွားတော့မှာ ကိုသောင်း''

''ကျွန်တော်လည်း အဲဒါကြောင့် တတ်နိုင်သလောက် ဖျောင်း





ဖျနေတာပါ''

''ဒီည သူပြန်မလာလို့မဖြစ်ဘူး ဖေဖေ အိပ်ပျော်နေလည်း တွေ့ပေးပါမယ်လို့ နှစ်သိမ့်ထားရတယ်၊ သူ့ကိုရအောင်ခေါ်ရမှာ'',

''ကျ ကျွန်တော် သွားခေါ်ပေးပါမယ်''

''ရှင်ခေါ်ရုံနဲ့ သူ အလွယ်တကူလိုက်လာမှာမဟုတ်ဘူး၊ မြူ သူ့ကိုတွေ့ပြီး သေသေချာချာ တောင်းတောင်းပန်ပန် ခေါ်ပါ့မယ်''

''ဟိုလေ''

''သူရှိတဲ့နေရာကိုပဲ လိုက်ပို့ပါ ကိုသောင်း''

''ဟုတ်ကဲ့''

မထူးတော့ပြီမို့ နှိုင်းယှဉ်ရှိနေသည့် ထနောင်းရိပ်တို့အိမ်ကိုပဲ လိုက်ပို့ရတော့မည်။ မြူမှုန်ခြယ်က နှိုင်းယှဉ်ကို ဟိုတယ်တွေမှာပဲ ရှောင် နေခဲ့သည်လို့ ထင်နေတာ။

ထနောင်းရိပ်တို့အိမ်မှာ သွားနေသည်ဆိုတာသိလျှင် မြူမှုန်ခြယ် ဘယ်လိုဖြစ်သွားမလဲ။

ဘာဖြစ်ဖြစ် ကိုယ့်တာဝန်အတိုင်းပဲ ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဟင် ဒီအိမ်လား၊ ဒီအိမ်မှာ နှိုင်းယှဉ် နေတာလား"

အိမ်ရှေ့မှာ ကားရပ်ပြီး အိမ်ကိုပြလိုက်တော့ မြူမှုန်ခြယ် တ
တသြ မျက်ဆံပြူးလျက် ကိုသောင်း ခေါင်းညိတ်ပြတော့

"ဒါ ဘယ်သူ့အိမ်လဲ"

"ထနောင်းရိပ်တို့အိမ်ပါ"

"ဟင် ထနောင်းရိပ်တို့အိမ်၊ ဒါ ဒါဘယ်လိုဖြစ်တာလဲ၊ မိန်း
ကလေးတစ်ယောက်နဲ့လာနေတာ အိမ်ထောင်ရေး လူမှုရေးဖောက်ပြ
တာ"

"မဟုတ်ပါဘူး၊ ထနောင်းရိပ်က မျက်စိခွဲစိတ်ထားလို့ ဆေး
တက်နေတာပါ၊ အိမ်မှာ ထနောင်းရိပ် မရှိပါဘူး"

"ဘာဖြစ်ဖြစ် ဘယ်လိုမှမသင့်တော်တာကို"

ပြောရင်းနှင့် အလင်းရောင်မပီပြင်သော အိမ်လေးထဲကို မြ





မှုန်ခြယ် စွတ်ခနဲ ဝင်သွားသည်။ ကိုသောင်း ကားနားမှာပဲ ချန်နေခဲ့လိုက်၏။

"နှိုင်းယှဉ်"

"ဟင်"

ဆက်တီစားပွဲဝိုင်းမှာ အရက်ပွဲပြင်ကာ သောက်နေဆဲမှာ အနီးကပ်ခေါ်သံကြောင့် အရက်ခွက်ကိုင်ထားသော လက်တောင်လန့်ဖျပ်ကာ ဆတ်ခနဲ တုန်သွားသည်။ မြူမှုန်ခြယ် ဒီအထိ လိုက်လာတာ ကိုသောင်း လိုက်ပို့လို့ဖြစ်မည်။

"မင်းဘာလာလုပ်တာလဲ မြူမှုန်ခြယ်"

"နင်ကသာ ဒီမှာ ဘာလာလုပ်နေတာလဲ၊ ဒါ ထနောင်းရိပ်ဆိုတဲ့မိန်းကလေးနေတဲ့အိမ်ဆို၊ ဘယ်လိုမှမသင့်တော်ဘူး မဖြစ်သင့်ဘူးဆိုတာ နင်မသိဘူးလား"

"ဘာကိုမဖြစ်သင့်တာလဲ၊ ဒီအိမ်မှာ ဘယ်သူရှိလို့လဲ၊ ငါ တစ်ယောက်တည်း"

"အခု နင်တစ်ယောက်တည်းဆိုလည်း မိန်းကလေးနေတဲ့အိမ်ပဲလေ၊ သူမရှိရှိ နင်တို့ချင်း လူမှုရေးဖောက်ပြန်တယ်လို့ ပတ်ဝန်းကျင်က ထင်ကြမှာ"

"ဘာ"

ခေါင်းမထူနိုင်အောင် မူးနေတာထက် ပိုမူးသွားသည်။ လူမှုရေးဖောက်ပြန်သည်တဲ့။ နားထဲမှာကြားလို့မကောင်း။ အရွဲ့တိုက်ကာ အရက်ဖန်ခွက်ကို ကောက်မော့လိုက်တော့ ပိုပြီးယိုင်ထိုးရီဝေသွား၏။

"မင်းသွားတော့ မြူမှုန်ခြယ် ငါ့ကိုအရသာပျက်အောင် လာ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့''

''နင် အိမ်ပြန်လိုက်ခဲ့ နှိုင်းယှဉ်၊ ဖေဖေက နင့်ကိုမေးနေတယ်၊ နင် ဒီနေ့မှ အိမ်ပြန်မလာရင် ဖေဖေက သူ့အကြောင်းသိသွားပြီလို့ သတ်မှတ်ပြီး စိတ်ထိခိုက်သွားတော့မှာ''

''ကျွတ် ငါ ရင်မဆိုင်ချင်လို့ ရှောင်နေတာ၊ မင်းဘာလို့ နားမလည်တာလဲ မြူမှုန်ခြယ်''

''ငါ နားလည်တယ်၊ ဒါပေမဲ့ ဖေဖေ နားလည်ဖို့လိုသေးတယ် နှိုင်းယှဉ်၊ ငါ နင့်ကိုဒူးထောက်တောင်းပန်ရမှာလား၊ နင့်ရှေ့မှာ ငါ သေပေးမှ နင်ကျေနပ်နိုင်မှာလား၊ စိတ်ပြေမှာလား''

''ငါ့ကိုကျတော့ ငါ့ဘဝကိုဆယ်နှစ်ကျော်လောက်သတ်ထားပြီး ငါ စိတ်ကိုဆုံးမဖို့ ဘာလို့အချိန်မပေးနိုင်ဖြစ်နေကြတာလဲ၊ ငါ့အတွက် အချိန်လိုအပ်နေသေးတယ်''

''ဖေဖေ့အတွက်တော့ အချိန်မရှိတော့ဘူး၊ ပြီးတော့ ဒီအိမ်မှာ နေဖို့ ဘယ်လိုမှမသင့်တော်ဘူး၊ နင် လူမှုရေးဖောက်ပြန်နေတာမဟုတ်ဘူးဆိုရင် ပြန်လိုက်ခဲ့ပါ''

''လူမှုရေးဖောက်ပြန်တယ်ပြောရအောင် ဒီကိစ္စမင်းအဖေကို အသိပေးပြီး ခွင့်ပြုချက်ရမှ လုပ်ခဲ့တာ မြူမှုန်ခြယ်၊ ဒီမောင်နှမကို ငါ့ဘဝနဲ့ကိုယ်ချင်းစာလို့ ငါ့လိုဘဝတူချင်းမို့ ကူညီရိုင်းပင်းတာ၊ မင်းတို့လို အောက်တန်းကျတဲ့စိတ်မျိုး ငါ့မှာမရှိဘူး''

''အခုချိန်မှာ နင်ရှင်းပြတာကို နားထောင်ဖို့ အချိန်မရှိဘူး နှိုင်းယှဉ်၊ ဖေဖေက ဒီနေ့နင်ပြန်မလာမချင်း မအိပ်ဘဲစောင့်နေမှာ၊ ငါ နင့်ကိုလာခေါ်တယ်ဆိုတာ ဖေဖေ မသိဘူး၊ နင့်ဘာသာ ပြန်လာမှာပါလို့





ငါပြောထားတာ''

''ငါ မလိုက်ဘူး''

''နှိုင်းယှဉ်''

အချိန်နှင့်အိမ်ပြန်နိုင်မှ ဂုဏ်ကျမပျက်ဖြစ်မှာမို့ သူမ အော်လိုက်မိသည်။ နှိုင်းယှဉ်က ဂရုမစိုက်စွာ အခွဲ့တိုက်ပြီး အရက်ကို နောက်တစ်ခွက်ထပ်သောက်လိုက်၍ မျက်လုံးတွေ ရီဝေမှေးဆင်းသွား၏။

''ဘာ ဘာလုပ်တာလဲ''

သူ့ရှေ့မှာ မြူမှုန်ခြယ် ဒူးထောက်ထိုင်ချလိုက်၍ မှေးဆင်းနေသော မျက်ဝန်းများ ပြူးကျယ်လာကာ မေးလိုက်ရသည်။ မြူမှုန်ခြယ်က မျက်ရည်တွေရစ်ဝိုင်းစွာဖြင့်

''ငါ ငါတောင်းပန်ပါတယ် နှိုင်းယှဉ်၊ နင်ပြန်လိုက်ခဲ့ပါဟာ၊ နင်ပါမလာရင် ဖေဖေ့ကို ငါဘယ်လိုပြောပြရမှာလဲ၊ ဖေဖေနဲ့ပတ်သက်ပြီး အရင်ကအကြောင်းတွေ မမေ့နိုင်ရင်မမေ့ပါနဲ့၊ အာဃာတတွေ ထားမယ်ဆိုလည်း ငါ့တစ်ယောက်တည်းပဲ လက်စားချေပါ၊ ဖေဖေ့နောက်ဆုံးအချိန်တွေကိုတော့ နင် လျစ်လျူမရှုလိုက်ပါနဲ့ နှိုင်းယှဉ်ရယ်''

''ငါ ဒီပုံစံနဲ့ လိုက်တွေ့လို့မကောင်းဘူး၊ ငါ နောက်နေ့လာခဲ့မယ်၊ မင်းပြန်တော့''

သူမ မျက်ရည်တွေက တင်းမထားနိုင်ရက်အောင် သူ့စိတ်တွေကို ပျော့ပျောင်းညွတ်နူးစေသည်။ မြူမှုန်ခြယ်က နွမ်းယဲ့စွာပြုံး၍

''နင် နင်တကယ်ပြောတာလား နှိုင်းယှဉ်၊ နင် နောက်နေ့ တကယ်ပြန်လာမှာလား၊ ဒီတစ်နေ့အတွက် ဖေဖေ့ကို ငါအဆင်ပြေအောင် ပြောထားလိုက်မယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ငါ လာခဲ့ပါမယ်၊ ဒီနေ့က ဒီလိုမူးနေပုံနဲ့ ဘယ်လိုမှတွေ့လို့မကောင်းဘူး၊ ရွဲနေတာ မင်းအမြင်ပဲ"

"အေး အေးပါ ငါ ကြည့်ပြောထားလိုက်ပါ့မယ်၊ နင်သာ မနက်ဖြန် လာဖြစ်အောင်လာပါနော်"

သူမ အားတက်သရောလေးပြောတော့ မနေနိုင်ဘဲ ခေါင်းညိတ်ပြရသည်။ မျက်ရည်တွေနှင့်ပြုံးစားခံရတာပါ။ အပေါ်စီးက မောက်မာစွာနေခဲ့သူရဲ့အူးထောက်ခယခြင်းကို မလွန်ဆန်ရက်တော့တာပါ။ ဒါဟာ အချေးမိခြင်းလား နောင်တလည်းမရချင်တော့။

ငါဟာ ကျရှုံးခြင်းတွေနဲ့ပဲ ရင်းနှီးတဲ့သူလားမသိတော့ပါဘူးမြူရယ်။

■ ■ ■

## အခန်း (၃၄)

"ဦးမြတ်ဖုန်းမောင် ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ်၊ အခြေအနေမကောင်းဘူး၊ မင်း အခုဆေးရုံလိုက်ခဲ့မှဖြစ်မယ်"

"ဘာ"

မျက်နှာသစ်ဖို့ပြင်နေဆဲမှာ အိမ်ရှေ့ကားရပ်ခဲ့ပြီး ကိုသောင်း အိမ်ထဲဝင်လာကာ ကသုတ်ကယက် ပြောတော့ လက်ထဲက ရေခွက်ပင် ပြုတ်ကျသွားကာ

"ကိုသောင်း အဲ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ညက ငါနဲ့မြူမှုန်ခြယ် အိမ်ပြန်သွားတော့ ဦးမြတ်ဖုန်းမောင် မအိပ်ဘဲ ခြံဝင်းထဲမှာဆင်းစောင့်နေတယ်ကွ၊ အဲဒီတော့ မြူမှုန်ခြယ် လိုက်ခေါ်တာရော မင်းပြန်လိုက်မလာတာရော သိသွားတယ်၊ ဒါဟာ သူ့အကြောင်းတွေ မင်းသိသွားလို့ ဒီလိုလုပ်တာကိုပါ သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ စိတ်ထိခိုက်ပြီး ရောဂါဖောက်လာတာပဲ ရောဂါက တော်တော် ဆိုးတယ်၊ ရပါတော့မလားမသိဘူး''

''အဲလိုတော့ မဖြစ်လောက်ပါဘူး၊ ခြောက်လလောက် နေရဦး မယ် ပြောထားတာပဲ''

''ရောဂါထက် စိတ်က ပိုဆိုးတယ် နှိုင်းယှဉ်၊ ဆေးကုလို့မရ တာက စိတ်ပဲ၊ စိတ်ဓာတ်ကျသွားပြီဆိုတော့ သူ့အသက်ကို ဘယ်သမား တော်က ဆွဲဆန့်ထားနိုင်တော့မှာလဲ၊ ကဲ စကားပြောနေဖို့ အချိန်မရဘူး သွားမယ်''

''မောင်းဗျာ ထွက်တော့ ကျွန်တော် အကျီမလဲတော့ဘူး''

ဝတ်ထားသည့်အကျီနှင့်ပင် ကားကိုအမြန်ဆုံးမောင်း၍ ဆေးရုံ လိုက်လာခဲ့သည်။ ဆေးရုံအခန်းထဲရောက်တော့ ပိုက်တွေရှုပ်ယှက်ခတ် တပ်ထားခံရသော ဦးမြတ်ဖုန်းမောင် အနားမှာ မြူမှုန်ခြယ် မျက်ရည်တွေ ဝဲစွာ ထိုင်နေသည်။ သူတို့ဝင်လာတာမြင်တော့

''နှိုင်း နှိုင်းယှဉ်''

''မြူ''

''ဖေ ဖေဖေက နင့်ကိုတွေ့ချင်နေတာ၊ ပြောစရာတွေရှိလို့တဲ့''

''ဖေ ဖေဖေ''

အာဃာတတွေ ဘယ်ဆီလွင့်ပျောက်ကုန်မှန်းမသိဘဲ မြူမှုန် ခြယ် ဖယ်ပေးသော ခုံလေးမှာ ဝင်ထိုင်လိုက်သည်။

''ဖေ ဖေဖေ''

''သား''

ဦးမြတ်ဖုန်းမောင် အသံကတိုးလျှလွန်းတာမို့ မနည်းအားစိုက်





ကာ နားထောင်ရ၏။ စောင်းငုံ့ထားသော မျက်ဝန်းထောင့်က မျက်ရည် တွေစီးကျနေကာ

''ဖေ ဖေဖေ တောင်းပန်ပါတယ် သား၊ ဖြစ်ပျက်ခဲ့သမျှတွေ ကျူးလွန်မိခဲ့သမျှတွေ သားအပေါ် မတရားခဲ့သမျှတွေ''

''မ မပြောပါနဲ့ ဖေဖေ၊ ဘာမှမပြောဘဲ ဖေဖေ သက်သာအောင် နေပါ''

''တောင်းပန်ချင်လို့ပါ၊ တောင်းပန်ချင်လို့ စောင့်နေတာပါ၊ မကောင်းတာလုပ်ခဲ့ပြီး သက်တောင့်သက်သာ မနေနိုင်ခဲ့ဘူး၊ အ အရမ်း ကို ပင်ပန်းတယ်''

''ဖေဖေ''

''အဲဒီခေါ်သံကို သေသွားတဲ့အချိန်ထိ ကြားချင်ခဲ့တာပါ၊ မ ကြားရတော့ဘူးထင်လို့''

စိတ်ကိုလျှော့ချလိုက်လို့ ဒီလိုတွေဖြစ်သွားတာနေမှာဟု ယူကျုံး ရခဲ့စားလိုက်ရသည်။ ရင်အစုံက အသက်ရှူရတာ ပင်ပန်းခက်ခဲနေပုံ ပေါက်ကာ ဖိုလှိုက်နေတာမို့ မြင်ရတာ စိတ်မချမ်းသာလှပေ။

ကိုယ်တောင် အသက်ရှူလို့မဝအောင် မောကျုပ်လာကာ

''သား ရောက်လာပြီပဲ ဖေဖေ၊ ကျန်တာတွေ ဘာမှမတွေးဘဲ ဖေဖေ နေကောင်းလာအောင် ကြိုးစားပါ''

''အရိပ်လိုလိုက်နေတဲ့ မကောင်းမှုရဲ့နှိပ်စက်ခြင်းတွေကို ဖေဖေ ခံထက်ပိုပြီး မခံနိုင်တော့ဘူး သားရယ်၊ လူဆိုတာ နာကျင်ရင် နာကျင် သလောက် ပေါက်ကွဲခွင့် လက်တုံ့ပြန်ခွင့်ရှိပါရဲ့နဲ့ သားက အဲဒီလိုတွေ မလုပ်ဘဲ ရှောင်နေခဲ့တယ်၊ အဲလိုမတုံ့ပြန်ဘဲ ရှောင်နေတာက ဒီကလေး



www.burmeseclassic.com

www.burmeseclassic.com



ငါ့လိုမမိုက်ပါလားလို့ ပိုပြီး ရင်ထုမနာဖြစ်ပြီး ရှက်ရပါတယ်၊ ငွေကြေးဥစ္စာနေထက် ဂုဏ်သိက္ခာက ပိုအရေးကြီးတယ်ဆိုတာလည်း သဘောပေါက်သွားပြီ၊ ဒီဝေဒနာနဲ့သေရတာ သားတို့မိသားစုအတွက် အပြစ်ကြေးဆပ်သွားတယ်လို့ သဘောထားပေးပါနော် ခွင့်လွှတ်ပါ ခွင့်လွှတ်ပါသား''

''ဖေဖေရယ်''

အသံတွေ မပီပိုးတဝါး တုန်ခတ်လာပြီဖြစ်ပါလျက် အားယူပြောနေသော ဖေဖေ့ကိုကြည့်ကာ ရင်ထဲမှာ ဘယ်လိုမှမရှိ၊ ဖေဖေ့ဝေဒနာသက်သာအောင် သူ ဘာလုပ်ပေးရမလဲ။

ဘာလုပ်ပေးရမလဲ။ ခွင့်လွှတ်ပါတယ်ပြောမှ ဖေဖေ အသေဖြောင့်မှာလား။၊ မြူမှုန်ခြယ်က နောက်ကနေ သူ့ပခုံးကိုတွန်းပြီး တိုးတိတ်စွာနှင့်

''ဖေဖေ အသေဖြောင့်အောင် ဖေဖေ့ကိုခွင့်လွှတ်တယ်၊ နားလည်တယ်လို့ ပြောပေးပါ နိုင်းယှဉ်၊ ငါတောင်းပန်ပါတယ် တောင်းဆိုပါတယ်''

ထိုသို့ပြောရမှာ ဝန်မလေးသော်လည်း ခွင့်လွှတ်လိုက်လျှင် အပြစ်သိသွားလို့ဟု နောက်ဘဝမှာတောင် အရှက်ပြေလိမ့်မည်မဟုတ်။

''ဖေ ဖေဖေ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သားမသိပါဘူး။ လုပ်ခဲ့တယ်ဆိုရင်တောင် စိတ်တစ်ခုရဲ့လောဘကြောင့်လို့ထင်ပါတယ် ဖေဖေ။ သားအခု ရှောင်နေတယ်ဆိုတာ ဖေဖေ့ကိုမဟုတ်ပါဘူး၊ သားအပေါ် မြူ အနိုင်ယူခဲ့တာတွေ ဖေဖေသိတယ်မဟုတ်လား၊ အဲဒါကြောင့် သူကိုယ်ချင်းစာတတ်အောင် သား၊ စိတ်ဆိုးချင်ယောင်ဆောင်နေတာပါ





ဖေဖေ စိတ်မကောင်းမဖြစ်ပါနဲ့နော်''

သူ့စကားက မှသာဝါဒမှန်း ဖေဖေ သိပုံပေါ်သည်။ မချိမဆန့်ဝေဒနာကြောင့် ရှုံ့မဲ့နေသော နှုတ်ခမ်းလေးက ယှဲ့ယှဲ့မှုပြုံးကာ

''အဲဒီလိမ်ညာမှုလေးကို ဖေဖေ နောင်ဘဝထိ ကျေး ကျေးဇူးတင်နေပါ့မယ်၊ သံယောဇဉ်ကြောင့် ဖြေသိမ့်တာဆိုရင် သမီးမြူကို သစ္စာရှိရှိ စောင့်ရှောက်ပေးတာနဲ့တင် ကျေနပ်ပါပြီ၊ သမီးမြူအတွက် စိတ်စိတ်ချပါရစေ''

''ဖေ ဖဖေဖေ''

''ဖေဖေ''

ဦးမြတ်ဖုန်းမောင် ပြန်မထူးတော့။ လည်ပင်းလေး သူ့ဘက်ကိုစောင်းကျလာတော့ သူရော မြူမှုန်ခြယ်ရော အထိတ်တလန့်အော်လိုက်ကြသည်။ သူ့လက်သီးကိုဆုပ်ထားရင်း မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာ၏။

အရှက်သည်းစွာ စောစောစီးစီး လက်ပြထွက်သွားခဲ့ခြင်းပါသား။ အမှားကြေးအတွက် ပေးဆပ်မှုတွေဖြင့် အဆုံးသတ်ခဲ့၏။ သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသော မြူမှုန်ခြယ်ကို စိတ်ချလက်ချ အပ်ထားခဲ့သည်။ သူ တာဝန်ကျေအောင် စောင့်ရှောက်နိုင်ပါ့မလား။

အမှားကင်းအောင် နေတတ်ဖို့အတွက်တော့ သင်ခန်းစာကောင်းကောင်းရလိုက်သည်။ နောင်ထတွေ သက်ဆိုးမရှည်အောင်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ကျွန်တော် အပြင်ခဏသွားဦးမယ် ကိုသောင်း"

"ဟာ အသုဘချမယ့်နေ့မှာ မင်းက ဘယ်ကိုသွားဦးမှာလဲ"

"ကိစ္စရှိလို့ပါဗျာ၊ အရေးကြီးလို့ ကျွန်တော် အသုဘချဖို့ အမီ ပြန်ရောက်မှာပါ"

"ဒီလောက် အရေးကြီးလို့သွားမယ်ဆိုလည်း မြူမှုန်ခြယ်ကို ပြောသွားဦးလေ"

"သူလည်း လာတဲ့ဧည့်သည်တွေ ဧည့်ခံရ စကားပြောရနဲ့ အလုပ်ရှုပ်နေတာ သွားပြောမနေတော့ပါဘူး၊ ကိုသောင်းကို လာမေးရင် သာပြောလိုက်ပါ"

"ပြီးရောကွာ မြန်မြန်တော့ ပြန်လာခဲ့နော်၊ ဒီလိုနေ့က မြူနဲ့ ခြယ်အနားမှာ အချိန်ပြည့် မင်းရှိနေသင့်တာ"





"ကိစ္စပြီးတာနဲ့ မြန်မြန်ပြန်လာပါမယ်"

ကိုသောင်းကိုပြောပြီး လက်ကနာရီကို မျှော်ကြည့်ရင်း ကားမောင်းကာထွက်လာခဲ့သည်။ မျက်စိပတ်တီးဖြည်ရတော့မည်ဟု ထနောင်း ဖုန်းလှမ်းဆက်ပြီးခေါ်လို့ သွားရမှာပါ။

မြင်ရမလား မမြင်ရဘူးလား။ ဒါဟာ ထနောင်းအတွက်လည်း နောက်ဆုံးအခွင့်အရေး။ ဒီရက်ပိုင်း လပိုင်းလေးအတွင်းမှာ ဖြစ်ပျက်သမျှ အကြောင်းအရာတွေက ဘေးကျပ်နံကျပ် ရှုံးလောက်စေသည့်အရာတွေ ချည်းပဲဖြစ်သည်။

"အစ်ကို"

"အင်း ညီလေး"

ဆက်ပိုင်ဖြိုးက ဆေးရုံပေါက်ဝအထိ လာပြီး ကြိုနေ၏။ အစ်မ အတွက် စိတ်ပူနေလို့ဖြစ်မည်။ ခပ်သုတ်သုတ်ပင် လျှောက်လာခဲ့ကြရင်းက

"ဖြည်နေပြီလား ညီလေး"

"မဖြည်ရသေးဘူး မမထနောင်းက အစ်ကို့ကို စောင့်မယ်လို့ ပြောတယ်၊ မြင်ရသည်ဖြစ်စေ မမြင်ရသည်ဖြစ်စေ အစ်ကိုရှိနေတော့ အားရှိတာပေါ့တဲ့၊ မြင်ရတယ်ဆိုရင် ကျေးဇူးရှင်ကို အရင်ဆုံး ထိုင်ကန် တော့ချင်လို့တဲ့ အစ်ကို"

ဒီလိုသိတတ်မှုမျိုးလေး ရှိနေတာကြောင့် သူမလာလို့ ကောင်းသွားမလား။ ဆေးရုံခန်းလေးထဲရောက်ရင်ပဲ ဆရာဝန်ကြီးရော နာ့စ်လေး တွေရော ပိုင်းနေသည်။ ထနောင်း လက်ကလေးကို ဆုပ်ညှစ်အားပေးကာ

"ထနောင်း ကိုယ်ရောက်ပြီ ဖြည်တော့နော်၊ ဘာမှမကြောက်နဲ့ တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ ကိုနိုင်း"

"ကဲ ဖြည်းဖြည်းနော်၊ သမီးလေးကံကောင်းမှာပါ"

ဆရာဝန်ကြီးက အားပေးစကားပြောပြီး နာ့စ်လေးတွေက ညင်သာစွာနှင့်စတင်ပြီး ဖြည်၏။ အားလုံးရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြသလို ထနောင်းရိုပ်လည်း စိတ်တွေလှုပ်ရှားနေပေလိမ့်မည်။

"သမီးလေး ပတ်တီးကုန်သွားပြီ၊ အမှောင်ထဲမှာနေနေတာကြာတော့ အလင်းရောင်ကို တန်းခနဲ မကြည့်နဲ့၊ ဖွင့်ချည်ပိတ်ချည်လုပ်ပြီး ဖြည်းဖြည်းကြည့်နော်"

"ဟုတ် ဟုတ်ကဲ့"

"ထနောင်း"

"မမ"

ဆက်ပိုင်ဖြိုးနှင့်သူက ထနောင်းလက်ကလေးကို တစ်ဖက်စီကိုင်ပြီး အားပေးနေချိန်မှာ ထနောင်းရိုပ်မျက်လုံးလေး အားယူကာ ပွင့်လာသည်။

"မြင် မြင်ရတယ် ကိုနိုင်း မောင်လေး"

"ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ ထနောင်းရယ်"

"ဟား မမ ကံကောင်းပြီဗျ"

ထနောင်းကို ဝမ်းသာအားရဖြင့် နှစ်ယောက်လုံးဖက်ထားလိုက်ကြသည်။ ဆရာဝန်ကြီးနှင့်နာ့စ်လေးတွေလည်း သူတို့လူနာအတွက် ပျော်နေကြ၏။ ထနောင်းက ဝမ်းသာလွန်း၍ မျက်ရည်လည်နေကာ ခုတင်အောက်ဆင်းထိုင်၍ ဆရာဝန်ကြီးကိုရော သူ့ကိုရော လက်အုပ်ချီ၍ ကန်တော့၏။





"ကိုနိုင်း ကျေးဇူးတွေကြီးမားသလို ဒီလိုမျက်စိပြန်မြင်တာ ဆရာကြီးလည်း ကျေးဇူးရှိပါတယ်"

"ငါ့သမီးလေး ရှေ့ဆက်လည်း ကံကောင်းပါစေကွယ်"

"ကဲ ထတော့ ထနောင်း၊ အခုဆေးရုံကဆင်းပြီး ထနောင်းတို့ကို အိမ်ပြန်လိုက်ပို့ပြီးရင် ကိုယ် အသုဘပို့ချိန်အမီပြန်ရမယ်"

"ဟင် ဘယ်သူသေလို့လဲ"

"ဦးမြတ်ဖုန်းမောင် ဆုံးသွားပြီ၊ ဒီနေ့အသုဘချမှာ"

"အို အဲဒါဆို ကိုနိုင်း ဘာလို့ ထနောင်းတို့ဆီလာတာလဲ၊ ဖုန်းဆက်တဲ့အချိန်က အကျိုးအကြောင်းပြောလိုက် ပြီးရော ကိုနိုင်းရယ်"

"မျက်စိပြန်မြင်မလာလို့ မျှော်လင့်ချက်မဲ့သွားတယ်ဆိုရင် ထနောင်း အားငယ်မှာစိုးလို့ပါ၊ ကိုယ် အဆုံးထိ အားပေးကူညီချင်လို့ ထနောင်း၊ ဒါဆို ဆေးရုံအမြန်ဆင်းလို့ရအောင် ကူညီပါနော် ဆရာ"

"ဟုတ်ပါပြီ ဆရာမတို့ စာရွက်စာတမ်း ဆင်းခွင့်လက်မှတ် အမြန် သေချာစီစဉ်ပေးလိုက်ပါ"

ကသုတ်ကယက်ပင် ဝိုင်းဝန်းကူညီကြသည်။ ထနောင်းက တက္ကစီငှားပြန်လိုက်ပါမည်ပြောပေမယ့် အိမ်အထိရောက်အောင် သူ့ကားနှင့်ပင် လိုက်ပို့လိုက်သည်။ အိမ်ကိုရောက်တော့ အိမ်ထဲပင်မဝင်တော့ဘဲ ထနောင်းတို့မောင်နှမကို လက်လေးပြ၍ ကားကိုအမြန်မောင်းပြန်လာခဲ့၏။ အသုဘပို့ချိန်မှ မီပါတော့မလား။

ကားလမ်းတွေကလည်း ပိတ်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"နင် အရမ်းရက်စက်တဲ့လူ၊ အရမ်းလူမဆန်တဲ့လူ၊ ငါ့အဖေ ဈာပနအသုဘပို့ရမယ့်ရက်မှာတောင် အဲဒီ ထနောင်းဆိုတဲ့မိန်းကလေးဆီ မသွားဘဲ မနေနိုင်ဘူးလား။ မီးသင်္ဂြိုဟ်ပြီးမှ နင်ရောက်လာတယ်၊ ပတ်ဝန်းကျင်က ဘယ်လိုမေးငေါ့အတင်းပြောနေကြလဲ သိလား"

"ငါ တောင်းပန်ပါတယ် မြူ၊ ဟိုဘက်မှာလည်း အရမ်းအရေးကြီးနေတဲ့အချိန်မို့ပါ"

"ငါ့အဖေထက် အဲဒီဘက်က အရေးပိုကြီးတယ်ပေါ့၊ နင် အခု လိုလုပ်တာ ဖေဖေနဲ့ငါ့ကို လက်စားချေတုံ့ပြန်တာထက် ဆိုးတဲ့လုပ်ရပ် ကိုလုပ်လိုက်တာပဲ"

"မဟုတ်ဘူး ငါ့မှာအဲဒီရည်ရွယ်ချက်မျိုးမရှိဘူး ထနောင်းက"

"အဲဒီမိန်းကလေးအပေါ် နင်ဘယ်လိုစိတ်ခံစားမှုတွေထားနေလဲ ရိုးရိုးသားသားဆိုရင် အဲလောက်အလေးအနက် ထားပါ့မလား"





"ငါ့ရဲ့ရိုးသားမှုတွေကိုမစော်ကားပါနဲ့ မြူ၊ ဘဝတူချင်းမို့ ကူညီ ဖေးမတာ စေတနာသန့်သန့်နဲ့ ဘဝနှစ်ခုကိုကယ်တင်တာ"

"နင် ရိုးသားပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် အာမခံနေတာလား၊ ဒါဆို ဟိုကောင်မလေးက အိမ်ထောင်ရှိမှန်းသိရဲ့နဲ့တွယ်ကပ်နေတာပေါ့၊ နင်ကလည်း မခွာနိုင်ဖြစ်နေတာ နင်တို့လူမှုရေးဖောက်ပြန်နေကြတာပဲ"

"ကျွတ်"

စိတ်ထင်ရာပေါက်ကွဲနေသော မြူမှန်ခြယ်ကို သူ ဘယ်လိုထိန်းချုပ်ဖျောင်းဖျရမှန်းမသိတော့။ သူက မီးသင်္ဂြိုဟ်ပြီးမှ ရောက်သွားတာမို့ သူမ ကြိတ်မနိုင်ခဲမရ ပေါက်ကွဲနေတာ သူ နားလည်ပါသည်။ အရေးကြီးသည့်အချိန်မှာ သူ မရှိတော့ အားလည်းငယ် ပတ်ဝန်းကျင်ကိုရှင်းပြရခက်သည့်အနေအထားမျိုးဆိုတာလည်း ဟုတ်ပေလိမ့်မည်။ မြူမှန်ခြယ်က မျက်ရည်တွေကျလာပြီး

"ငါ ဒီလောက်တောင်းပန်နေတာတောင် ငါ့အဖေနောက်ဆုံးခရီးကို နင်လုပ်ရက်တယ်၊ ဒါပေမဲ့ နင့်ကိုငါ လွှတ်ပေးလိုက်မှာမဟုတ်ဘူး၊ ငါ့ဆီက ရုန်းထွက်ခွင့်ပေးမှာမဟုတ်ဘူး၊ အဲဒီမိန်းကလေးကိုလည်း တွယ်တာခွင့်မပေးဘူး သိလား နှိုင်းယှဉ်"

သူမ ပြောချင်ရာပြောပြီး ထွက်လာခဲ့သည်။ သူမ ခွင့်မလွှတ်နိုင်တာ ဖေဖေ့နောက်ဆုံးခရီးကို နှိုင်းယှဉ် အချိန်မီရောက်မလာလို့မဟုတ်ဘဲ ဟိုမိန်းကလေးဆီသွားနေလို့ဖြစ်သည်။ ရင်ကဘာလို့ ဒီလောက်ပူလောင်တာလဲ၊ နှိုင်းယှဉ်ကို စွန့်လွှတ်လိုက်ရမှာ ဘာလို့ကြောက်နေတာလဲ၊ နှိုင်းယှဉ်ကို မစွန့်လွှတ်ရဲလောက်အောင် ချစ်နေမိပြီလားဆိုသည့်အတွေးကြောင့် သူမကိုယ်သူမပင် ထိတ်လန့်လာသည်။ ကိုသောင်းကို ထိုမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့အိမ်ကို ကားမောင်း၍ လိုက်ပို့နိုင်းလိုက်သည်။ ဒီကိစ္စကို ဒီအ
တိုင်းပြီးလိုက်လို့မဖြစ်။

“ကိုသောင်း ဒီမှာပဲနေခဲ့တော့”

ထနောင်းရိပ်တို့အိမ်ရှေ့မှာ ကားကိုထိုးရပ်လိုက်ပြီး ကိုသောင်း
ကိုထားခဲ့ကာ အိမ်ထဲကို သူမ ကမူးရှူးထိုးဝင်လာခဲ့သည်။

“ဟင်”

နှိုင်းယှဉ် ပုဆိုးနှင့်အင်္ကျီကို ထိုင်ကန်တော့နေတာမြင်လိုက်ရ
သူမ အံ့ဩသွားသည်။ မောင်နှမနှစ်ယောက်လုံး ထိုင်ကန်တော့နေကြတာ
ပါ။

“ဟင် မမရေ ချည့်သည်လာတယ်”

“ဘယ်သူပါလဲရှင်၊ ညီမတို့မသိလို့ မေးမိတာ ခွင့်လွှတ်ပါနော်”

“ငါ နှိုင်းယှဉ်ရဲ့မိန်းမ မြူမှုန်ခြယ်”

“ဩော် မမထိုင်ပါရှင်၊ ကိုနှိုင်းပြောပြထားလို့ နာမည်ကိုသိ
နေတာကြာပါပြီ၊ မမအဖေ ဆုံးတယ်ပြောလို့ စိတ်မကောင်းဖြစ်နေတာပါ”

“ငါ့အဖေဆုံးတယ်လည်း သူပြောပြတယ်ပေါ့”

“ဟုတ်ကဲ့ မနက်ကလေ ထနောင်း မျက်လုံးပတ်တီးဖြည်မယ်
ဆိုတော့ မြင်မှမြင်ပါ့မလားဆိုပြီး ကြောက်လန့်နေတာနဲ့ ကိုနှိုင်းကိုဖုန်း
ဆက်ပြီးခေါ်လိုက်တာပါ၊ အဲဒါ ဆေးရုံရောက်တော့ပြောတယ်၊ အသုဘ
ပို့ဖို့အချိန်မီပြန်ရမယ်တဲ့၊ နာရေးရှိမှန်းသိရင် ထနောင်း ခေါ်ဖြစ်မှာမဟုတ်
ပါဘူး၊ ကိုနှိုင်းကလည်း သူတာဝန်ယူကူညီပေးထားတဲ့လူတစ်ယောက်
မျက်စိမြင်မှမြင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ အရောက်လာတာ တော်သေး
လေးနောက်ဆံတင်းနေတဲ့ပုံပါ”





“အဲလို အသိလေးရှိကြလို့ တော်သေးတာပေါ့၊ ငါ့မှာတော့
ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် ရှင်းမပြရဲအောင် အရှက်ကွဲရတယ်၊
မင်းတို့ချင်း ဘယ်လိုပတ်သက်မှုမျိုးရှိကြလို့ ဒီလိုအရေးကြီးတဲ့အချိန်မှာ
တောင် လက်ပွန်းတတီးရှိနေကြတာလဲ”

“ရှင် မမ ထ ထနောင်းတို့ အဲလိုမဟုတ်ပါဘူး၊ ကိုနှိုင်းက
ရိုးရိုးသားသားပဲ ပရဟိတစိတ်နဲ့ ထနောင်းတို့မောင်နှမ အရမ်းဒုက္ခ
ရောက်နေလို့ကူညီတာပါ၊ ကိုနှိုင်းက ယောကျ်ားပီသတဲ့လူကောင်းတစ်
ယောက်ပါ မမ”

ကိုယ့်ယောကျ်ားဂုဏ်ပုဒ်ကို သူစိမ်းမိန်းကလေး ချီးကျူးပြော
ပြနေတော့ ရင်ထဲကသိကအောက်ပင်။ လာပြီး ရန်တွေ့တဲ့သူမက
သဘောထားသေးသိမ်တဲ့သူဖြစ်နေခဲ့ပြီလား။ ထနောင်းရိပ်တို့မောင်နှမပုံစံ
လေးကလည်း ရိုးရိုးသားသား ကျိုးနွံသည့်ပုံပါ။ သူမကသာ နှိုင်းယှဉ်ကို
ချစ်သည့်စိတ်နှင့်ရူးသွပ်သလိုဖြစ်နေတာ။

“ဒါဆိုရင် နှိုင်းယှဉ်ဆီက ဘာအကူအညီမှမယူနဲ့တော့”

“ရှင်”

“မိန်းကလေးတစ်ယောက်ဆီ သူ အဲလိုပေးကမ်းသွားလာ
ကူညီနေတာကို ပုဂ္ဂိုလ်ရေး လူမှုရေးဂုဏ်သိက္ခာကျတယ်၊ ရိုးသားပါတယ်
ဆိုတာ မင်းတို့တစ်ယောက်ချင်းစီကို လိုက်ရှင်းပြနိုင်သလား၊ မင်းရဲ့
မိန်းကလေးသိက္ခာကိုလည်း ထည့်တွက်ရမယ်”

“အဲလိုဆိုလည်း ထနောင်းတို့ ကိုနှိုင်းအကူအညီ မယူတော့ပါ
ဘူး၊ မျက်စိလည်း ပြန်မြင်ပြီဆိုတော့ ကိုယ့်ဘဝကိုယ်ရပ်တည်လို့ရပါပြီ၊
ဒီအိမ်ကနေ ထနောင်းတို့ ထွက်သွားပါမယ် မမ”



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမပြောဘဲ မဟုတ်တဲ ဘာလို့စွပ်စွဲတာလဲလို့ ရန်တွေ့လိုက်လျှင် အကောင်းသား။ အခုတော့ ကိုယ်ကတစ်ဖက်သတ် ရန်လိုကာ တိုက်ခိုက်ဖို့ရောက်လာသလိုဖြစ်နေသည်။ ဒီလိုတော့လည်း အဖြစ်မခံနိုင်ပါ။

"တို့ဆိုလိုတာ အဲဒီသဘောမဟုတ်ပါဘူး။ မင်းတို့လိုအပ်သမျှ အကူအညီတို့ပေးမယ်၊ ယောကျ်ားလေးတစ်ယောက်ရဲ့အကူအညီယူတယ်ဆိုတာ မင်းရဲ့မိန်းကလေးသိက္ခာလည်းထိခိုက်တယ်၊ အိမ်ထောင်သည်ဖြစ်တဲ့ နှိုင်းယှဉ်ရဲ့ဂုဏ်သိက္ခာလည်းထိခိုက်တယ်၊ တို့ကိုလည်း ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ၊ အဲဒါကြောင့် နှိုင်းယှဉ်ယူထားတဲ့ တာဝန်တွေကို တို့လွှဲပြောင်းယူပါရစေ၊ တို့ယောကျ်ားက မင်းတို့ကို ဘဝတူချင်းမို့ စာနာပြီး ကူညီတာတဲ့၊ တို့ဒီလိုလုပ်တာ တို့ယောကျ်ားကို စာနာလိုက်တဲ့သဘောပါပဲ၊ မင်းတို့နားလည်ပါတယ်နော်"

"ရှင် နား နားလည်ပါတယ်၊ မမ ဒီလိုလုပ်တာ ကိုနှိုင်းအတွက်ရော ထနောင်းတို့အတွက်ရောတွေးလို့ဆိုတာ နားလည်ပါတယ်၊ မမက ကိုနှိုင်းကိုတကယ်ချစ်လို့ပေါ့နော်၊ ကိုနှိုင်းကလေ မမ မချစ်ဘူးထင်လို့ စိတ်ပင်ပန်းနေတာထင်တယ်"

"ဟင်"

ဒီစကားကြားရတော့ အထူးအဆန်း။ ထနောင်းက သူ့လက်ကလေးကို လာဆွဲပြီး

"ထနောင်းတို့အိမ်ကို ကိုနှိုင်း လာနေတယ်ဆိုတာ စိတ်ပင်ပန်းစရာရှိလို့ဖြစ်မယ်၊ အဲဒါကလည်း မမကြောင့်ပဲဖြစ်မှာပါ၊ ကိုနှိုင်းက စိတ်ရင်းကောင်းပါတယ်၊ အဆင်ပြေအောင်နေလိုက်ပါ မမရယ်၊ လင်နဲ့မယား





ဆိုတာတစ်ယောက်နဲ့တစ်ယောက် နားလည်ရင် အိမ်ထောင်ရေးက သာယာနိုင်မြဲပါတယ်၊ သားသမီးလေးတွေရလာရင် ပိုပြီးတော့တောင် သံယောဇဉ်ကြိုးတွေ ခိုင်မြဲဦးမယ်"

"ဟင်"

ဟုတ်ပေသားပဲ။ ဒီလိုပြောပေးသော ထနောင်းရိပ်ရဲ့ရိုးသားမှုတွေကို ယုံကြည်သွားသလို နှိုင်းယှဉ်နှင့်သံယောဇဉ်ကြိုးခိုင်မြဲဖို့ အမြန်ဆုံးသားသမီးလေးတွေ ယူရမည်။ နှိုင်းယှဉ်ရေ နင့်ကိုလွတ်မြောက်ခွင့်မပေးနိုင်တာ အပြစ်တွေကိုပေးဆပ်ချင်တာထက် အခုချိန်မှာပါ နင့်ကိုတကယ်ချစ်မိလို့ပါ။ အမုန်းတွေ အဆုံးသတ်ကြစို့လား နှိုင်းယှဉ်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

BURMESE CLASSIC

"ဘာ ကိုသောင်း ဘာပြောတယ်၊ ထနောင်းတို့အိမ်ရောက် တယ် ဟုတ်လား"

"ဟုတ်တယ်၊ မြူမှုန်ခြယ်က လိုက်ပို့ခိုင်းလို့"

"ဒါဆို ကျွန်တော်နဲ့စကားများပြီး ထွက်သွားတာ ထနောင်း အိမ်ကို မြူလိုက်ပို့ခိုင်းတာပေါ့၊ ဘာလို့မြူက ထနောင်းတို့ဆီသွားတာလဲ"

"အဲဒါတော့ ငါလည်းမသိဘူး၊ ငါ့ကိုအပြင်မှာထားခဲ့ပြီး ထနောင်းတို့အိမ်ထဲ ဝင်သွားတာပဲ၊ ဒေါ်နဲ့မောနဲ့ကိုဝင်သွားတာ"

"ဟာ ထနောင်းတို့ကို ရန်သွားလုပ်တာထင်တယ်၊ အ မျက်စိမြင်ခါစဗျာ၊ ဘာပြဿနာသွားရှာလဲမသိဘူး၊ ကျွန်တော် မြူမှုန် ကို သွားမေးရမယ်၊ ထနောင်းတို့က ရိုးရိုးသားသားတွေ"





"မင်းမေးချင်ရင် ထနောင်းကိုအရင်သွားမေး၊ အဲဒီအိမ်ထဲက ပြန်ထွက်လာတော့ မြူမှုန်ခြယ် မျက်နှာ ပြုံးစိစိဖြစ်နေတယ်၊ တစ်လမ်း လုံးပဲ အိမ်ရောက်တဲ့အထိ အခုအိမ်ထဲဝင်သွားတာ မင်း မတွေ့ခဲ့ဘူး လား"

"ရောက်လာပြီလို့တော့ ထင်ပါတယ်၊ ကျွန်တော်က သူစိတ်ဆိုး နေလို့ အစတည်းက ခြံထဲဆင်းထိုင်နေတာ၊ ခင်ဗျားကိုခေါ်ပြီး အပြင် ထွက်သွားမယ် မထင်ဘူး၊ ခင်ဗျားကိုပဲ အပြင်ကိုတစ်ခုခုခိုင်းလိုက်သလား လို့၊ ဒါဆို ထနောင်းတို့ဆီ ကျွန်တော် သွားလိုက်ဦးမယ်"

ကားစက်နှိုး၍ ထနောင်းတို့ဆီ ထွက်လာခဲ့သည်။ ထနောင်းတို့ အိမ်ရောက်တော့ ထနောင်းတို့မောင်နှမ မျက်နှာလေးတွေ ပြုံးနေ၍ စိတ်သက်သာရသေး၏။

"ဟာင် ကိုနိုင်း"

"မြူမှုန်ခြယ် လာသွားတယ်ဆို၊ ထနောင်းတို့ကို ဘာတွေ ပြဿနာရှာသွားတာလဲ"

"အစကတော့ ပြဿနာရှာဖို့ထင်တယ်၊ ဒါပေမဲ့ ကိုနိုင်းကို ချစ်လို့ သူ့စိတ်တွေပြောင်းသွားတာ"

"ဘာ ကိုယ့်ကိုချစ်လို့၊ သူကပြောတာလား"

"ပါးစပ်ကမပြောလည်း ကိုနိုင်းကိုချစ်လို့ သဝန်တိုလို့ရော တယ်ဆိုတာ ခန့်မှန်းလို့ရနေတာပဲ ကိုနိုင်းရယ်၊ ပြီးတော့ ကိုနိုင်း သိက္ခာကိုကာကွယ်ပေးချင်တာ ဇနီးမယားကောင်းတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှပ်ရပ်ပဲ၊ အခု ထနောင်းတို့ကို့ ကိုနိုင်း တာဝန်တွေကို သူ ယူမယ်တဲ့ အဲဒါ တို့ယောက်ျားကို စာနာလို့ဆိုတာ ပြောသွားသေးတယ်''

''ယောက်ျား ကိုယ့်ကို အဲလိုခေါ်သွားတာလား''

ထနောင်းရိပ် ပြုံးစိစိမျက်နှာနှင့် ခေါင်းညိတ်ပြတော့ ရင်ထဲ လှပ်ခနဲ ခါသွားသည်။

ကိုသောင်း ပြောလိုက်သည့် အပြန်မှာ မြူမှုန်ခြယ် တစ်လမ်းလုံး ပြုံးလာသည်ဆိုတာ ဒါကြောင့်လား။ ရင်ခုန်လျှင် ပြုံးတတ်တာမျိုးပေါ့

''ကိုနိုင်း ဘာလို့ပြုံးနေတာလဲ''

''ဟင် ကိုယ် ပြုံးနေလား''

မေးပြီးမှ ကိုယ့်ကိုယ်ကိုယ် ရှက်သွားသည်။ သူလည်း ရင်ခုန်လို့ပြုံးဖြစ်တာဖြစ်မှာ။

''ကိုယ်ပြန်လိုက်ဦးမယ် ထနောင်း၊ နောက်ကျရင် မြူ့ကိုခေါ်ပြီး နှစ်ယောက်အတူတူ လာခဲ့ပါမယ်''

''ထနောင်း ငါးလေးအိုးကပ်ဟင်းချက်ထားတယ် စားမသွားတော့ဘူးလား''

''နောက်မှပေါ့၊ အခု မြူမှုန်ခြယ်ကို မေးစရာလေးတွေရှိလို့ပါ သွားပြီနော် ထနောင်း ညီလေး တာ့တာ''

ထနောင်းတို့မောင်နှမကို တာ့တာပြ၍ ကားကိုအမြန်မောင်း ထွက်လာခဲ့သည်။ ရင်ခုန်သံတွေ ပူနွေးနေသည့်အချိန်မှာ မြူမှုန်ခြယ်ကို မေးစရာတွေရှိလို့ပါ။





ကိုသောင်း ဖွင့်ပေးသော ခြံတံခါးဝကနေ ကားကို ဒရောသော ပါးမောင်းဝင်လာ၍ ဆင်ဝင်အောက်မှာ ရပ်ခဲ့ပြီး မြူမှုန်ခြယ်ရှိနေသော အိပ်ခန်းထဲကို ကသုတ်ကယက် ဝင်လာခဲ့သည်။

''မြူ''

''ဟင် နိုင်းယုဦ''

မှန်တင်ခုံမှာ ထိုင်နေသော သူမကို နောက်ကနေသိုင်းဖက် လိုက်၍ သူမ လန့်လန့်ဖျပ်ဖျပ်လေး ဖြစ်သွား၏။

အံ့အားသင့်စွာ ခပ်လွန့်လွန့်လေး ရုန်းနေသော မြူမှုန်ခြယ်ကို သူ တိုးဖက်ထားလိုက်သည်။

''မြူ မင်းကို ကိုယ်ချစ်တယ်''

''အခုမှပြောရလား''

''ရင်ခုန်ဖို့က အခုမှ ပါမစ်ကျတာလေ၊ သူစိမ်းလို ရန်သူလို နေခဲ့မိကြတာမဟုတ်လား။ အမုန်းတွေ အာဃာတတွေ အဆုံးသတ်သွားပြီဆိုတော့ ရင်ခုန်ရတဲ့အကြောင်းတွေပဲ နမ့ူးတွေ့ဒူးတွေ့ ဆွေးနွေးရအောင် မြူရယ် နော်''

''ဟုတ်ကဲ့ မြူလည်း အခု အဲဒီအကြောင်းပဲ ဆွေးနွေးချင်ပါတယ်၊ နင်ပြောသလို အခုမှ ရင်ခုန်ဖို့ ပါမစ်ရတာမို့လေ''

''သဘောတူတယ်နော်''

''အင်း''

သူ မပြောမဆို မြူမှုန်ခြယ်ကို ဖွေ့ခနဲ ပွေ့ပွေ့သာ ခုတင်ပေါ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်၏။ လိမ္မော်ရောင်ညနေခင်းသည် ဝန်းကျင်တွင် ဝင်းမှည့်သွား၏။ အဝါရောင်တိမ်ပန်းစိုင်များကို သူ ရှူးဆွတ်နမ်းရှိုက်လိုက်သည်။ ချစ်သူ့ရင်ခွင်သည် အပြုံးမျက်နှာများနှင့် မွှေးပျံ့လင်းထိန်နေသည်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

BURMESE CLASSIC

www.burmeseclassic.com